BURMESE CLASSIC .com

မိုးမိုး (အင်းလျား)

# ညီမလေးက အချစ်ကို ကိုးကွယ်သတဲ့လား

BURMESE CLASSIC .com
www.burmeseclassic.com

မိုးမိုး (အင်းလျား)

# ညီမလေးက
# အချစ်ကို ကိုးကွယ်သတဲ့လား

BURMESE CLASSIC .com

အင်းလျား စာပေ
အမှတ် ၁၇၃၊ ၃၃ လမ်း
ရန်ကုန်မြို့။
ဖုန်း- [illegible]

www.burmeseclassic.com
BURMESE CLASSIC .com

# ၁

ခရေပွင့်လေးတစ်ပွင့် မြေပေါ်သို့ ဖြုတ်ခနဲ ကြွေကျလာသည်။

www.burmeseclassic.com

BURMESE CLASSIC .com

# ၂

သည့်လို ပျော်ပွဲရွှင်ပွဲရက်မျိုးကို ကျောင်းသူတိုင်း စိတ်စောစွာ မျှော်ကြမြဲပင်။

စုတို့လို ကျောင်းမှ ထွက်ကာစ ကျောင်းသူဟောင်းတွေ အနေဖြင့်လည်း နှုတ်ဆက်ပွဲကို ဆင်နွှဲလိုသေးသည်။

'ဆွဲကြိုးလေးက သေးသေးမျှင်မျှင်လေးဆိုတော့ ရိုင်းမယ်မထင်ပါဘူး အိုင်ရင်းရေ၊ နော်'

စုက ဆွဲကြိုးချိတ်ကို နောက်ကျောဘက်သို့ ရွှေ့ရင်း မျက်နှာကို ပါးနီသုတ်နေသော အိုင်ရင်းကို မေးသည်။ ဆွဲကြိုးလေးက တကယ့်ကို သေးသေးမျှင်မျှင်လေး။ ပြီးခဲ့သည့် စုမွေးနေ့ကမှ ဖေဖေက ပေးခဲ့ခြင်းဖြစ်သည်။ ကျောင်းတက်ရာတွင် ရွှေမဝတ်လိုသဖြင့် တစ်ခါမှ ထုတ်မဆွဲခဲ့။ ယနေ့မှ အမှတ်တရ ဆွဲဖြစ်သည်။ ယနေ့အဖို့ အထူးခြားဆုံးဖြစ်နေရန် လိုအပ်သည်။ အလှပဆုံးလည်း ဖြစ်စေချင်သေးသည်။

'ကောင်းသားပဲ စင်သီရာ၊ အဆင်ပြေပါတယ်၊ လော့ကက်လေး သေးသေးတစ်ခု ထည့်လိုက်ရင် ပိုပြည့်စုံသွားမယ် ကိုယ် ထင်တယ်လေ

BURMESE CLASSIC .com
www.burmeseclassic.com

အိုင်ရင်း စကားပြောပုံသည် သိပ်ပြီး မြန်မာမဆန်တတ်ပေ။ သို့သော် သူ့ကို အပြစ်ဆိုစရာတော့မရှိ။ အိုင်ရင်းသည် အနောက်တိုင်းသွေး လေးပုံတစ်ပုံခန့် ပါသူဖြစ်သည်။ သူ့အဖေကတော့ မြန်မာအမျိုးသား စစ်စစ် တစ်ယောက်ပင်။ သူ့အမေက ဥရောပသွေး တစ်ဝက်ပါသည်။

'တို့ကို စင်သီရာဆိုတဲ့နာမည်ကြီး မခေါ်စမ်းပါနဲ့ အိုင်ရင်းရယ်၊ စုလို့ ခေါ်နော်၊ ဪ လော့ကက်လဲ တို့မှာ မရှိဘူး၊ ဒီအတိုင်းပဲ ဆွဲရမှာပဲ'

'ဆောရီး စု၊ ယူက မာသာကြီးပေးတဲ့နာမည်ကို မကြိုက်ဘူးဆိုတာ တို့မေ့သွားတယ်၊ ဒီအတိုင်းလဲလှပါတယ်၊ ယူ့အသားက အဝါရောင်ပဲ၊ ရွှေနဲ့လိုက်တယ်'

'ကျေးဇူးပဲ အိုင်ရင်း၊ တို့ကလေ တို့နာမည်ကို ပရင်မ်ရိုစ်တို့၊ မက်ဂနိုလီးယားတို့ ပန်းလှလှနာမည်လေးတွေ ပေးစေချင်တာ၊ ဒါမှ မဟုတ်လဲ အေပရယ်တို့၊ ဒီဇင်ဘာတို့ပေါ့ကွာ'

'အို ဒါဆို ဒေစီတို့၊ ရိုစီတို့၊ မေတို့၊ ဇွန်တို့ မှည့်ရင်လဲရတာပေါ့'

'အဲဒီနာမည်ကြီးတွေက ရိုးလွန်းလို့၊ ထားပါတော့လေ၊ တက္ကသိုလ် ရောက်ရင် မြန်မာနာမည် စုစုလှိုင်လို့ ပြောင်းရမယ်တဲ့၊ ဖေဖေက ပြောပြီးသား'

'အဲဒါက ဘာအဓိပ္ပာယ်လဲ'

'တို့က အင်္ဂါသမီးလေ၊ ပြီးတော့ စုဆိုတာ ချစ်စရာကောင်းတယ် ဆိုတဲ့ အဓိပ္ပာယ်ရှိတယ်'

'ယူက သိပ်စိတ်ကူးယဉ်တယ်'

'ဟုတ်မှာပဲ'

မိန်းကလေးနှစ်ယောက်လုံး မှန်တင်ခုံရှေ့မှ ခွာလိုက်သည်။ အိုင်ရင်းသည် အဝတ်အစားလဲပြီးသား အဆင်သင့်ဖြစ်လေသည်။ စုကတော့ ယခုမှ အင်္ကျီလဲရသည်။ အဝါရောင်ဖျော့ဖျော့ ချိတ်လုံချည်ကို ရွေးထားသည်

www.burmeseclassic.com

အင်္ကျီကလည်း လက်ရှည်အဝါနုလေးပင် ဖြစ်သည်။ ဆံပင်ကို ဖဲကြ ဝါဝါနှင့် နောက်မှာ စုစည်းထားပြီး ဖြစ်သည်။ အိုင်ရင်းသည် စုက တအံ့တသြငေးကြည့်နေ၏။ အိုင်ရင်း၏ အင်္ကျီစသည် အင်္ဂလန်မှ သူ့အဘွား ပို့လိုက်သော ရှားရှားပါးပါး ပိုးစဖြစ်သည်။ အစိမ်းရောင်စိုစိုနှင့် ရောင်စုံအပွင့်လေးများ ဖောက်ထားသဖြင့် ညပွဲနှင့် လိုက်ဖက်လေသည်။ လည်ပင်းဟိုက်ဟိုက် ချုပ်ထားသဖြင့် ပန်းနုရောင်ရင်ညွှန့်လေးသည် ထင်းနေသည်။ ပတ္တမြားဆွဲပြားလေးကို လည်ပင်းမှာကပ်ပြီး ဆွဲထားသည်။ လုံချည်ကလည်း မသိမသာ ပြိုးပြက်လျက်ရှိသော အစိမ်းရောင်လေး ဖြစ်၏။

'စု ဒီအဝတ်အစားတွေ ရွေးထားတာမြင်တော့ ကိုယ် အံ့သြမိတာ အမှန်ပဲ၊ ခု ယူဝတ်လိုက်တော့ သိပ်ကို လှသွားတာပဲ၊ ရိုးရိုးလေးနဲ့လှတယ်၊ ကိုယ်ထင်တယ်၊ ကိုယ်တို့ကျောင်းသူတွေ တစ်ယောက်မှ ယူ့လို ဝတ်စားလာမှာ မဟုတ်ဘူး၊ ဒီညတော့ ယူ အထူးခြားဆုံး ဖြစ်မှာအမှန်ပဲ'

'အရောင်က သိပ်နုတော့ ပေါ့မှ ပေါ့ပါ့မလားလို့ တို့က စိုးရိမ်နေတာ'

'အားလုံးခြုံလိုက်တော့ အဝါရောင်လေးက တောက်သွားတယ်၊ တကယ်ပဲ ယူဟာ ပန်းကလေးတစ်ပွင့်လိုပါပဲကွယ်'

'ဒီလိုဆိုလဲသွားကြစို့၊ စောစောရောက်နှင့်ရင် ပိုကောင်းမယ်'

စုတို့နှစ်ယောက် အခန်းထဲက ထွက်လာသည်ကို ဖေဖေက လှမ်းမြင်သည်။ ဖေဖေသည် သမီးဖြစ်သူကို တမင်စောင့်ကြည့်နေခြင်းလည်း ဖြစ်နိုင်ပေသည်။ ဖေဖေ့ရင်ထဲမှာ စုအတွက် အမြဲတမ်း ပူပင်ကြောင့်ကြ ဖြစ်နေတတ်သည်မှာ သိသာလှသည်။

'ဟေး သမီးက သိပ်လှပါလား၊ ဒီလိုမှပေါ့၊ အိုး သမီး အိုင်ရင်း ကလဲ လှလိုက်တာ'

www.burmeseclassic.com

BURMESE CLASSIC .com

'စင်သီရာကို ချီးကျူးချင်တာနဲ့ အိုင်ရင်းကို အားနာလို့ပြောတာလား အန်ကယ်'

ဖေဖေက သဘောကျစွာ ရယ်သည်။ တကယ်တော့လည်း ဖေဖေ့ အာရုံထဲမှာ သမီးတစ်ယောက်တည်းသာ ကွက်မြင်ခဲ့တာကို ဝန်ခံရပေမည်။

'မဟုတ်ပါဘူးကွယ်၊ တကယ်ကိုလှလို့ ပြောတာပါ'

'ကျေးဇူးပဲအန်ကယ်၊ သမီးတို့ သွားတော့မယ်'

'ကောင်းပြီ ကောင်းပြီ၊ ကိုအေးမောင် လိုက်ပို့လိမ့်မယ်နော်'

အိုင်ရင်းက စု မျက်နှာကို ကြည့်သည်။

'နေပါစေ ဖေဖေ၊ သမီးတို့ သူငယ်ချင်းတွေနဲ့ ချိန်းထားသေးတာဆိုတော့ လမ်းလျှောက်သွားတော့မယ်၊ သူတို့က ထိပ်ကအိမ်မှာ စောင့်နေကြမှာ'

ဖေဖေ မျက်နှာပျက်သွားသော်လည်း ချက်ချင်း ဣန္ဒြေဆည်လိုက်သည်။ သည်လိုနေ့မျိုးမှာ သူတို့လေးတွေ လွတ်လွတ်လပ်လပ်သွားချင်ကြမည်ဆိုတာ နားလည်လိုက်၏။ သို့သော် ပန်းကလေး တစ်ပွင့်လိုလှသော သမီးငယ်အတွက် စိုးရိမ်စိတ်သည် ဖုံးကွယ်၍မရ။

'အပြန်ကျရင်တော့ ဖုန်းလှမ်းဆက်လိုက်နော်'

'ဟုတ်ကဲ့ ဖေဖေ'

'ဟုတ်ကဲ့ အန်ကယ်'

မိန်းကလေးနှစ်ယောက် ခပ်သွက်သွက်ဆင်းသွားကြ၏။ စု၏ ဖူးပွင့်စ ပန်းကလေးသဏ္ဌာန်သည် ဖေဖေ့ မျက်စိအောက်မှ ပျောက်ကွယ်သွားလေသည်။ စုကို မည်မျှကြာကြာ သူ့မျက်စိအောက်မှာ လုံခြုံစွာ ထိန်းသိမ်းထားနိုင်ပါမည်လဲ။

စုသည် သူ့အမေလို လှသူဖြစ်သည်။ ပြီးတော့ သူ့ အမေလိုပင် အနုအလှ ကြိုက်သည်။ ပန်းကြိုက်သည်။ ကဗျာချစ်သည်။ ဂီတမှာ သာယာတတ်သည်။

BURMESE CLASSIC .com

www.burmeseclassic.com

ပြီးတော့ စုသည် စိတ်ကူးလည်း ယဉ်တတ်သည်။ သည် မိန်းကလေးသည် အချစ်ကိုလည်း ယုံစား ကိုးကွယ်တတ်သည် မဟုတ်လား။

*　　　　*　　　　*

'ယူ့ အဖေက စိုးရိမ်ကြီးလွန်းတယ်ကွာ၊ တကယ်ဆို တို့အရွယ်က အနောက်နိုင်ငံမှာသာဆို ယောကျ်ားကလေးတွေနဲ့ ဒိတ်လုပ်လို့ရပြီ၊ ဒီလို ညမျိုးဆိုလဲ ကပွဲမှာ ကောင်းကောင်းတွဲကရမှာပဲ'

လမ်းထိပ်သို့ လျှောက်လာရင်း အိုင်ရင်းက မကျေမနပ်ဆိုသည်။ အိုင်ရင်းသည် မျက်လုံးများ ပြူးကျယ်တောက်ပပြီး နှာတံပေါ်သည်။ အရပ်ကလည်း မြင့်သဖြင့် ကပြားရုပ်ဟု ဆိုနိုင်သည်။ သို့သော် ဆံပင်များနက်မှောင်တာ၊ မျက်လုံးများ နက်တာကတော့ မြန်မာမိန်းကလေး ပီသပေသည်။

'သိပ်လဲ ဗိုလ်မဆန်ချင်ပါနဲ့ အိုင်ရင်းရယ်၊ မင်းမှာ ကပြားသွေးက နည်းနည်းလေးပါ'

သူတစ်ပါးကို ဝေဖန်ခဲသော စုက ပြုံးပြီးပြောသည်။ စုကသာ မည်မျှပင် မြန်မာဆန်ဆန် ဝတ်စားပြင်ဆင်စေကာမူ မျက်လုံးများညိုမှောင်ပုံ၊ နှုတ်ခမ်းထူပြီး သေသပ်ပုံက အနောက်တိုင်းဆန်သည်။ ပြုံးလျှင်လည်း ပါးချိုင့်ကလေးများက ပေါ်လာတတ်သည်။ ရှားရှားပါးပါး မြင်ရတတ်သော စု၏ အပြုံးများကို ကောင်လေးတွေက နှစ်သက်တတ်တာ အိုင်ရင်းက သတိရသည်။

'သဘောကို ပြောတာပါကွာ၊ ဒါနဲ့ မှာထားရဦးမယ်၊ မစ်ကီတို့ မောင်မောင်တို့ကို ကောင်းကောင်းမွန်မွန် စကားပြောပါနော်'

'အေးပါ'

www.burmeseclassic.com

BURMESE CLASSIC .com

ဆင်းဒဝစ်လမ်းထိပ်ကို ရောက်လာသည်။ အိုင်ရင်းသည် လမ်း ဟိုဘက် သည်ဘက်ကို မျက်လုံးကစားပြီး ကြည့်၏။

အအေးဆိုင်မှ ကောင်လေးနှစ်ယောက်ထွက်လာလေသည်။ အိုင်ရင်း က စိတ်အေးသွားဟန်ဖြင့် စုကို ကြည့်ပြီး ပြုံးသည်။

ကောင်လေး နှစ်ယောက်လုံး ဘောင်းဘီရှည်များကို ဝတ်ထားကြ၏။ အကောင်းစား ရှပ်အင်္ကျီများကို ဝတ်ထားသော်လည်း သေသပ်ခြင်းမရှိဟု စု စိတ်က ထင်သည်။ ပြီးတော့ သူတို့ကိုယ်သူတို့ သာသနာပြုကျောင်းမှာ နေသည်ဆိုပြီး ဗိုလ်ဆန်ဆန် အတင်းဝတ်စားထားသည်ကို စုက မကြိုက်ပေ။ တကယ် အနောက်တိုင်းဆန်မည်ဆိုလျှင် လူကြီးလူကောင်းပီသပြီး ယဉ်ကျေးရမည်ဟု စုက ယုံကြည်သည်။

'ဟေး အိုင်ရင်း၊ တို့စောင့်နေတာ ကြာပြီလေ၊ မင်းတို့အလှပြင်တာ သိပ်ကြာတာပဲ'

မစ်ကီက အနားရောက်ရောက်ချင်း ပြော၏။ မစ်ကီနှင့် မျက်မှန်းတန်းပြီးသား ဖြစ်သဖြင့် အိုင်ရင်း မှာထားသည်ကို သတိရကာ အလိုက်သင့် ပြုံးပြလိုက်သည်။ မောင်မောင်ကိုတော့ နီးနီးကပ်ကပ် သည်တစ်ခါပဲ တွေ့ဖူးသည်။ အိုင်ရင်း၏ မွေးနေ့မှာ တစ်ခါ ဝေးဝေးက မြင်ဖူးသည်။ ကပိုကရို နေတတ်သော်လည်း အေးဆေးပုံရသည်။ မောင်မောင်သည် စုကို တစ်ချက်လှမ်းကြည့်ပြီး မျက်နှာလွှဲသွားသည်။ နောက်ထပ် မကြည့်တော့။ ယောကျ်ားလေးနှစ်ယောက်လုံး အိုင်ရင်းကိုကြည့်ကာ စကားပြောကြသည်။ စု နည်းနည်းတော့ အနေရ အထိုင်ရ ခက်လာသည်။

'ဟေ့ မောင်မောင်၊ သူ့ကို သိတယ်မဟုတ်လား၊ ကိုယ့်အချစ်ဆုံး သူငယ်ချင်း စင်သီရာ၊ အဲ သူကတော့ စုလို့ခေါ်မှ ကြိုက်တယ်'

မောင်မောင်သည် စုဘက်သို့ ဒုတိယအကြိမ် လှည့်ကြည့်သည်။ သည်တော့လည်း မောင်မောင့် အကြည့်သည် နက်နက်ရှိုင်းရှိုင်းရှိလှသည် သတိထားမိသည် [illegible] သည်။ တွေ့ရတ

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

ဝမ်းသာပါတယ်ဟူသော စကားကိုလည်း အင်္ဂလိပ်လိုပြောသည်။ စုက ပြုံးပြီး ခေါင်းညိတ်ပြ၏။ စု၏အပြုံးသည် စကားတစ်လုံးထက်ပို၍ တန်ဖိုးရှိကြောင်း စုကိုယ်စု ယုံကြည်သည်။

'ကဲ သွားကြစို့'

မစ်ကီက ပြောကာ ရှေ့မှ ဦးဆောင်သွားလေသည်။

အိုင်ရင်းက မစ်ကီဘေးမှ ကပ်လိုက်သွားတော့ စုသည် အလိုလို မောင်မောင်နှင့် တွဲပြီးသား ဖြစ်နေလေသည်။ အိုင်ရင်း၏ စကားသံဖြင့် တစ်လမ်းလုံး ဆူညံနေသည်။ ကျောင်းရှေ့ရောက်မှပင် အိုင်ရင်းအသံ တိတ်ဆိတ်သွားတော့သည်။

'ကဲ သွားမယ်၊ ကိုယ်တို့ဆိုင်ကို လာအားပေးနော်၊ ပွဲသိမ်းရင်တော့ ဒီနားကပဲစောင့်နေ ကြားလား၊ ယူတို့ နှစ်ယောက်လုံးကို ပြောတာနော်'

'စိတ်ချ'

အိုင်ရင်းက ယောကျ်ားလေးနှစ်ယောက်လုံးကို မှာနေသော်လည်း စု၏ မျက်လုံးများကား သူတို့ဆီ မရောက်ပေ။ ရောင်စုံမီးလုံးတွေ ထွန်းညှိထားသော စကားပင်အောက်မှာ ရပ်နေသူတစ်ယောက်ကိုသာ အထိတ်တလန့် ကြည့်နေမိသည်။

'သွားမယ်နော် စု၊ တော်ကြာ ဆိုင်ကိုလာခဲ့မယ်'

မောင်မောင့်အသံကြားမှ ကပျာကယာ ခေါင်းကို ညိတ်ပြလိုက်ရသည်။

အိုင်ရင်းနှင့်အတူကျောင်းရှေ့မြက်ခင်းပြင်သို့ ဝင်လာသည်အထိ စု၏ မျက်လုံးများက စကားပင်အောက်သို့ ရောက်နေမြဲ။

'အို သူ သူ၊ ဟုတ်ပါတယ်လေ၊ သူပါပဲ'

ရင်ထဲမှာ တဒိတ်ဒိတ် ခုန်လာလေသည်။ သူ့မျက်လုံးများမှာ မကျေမနပ်ဖြစ်နေသည့် အရိပ်အရောင်ကိုမြင်ရတော့ မောင်မောင်တို့နှင့် တွဲလာမိတာ မှားပြီလားဟု ပူပန်သွားမိသည်။ 'အို ဘာဆိုင်လို့လဲ၊ သူ

BURMESE CLASSIC .com
www.burmeseclassic.com

ငါနဲ့ ဘာမှ မပတ်သက်တာ’ဟု တွေးပြီး စိတ်ကို ဖြေရလေသည် သို့သော် ကြောက်စိတ်က မပြယ်သေး။

‘ယူ မောင်မောင့်ကို သဘောမကျဘူးလား ဟင်’

အိုင်ရင်းက မေးသည်ကို ယောင်ယမ်းပြီး ခေါင်းညိတ်ပြလိုက်သည်။

‘ကျပါတယ်’

‘ဟဲ ဟဲ ကိုယ်ထင်သားပဲ၊ သူက အေးပါတယ်၊ ယူနဲ့လိုက်တယ်၊ သူ့အဖေကလဲအရာရှိတစ်ယောက်ပဲ၊ အဆင့်အတန်း မနိမ့်ပါဘူး’

‘အို ကိုယ်စိတ်မဝင်စားပါဘူး အိုင်ရင်းရယ်’

‘ဟော စောစောကပြောတော့ ယူ သဘောကျတယ်ဆို’

‘သြော် ခင်မင်ပါတယ်လို့ ပြောတာပါ’

သူတို့နှစ်ယောက် အအေးဆိုင်ရှေ့သို့ရောက်လာသဖြင့် စကားပြတ်သွားသည်။ ဆိုင်ထဲဝင်ကာနီးမှာ စုသည် နောက်သို့တစ်ချက် ပြန်လှည့်ကြည့်မိ၏။ ပြီးတော့မှ နောင်တရသွားသည်။ ကြောက်စိတ်တွေ ပိုမိုပြင်းထန်လာလေသည်။ ဆိုင်ထဲမှာ ရောက်နှင့်နေသော မြမြနွယ်တို့၊ ပမ်မလာတို့အုပ်စုက စကားတွေ ဆူဆူညံညံပြောကြသည်။ စုကတော့ တာဝန်ကျရာနေရာမှာ ထိုင်ရသည်အထိ ရင်ခုန်နေဆဲပင်။ မကြာမီ သူ ရောက်လာတော့မည်ဟု တွေးမိကာ ဇောချွေးများပြန်လာသည်။ သူ အေးအေးဆေးဆေးမှ လာပါ့မလားဟု ပူပန်လိုက်မိလေသည်။

* * *

ပြဿနာဖြစ်ပြီကို ချက်ချင်းသိလိုက်သည်။

‘ယူတို့ သိပ်လွန်လွန်းပြီ ထင်တယ်’

အိုင်ရင်[illegible]သည်။

www.burmeseclassic.com

‘ဟေး တို့က နေ့တိုင်းလာအားပေးနေတဲ့လူတွေ၊ မင်းလူတွေက ဒီနေ့မှလာတာ၊ ဒါ တို့ထိုင်နေကျနေရာပဲ’

‘ဒါပေမဲ့ သူတို့က အရင်ရောက်တာပဲ၊ သူတို့ကို ဖယ်ခိုင်းလို့မဖြစ်ဘူး’

‘ဘာလဲ တို့ကို နှင်နေတာလား’

‘နှင်တာတော့ မဟုတ်ဘူးလေ၊ တရားမျှတအောင်ပြောရတာ၊ တခြားနေရာမှာထိုင်လဲရတာပဲ’

‘တို့က ဒီနေရာပဲထိုင်ချင်တယ်’

စု မနေနိုင်တော့ သူတို့စားပွဲကို လျှောက်လာရသည်။ အခြေအနေသည် တင်းမာလျက်ရှိလေပြီ။ မစ်ကီနှင့် မောင်မောင်က စောစောကပင် ရောက်နှင့်ပြီး စားပွဲတစ်လုံးမှာ ထိုင်နေသည်။ ဒါကို နောက်မှဝင်လာသည့် ကိုလူဆိုးက နေရာဖယ်ခိုင်းနေသည်။ စကားပင်ရိပ်မှ ကိုလူဆိုးသည် သည်အကွက်ကို တမင်စောင့်နေခြင်း ဖြစ်ပေမည်။ သူသည် ပြဿနာကို ဆောင်ယူခဲ့တော့မည်ဆိုတာ စု စိတ်ထဲက အလိုလိုသိနေခဲ့သည်။

စု ရောက်လာသည့်အချိန်မှာပင် မစ်ကီသည် နေရာမှထပြီး ဖြစ်နေသည်။ သူနှင့်ရင်ဆိုင်ရန် အသင့်ဖြစ်နေသည်။ အိုင်ရင်း၏ မျက်နှာသည်လည်း နီမြန်းလျက်ရှိပြီ။ မခံမရပ်နိုင် ဖြစ်နေပုံရသည်။ မောင်မောင်ကတော့ ဣန္ဒြေမပျက် အေးဆေးစွာထိုင်လျက်။

‘မစ်ကီရယ် သူတို့နဲ့ဖက်ပြိုင်ပြီး ဖြစ်မနေပါနဲ့ တခြားစားပွဲမှာ ထိုင်ရအောင်’

အိုင်ရင်းက ရန်ပွဲကို မဖြစ်စေချင်သည့်အတွက် မစ်ကီ လက်မောင်းကို ဆွဲခေါ်သည်။ သို့သော် မစ်ကီက နေရာမှ မရွေ့။ အလျှော့ပေးရမည်ကို ရှက်နေဟန်တူလေသည်။ တခြား မိန်းကလေးများကလည်း သူတို့ကို ကြည့်နေကြသည်။

‘ကိုယ် [illegible]’

www.burmeseclassic.com

BURMESE CLASSIC .com

အိုင်ရင်းက ထပ်ပြောသည်။ စုသည် မဝံ့မရဲနှင့်ပင် သူတို့ကြား ဝင်ခဲ့ရလေသည်။ စု လျှောက်လာနေသည်ကို သူ စောစောကပင် မြင်ပြီးသား။ စုကို မြင်ကတည်းက မထီတရီပြုံနေသော သူ့အမူအရာတွေ အနည်းငယ် ပြေသွားတာ စု သတိထားမိသည်။ သူသည် ပုဆိုးကို ကပိုကရိုဝတ်ထား၏။ ဆံပင်များသည် ပွရောင်းနေသည်။ မျက်လုံးများသည် နီနေ၏။ စုက သူ့ကို တောင်းပန်သည့် မျက်လုံးများနှင့် ကြည့်မိပြန်သည်။ သူပြန်ကြည့်ပုံက မထီတရီနှင့် မခံချင်စရာ ကောင်းလှသော်လည်း အောင့်အည်း နေလိုက်ရလေသည်။

'ဟိုလေ ဟို သူ သူ၊ ဒီဘက်စားပွဲမှာ ထိုင်ပါလား ဟင်'

အိုင်ရင်းက စုကို အံ့သြစွာကြည့်သည်။ မောင်မောင့် မျက်နှာသည် ချက်ချင်း တင်းမာသွား၏။ နေရာမှ ထရပ်လေသည်။ သူကတော့ မခံချင်စရာ ကောင်းလောက်အောင်ပင် စုကို ပြုံးထေ့ထေ့ဖြင့် ကြည့်လေ သည်။

'ဟေး မင်းနဲ့ အတူတူထိုင်ရမယ်ဆိုရင်တော့ ရပါတယ်'

စု၏ မျက်နှာသည် ရှက်သွေးဖြင့် နီမြန်းသွား၏။

'မလိုဘူး၊ မင်း ဒီမှာပဲ ထိုင်'

မောင်မောင်က ပြော၏။

သူက မကြားချင်ယောင်ဆောင်ကာ တစ်ဖက်စားပွဲသို့ လျှောက် သွားသည်။ စုကိုလည်း လာလေဟူသော အမူအရာဖြင့် ခေါ်သည်။

'စု တောင်းပန်ပါတယ် မောင်မောင်ရယ်၊ ပျော်ပွဲရွှင်ပွဲမှာ ရန်ပွဲမဖြစ်ပါရစေနဲ့၊ ဟိုမှာ တီချာတို့လဲ လှမ်းကြည့်နေတယ်၊ ဒီမှာပဲ ထိုင်ပါတော့နော်'

စုသည် သူရှိရာစားပွဲသို့ လျှောက်လာမိလေသည်။

သည်တုန်းကတည်းက စုဘဝကို သူခြယ်လှယ်ခဲ့တာ စု မမေ့နိုင်ခဲ့။

*                    *

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

*

ကြီးကြီးမေသည် အပျိုကြီးပီပီ စည်းကမ်းကြီးသူဖြစ်၏။ နေရာတကာ ဇီဇာကြောင်သည်ဟု မဆိုသာသော်လည်း မကုန်သင့်တာ မကုန်ရအောင်၊ မဖြစ်သင့်တာ မဖြစ်ရအောင် ကြီးကြီးမေကပင် တာဝန်ယူဆောင်ရွက်ခဲ့ရသည်။ မေမေမရှိကတည်းက သားသမီးလေးယောက်နှင့် မနိုင်မနင်းဖြစ်ခဲ့ရသော ဖေဖေ့ကို ကြီးကြီးမေက ကူညီဖေးမရန် ရောက်ရှိလာခြင်းဖြစ်၏။ အထူးသဖြင့် တစ်ဦးတည်းသော သမီးမိန်းကလေးဖြစ်သည့် စု အတွက် ကြီးကြီးမေပင် တိုးတိုးဖော်အဖြစ် ရပ်တည်ခဲ့ရသည်။

'သမီး စု၊ သမီးတို့ကို သာသနာပြုကျောင်းမှာထားတာ ဗိုလ်ဆန်ဖို့ မဟုတ်ဘူးနော်၊ သမီးတို့ ပညာဗဟုသုတရှိအောင် ခေတ်မီအောင်ထားတာ မြန်မာမှုကိုတော့ မမေ့လေနဲ့၊ ပြီးတော့ သူတို့တစ်တွေ သူတို့ ဘာသာတရားကို ရှေ့တမ်းတင်သလိုဘဲ ကိုယ်ကလဲကိုယ့်ဘာသာတရားကို ယုံယုံကြည်ကြည် ဆည်းကပ်ရမယ်'

ကြီးကြီးမေ၏ ဆုံးမစကားများအောက်မှာလည်း ယဉ်ပါးခဲ့ရ၏။ စု အနေအထိုင် သိမ်မွေ့တာကို အားလုံးက အသိအမှတ်ပြုထားပြီးဖြစ်သည်။ အိမ်ချင်း ခြံချင်းကပ်နေသော အိုင်ရင်းနှင့် ရင်းနှီးခင်မင်သော်လည်း နေပုံထိုင်ပုံ အပြုအမူက ကွဲပြားသည်။ အိုင်ရင်းက ပျော်ပျော်ရွှင်ရွှင် သွက်သွက်လက်လက် နေတတ်သည်။ စုက အေးအေးဆေးဆေး နွေးနွေးကွေးကွေး လှုပ်ရှားတတ်သည်။ အိုင်ရင်းက ပွင့်ပွင့်လင်းလင်း ဟောဟောဒိုင်းဒိုင်း ပြောတတ်ဆိုတတ်သည်။ စုက သိုသိုသိပ်သိပ် ရှိလှသည်။ ထို့ကြောင့်လည်း စုရင်ထဲက ဝေဒနာကို ဘေးလူက တော်ရုံဖြင့် မသိနိုင်။

ဘာပဲပြောပြော စုကို ဖေဖေကလည်း အသည်းခိုက်အောင်ချစ်သည်။ ကြီးကြီးမေကလည်း ရင်အုပ်မကွာ စောင့်ရှောက်သည်။ အစ်ကိုတွေကလည်း တစ်ဦးတည်းသော ညီမလေးကို ဦးစားပေးကြသည်။ စု ဘဝမှာ မေမေ မရှိတာကလွဲလို့ အားလုံးလိုလို ပြည့်စုံခဲ့သည်ပင်။ ဖေဖေက အရာရှိကြီး တစ်ဦးဖြစ်ကာ [illegible] ပ်နှင့်အကိုင်နှင့်

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

စီးပွားရေး အရလည်း ပူစရာမရှိပေ။ ကြီးကြီးမေကလည်း အခါအားလျော်စွ အရောင်းအဝယ်လေးလုပ်ကာ ဗယားစေ့စေ့ စီမံခန့်ခွဲတတ်သည်ဆိုတော့ စုတို့အိမ်မှာ သာသာယာယာရှိလှသည်။ စုဘဝသည် အေးအေးချမ်းချမ်းပင် ရှိနေခဲ့သည်။

စုဘဝ သက်တမ်းတစ်လျှောက်မှာ ဝမ်းနည်း ပူဆွေးစရာတွေ၊ သောကတွေနှင့် ပြည့်နှက်လာလိမ့်မည်ဟု ဘယ်တုန်းကမှ မထင်ခဲ့။ ထင်နိုင်စရာ အကြောင်းလည်း မရှိ။ စု ဘဝသည် လေပြည်လေညင်းမှာသာ ငြိမ်သက်စွာ ရှိနေခဲ့၏။ မုန်တိုင်းကြားသို့ ရောက်ရလိမ့်မည်ဟုလည်း မမျှော်မှန်းခဲ့တာ အမှန်ပင်။ သူနှင့်သာ မတွေ့ရဘူးဆိုလျှင် စုဘဝသည် တစ်မျိုးတစ်ဖုံ ဖြစ်လိမ့်မည်။ တစ်ခုတော့ ဆိုစရာရှိ၏။ စု၏ စိတ်သည် နူးညံ့လွန်းကာ မဖြစ်နိုင်တာကို စိတ်ကူးထဲမှာ အကောင်အထည်ဖော်ချင်နေသည်။

ဒါကြောင့်လည်း စုသည် အစိုးမိုးခံလူသားတစ်ယောက် ဖြစ်ခဲ့ရခြင်း ပေလော မပြောတတ်။

ကဗျာလက်ာမှာ မွေ့လျော်ခြင်းသည် အပြစ်လား။ ဘဝအကြောင်းကို မသိခင်ကပင် သာယာလှပသည့် လောကကြီးအကြောင်းကို ကဗျာတွေ ဖွဲ့နေခဲ့မိသည်။

ကျောင်းစာအုပ်တွေကြားမှာ နစ်မြုပ်နေရမည့် ကာလ၌ စုက လောကအကြောင်းကို ရေးသိနိုင်ဖို့ ကာရန်တွေရှာရသည်နှင့် မောနေသည်။

'ဟေး၊ စု ဘာလုပ်နေလဲ၊ အမယ် ကိုယ်လာမှ စာရွက်ကို ဖုံးပစ် တယ်၊ ပြစမ်း ပြစစမ်း၊ ဘာလဲပြပြ၊ မပြရင် ကိုယ် စိတ်ဆိုးမှာနော်'

အိုင်ရင်းသည် စုကို အချိန်မရွေး ဝင်ရောက်နှောင့်ယှက်တတ်ပြန်ပင်။

'နေစမ်းပါ အိုင်ရင်းရယ်၊ မင်း ဘာမှ နားလည်မှာလဲမဟုတ်ဘူး'

တကယ်တော့ အိုင်ရင်းသည် သူ့ထက်လောကအကြောင်းကို နားလည်သူဖြစ်ကြောင်း စု နောက်မှ သိရလေသည်။

BURMESE CLASSIC .com

www.burmeseclassic.com

စုက စားပွဲပေါ်မှ စာရွက်များကို လုံးခြေပြီး အံဆွဲထဲသို့ထည့်က ပိတ်ချလိုက်သည်။

'ကိုယ်က ဘာလို့ နားမလည်ရမှာလဲ၊ ယူ ရည်းစားစာရေးနေတာ မဟုတ်လား၊ ကြီးကြီးမေနဲ့ တိုင်ပြောရမယ်'

'အမလေး အိုင်ရင်းရယ်၊ ကိုယ့်မှာ ရည်းစားတစ်ယောက်မှမရှိတာ မင်း အသိဆုံးပါ'

အိုင်ရင်းသည် စားပွဲပေါ်သို့ တင်ပါးလွှဲထိုင်ကာ စုကို သေသေချာချာ ကြည့်သည်။

'ခုချိန်ထိ ရည်းစားမရှိတာတော့ မှန်တယ်လေ၊ ဒါပေမဲ့ ထားမလို့ ကြံစည်နေတာကော မဖြစ်နိုင်ဘူးလား'

စုက လွင်လွင်လေး ပြုံးသည်။ ပါးချိုင့်လေးနှစ်ခု ခွက်ဝင်သွားသည်။

'ကိုယ် ရည်းစားထားရင် မင်း အရင်ဆုံးသိရမှာပဲ'

'မသိရင်လဲ သိအောင်လုပ်မှာပဲ၊ ဒါဖြင့် စောစောကစာ ဘာစာလဲ၊ သြော် ဟုတ်ပြီ၊ ယူ့ကိုပေးတဲ့ ရည်းစားစာ ဖြစ်ရမယ်'

'တို့ကို ဘယ်သူက ရည်းစားစာပေးမှာလဲ အိုင်ရင်းရယ်'

'အို ယူ့ကိုကြိုက်နေတဲ့ကောင်လေးတွေ အများကြီးပဲဟာ၊ ကိုယ့်မှာ အဲဒီလောက်များရင် ခေါင်းခေါက် ရွေးပစ်လိုက်မယ်'

'အိုင်ရင်းသည် စိတ်ထဲရှိသည့်အတိုင်း ပြောရင်း ရယ်မောနေ၏။ အိုင်ရင်းသည် အမြဲတမ်း ရယ်မောနေနိုင်သူဖြစ်သည်။

'မစ်ကီက မင်းကို ကြိုက်နေတာ မဟုတ်လား'

အိုင်ရင်းက ခေါင်းကို ခါယမ်းသည်။

'မဟုတ်ပါဘူး၊ ခင်မင်တာပဲ ရှိပါတယ်၊ ကိုယ်ကလဲ မစ်ကီကို မကြိုက်ဘူး'

စုသည် အိုင်ရင်းကို မျက်လုံးအဝိုင်းသားနှင့် ကြည့်နေမိလေသည်

မစ်ကီနှင့် အိုင်ရင်း [illegible]။ စု အံ့သြသည်

www.burmeseclassic.com

BURMESE CLASSIC .com

သူတို့နှစ်ယောက် ရည်းစားမဟုတ်ကြ၍ မဟုတ်။ အိုင်ရင်းက မစ်ကီ မကြိုက်ဘူးဆိုသောကြောင့် ဖြစ်သည်။

'မင်း မစ်ကီကို သဘောမကျဘူးလား'

'ဟင့်အင်း၊ မင်းပြောသလို ခင်မင်တာပဲရှိပါတယ်၊ သူ့ကိုကြိုက်ရင် ကိုယ်မှားမှာပေါ့၊ သူက စာလဲမတော်ဘူး၊ ကိုယ်သိတယ်၊ ပြီးတော့လဲ တခြား အားကစားတို့၊ ဘာတို့ ဘာမှ တော်တာမဟုတ်ဘူးကွ၊ ပြီးတော့'

'ပြီးတော့ ဘာဖြစ်လဲ'

စုက စိတ်အားထက်သန်စွာ မေးသည်။

'ပြီးတော့ သူ့မိဘတွေက ဆင်းရဲတယ်'

စုက ဒုတိယအကြိမ် အံ့သြမိပြန်လေသည်။

ပေါ့ပေါ့ဆဆ နေတတ်သည်ထင်သော အိုင်ရင်းက ရည်းစားလောင်း တစ်ယောက်အတွက်ပင် သည်မျှ အကွက်စေ့စေ့ တွေးတောသည်ကို ကြည့်ကာ များစွာ အံ့သြရသည်။

'မင်းက တော်တော် ဂုဏ်မက်တာကိုး'

စုက သူ ဖတ်ပြီးသော ဝတ္ထုတစ်ပုဒ်ထဲမှ စကားလုံးတစ်လုံးကို ပထမဆုံး အသုံးပြုလိုက်မိလေသည်။ အိုင်ရင်းက နားမလည်သလို စုကို ကြည့်နေသည်။ ပြီးတော့မှ စဉ်းစဉ်းစားစားပြောသည်။

'ဘာလဲ၊ ကိုယ်က လူကိုမကြည့်ဘူး၊ ချမ်းသာတာကို ကြည့်တယ်လို့ ဆိုချင်တာလား၊ ဒီလိုတော့လဲ မဟုတ်ပါဘူးကွာ၊ ယောကျာ်းဆိုတာ အရည်အချင်း တစ်ခုခုတော့ ရှိရမယ်လေကွာ၊ အဲဒါကို ပြောတာ'

စုက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းသည်။ အိုင်ရင်း မှားနေပြီဟု စု ထင်သည်။

'ဒါကတော့ အိုင်ရင်းရယ်၊ အရည်အချင်းတစ်ခုခုဆိုတာ ရှိချင်မှ ရှိနိုင်မှာပေါ့'

www.burmeseclassic.com

BURMESE CLASSIC .com

BURMESE CLASSIC .com

'အို ဘာအရည်အချင်းမှ မရှိရင် ဘယ်နေရာမှာ သွားသုံးမလဲ ဒါ ထားပါတော့ ခုနက ဘာစာလဲဟင်'

'ကဗျာတစ်ပုဒ်ပါကွယ်'

စုက အိုင်ရင်းနားမလည်သည့် ဘာသာရပ်တစ်ခုလို ခပ်အေးအေး ပြောသည်။

'ဘာရယ်၊ ကဗျာဟုတ်လား'

စုက ခေါင်းညိတ်ပြလိုက်သည်။

'ယူ့ကို ကောင်လေးတွေက ကဗျာစပ်ပေးတာလား'

စုက ခေါင်းခါပြသည်။

'ဒါဖြင့် စာအုပ်ထဲက ကူးထားတာလား၊ ကိုယ့်ကို ပြစမ်းပါ၊ ကိုယ်လဲ ကဗျာဖတ်တတ်ပါတယ်၊ ရှယ်လီတို့ အိုမာခယမ်တို့ ကဗျာတွေ ကိုယ်ဖတ်ဖူးသားပဲ'

'မဟုတ်ဘူး၊ ဒီကဗျာက မင်း ဖတ်တတ်မှာလဲမဟုတ်ဘူး၊ တို့ ရေးထားတာ'

အိုင်ရင်းက စုကို ထူးဆန်းစွာကြည့်သည်။

'ဘုရားသခင်၊ ယူက ကဗျာရေးတယ် ဟုတ်လား၊ ဘာအကြောင်း လဲဟင်၊ အင်္ဂလိပ်လိုရေးတာလား၊ မြန်မာလိုရေးတာလား'

စုက အိုင်ရင်းကို ကလေးလေးတစ်ယောက်လို သဘောထားကာ ကြည့်သည်။

'မြန်မာလို ရေးတာပါ၊ ဇေဒါပန်းလေးအကြောင်းပဲ'

'ဇေဒါပန်းဆိုတာ ဘာပန်းလဲ၊ ကိုယ် တစ်ခါမှ မမြင်ဖူးဘူး'

အိုင်ရင်းက ရိုးသားစွာ ဝန်ခံသည်။

'မြို့ပေါ်မှာ ဘယ်ရှိမလဲ၊ တောမှာ ရေအိုင်တွေ၊ ချောင်းတွေမှာ ရှိတာ၊ တို့လဲ သေသေချာချာတော့ အနီးကပ် မမြင်ဖူးပါဘူး'

BURMESE CLASSIC .com
www.burmeseclassic.com

BURMESE CLASSIC .com

အိုင်ရင်းက ရယ်သည်။

'ကတ်သီးကတ်သပ်ကွာ၊ မြင်ဖူးတဲ့ နှင်းဆီပန်းတို့ ဒေစီပန်းတို့ အကြောင်းတွေ ရေးပါလား၊ မမြင်ဘူးတာကိုမှ ရေးရတယ်လို့'

စုသည် အိုင်ရင်းကို စိတ်မရှည်စွာ ကြည့်၏၊

'ဒါကြောင့် မင်း နားမလည်နိုင်ပါဘူးလို့ ပြောတာပေါ့၊ ဇေဒါပန်းကို ကိုယ်သေသေချာချာ မမြင်ဘူးပေမယ့် ဝတ္ထုတွေထဲမှာ ဖတ်ဖူးတယ်၊ သူဟာ အညတရ အပယ်ခံပန်းလေးပဲ၊ သနားစရာကောင်းတယ်၊ ချစ်စရာလဲ ကောင်းတယ်'

သည်တစ်ခါတော့ အိုင်ရင်းသည် တကယ်ပင် စိတ်ရှုပ်ထွေးသွားဟန် တူလေသည်။

'ယူ့အဲဒါတွေ သိပ်ရေးမနေနဲ့ဦး၊ စာမေးပွဲနီးပြီလေ၊ ကိုယ်က စာကျက်ရအောင်လာတာ'

စုနှင့် အိုင်ရင်းသည် ကျောင်းစာအုပ်တွေဆွဲကာ ခြံထဲသို့ ဆင်းလာ ခဲ့ကြသည်။

အိုင်ရင်းက စာကို စိတ်ပါဝင်စားစွာ ကျက်နေဆဲ စုမျက်လုံးထဲမှာတော့ သနားစရာ ဇေဒါပန်းလေးအကြောင်းကို တွေးနေသည်။ လူဆိုးလူတေလေ သူ့အကြောင်းကိုလည်း ခေါင်းထဲမှ အတင်းဖယ်ထုတ်နေရလေသည်။

ပြီးတော့ ရှိသေးသည်။

ကိုကိုဦး။

* * *

သူ့ကို အားလုံးက လူဆိုးဟု သတ်မှတ်ထားတာ စု သိသည်။ သူကကော ဘာ့ကြောင့် သည်လောက် ဆိုးနေရတာလဲ။ သူသည် ခန္ဓာကိုယ်ကလည်း

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

သေးကွေးပိန်လှီလှသည်။ ဆံပင်များကလည်း အမြဲတမ်း ပွရောင်းေ တတ်၏။ သူ့အဝတ်အစားကလည်း ဘယ်တော့မှ သပ်သပ်ရပ်ရပ်မရှိ။ တစ်ခုတော့ရှိသည်။ သူသည် သီချင်းဆိုကောင်းသူဖြစ်သည်။ လမ်းထိပ်မှ ညဥ့်နက်သန်းခေါင် တဒေါင်ဒေါင် တဒင်ဒင် တီးနေတတ်သော ဂစ်တာ အုပ်စုတွင် သူသည် ပင်တိုင် အဆိုတော်ဖြစ်၏။

သူနှင့် စတွေ့ရသည်ကလည်း စိတ်ညစ်စရာကောင်းသည်။

ပြီးတော့ သူနှင့် ဆုံရခြင်းသည် ကိုကိုဦးကြောင့်ဟုလည်း ဆိုနိုင် လေသည်။

ထိုနေ့က ကိုကိုဦးနှင့် တွေ့ရန်အတွက် အိမ်မှ အရဲစွန့်ပြီး ထွက်ခဲ့ရသည်။ စုသည် ဖေဖေ၊ ကြီးကြီးမေ၊ ဒရိုင်ဘာကိုအေးမောင် စသည်တို့မပါဘဲအိမ်က တစ်ယောက်တည်း ထွက်ရလေ့ မရှိပေ။ အစ်ကို နှစ်ယောက်က အိမ်မှာမရှိ။ ရှိသည့် ကိုတိုးကလည်း သူ့အပေါင်းအသင်း တွေနှင့်သူ သွားလာနေတတ်သူ ဖြစ်သည်။ စုမှာ အိမ်သားတွေကလွဲလျှင် အိုင်ရင်းကိုသာ အဖော်ပြုစရာရှိသည်။ သို့သော် အိုင်ရင်းကို အစစအရာရာ ဖွင့်ဟပြောပြချင်စိတ် မရှိလှပေ။ တချို့သော ကိစ္စတွေမှာ အိုင်ရင်းနှင့် စုသည် ပေါင်းစည်း၍ ရတတ်သည် မဟုတ်ပေ။

ကိုကိုဦးနှင့် စုတို့ မိတ်ဆွေဖြစ်ခဲ့သည်ကို မည်သူမျှ မသိ။ သိလျှင်လည်း မည်သူမျှ နားလည်နိုင်မည် မဟုတ်ပေ။ တကယ်ဆို စု ကိုယ်တိုင်ကလည်း ကိုကိုဦးအကြောင်းကို သေသေချာချာ မသိ။ သိရန်လည်း မလိုပေ။ ကိုကိုဦးသည် စုချစ်သော စာရေးဆရာတစ်ယောက်သာ ဖြစ်လေသည်။

ကိုကိုဦး၏ စကားလုံးအနုအလှလေးတွေ စုရင်မှာ စွဲငြိခဲ့တာ ကြာပြီ။ စာပေမှာ မွေ့လျော်တတ်သည့် အချိန်မှစ၍ ကိုကိုဦးသည် စု စိတ်အာရုံကို စိုးမိုးခဲ့၏။ ကိုကိုဦး၏ အဖွဲ့အနွဲ့လေးတွေက ညက်ညောသည်။ ကိုကိုဦး၏ ဝတ္ထုထဲမှာ ပါဝင်လှုပ်ရှားကြသော ကောင်လေး ကောင်မလေ

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

တွေသည် ငယ်သည်။ လှသည်။ စိတ်နှလုံး နူးညံ့ကြသည်။ ပြီးတော့ သူတို့သည် ဆင်းရဲကြသည်။ ဘဝကို ဖြစ်သလို ရင်ဆိုင်ကြရသည်။ ဇေဒါလို လွင့်မျောကြသည်။ သူတို့ဘဝကို ဆယ်ယူသူ မရှိ။ စု သူတို့ကို သနားသည်။ ပြီးတော့ ကိုကိုဦးကိုလည်း သနားသည်။ ကိုကိုဦးသည် စာရေးဆရာ တစ်ယောက်ဘဝမှာ ဆင်းရဲချို့တဲ့စွာ ရပ်တည်နေရရှာမည်။

ပထမဆုံး ကိုကိုဦးဆီ စာရေးပြီး ပြန်စာစောင့်ရသည်မှာ ရင်မော လှသည်။ ကိုကိုဦးက စာရေးဆရာတစ်ယောက်ဆိုတော့ သူ့ဆီ မိတ်ဆက်စာ ရေးသူတွေ အများကြီးနေမှာ။ ပြီးတော့ ကိုကိုဦးမှာ စာတွေ ရေးနေရသည် နှင့်ပင် အားလပ်နိုင်သည်မဟုတ်။ သူ့စာတွေအရ ကိုကိုဦးသည် ပြည့်စုံသူတစ်ယောက်လည်း မဟုတ်ရှာ၍ ဘဝအခက်အခဲများနှင့်လည်း ရုန်းကန် ရင်ဆိုင်ရရှာပေမည်။

သို့သော် ကိုကိုဦးဆီက မမျှော်လင့်ဘဲပြန်စာကို ရခဲ့လေတော့ ပျော်လိုက်ရသည်ဖြစ်ခြင်း၊ ကိုကိုဦးပြန်သော စာသည် ဝတ္ထုထဲက စကားလုံးများလိုပင် နူးပြီးလှနေသည်။ လက်ရေးလေးတွကလည်း လှပသည် မဟုတ်သည့်တိုင် စွဲမက်စရာ၊ ကိုကိုဦးစာများသည် စုတို့အိမ်ကို တိုက်ရိုက် ရောက်ခဲ့သည်တော့ မဟုတ်ပေ။ ကြီးကြီးမေက ဘယ်ကလာသည့် စာပဲ ဖြစ်ဖြစ် ဦးစွာဖောက်မြဲ။ သည်တော့ အိမ်လိပ်စာကိုလည်း မပေးရဲ။ အိုင်ရင်းကိုလည်း သည်ကိစ္စမှာ အားမကိုးရဲလေတော့ သူ့လိုပင် စာပေကို စိတ်ဝင်စားတတ်သည့် မြမြနွယ်လိပ်စာကို ပေးရသည်။ မြမြနွယ်က လမ်းထိပ်က အိမ်မြင့်မြင့်ကြီးမှာ နေသည်။ စုတို့ အိုင်ရင်းတို့နှင့် အဖွဲ့ ကျလှသည် မဟုတ်သော်လည်း မြမြနွယ်က အားတော့ကိုးရသည်။ စကားကြွယ်သော်လည်း အတင်းပြောတတ်သူတော့ မဟုတ်ချေ။ မြမြနွယ်တို့ အိမ်က လွတ်လပ်သည်။ သူ့မေမေက ကြီးကြီးမေ လို လာသမျှစာတွေ ဖောက်ဖတ်လေ့မရှိ။ စု နာမည်ကိုလည်း အရင်းအတိုင်း မရေးရဲဘဲ ကလောင်နာမည်ဆန်ဆန် ခရေဟု ပေးခဲ့သည်။ ခရေပန်းဆိုတာ ပင်မြ

BURMESE CLASSIC .com

www.burmeseclassic.com

ကနေ မြေပေါ်ကို ဆင်းသက်ခစားတတ်သည် မဟုတ်လား။ ကိုကိုဦ[illegible]
ကြိုက်လိမ့်မည်ဟု ထင်သည်။

စာအနုအလှကလေးတွေ အပြန်အလှန်ရေးကြလို့ အပြီးမှာ ကိုကိုဦးက စုကို တွေ့ချင်သည်ဟု ဆိုလာသည်။ စုရင်မှာ ခုန်ရပြန်သည်။ စု ဘဝသည် ပန်းအိုးထဲက ပန်းကလေးတစ်ပွင့်လို အချုပ်အနှောင်အောက်မှာ နေရသည်ဆိုတာ ကိုကိုဦးသိအောင် ပြောပြရသည်။ ကိုကိုဦးကတော့ အလျှော့ပေးလိုဟန် မရှိပေ။ စုကို တစ်ခါလောက် မြင်ဖူးရရင် တော်ပါပြီတဲ့။

မြမြနွယ်နှင့် တိုးတိုးတိုင်ပင်တော့ မြမြနွယ်က ငြင်းသည်။

'မြက စုကို အားနာလို့မပြောတာ၊ ခုတောင် စာတွေ ခဏ ခဏလာလို့ မေမေက မေးနေပြီ၊ မြက စုနာမည်ကို မပြောပါဘူး၊ တခြား သူငယ်ချင်းတစ်ယောက်ရဲ့ စာတွေပါလို့ ပြောရတာပေါ့၊ ဒီတော့ မေမေက ဒီအရွယ်မှာ ရှုပ်ရှုပ်ယှက်ယှက်လုပ်တာ မကြိုက်ဘူးတဲ့'

မြမြနွယ်တို့ အိမ်မှာ တွေ့ကြဖို့ အစီအစဉ်ကို ဖျက်လိုက်ရလေသည်။။

'စု သူ့ကို သိပ်တွေ့ချင်တယ် မြရယ်'

စု က ရင်ထဲရှိသည့်အတိုင်း ပြောသည်။ မြ ကိုယ်တိုင်ကလည်း အတွေ့အကြုံ ရင့်ကျက်သေးသူ မဟုတ်လေတော့ စုကို တကယ်ပင် သနားသွားသည်။ စုသည် မိခင်မေတ္တာနှင့် ကင်းလွတ်ကာ ဖခင်နှင့် ကြီးတော်တို့၏ ဖိနှိပ်ချုပ်ချယ်မှုအောက်မှာ နေရရှာသည့် သနားစရာ ကောင်မလေးအဖြစ် မြင်သည်။ စုကို သူကူညီချင်သည်။

'ကျောင်းကအပြန် တွေ့ကြရင်ကော'

မြက စဉ်းစားလို့ရသည့်အချက်ကို ပြောသည်။

'ဖေဖေကလေ ကျောင်းပို့ ကျောင်းကြိုတာကိုတော[illegible] တစ်ရက်လေးမှ အလွတ်ပေးတာမဟုတ်ဘူး မြရဲ[illegible] တခြားအချိန်မှာ[illegible]တာလို့ရတာ'

www.burmeseclassic.com

တကယ်တော့ သူတို့သည် မိဘ၏ အုပ်ထိန်းမှုအောက် ဆယ်ကျော် သက်ရွယ် မိန်းကလေးများဆိုတာ သူတို့ကိုယ်သူတို့ မေ့ထားကြသည်။ လွတ်လပ်မှုကို မရလေလေ လိုချင်လေလေ။ ပြီးတော့ သူစိမ်းတစ်ယောက်၏ ကြင်နာမှုကိုလည်း မက်မော တန်ဖိုးထားမိသည်။ ရင်ခုန်စရာလေးတွေကို ခံစားချင်ကြသည်။

'မြတို့အိမ် လာမယ်ဆိုပြီး တစ်နေရာရာမှာ ချိန်းပါလားကွာ'

စု မျက်လုံးများ ဝိုင်းဝိုင်းလည်သွားသည်။

'ဒီလိုတော့လဲစု ကြောက်တယ် မြရယ်'

'အို ဒီလိုလုပ်လေ၊ မြလဲ ဘေးကလိုက်ခဲ့မှာပေါ့၊ မြတို့တွေ စကော့ဈေးသွားမယ်ဆိုပြီး အိမ်ကနေ ထွက်မယ်၊ ဈေးကို ခဏဝင်၊ သူ ချိန်းတဲ့နေရာကို သွား၊ ပြီးတော့ ပြန်လာ'

စု စဉ်းစားသည်။ မြမြနွယ်ပေးသော အကြံဉာဏ်သည် လောလော ဆယ် အခြေအနေမှာ အကောင်းဆုံးဖြစ်သည်။ ကြီးကြီးမေသည် စု တစ်ယောက်တည်းကိုတော့ ဈေးသို့လွှတ်မည် မဟုတ်ပေ။

'စု အိမ်ကို ပြောကြည့်ဦးမယ်'

စု ဘဝမှာ လိမ်ညာခြင်းအလုပ်ကို စတင်ခဲ့ရသည်။

'ကြီးကြီးမေရယ်၊ စု ဖဲပြားလှလှလေးတစ်ခု ဝယ်ချင်လို့ မြမြနွယ်နဲ့ ဈေးကို လိုက်သွားမယ်နော်၊ နေ့လယ် သူက လာခေါ်မယ်တဲ့'

လိမ်ညာရခြင်းသည် မည်မျှ ခက်ခဲကြောင်း စု နားလည်ရတော့ သည်။ မည်မျှပင် ဟန်ဆောင် အားတင်းထားစေကာမူ စုရင်တွေ တဒိတ်ဒိတ်ခုန်နေသည်မှာ ကြီးကြီးမေများ ကြားသွားမလားဟုပင် စိုးရိမ် ရတော့သည်။

'သမီးတို့ချည်းပဲလား၊ အိုင်ရင်းကော ပါသလား'

အိုင်ရင်းက သွက်လက်ချက်ချာပြီး မဟုတ်မခံစိတ် ရှိသည်ဆိုကာ ကြီးကြီးမေက အိုင်ရင်းကို စိတ်ချလေသည်။ စုကိုတော့ ရိုးလွန်

www.burmeseclassic.com

BURMESE CLASSIC .com

အလွန်းသည်ဆိုကာ ဘယ်နေရာမှ စိတ်မချ။ ထို့ကြောင့် အိုင်ရင်း[illegible] ခေတ်ဆန်ဆန်နေတတ်သည်ကို ကြီးကြီးမေ မကြိုက်သော်လည်း မု[illegible] အတွက်တော့ အဖော်ကောင်းအဖြစ် သတ်မှတ်သည်။

'အိုင်ရင်း မရှိဘူး၊ ကြီးကြီးမေ၊ သူ့မာမီကြီးနဲ့ အပြင်ထွက်သွားတယ်'

အိုင်ရင်း မသိအောင် မည်မျှ ကြံဆောင်ခဲ့ရသည်ကို ကြီးကြီးမေ မသိပေ။

'သမီး ဖေဖေကလဲ၊ ကားယူသွားတယ်'

'ကားမလိုပါဘူး ကြီးကြီးမေရဲ့၊ ဒီကနေ လမ်းလျှောက်သွားပြီး မီးရထားခုံးတံတားကြီး ကျော်လိုက်ရင် အနီးကလေးပဲဟာ'

'အေးလေ၊ သွားချင်လဲသွား၊ သိပ်မကြာနဲ့နော်'

'ဟုတ်ကဲ့ ကြီးကြီးမေ၊ ဟုတ်ကဲ့'

မြမြနွယ် ရောက်လာတော့ အခြေအနေကောင်းသည့်အကြောင်း မျက်ရိပ်ပြရသည်။ သမီးမိန်းကလေးကို ထိန်းသိမ်းရသည်မှာ မည်မျှခက်ခဲကြောင်း ကြီးကြီးမေခမျာ မသိနိုင်ရှာသေး။ စုကတော့ ကြက်မကြီး၏ ဝမ်းဗိုက်အောက်မှ ထွက်ပြူရန်ကြိုးစားနေသော ကြက်သားပေါက်မလေးလို သူမရောက်ဘူးသေးသော လမ်းကို အားယူလျှောက်လှမ်းရန် ကြိုးစားခဲ့လေပြီ။

အဆင်အပြင် အခြယ်အသကင်းခဲ့သော မျက်နှာပေါ်မှာ ပေါင်ဒါ ပါးပါးလိမ်းပြီး နှုတ်ခမ်းလေးကို ဖျော့ဖျော့ဆိုးသည်။ ကျောင်းဝတ်စုံကိုသာ အဝတ်များသဖြင့် အဝတ်အစားလည်း များများစားစား ရွေးချယ်စရာမရှိ။

အကောင်းဆုံးဖြစ်မည်ထင်ရသော ပန်းနုရောင်လုံချည်နှင့် ဇာပန်းနု လေးကို ဝတ်သည်။ ကိုကိုဦးက စာရေးဆရာဆိုတော့ အရောင်နု[illegible] လှလှလေးတွေ ကြိုက်လိမ့်မည် ထင်သည်။ အပြာနုနုလေးဆိုလျှင် ပို[illegible] အဆင်ပြေမည် [illegible]ကောင်းကောင်း မ[illegible]

www.burmeseclassic.com

BURMESE CLASSIC .com

BURMESE CLASSIC .com

သဖြင့် မဝတ်ခဲ့ရပေ။ ပြီးတော့ မြမြနွယ်ကလည်း ဘေးက ပါလာသည် ဆိုတော့ သိပ်တော့ လွတ်လွတ်လပ်လပ် တွေ့ရမည်မဟုတ်ပေ။

'သိပ်မကြာစေနဲ့နော် စု'

အိမ်က အထွက်မှာ ကြီးကြီးမေက ထပ်မှာလိုက်သေးသည်။ မိန်းကလေးနှစ်ယောက်သည် ခေါင်းကို သွက်သွက်ညိတ်ကာ အချုပ် အနှောင်မှ လွတ်လာသူများလို ဝမ်းပန်းတသာ ထွက်ခဲ့ကြလေသည်။

ကိုကိုဦးနှင့်တွေ့လျှင် မည်သို့သော စကားမျိုးတွေကို ပြောရပါ မည်လဲ။ ကိုကိုဦးသည် ဝတ္ထုထဲက သူ့ဇာတ်ကောင်တွေလိုပင် မြတ်နိုးစရာ၊ သနားစရာ၊ ခင်မင်စရာကောင်းလေမည်လား။

အတွေးများဖြင့်လျှောက်လာဆဲ ဝါးခနဲဟားတိုက်ရယ်မောသံများ ကြောင့် ခြေလှမ်းတုံ့သွားရသည်။ လမ်းထိပ်မှာ ဝိုင်းဖွဲ့ထိုင်နေသော လူငယ်တစ်စုကြောင့် အပြင်ထွက်ခဲလှသော စု ခြေလှမ်းများပင် မှားသွား ရလေသည်။ မြမြနွယ်က စုလက်ကို ဆွဲကာ ဣန္ဒြေမပျက်ဆက်လျှောက် လာဆဲ သူတို့ဆီမှ ဆူဆူညံညံ အသံတွေ ပေါ်ထွက်လာသည်။

'မင်းတို့ လမ်းထဲမှာ ဒီလောက်လှတဲ့ ကောင်မလေးတွေရှိတာ ခုမှ သိရတယ်ကွာ'

အသံတစ်သံက ထိုးဖောက်ထွက်လာသည်။ မိန်းကလေးကျောင်း မှာသာ နေလာခဲ့ရပြီး ပတ်ဝန်းကျင်နှင့်လည်း အဆက်အသွယ်ကင်းဝေးသော စုမှာ ယောကျာ်းလေးတွေ သည်မျှ အတင့်ရဲပြီး အားမနာ ပါးမနာ ပြောတတ်သည်ကို ယခုမှပင် နားနှင့် ဆတ်ဆတ်ကြားရကာ များစွာ အံ့သြတုန်လှုပ်မိလေသည်။

'ဟား ဒါကတော့ မင်း ကုသိုလ်ထူးလို့မြင်ရတာပဲ၊ ဒီဘက်က တို့တောင် သိပ်မမြင်ဘူးသေးတဲ့ အိမ်တွင်းပုန်းလေးပဲကွ'

နောက်တစ်ယောက်က ထောက်လိုက်တော့ စောစောက ပြောနေသူ သည် အုပ်စုထဲမှ ထိုးထွက်လာသည်။

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

'ကျော်ကျော်၊ နင်တို့ တရားလွန်တယ်၊ တစ်လမ်းထဲနေကြ အချင်းချင်း ဒီလောက်တောင် နောက်ရသလား'

မြမြနွယ်က သူတို့ထဲမှ တစ်ယောက်ကို လှမ်းပြောလိုက်သဖြင့် စု အားတက်သွားသည်။

'တို့က ဘာပြောလို့လဲလှလို့ လှတယ်ပြောတာ၊ နင်တို့တောင် ဂုဏ်ရှိသေးတယ်'

မြမြနွယ်က မျက်စောင်းထိုးပြီး ရှေ့ကို ဆက်လျှောက်လာသည်။

စုမှာတော့ ခြေလှမ်းတွေလည်း ယိုင်ချင်နေပြီ။ ကိုကိုဦးနှင့် တွေ့ရမှာမို့သာ၊ မဟုတ်လျှင်တော့ သည်နေရာမှပင် ပြန်လှည့်မိမည်မှာ သေချာလေသည်။

စုတို့နှစ်ယောက်နောက်မှာ ကောင်လေးနှစ်ယောက် လိုက်လာပြီကို သိရတော့ စု လက်ဖျား ခြေဖျားများပါ အေးလာသည်

'ဖြည်းဖြည်းလျှောက်ပါ၊ ဒီက အသိမိတ်ဆွေဖွဲ့ချင်လို့'

'မလိုပါဘူး'

မြမြနွယ်က ကက်ကက်လန်အောင် ရန်တွေ့လိုက်သော်လည်း နောက်ကလူက ဣန္ဒြေပျက်မသွား။ 'အို ဘယ်လိုပါလိမ့်' စု က မဝံ့မရဲနှင့် လှည့်ကြည့်မိတော့ အသည်းနှလုံးများပင် အေးစက်သွားလေသလားဟု ထင်မိတော့သည်။ သူ့အကြည့်က စူးရဲလှသည်။ သူ့အသွင်က တဇွတ်ထိုး ဆန်လှသည်။ ဖြစ်ကတတ်ဆန်းနိုင်လှသော သူ့ဟန်အမူအရာသည် တစ်ဖက်လူ မခံချင်စဖွယ်။ သို့သော် သူသည် မတွန့်မဆုတ် နောက်က လိုက်လာခဲ့လေပြီ။ သူ့ပုံကလည်း မိုးမြေဆုံးအောင် လိုက်တော့မည့်ပုံ။ ဘယ်လိုလူစားပါလိမ့်။ ကြီးကြီးမေကို လိမ်ညာပြီး ထွက်လာမိသည့်အတွက် ပထမဆုံးအကြိမ် ဒုက္ခနှင့် ရင်ဆိုင်ရချေပြီဟု ဝမ်းနည်းစွာ တွေးမိသည်

BURMESE CLASSIC .com
www.burmeseclassic.com

နှစ်ယောက်လိုက်လာသည်ဆိုသော်လည်း ဘေးလူက နောက်နားမှာ လျှိုနေသည်။ သူ့ခြေလှမ်းကတော့ မြန်လှသည်။ သားရဲကိုမြင်သော စွန်ငှက်နှယ်တည်း။

'ဟော့ ဒီမှာ မင်းနာမည် ဘယ်လိုခေါ်သလဲဟင်'

အပြုအမူက ကလေကချေနိုင်လှသော်လည်း အသံကတော့ မာကျောသည်။

စုတို့နှစ်ယောက်လုံးက လှည့်မကြည့်။ မြမြနွယ်က အဖက်မတန် သလို မာန်အပြည့်နှင့် လျှောက်လာနိုင်သော်လည်း စုကတော့ ကြောက်ရွံ့ ထိတ်လန့်နေပုံကို ဖုံးကွယ်၍ မရ။ သည်ကတည်းက စုရဲ့ အားနည်းချက်ကို သူ သိခဲ့မှာပါပဲ။

'ဒီကမေးနေတာ လူကို အဖက်မတန်လို့လား ဟင်'

မြမြနွယ်က ဆတ်ခနဲလှည့်ကြည့်သည်။

'ဒီမှာ နင်တို့ ဒီလောက်တောင် နှောင့်ယှက်ရရင် တော်ရောပေါ့၊ မိကောင်းဖခင်သားသမီး မဟုတ်ဘူးလား'

သည်လိုပြောလိုက်တော့ သူ့မျက်နှာ ရဲခနဲဖြစ်သွားတာ စုသိလိုက် သည်။ စိတ်ဆိုးဆိုးနှင့် စုတို့ကို ရန်မူရင်အခက်ပဲဟု ပူပန်သွားမိလေသည်။

'နာမည်သိချင်လို့မေးတာ၊ မိကောင်းဖခင်သားသမီး မဟုတ် ဘူးလား ရိုင်းစိုင်းတာက မင်းတို့'

သူသည် စုဘေးကိုကပ်ကာ လျှောက်လာလေသည်။ ပြီးတော့ စုမျက်နှာကို သေသေချာချာကြည့်သည်။ ခရီးလမ်းကလည်း ရှည်လျားပါဘိ။ မြန်မြန်ရောက်ပါစေတော့ ကိုကိုဦးရယ်။ တံတားရဲ့ ဟိုဘက်ထိပ်မှာ မချိန်းမိဘဲ ဒီဘက်လမ်းထိပ်မှာလာကြိုနေဖို့မှာထားရင် ကောင်းမှာပဲဟု တွေးမိသည်။

www.burmeseclassic.com

‘လမ်းမှာတွေ့တဲ့လူတိုင်းကို နာမည်လိုက်မေးတိုင်း ဖြေနေရအောင် တို့ကို ဘယ်လိုမိန်းကလေးတွေ အောက်မေ့လို့လဲ’

မြမြနွယ်က မလျှော့၊ အင်းလေ စုထက်စာလျှင်တော့ မိန်းကလေး တိုင်း အတွေ့အကြုံရှိမှာပါပဲ’

‘ဟော့ နာမည်မေးတာ ဘယ်လိုမိန်းကလေးလို့မှ ထင်လို့ မဟုတ်ဘူး၊

သိချင်လို့မေးတာ’

‘သိချင်ရင် ကျော်ကျော်တို့ကို မေးကြည့်’

‘မတွန့်တိုရမယ့်ဟာ တွန့်တိုနေလိုက်တာ၊ ကဲ ပြောစမ်းပါ၊ မင်း နာမည် ဘယ်သူလဲဟင်’

သူသည် မြမြနွယ်နှင့် စကားနိုင်မလုတော့ဘဲ စုဘက်သို့လှည့်ကာ မေးလေသည်။

‘အို’

စုက ဇွတ်တရွတ်နိုင်လှသော သူ့ကိုကြည့်ကာ မျက်နှာမှာနီမြန်း လာသည်။ သူသည် စုကို သနားသွားပုံရသည်။ ဟဲခနဲ တစ်ချက်ရယ်လိုက် သည်။

တံတားပေါ်ကျော်ဖြတ်၍ လာခဲ့ပြီ။ သူတို့ ပြန်မသွားကြသေး။ စု ရင်တွေ တဒိတ်ဒိတ်ခုန်လာသည်။ ကိုကိုဦးနှင့် တွေ့ရတော့မည်။ သို့သော် စုတို့ဘေးမှ သူတို့ပါလာသည်။ ကိုကိုဦးက ဘယ်လိုများထင်လေမလဲ’

‘ဒီမှာ နာမည်သိရရင် သူတို့ ပြန်မှာလားဟင်’

မြမြနွယ်က စုကို အံ့သြစွာကြည့်သည်။

‘အို စုရယ်၊ လိုက်ချင်သလောက် လိုက်ခဲ့စမ်းပါ ဟိုဘက်ရောက် ရင် ကိုကိုဦးနဲ့ တွေ့ရတော့မှာပဲ’

www.burmeseclassic.com

BURMESE CLASSIC .com

'ဘယ်ကကောင်မှ မဟုတ်ဘူးရှင့်၊ ရှင်တို့လို တေလေဂျပို လမ်း တကာမှာ လေလွင့်နေတဲ့ လမ်းသရဲမဟုတ်ဘူးရှင့်၊ လူကြီးလူကောင်း သိပြီလား'

သူ့မျက်နှာ နီမြန်းသွားပြန်သည်။

'ဩော် တို့ကို လမ်းသရဲလို့ပြောတယ် ဟုတ်လား၊ မင်းတို့ သိကြ မယ်'

သူ ကြိမ်းဝါးသည်ကို စု ကြောက်လှသည်။

တံတားထိပ်ကို ရောက်လာခဲ့ပြီ၊ မြမြနွယ်သည် အပြေးအလွှားပင် ဆင်းချသွား၏။ စု နောက်က ပြေးဆင်းခဲ့ရသည်။ တံတားထိပ်မှာ လူတစ်ယောက်ရပ်နေသည်။ တိုက်ပုံအင်္ကျီ မီးခိုးရောင်ကို ဝတ်ထားသည်။ အို သူ ကိုကိုဦးပါပဲ။ ကိုကိုဦးက စုတို့ဆင်းလာသည်ကို သေသေချာချာ စောင့်ကြည့်နေသည်။ ပြီးတော့ စုကို ရွှေးပြီးပြုံးပြသည်။ ကိုကိုဦးသည် စုကို ခတ်ပုံထဲမှာ မြင်ဖူးပြီးသားဖြစ်ပေသည်။

စုကတော့ ကိုကိုဦးကို ယခုမှပင် ဖြင်ဖူးခြင်းဖြစ်၏။ တိုက်ပုံအင်္ကျီနှင့် လိုက်ပြီး သေသေသပ်သပ် ခန့်ခန့်ညားညား ရှိသည်။ အရွယ်က လူလတ်ပိုင်းလောက်ဆိုတော့ စုထက်တော့ အသက် ဆယ်နှစ်လောက် ကြီးမှာပါပဲ။ အင်းလေ စာရေးဆရာဆိုတော့လည်း ဒီအသက်အရွယ်ရှိပြီပေါ့။ စုသည် အပြေးအလွှားတွေးရင်း ကိုကိုဦးနားသို့ ရောက်သွားသည်။ နောက်က သူတို့ပါလာ၍ စု မျက်နှာမှာ အမ်းနေသည်။ ဘာပြောရမည်မသိ။

'လက်စသတ်တော့ အိမ်တွင်းပုန်းတွေက ဒီမှာလာပြီး ကြောင်သူတော်နဲ့ ချိန်းထားတာကိုး၊ ဟား ဟား ဟား'

စုမျက်နှာ ထူအမ်းပြီး ကိုကိုဦးကိုပင် မကြည့်ရဲအောင် ဖြစ်သွားလေသည်။ မြမြနွယ်ကတော့ အံကို ကြိတ်ထားသည်။ သူတို့သည် ခပ်ကြောင်ကြောင်ရယ်နေကြသော စုတို့ကို ကျော်သွားပြီး လှေကား

BURMESE CLASSIC .com
www.burmeseclassic.com

ဆင်းသွားကြလေသည်။ စုက စိတ်မောစွာဖြင့် သက်ပြင်းကို ချမိရတော့သည်။

'ခရေ၊ ဟုတ်တယ်မဟုတ်လား'

ကိုကိုဦးဆီမှ အသံထွက်လာတော့ စုက ကပျာကယာ ခေါင်းညိတ်ပြမိ၏။

'သူတို့က ဘယ်သူတွေလဲ ဟင်'

ကိုကိုဦးက သူတို့နောက်ကျောကို မေးငေါ့ပြကာ မေးသည်။

'အို အလကား လမ်းသရဲတွေပါ၊ မြတို့ကို လိုက်နှောင့်ယှက်နေလို့'

မြမြနွယ်က ဝင်ပြောလိုက်၏။ ကိုကိုဦးက ပြုံးသည်။ ကိုကိုဦးသည် လူကြီးဆန်လှသည်။ စု ကျေနပ်သွား၏။

'သူကလေ စု သူငယ်ချင်း မြမြနွယ်တဲ့၊ စု လိပ်စာပေးထားတာ သူ့အိမ်ပဲ၊ ခုလဲ စု အိမ်က ထွက်လို့မလွယ်လို့ အဖော်ခေါ်ခဲ့ရတာ'

'ဟုတ်လား၊ လာလေ တစ်ခုခုစားကြရအောင်'

'သိပ်တော့ကြာလို့မဖြစ်ဘူး ကိုကိုဦး'

စုက စာထဲမှာခေါ်သည့်အတိုင်း ခေါ်လိုက်ပြီးမှ ရှက်သွေးဖြာသွားသည်။

'မကြာပါဘူး၊ ခဏပဲလေ၊ ခဏလေးတော့ စကားပြောပါရစေ ခရေရယ်'

'ဟို လမ်းသရဲတွေနဲ့တော့ မတွေ့အောင်ရှောင်မှ ဖြစ်မယ်နော်'

မြမြနွယ်က ပြောပြီး ရှေ့မှ လျှောက်သွားလေသည်။

စု ရင်ထဲမှာ ကြောက်စိတ်တွေ ပြယ်စပြုပြီး ကိုကိုဦးကို အားကိုး စိတ်တွေ ဝင်လာသည်။ ကိုကိုဦးနှင့် တွေ့ရသည့်နေ့သည် စုဘဝမှာ ဖေဖေမပါဘဲ ကိုယ့်ဘာသာစပြီး ရင်ဆိုင်ရန်းကန်တဲ့နေ့ပါပဲ။

*   *   *

www.burmeseclassic.com

BURMESE CLASSIC .com

စုရဲ့ဘဝမှာ ဖေဖေ မပါဘဲ ရပ်တည်၍ ရလိမ့်မည်ဟု အမြဲထင်ခဲ့သည်

ဖေဖေသည် စုကို သားများထက် ဂရုစိုက်မှန်း၊ မေမေ့ကိုယ်စား အရိပ်တကြည့်ကြည့်ထားကာ နေတတ်မှန်းတော့ စုသိသည်ပင်။ သို့သော် စု၏ ရင်မှာ ပြင်ပလောက ပတ်ဝန်းကျင်သည် စိုးမိုးစပြုပြီ။ ဖေဖေ့ရဲ့ အရိပ်အောက်မှာ အစစအရာရာ ပြီးပြည့်စုံတာ အေးချမ်းသာယာတာကိုတော့ ဆိုဖွယ်ရာမရှိ။ သို့သော် ပုံသေကားကျ နေရသည်ထက် စိတ်လှုပ်ရှားစရာလေးတွေ၊ ရုန်းကန်လှုပ်ရှားရတာလေးတွေနှင့် ပြည့်နှက်နေသင့်သည်ဟု ထင်သည်။

ယခုဆိုလျှင် စုရဲ့ ပျင်းစရာ ငြီးငွေ့စရာကောင်းလှတဲ့ ဘဝမှာ ကိုကိုဦးဟာ မျှော်လင့်ချက်ရောင်ခြည်တစ်ခု ဖြစ်ခဲ့ပြီ။ ကိုကိုဦးကို တည်ငြိမ်အေးဆေးသည့်အသွင်ဖြင့် မြင်ရတော့ စု ပို၍လည်း အားတက်မိသည်။ ကိုကိုဦးသည် စုဘဝကို ရင်ခုန်ခြင်းနှင့်အတူ အချစ်၏ အငွေ့အသက်များဖြင့်လည်း လွှမ်းခြုံ ရစ်သိုင်းထားလိမ့်မည်ဟု စု ယုံကြည်သည်။ ကိုကိုဦးသည် စုကို ပူလောင်ပင်ပန်းအောင် လုပ်လိမ့်မည်ဟုတော့ ဘယ်တုန်းကမှ မတွေးခဲ့မိပေ။

ငပန်းတွေ ငုံစပြုသည့် နွေဦးမှာ စုတို့ စာမေးပွဲဖြေခဲ့ရသည်။

စာမေးပွဲဖြေရသည့် နောက်ဆုံးရက်သည် စုအတွက် ရင်အခုန်ဆုံးဖြစ်ခဲ့ရ၏။ သည်နေ့ ကိုကိုဦးနှင့် တွေ့ရမည်။

ကိုကိုဦးနှင့် စုသည် စာချင်းဆက်သွယ်ကြရသည်ကသာ များ၍ လူချင်းတွေ့ဖို့ မလွယ်ကူခဲ့ကြ။ မြမြနွယ်နှင့်အတူ ဗိုလ်ချုပ်ဈေးမှာ တစ်ရက်တွေ့ပြီး နောက်တစ်ခါ စာအုပ်တိုက်မှာ တစ်ခါတွေ့သည်။ စာအုပ်ဝယ်ချင်သည်ဟု အကြောင်းပြပြီး ကိုအေးမောင်ကို ကားဖြင့် လိုက်ပို့ခိုင်းရသည်ဆိုတော့ ကြာကြာလည်း မနေခဲ့ရ။ ပြီးတော့ စာရေးဆရာတွေ၊ ပုံနှိပ်တိုက် အလုပ်သမားတွေ၊ ယောကျ်ားသားတွေချည်း

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

ပြည့်နှက်နေသော နေရာမို့ စုမှာ မျက်နှာမမော့ရဲအောင် ရှက်သွေးဖြာလေသည်။ စုကို စာရေးဆရာတစ်ယောက်နောက်ကို တမ်းတမ်းစွဲလိုက်နေတဲ့ မြီးကောင်ပေါက် စာရူးပေရူးမလေးလို့များ ထင်လေမလား။ ကိုကိုဦးကတော့ သည်လို အသားယူတတ်လိမ့်မည်ဟု မထင်။ သို့သော် ကိုကိုဦးက နောက်တစ်ခါ တစ်ယောက်တည်းလာခဲ့ပါ၊ အေးအေးဆေးဆေး စကားပြောရမယ့်နေရာ ရှိပါတယ်ဆိုတော့ မရိုးသားဘူးဟု မထင်ရက်သော်လည်း သွားရမှာ ဝန်လေးမိလေသည်။

စာမေးပွဲပြီးတဲ့နောက်ဆုံးရက်မှာ သူငယ်ချင်းတွေစုပြီး ရုပ်ရှင်ကြည့်ကြမည်ဟု အိုင်ရင်းက စီစဉ်သည်။ သူငယ်ချင်းတွေဆိုရာမှာ ယောကျ်ားလေးတွေလည်း အပါအဝင် ဖြစ်လေသည်။ မစ်ကီနှင့် မောင်မောင်ပါမည်ကတော့ မလွဲ။ ပမ်မလာတို့၊ မြမြနွယ်တို့လည်း ပါသည်။ ဖေဖေ့ကို အိုင်ရင်းက ခွင့်ပန်တော့ ဖေဖေကလည်း အထူးအခွင့်အရေးအနေဖြင့် ခွင့်ပြုလေသည်။

စုက သူငယ်ချင်းတွေနှင့် ရုပ်ရှင်ကြည့်ရမည့်အရေးထက် ကိုကိုဦးကို တွေ့ချင်သည့်စိတ်က လွှမ်းကဲနေသည်။ ယခုတလော ကိုကိုဦး၏ စာတွေ ထဲမှာ စကားလုံးတွေ ပိုမိုနူးညံ့ပြီး စိတ်လှုပ်ရှားစရာ၊ တွေးတောစရာတွေ ပြည့်နှက်နေတာကို သတိထားမိလေသည်။ ရိုးရိုးတန်းတန်း မိတ်ဆက်စာမှသည် အချစ်၏ သင်္ကေတတွေဖြင့် အရောင်ပြောင်း၍ လာခဲ့ပြီ။ ထိုအခါ ကိုကိုဦးနှင့်တွေ့ချင်သည့် ဆန္ဒတွေဖြင့် စု ရင်ထဲမှာ လှုပ်ခတ်၍လာသည်။ အခွင့်အရေးကို စောင့်စားချောင်းမြောင်းရခြင်းဖြင့် စိတ်မော၍ နေသည်။

ထုံးစံအတိုင်း စုက မြမြနွယ်ကိုပင် အပူကပ်ရသည်။

မြမြနွယ်ကို အားနာ၍ ကိုကိုဦးကို စာကျဲကျဲ ရေးခိုင်းခဲ့သည်

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

'ကိုယ်တို့လေ စာချင်းလဲသိပ်မဆက်သွယ်နိုင်တော့ဘူး၊ ဒီတစ်ခ တော့ သူ့ကို တွေ့ချင်တယ် မြရယ်၊ နောက်ဆို ကိုယ်တွေ့ဖို့ မကြိုးစားတော့ပါဘူး၊ တကယ်ပါ'

စုဘက်က စာတွေ ရေးရေးပို့နေခဲ့သည်ကိုတော့ မြမြနွယ် မသိ။ ပြီးတော့ စုက သူသည် ကိုကိုဦးကို ဆယ်တန်းအောင်ပြီး တက္ကသိုလ်ရောက်မှ ချစ်သူများအဖြစ် ဆက်ဆံပါမည်ဟု ကတိပေးထားသည်။ ယခုတော့ သာမန်မိတ်ဆွေတွေပါပဲတဲ့။ ကိုကိုဦးကလည်း စုကို အခွင့်အရေးယူမည် မဟုတ်ဟု ဆိုသည်။ ဘာပဲပြောပြော ငယ်ရွယ်သူအချင်းချင်းမို့ ရှည်ရှည်ဝေးဝေးတော့ မေးမနေပေ။ စုကို ကူညီမည်ဟု ကတိပေးလိုက်သည်။

ထိုနေ့က အဆင်မှပြေပါ့မလားဟု စိုးရိမ်ပူပန်စိတ်ဖြင့် စု စာမေးပွဲပင် ကောင်းစွာမဖြေနိုင်။ စု စာကောင်းကောင်း မကျက်နိုင်တာလဲကြာခဲ့ပြီ။ မည်သို့ဆိုစေ စာမေးပွဲပြီးသွားတော့ စုမှာ ပျော်လိုက်ရသည့်ဖြစ်ခြင်း။

မစ်ကီတို့လူသိုက်က ကာလ်တန်ရုံရှေ့မှာ စောင့်နေကြသည်။

မြမြနွယ်က စတင်အရေးဆိုသည်။

'ဒီကားက တို့ကြည့်ပြီးသားကြီး၊ မြန်မာကားလဲမကြည့်ရတာကြာပြီ။ မြန်မာကား ကြည့်ချင်တယ်ကွာ'

စုကလွဲ၍ ကျန်လူအားလုံးက ခါးခါးသီးသီး ငြင်းဆိုကြသည်။

'ဒီလိုလုပ်လေ၊ ခုပဲရုံထဲဝင်ရတော့မှာ၊ မင်းတို့ ဒီရုံမှာကြည့်၊ တို့ ဟိုဘက်ရုံမှာကြည့်မယ်၊ အထွက်ကြတော့ ဒီနေရာမှာ ပြန်ဆုံကြမယ်'

'အို ဒီလိုဆို ဘယ်ပျော်စရာကောင်းတော့မလဲအားလုံး စုစုဝေးဝေးမှ ကောင်းမှာ'

အိုင်ရင်းက ငြင်းဆိုသည်။

'ဟုတ်သားပဲ'

ကျန်လူများက ထောက်ခံသည်။

BURMESE CLASSIC .com

www.burmeseclassic.com

'ကြည့်ပြီးသား ကားကြီးတော့ နှစ်ခါ ပြန်မကြည့်ပါရစေနဲ့ ရုပ်ရှင်ပြီးရင် အားလုံးစုပြီး ထမင်းစားကြမှာပဲ၊ အဲဒီတော့မှ ပျော်ကြတာပေါ့၊ ရုပ်ရှင်ရုံထဲမှာလဲစကားပြောလို့ ကောင်းတာမှ မဟုတ်တာ'

အိုင်ရင်းကလည်း သူ့အကြိုက်မင်းသား ရော့ခ်ဟတ်စင် ပါသော ကားကို သိပ်ကြည့်ချင်နေသည်ဆိုတော့ အခြားရုံမှာ ကြည့်ဖို့လည်း မစဉ်းစားနိုင်တော့။

'ဒီလိုဆိုလဲပြီးရော၊ ဘယ်သူကပဲ အရင်ပြီးပြီး ဒီရုံရှေ့မှာ ဆုံကြ မယ်နော်'

'အေးပါ'

မြမြနွယ်က စု လက်ကိုဆွဲကာ ချက်ချင်း လမ်းခွဲဖို့ပြင်သည်။

'စုတို့ နှစ်ယောက်တည်း ဖြစ်ပါ့မလား၊ ကိုယ်လိုက်ခဲ့မယ်'

မောင်မောင်က ပြောသည်။

'ကောင်းသားပဲ'

အိုင်ရင်းက ထောက်ခံသည်။

'နေပါစေကွာ၊ တို့နှစ်ယောက်တည်းက အရေးမကြီးဘူး၊ မောင်မောင် ပါလာတာ တို့နဲ့ သိတဲ့ လူကြီးတစ်ယောက်ယောက်မြင်သွားရင် နှစ်ယောက်တည်း တွဲကြည့်တယ်ထင်လို့ နောက်လာရမှာ မဟုတ်တော့ဘူး'

မြမြနွယ်က ပြောပြောဆိုဆို ခပ်သုတ်သုတ် ထွက်ခွာလာသည်။

ရုပ်ရှင်ပြချိန်နီးပြီမို့ ကြာကြာလည်း ဆွေးနွေးမနေနိုင်ကြတော့။

ရုံရှေ့မှာ ကိုကိုဦး စောင့်နေတာကို မြင်ရတော့မှ ရင်ထဲမှာ အေးသွားသည်။ ကိုကိုဦးက လက်မှတ်သုံးစောင်ဝယ်ပြီးသား။ လူကြီး တစ်ယောက်ယောက် မြင်သွားမှာစိုး၍ ကိုကိုဦးကို နှုတ်မဆက်ဘဲ အသာလေး ဝင်လိုက်သွားသည်။

www.burmeseclassic.com

အချစ်အတွက် စွန့်စားခန်းများကိုတော့ မည်သူကမျှမသင်ဘဲအလို
တတ်သိကျွမ်းကျင်ခဲ့လေပြီ။

ရုပ်ရှင်ရုံထဲမှာ တမင်ချိန်းတွေ့ကြတာ ဘာအတွက်လဲဆိုတာ စု သေသေချာချာ မသိခဲ့တာ အမှန်ပင်။ စု စိတ်ထဲမှာ ကိုကိုဦးနှင့် တွေ့ချင်တာ တစ်ခုတည်းကိုပဲ သိခဲ့သည်။

ကိုကိုဦးက စုရဲ့ လက်ကလေးတစ်ဖက်ကို မလွှတ်တမ်းကိုင်ထားတော့ စု ရင်ထဲမှာ နွေးထွေးနေသည်။ ကိုကိုဦးဟာ စုကို ချစ်မြတ်နိုးတာက လွဲလို့ ဘာအခွင့်အရေးမှ မယူပါဘူးဟုလည်း ယုံကြည်မြဲယုံကြည်နေသည်။

ရုပ်ရှင်အပြီးမှာ သူငယ်ချင်းတွေနှင့် ဝိုင်းဖွဲ့ စားသောက်နေကြရသည် အထိ စု ရင်တွေမှာ ခုန်နေဆဲ။

* * *

ကျောင်းမှ ထွက်လာပြီးသည့်နောက်မှာတော့ ကိုကိုဦးနှင့် တွေ့ရန် မဖြစ်နိုင်တော့ပေ။

မြမြနွယ်၏ မေမေက တားဆီးချက်အရ စာချင်းလည်း ဆက်သွယ် ၍ မရတော့။ ဖေဖေကလည်း သူ မပါဘဲ စုကို ဘယ်မှမလွှတ်ဘဲ ဖေဖေ မပါလျှင်လည်း ကြီးကြီးမေက ပါလာသည်သာ။ စုမှာ ကိုကိုဦးနှင့် မည်သို့ ဆက်သွယ်ရမည်ကို မသိနိုင်တော့ပေ။ ကျောင်းစာကို အကြောင်းပြပြီး စာလည်း ခိုးရေး၍ မလွယ်တော့။ ရှိပြီးသား ကိုကိုဦး၏ စာတွေကိုပင် နှမြောလျက်နှင့် ဖျောက်ဖျက်ပစ်နေရသည်။ ကြီးကြီးမေကိုလည်း ကြောက်ရသည်။ အိုင်ရင်း၏ ရန်ကိုလည်း ကြောက်ရသည်။ ခဲရာခဲဆစ် စာလေးတစ်စောင် ရေးပြီးပြန်တော့လည်း အပြင်မထွက်ရ၍ မည်သို့ထည့်ရမည် မသိပြန်။ နောက်တော့ ကြီးကြီးမေ မြင်သွားမှာစိုးသည်နှင့် ဆုတ်ပစ်လိုက်ရလေသည်။

www.burmeseclassic.com

BURMESE CLASSIC .com

နွေရက်များသည် ပျင်းစရာကောင်းလှ၏။

ဖေဖေကတော့ စာအုပ်များကိုတော့ကြိုက်သလောက် ဖတ်ခွင့်ပေးထား၍ တော်တော့သည်။ စု ဖတ်မိသမျှမှာလည်း ကိုကိုဦး၏ ဝတ္ထုများသာ ဖြစ်နေတတ်သည်။ ကိုကိုဦးက စု နာမည်ကို မဖော်ဘဲ စုမှန်းသိအောင် ရည်ညွှန်းရေးထားတာတွေ ဖတ်ရတော့ ကိုကိုဦးကို အလွမ်းပြေရပြန်သည်။ ပြီးတော့ စာထဲမှာ ကိုကိုဦးက စုကို သိပ်ချစ်တယ်ဆိုတဲ့အကြောင်းလည်း ပါသည်။ စု ပျော်ရသည်။ ရင်လည်းခုန်ရသည်။ ကိုကိုဦးဟာ စုရဲ့ရင်ကို စတင် လှုပ်ရှားစေသူပါပဲ။

အိုင်ရင်း၏ မွေးနေ့က ပျော်စရာကောင်းလေသည်။

အိုင်ရင်း၏ မေမေက အနောက်တိုင်းဓလေ့ကို ခင်တွယ်သူဆိုတော့ မွေးနေ့ကို တခမ်းတနား လုပ်ပေးသည်။ သူတို့ခြံသည် စုတို့ခြံထက်လည်း ပိုကျယ်၏။ ပွင့်တူရွက်တူပင်တွေအောက်မှာ ရောင်စုံမီးလုံးလေးတွေ ထွန်းပြီး သူငယ်ချင်းတစ်စု ပျော်ကြသည်။ အိုင်ရင်း၏ မာမီကိုယ်တိုင်ဖုတ်ပေးသော ဘတ်သ်ဒေးကိတ်ကလည်း တကယ်စား၍ကောင်းသည်။ မစ်ကီ၊ မောင်မောင်တို့နှင့်အတူ အခြားယောကျ်ားလေးများလည်း ပါလာသည်။ ပြီးတော့ ဖိတ်ကြားမထားသည့် ဧည့်သည်တစ်ယောက်လည်း ရောက်လာခဲ့သည်။

သူ့ကိုမြင်တော့ အိုင်ရင်းရော မြမြနွယ်ပါ အံ့အားသင့်စွာ ကြည့်နေမိကြသည်။ ကိုလူဆိုး။ သူက တစ်လမ်းတည်းနေ ကျော်ကျော်တို့နှင့် အတူ ရောက်လာခဲ့ခြင်း ဖြစ်သည်။ သည်တစ်ခါတော့ သူ့အသွင်က သပ်သပ်ရပ်ရပ်ဖြစ်၏။ သူများတကာလို ဘောင်းဘီရှည် ဝတ်မထားဘဲ ပုဆိုးနှင့် တိုက်ပုံကို သေသေသပ်သပ်ဝတ်ထားသည်။ ဆံပင်ကိုလည်း အကျအန ဖြီးသင်ထားသည်။

BURMESE CLASSIC .com

'အားလုံးနဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဒါ တို့သူငယ်ချင်းနေမင်း စိန်ဂျွန်းကပဲ၊ မင်း သူတို့ကို သိမှာပါကွာ၊ သူက အိုင်ရင်း၊ သူက ပင်မလာ၊ မြမြနွယ်၊ စင်သီရာ'

'စင်သီရာ မဟုတ်ပါဘူး၊ စုပါ'

သူက ကွန့်လိုက်တော့ အားလုံးက ပြုံးလိုက်သည်။ အိုင်ရင်းက အိမ်ရှင်ဆိုတော့ ရိုင်းရာကျမည်စိုး၍ ဖော်ရွေဟန်ပြရသည်။ စု စိတ်ထဲမှာတော့ မစ်ကီတို့ မောင်မောင်တို့နှင့် ပြဿနာဖြစ်မှာကို စိုးရိမ်မိလေသည်။ သို့သော် မကြာမီမှာပင် ယောကျ်ားလေးအချင်းချင်းလည်း ပြေလည်သွားကြသည်။ ငယ်ရွယ်သူတို့ သဘာဝဖြင့် အာဃာတတွေ ပြေပျောက်ကာ ပျော်ရွှင်ခြင်းကိုသာ ရှာဖွေကြလေသည်။

'နေမင်းက သီချင်းဆိုကောင်းတယ်၊ သူ့ကို သီချင်းဆိုခိုင်း'

ကျော်ကျော်က အကြံပေးသည်။

'နာမည်က နေမင်းဆိုတော့ တော်တော် ပူပြင်းမှာပဲနော်'

မြမြနွယ်ကပြောတော့ သူ ရယ်သည်။

'အဲဒါ ကျွန်တော့်ကို မကျေနပ်စရာအကြောင်းရှိလို့ ချတာဗျ'

'ကဲပါလေ အားလုံးသင်ပုန်းချေလိုက်ပါ၊ မစ်ကီက ဂစ်တာတီး နေမင်းက သီချင်းဆို'

မွေးနေ့မင်္ဂလာသီချင်း၊ ခေတ်စားနေသော ပရက်စလေ၊ ကလစ်ရစ်ချတ်၊ ကော်နီဖရန့်စစ်တို့၏ သီချင်းများ။ မစ်ကီကလည်း ဂစ်တာအတီးကောင်းသည်။ နေမင်းကလည်း အဆိုကောင်းသည်။ ပျော်ပျော်ရွှင်ရွှင်နေတတ်သော အိုင်ရင်း၏ မာမီက သဘောအကျကြီးကျ၍ နေလေသည်။ နောက်ထပ် မုန့်တွေ၊ လိမ္မော်ရည်တွေ တဝကြီးချကျွေးသည်။

'မောင်မောင်လဲ သီချင်းဆို ကောင်းတာပဲ၊ မောင်မောင် တစ်ပုဒ်ဆိုကွာ'

www.burmeseclassic.com

BURMESE CLASSIC .com

စကားနည်းသော မောင်မောင်က ငြိမ်နေဆဲ။ စုက မောင်မောင့်ကို လှမ်းကြည့်မိသည်။ သည်ပွဲမှာ နေမင်းက စုကို မနှောင့်ယှက်ဘဲ သူ့ဘာသာ သူ အပျော်ကြူးနေသော်လည်း မောင်မောင်နှင့် စုတို့ မျက်လုံးခြင်း မကြာခဏဆုံမိကြတာ မည်သူမှ မသိ။

'ဆိုပါ ဆိုပါ၊ မောင်မောင် ဆိုပါ'

မိန်းကလေးများကပါ တောင်းဆိုကြသည်။

'ငါ အင်္ဂလိပ်သီချင်း မဆိုတတ်ဘူး'

'အို မြန်မာသီချင်းပဲ ဆိုပါ၊ မြန်မာသီချင်းလဲ နားထောင်ကောင်းတာပဲ'

'ဟုတ်တယ်၊ မာမီလဲနားထောင်ချင်တယ်'

သကြားလုံးတွေလာချပေးသော မာမီကပါ တောင်းဆိုတော့ မောင်မောင်က ရှက်ရှက်နှင့် သီချင်းဆိုဖို့ ပြင်ရသည်။

'မေ့ပါနိုင် သီချင်းကို မင်း တီးတတ်ရဲ့လား'

မောင်မောင်က မစ်ကီကို မေးသည်။

နေမင်း မသိမသာ နှာခေါင်းရှုံ့သည်။

'ရပါတယ်ကွာ၊ မင်းကလဲ အထင်သေးလိုက်တာ မြမန်းဂီရိ ဆိုရင်တောင် ရသေးတယ်'

မစ်ကီက ပြောတော့ အားလုံး ရယ်ကြသည်။

'ကဲ စပြီ'

အစ ပထမတော့ မောင်မောင့်အသံသည် ပွင့်ပွင့်လင်းလင်း ထွက်မလာချေ။ နောက်တဖြည်းဖြည်း အရှိန်ရလာတော့မှ တည်တည် ငြိမ်ငြိမ်နှင့် လေးလေးပင်ပင်ထွက်လာသည်။ စောစောကလို ဆူဆူညံညံ လိုက်ဆိုသံတွေ မပါဘဲ အားလုံးစူးစူးစိုက်စိုက်နှင့် ငြိမ်သက်စွာနားထောင် ကြသည်။

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

သီချင်းသံဆုံးသွားတော့ လက်ခုပ်သံ တဖြောင်းဖြောင်း ထွက်ပေ လာလေသည်။ မောင်မောင် ချွေးစို့နေသည်။

'လူကလေးက သီချင်းဆိုတာ တကယ်ကောင်းတာပဲကွယ်၊ အဆိုတော်လုပ်ရင် ကောင်မလေးတွေ အသည်းစွဲမှာ'

အိုင်ရင်း၏ မာမီက ချီးကျူးသည်။

မောင်မောင်က စုကို လှမ်းကြည့်သည်။ စုကလည်း ဘာရည်ရွယ်ချက်မျှ မရှိဘဲ မောင်မောင့်ကို လှမ်းကြည့်မိလျက်သား ဖြစ်နေသည်။

နေမင်း တစ်ဖက်သို့ မျက်နှာလွှဲနေလေသည်။

* * *

ငြိမ်းငွေ့စရာကောင်းသော နွေရက်များ ကုန်ဆုံးသွားလေသည်။

မိုးသက်မိုးငွေ့တို့နှင့်အတူ ကျောင်းတွေ ပြန်ဖွင့်မည့်ရက်ကို ရောက်လာလေသည်။ စုတို့ သူငယ်ချင်းအားလုံး စာမေးပွဲအောင်ကြသည်။ အိုင်ရင်းက အမှတ်ကောင်းကောင်းနှင့် အောင်သော်လည်း စုကတော့ အောင်သည် ဆိုရုံမျှသာ။ မရှုံးသည်မှာ ကံကောင်းဟုပင် ဆိုရပေမည်။ အိုင်ရင်းတစ်ယောက် စိတ်လက်ပေါ့ပါးစွာ စာကိုကျက်နေခဲ့သည့် အချိန်မှာ စုက လေလွင့်နေသော သူ့စိတ်တွေကို ထိန်းကျောင်းနေရသည်နှင့်ပင် အချိန်ကုန်ခဲ့ရသည် မဟုတ်လား။

ဖေဖေက စုကို ဆေးတက္ကသိုလ် တက်စေချင်သည်။ သို့သော် စု အခြေအနေက ဆေးတက္ကသိုလ်နှင့် ဝေးခဲ့ပြီ။ ကိုတိုးသည် မနှစ်က ဂုဏ်ထူးနှစ်ဘာသာပါသည်။ ကိုတိုးသည် အိမ်မကပ် အပေါင်းအသင်းများနှင့် လျှောက်လည်နေတတ်သော်လည်း စာမေးပွဲနီးလျှင်တော့ အခန်းတံခါးပိတ်ပြီး စာကျက်တတ်သည်။ ကြီးကြီးမေကဆိုလျှင် ကိုတိုးကို ချီးကျူးမဆုံ

BURMESE CLASSIC .com
www.burmeseclassic.com

‘ယောကျ်ားလေးတွေပဲ ကောင်းတယ်ဟေ့၊ ဒေါင်ကျ ပြားကျကျ နေရာတကာလဲ လိုက်ပူစရာမလိုဘူး၊ အချိန်တန်တော့ပေ သူ့ဟာနဲ့သူ ဖြစ်သွားတာပဲ’

တစ်နည်းအားဖြင့်တော့ စု စိတ်တွေ လွင့်ပါးနေခဲ့သည်ကို ကြီးကြီးမေက ရိပ်မိသည်သာ။ ကိုကိုဦးကို စွဲလမ်းနေသည့်အဖြစ်တွေကိုသာ ကြီးကြီးမေ သိလျှင်တော့ မည်သို့ရှိမည် မတွေးရဲပေ။

တက္ကသိုလ်ဖွင့်ရက်က လိုသေးသည်။ စုတို့မှာ ခြောက်လလောက် နားနေရဦးမည်။ သည်ကြားထဲမှာ စုက ကိုကိုဦးဆီ နှစ်သိမ့်စာတွေ ရေးပို့နေခဲ့သည်။ မကြာခင်မှာ လွတ်လွတ်လပ်လပ် တွေ့ခွင့်ရတော့မှာပဲ ကိုကိုဦးရယ်။

သိပ်တွေ့ချင်သည့်အခါများမှာ စာအုပ်ဝယ်ချင်သည်ဟု အကြောင်း ပြပြီး ကိုကိုဦးရှိရာ စာအုပ်ဆိုင်သို့ ကိုအေးမောင်ကို လိုက်ပို့ခိုင်းရသည်။ ကိုကိုဦးက ဝတ္ထုစာအုပ်ကြားမှာ ညှပ်ပြီး ထည့်ပေးလိုက်သော စာတွေကို လူခြေတိတ်မှ တိတ်တခိုး ဖတ်ရသည်။

သည်ကာလအတွင်းမှာ နေမင်းက တမှောင့်။

ညနေတိုင်း စုတို့ လမ်းထိပ်လာကာ စုရုံးတတ်သည်။ ညဥ့်နက် သန်းခေါင်လည်း ပြန်သည်မရှိ။ သူ့ အသံကို စုက မှတ်မိနေလေတော့ သူ စုကို စောင်းမြောင်းပြီး သီချင်းတွေဆိုတာ ကြား ကြား နေရသည်။

သည်ကြားထဲ တစ်နေ့ ဖေဖေနှင့် ပြဿနာဖြစ်သည်။

ဖေဖေက တစ်ည ကားမောင်းပြီးပြန်လာသည်။ လမ်းထိပ်ကို ရောက်တော့ တရုန်းရုန်းဖြစ်နေကြသော သူတို့လူသိုက်ကို တွေ့သည်။ ဖေဖေ့ကိုမြင်တော့ သူတို့က ယောက္ခမကြီးဟု အော်ကြသည်တဲ့။ ဒေါသ ကြီးသော ဖေဖေက ကားကို နောက်ပြန်ဆုတ်ခိုင်းသည်။ သူတို့ နေရာ

www.burmeseclassic.com

BURMESE CLASSIC .com

ထပြေးကြသည်။ ဖေဖေက ကားပေါ်မှဆင်းသည်။ ဘယ်သူလဲ၊ ဘယ်သ
သားသမီးလဲ မေးမြန်းသည်။ သည်မှာ နေမင်းနှင့် ဖေဖေ တွေ့သည်။

'ဒီလမ်းထဲကလူငယ်တွေ ငါ့ကို မလေးမခန့်လုပ်ရဲတဲ့သူ တစ်ယောက်မှ မရှိဘူး၊ မင်းတို့ ဘယ်ကလမ်းသရဲတွေလဲကွ ဟေ'

နေမင်းသည် သူကသာ ဆိုးပေမယ့် သူ့ကိုထိလျှင် ခံသူမဟုတ်ပေ။ ဘေးလူတွေ ဆွဲထားသည့်ကြားက နေမင်း တိုးထွက်လာသည်။

'ဟုတ်ကဲ့၊ စောစောကအော်တာ ကျွန်တော်ပါပဲ ခင်ဗျာ၊ ဒီလမ်းထဲက မဟုတ်ပေမယ့် လမ်းသရဲမဟုတ်ပါဘူး'

'ဩော် မင်းက လမ်းသရဲမဟုတ်ရင် ဘာလဲကွ၊ မင်းဒီလို လူကြီး တစ်ယောက်ကို နောက်ရ ပြောင်ရအောင် မင်းက ဘာကောင်လဲ'

'ဒါ ကျွန်တော်တို့ လူငယ်ဘာဝ အချင်းချင်းနောက်ပြောင်ကြရင်း အသံကျယ်သွားတာပါ'

'မင်းတို့အချင်းချင်း ယောက္ခမလို့ ခေါ်သလား'

ဘေးလူများက ရယ်ကြသည်။ လူငယ်တွေဆိုတော့ ရယ်စရာကိုလည်း ချုပ်တည်းရကောင်းမှန်း မသိ။

'ခေါ်တာကတော့ ဦးကို ခေါ်တာပါပဲ'

'ဘာကွ'

'ဩော် ဒီလိုပါ၊ ဦးကိုမြင်တော့ ကျွန်တော်တို့ အချင်းချင်း ပျော်ရကောင်းစေဆိုပြီး ခေါ်ကြည့်တာ'

ဖေဖေက သူ့မှာပါလာသော တုတ်ကောက်နှင့် ရွယ်သဖြင့် ကိုအေးမောင်က ဆွဲထားရသည်။

'မင်း နောက်ကို ဒီရပ်ကွက်ထဲမလာနဲ့၊ ဒီရပ်ကွက်ထဲမှာ မိကောင်း ဖခင် သားသမီးတွေချည်း နေတာ၊ မင်းတို့လို ကလေကချေတွေ လာလာ နေလို့ ဒီရပ်ကွက်ထဲကကလေးတွေ ပျက်စီးတာ'

BURMESE CLASSIC .com
www.burmeseclassic.com

BURMESE CLASSIC .com

ညဥ့်နက်သန်းခေါင် သီချင်းဆိုကြသည်ကိုလည်း ဖေဖေကကြားဖြ ဒေါသဖြစ်နေခဲ့သည်။

'ဟုတ်ကဲ့ ဒီလမ်းထဲမှာနေတဲ့သူတွေက သူဌေးတွေကို ခင်ဗျ'

'ဟော့ မင်း ဘာမှ လျှာရှည်စရာမလိုဘူး'

'ဟုတ်ကဲ့၊ ဦးရဲ့သမီးကိုအိမ်တွင်းပုန်းခိုင်းထားပေမယ့်လဲ တစ်နေ့ကျရင် သံကွန်ခြာ ခုနစ်ထပ်က ထွက်ပြေးမှာပဲ'

ဖေဖေ ဒေါသဖြစ်လွန်း၍ အသားများ တဆတ်ဆတ်တုန်လာသည်။ ကျော်ကျော်တို့က နေမင်းကိုဆွဲပြီး ဝေးရာကို ခေါ်သွားကြရသည်။

ဖေဖေ သုန်သုန်မှုန်မှုန်ဖြင့် အိမ်သို့ ပြန်ရောက်လာသည်။ ခြံဝမှ ဆီးကြိုသော စုကိုလည်း စကားမပြောပေ။ ဖေဖေ ဒေါသကြီးနေသည်ကို မြင်ရတော့ စု ကြောက်လန့်တုန်လှုပ်လေသည်။ မည်သို့သော ပြဿနာတွေ ဖြစ်လာခဲ့ပြီနည်း။ စုနှင့် ပတ်သက်နေပြီလား။

ကိုအေးမောင်က ပြောပြတော့ အဖြစ်မှန်ကို သိရသည်။

နဂိုကမှ စုကို စိတ်မချရသည့်အထဲ ပို၍ပင် အနေအထိုင်ကျပ်အောင် ဖန်တီးလိုက်သော နေမင်းကို စု ဒေါသဖြစ်မိလေသည်။

သည်အချိန်အထိ နေမင်းကို ကြောက်စရာ လန့်စရာ သတ္တဝါတစ်ဦး အနေနှင့်ကလွဲ၍ စုရင်ထဲမှာ မည်သို့မျှ မခံစားခဲ့ရတာ အမှန်။ သို့သော် မမျှော်လင့်သော အဖြစ်တွေက ဖြစ်ပျက်ခဲ့လေသည်။

*　　　*　　　*

'ဟော့ စု၊ ယူက အချင်းချင်း သိပ်လျှို့ပါလား'

အိုင်ရင်းက ရုတ်တရက် စွပ်စွဲလာတော့ စု ဘာပြန်ပြောရမည်မသိ။

BURMESE CLASSIC .com
www.burmeseclassic.com

BURMESE CLASSIC .com

အိုင်ရင်းသည် စု အခန်းထဲမှ ခုတင်ပေါ်တွင်ထိုင်ကာ စုဂ မကျေမနပ်ကြည့်နေသည်။

'ဘာများလဲ အိုင်ရင်းရယ်၊ တို့ မင်းကို လျှို့ထားတာ ဘာမှ မရှိပါလား'

အိုင်ရင်းသည် စုကို စေ့စေ့စပ်စပ် ကြည့်သည်။ မယုံကြည်သည့် မျက်လုံးများ။

'စုရယ်၊ ကိုယ်က ယူ့ကို အခင်ဆုံးပါ၊ ယူသိပါတယ်၊ ဒါပေမယ့် ကိုယ့်ကိုတောင် တိုင်ပင်ဖော်မရတော့ ကိုယ်ဝမ်းနည်းတယ်'

တစ်ခုခုတော့ဖြစ်ပြီကို စု သိလိုက်သည်။ မြမြနွယ် စည်းဖောက်လေပြီလား။

'ဒီမှာ အိုင်ရင်း၊ တို့မှာ မင်းကို တိုင်ပင်ရလောက်အောင် ကြီးကျယ်တဲ့ ကိစ္စကို ဘာတစ်ခုမှ မလုပ်ရသေးတာ အမှန်ပါ'

အိုင်ရင်းက မဲ့ပြုံးလေး ပြုံးသည်။

'ကိုကိုဦးဆိုတာ ဘယ်သူလဲ'

စုက ဘာမျှ အရေးမကြီးသလို ရယ်မောသည်။ သူငယ်ချင်းကို ချော့ရန် ပခုံးကို ဖက်ရသည်။

'အို၊ အဲဒါ စာရေးဆရာတစ်ယောက်လေကွာ၊ သူ့ဝတ္ထုတွေကို ကိုယ်သိပ်ကြိုက်တာပဲ၊ ဒါကြောင့် သူ့ဆီကို ကိုယ်မိတ်ဆက်စာ ရေးလိုက်တယ်၊ သူကလဲစာပြန်တယ်၊ ပင်ဖရင့်ပေါ့၊ ဒါပါပဲကွာ'

အိုင်ရင်းက စုကို မယုံသင်္ကာဖြစ်မြဲ မျက်လုံးများဖြင့် ကြည့်သည်။ အိုင်ရင်းက စုကို ခင်မင်တာ သိထားရတော့ စု အားနာမိသည်။ သို့သော် သည်ကိစ္စမျိုးမှာ အိုင်ရင်းက ပြက်ရယ်ပြုမည်ကိုသိသဖြင့် ဖုံးကွယ်ထားခြင်း ဖြစ်ကြောင်း ပြောမပြတော့။

'မောင်မောင်ကပြောတော့ ကိုကိုဦးဟာ ယူ့ ချစ်သူတဲ့'

BURMESE CLASSIC .com

BURMESE CLASSIC .com

အံ့သြစရာပင် ဖြစ်သည်။

'ဘာရယ်၊ မောင်မောင်ကပြောတယ် ဟုတ်လား'

အိုင်ရင်းက ခေါင်းညိတ်ပြသည်။

'ဘာအကြောင်းနဲ့ပတ်သက်ပြီး ပြောတာလဲ'

'ဒီလိုကွာ၊ မောင်မောင်က ယူ့ကို ကြိုက်နေတယ်ထင်ပါရဲ့၊ ဒါပေမယ့် ယူကလဲ အေးအေးနေတတ်တော့ ပြောရမှာ ခက်နေတယ်၊ သူငယ်ချင်းတွေလို နေကြရာက အခင်မင်ပျက်သွားမှာလဲစိုးတယ်နဲ့ တူပါတယ်၊ အဲဒီအကြောင်းကို မြမြနွယ်ကလဲသိတယ်၊ ကိုယ့်မွေးနေ့မှာ မောင်မောင်က မြမြနွယ်ကို အရိပ်အမြွက်ပြောတယ်တဲ့၊ ကိုယ့်ကိုတော့ ခပ်စွာစွာမို့ ပြောမပြရဲဘူးတဲ့'

တစ်နေ့ကြလျှင် မောင်မောင် သူ့ကိုချစ်ကြောင်း ဖွင့်ပြောလာလိမ့်မည်ဟု စု ထင်ခဲ့သည်။ မောင်မောင်က တိုက်ရိုက်ဖွင့်ပြောမလာဘဲ သည်သို့ ဖြစ်ရသည့်အတွက်ကြောင့် စု အံ့သြမိသည်။

'ဒီတော့ မြမြနွယ်က ကိုကိုဦးအကြောင်း ဖွင့်ပြောလိုက်ရော ဆိုပါတော့'

'ကိုယ် ဒီလိုပဲထင်တယ်လေ၊ အစကတော့ မောင်မောင်က နေမင်းရဲ့ရန်ကို ကြောက်လို့ ဖွင့်ပြောမလို့ကြတာ၊ မြမြနွယ်က စုက နေမင်းလိုလူမျိုးကို ဘယ်နည်းနဲ့မှ စိတ်မဝင်စားနိုင်ဘူး၊ သူစိတ်ဝင်စားတာက တစ်ယောက်ဆိုတာမျိုး ပြောရင်းကနေ မောင်မောင်က အတင်းမေးလို့ ပြောတာ'

လူငယ်တို့ဘာဝ ဘာမဟုတ်တာလေးနှင့်ပင် ရှုပ်ထွေးနေသည်။

'သူတို့ ဒါတွေကို ဘယ်အချိန်ကများ ပြောနေကြတာလဲကွာ'

အိုင်ရင်းက ပြုံးသည်။

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

'ဟေး ယူက မသိဘဲကိုး၊ မြမြနွယ်က မောင်မောင့်ကို စိတ်ဝင်စား နေတာကွ၊ ယူတို့ပြန်သွားတော့ သူတို့နှစ်ယောက် စက္ကူပန်းရုံအောက်မှာ စကားပြောနေကြတာ ကိုယ်မြင်တယ်'

'ဩော် ဒီလိုလား'

စု စိတ်ထဲမှာ နည်းနည်းတော့ မခံချင် ဖြစ်သွားသည်။ မောင်မောင် စုကို စိတ်ဝင်စားတာ အထင်အရှားပင်။ စုမှာ ကိုကိုဦးသာ မရှိခဲ့ဘူးဆိုလျှင် မောင်မောင့်ကို စဉ်းစားမိမည်မှာ မလွဲ၊ မြမြနွယ်က ဖြတ်လုသွားသည့်အတွက် စိတ်ထဲမှာ အောင့်သက်သက် ဖြစ်မိသည်။ သို့သော်လည်း ကိုကိုဦးနှင့် ပတ်သက်၍ မြမြနွယ်၏ ကျေးဇူးတွေက ရှိနေပြန်သည်။

'ဒါနဲ့ နေပါဦးကွာ၊ ယူတို့တွေကလဲ ကောင်လေးတွေကို ဘာကြောင့်များ ဒီလောက်တောင် စိတ်ဝင်စားနေကြတာလဲ၊ ကိုယ်ဖြင့် ဒါမျိုးတွေ တစ်ခါမှ မတွေးမိပါဘူး၊ ဒီနှစ် ဆယ်တန်းကို ဂုဏ်ထူးဘယ်နှစ်ခု ပါအောင် လုပ်ရမလဲလို့ပဲစဉ်းစားနေတာ'

အိုင်ရင်း ပြောပုံက အရိုက်ကို ထိုးသလိုပင် ရှိတော့သည်။ သူပြောလည်း ပြောစရာ။ စုတို့ကို ဒီအချိန်မှာ ရည်းစားထားတာ ဘယ် လူကြီးကမှ ခွင့်ပြုနိုင်မည် မဟုတ်ပေ။ စုက ရှက်ရှက်နှင့် ဖြေရှင်းချက်တွေ ထုတ်နေမိသည်။

'ရည်းစားမထားသေးပါဘူး အိုင်ရင်းရယ်၊ တို့က စာရေးဆရာကို ခင်မင်လို့ စာရေးတာပဲရှိပါတယ်'

'ဟင်း ဒါနဲ့များ ယူတို့ ရုပ်ရှင်လဲအတူတူကြည့်ကြသေးတယ်ဆို'

မြမြနွယ် လွန်လွန်းပြီဟု စုထင်သည်။ ဘူးတစ်ရာအပေါက်ကို ပိတ်နိုင်၊ လူတစ်ယောက်ပါးစပ်ကို မပိတ်နိုင်ဆိုသကဲ့သို့ ဖြစ်နေတော့သည်။ စု သက်ပြင်းချမိသည်။

BURMESE CLASSIC .com
www.burmeseclassic.com

‘နေပါဦးကွာ၊ မောင်မောင်ကကော မင်းကို ဘာဖြစ်လို့ ဒီအကြောင်း တွေ ဖွင့်ပြောရတာလဲ’

‘မောင်မောင်က ကိုယ့်ကို တိုက်ရိုက်ပြောပြတာ မဟုတ်ပါဘူး၊ မစ်ကီ့ကို ပြောပြလို့ မစ်ကီကပြောလို့ ကိုယ်သိရတာပါ’

ဪ် စုအကြောင်းကို တလောကလုံး သိကုန်ပါပေါ့လား။ စု စိတ်ညစ်သွားသည်။ အိုင်ရင်းက စုကိုကြည့်ပြီး သနားသွားပုံရသည်။

‘ကဲပါကွာ၊ တို့တွေ ဒီအကြောင်းတွေ မေ့လိုက်ရအောင်၊ တက္ကသိုလ် တွေ ပြန်ဖွင့်ရင် တို့တွေ ကွဲကုန်ကြတော့မှာ’

‘ဟုတ်ပါတယ်လေ၊ ကိုယ်လဲ ဒါတွေ စိတ်မဝင်စားပါဘူး’

သို့သော် စုရင်ထဲမှာ ကိုကိုဦးကို တွေ့ချင်သည့်စိတ်၊ မြမြနွယ်ကို မကျေနပ်သည့်စိတ်၊ မောင်မောင့်ကို ခင်မင်တွယ်တာမိသည့် စိတ်တွေက တော့ တစ်လှည့်စီ နေရာယူခဲ့ကြလေသည်။

* * *

‘သမီး စု’

ဖေဖေ့ ခေါ်သံသည် ခါတိုင်းထက် ထူးခြားနေသည်။

‘ရှင်’

စု အသံကလည်း ပုံမှန်မဖြစ်တော့။ အပြစ်ရှိသူလို အလိုလိုနေရင်း လန့်နေသည်။

‘သမီးမေမေ မရှိကတည်းကိုက ဖေဖေဟာ သမီးကို ဖခင် တစ်ယောက်အနေနဲ့ရော၊ မိခင်တစ်ယောက်အနေနဲ့ပါ အစစအရာရာ ရပ်တည်ခဲ့တာ သမီး အသိပဲကွယ်’

‘ဟုတ်ကဲ့’

www.burmeseclassic.com

ဖေဖေက ပက်လက်ကုလားထိုင်မှာ ဆေးပေါ့လိပ်ဖွာရင်း ထိုင်နေသည်။ စုကတော့ ဖေဖေ့ရှေ့က ကြိမ်ကုလားထိုင်လေးမှာ ကျုံ့ကျုံ့ယုံ့ယုံ့လေး ထိုင်နေမိသည်။ ဖေဖေ ဘာပြောတော့မည်လဲဆိုတာ ရင်တထိတ်ထိတ်နှင့် စောင့်နေရသည်။ ကိုကိုဦးဆီက စာတွေကို ကြီးကြီးမေများ တွေ့သွားလေပြီလား။ ကြီးကြီးမေက နီးနီးကပ်ကပ် စောင့်ရှောက်သည်မှန်သော်လည်း တကယ်တမ်း ဆုံးမစရာရှိလာပြီဆိုလျှင် ဖေဖေကိုယ်တိုင် ပြောဆိုတတ်သည်။

'တချို့ကိစ္စတွေမှာ သမီးရဲ့ ကြီးကြီးမေက အပျိုကြီးပီပီ တင်းကျပ် လွန်းတယ်၊ ခေတ်နောက်ကျတယ်ထင်လို့ သူမကြိုက်တာပေမယ့် ဖေဖေက ခွင့်ပြုခဲ့တာမျိုးတွေ ရှိတယ်'

ခုချိန်ထိ ဖေဖေ ဘာကိုဆိုလိုသည်ဆိုတာ စု မသိသေး။ ယောကျ်ားလေး သူငယ်ချင်းတွေနှင့် ရုပ်ရှင်ကြည့်တာကို ဆိုချင်သလား၊ အိုင်ရင်းနှင့် မွေးနေ့ပွဲတွေသွားတာကို ပြောချင်တာလား၊ ဒါမှမဟုတ် နေမင်းနှင့် ပြဿနာဖြစ်ရသည်ကိုများ ပြောလိုလေသလား မသိ။

'ဥပမာဆိုရင် သမီးရယ်'

စုက စိတ်မောစွာဖြင့် ဖေဖေ့မျက်နှာကို မော်ကြည့်လိုက်မိသည်။

'သမီး စာဖတ်တာကို ဖေဖေက မတားဘူး၊ ကြီးကြီးမေက မိန်းကလေး ကျောင်းနေတုန်း ဝတ္ထုဖတ်တာ မကြိုက်ဘူး၊ ဒါပေမဲ့ ဖေဖေက ခွင့်ပြုတယ်'

စု ဖေဖေ့မျက်နှာကို မကြည့်ရဲတော့။ မျက်လွှာချမိသည်။ ရင်တွေလည်း တဒိတ်ဒိတ်ခုန်လာသည်။

'စာဆိုတာ ဖတ်ရမှာပေါ့ သမီး၊ စာဖတ်တာ ကောင်းပါတယ်၊ ကောင်းတဲ့အလုပ်ပဲ'

ဖေဖေ ရပ်နားပြန်သည်။ ပတ်ဝန်းကျင်သည် တိတ်ဆိတ်လွန်းလှသည်။ ဖေဖေ့အပါးမှ ပြေးထွက်သွားချင်စိတ်တွေ ပေါ်လာသည်။ ဖေဖေက ဆက်ပြောသည်။

BURMESE CLASSIC .com

'ဒါပေမဲ့ သမီး'

ဖေဖေက ကိုယ်ကို ရှေ့သို့ ကိုင်းလိုက်သည်။

'စာဖတ်တာ စိတ်ကူးယဉ်ဖို့မဟုတ်ဘူး သမီး၊ ဇာတ်လမ်းထဲက ကောင်မလေးနဲ့ ကောင်လေး ချစ်တာ ကြိုက်တာကို အားကျဖို့ မဟုတ်ဘူး၊ လူ့ဘဝအကြောင်း၊ လူ့လောကအကြောင်းသိရအောင်ဖတ်တာ၊ တခြား ပညာဗဟုသုတရအောင် ဖတ်ရတာ'

ဖေဖေ့အသံက တိုးတိုးနှင့် ထိရောက်လှသည်။ စု လက်ဖျားတွေပင် အေးလာသည်။

'ခုတော့ သမီးရယ်၊ ကြီးကြီးမေရဲ့ အယူအဆကတောင် မှန်သလို ဖြစ်နေပြီ၊ သမီးတို့က ဝတ္ထုထဲက အချစ်ဇာတ်လမ်းတွေကို စွဲလမ်းနေ ကြတယ်၊ စကားလုံးလှလှကလေးတွေကို ကြိုက်တယ်၊ ပြီးတော့ စကားလုံး လှလှကလေးတွေရေးတဲ့ စာရေးဆရာကို စိတ်ကူးယဉ်ကြည့်တယ်'

စု နားလည်ပါပြီ၊ ဖေဖေ ဘာကို ဆိုလိုသည်ကို စု သိပြီ။ ကိုကိုဦးအကြောင်းကို ဖေဖေ သိသွားခဲ့ပြီ။ ပညာရှိဆန်လှသော ဖေဖေ့ စကားတွေကို ပြေလည်အောင် ပြန်လည်ဖြေရှင်းနိုင်ဖို့ စုမှာ စကားလုံးတွေ ရှာကြည့်မိသည်။

'လူတစ်ယောက်အကြောင်းကို သေသေချာချာ ဂဃနဏ မသိဘဲ ဘာဖြစ်လို့ အရမ်းယုံကြည်မလဲ သမီးရယ်'

သည်သတင်းက ဘယ်ကနေ ပေါက်ကြားသွားခဲ့သည်လဲ။ အိုင်ရင်း ဆီကလား၊ အိုင်ရင်းက စု အပေါ် သည်မျှရက်စက်မည်တော့ မဟုတ်ပေ။ ကိုကိုဦးစာတွေကို တွေ့သွားတာပဲဖြစ်နိုင်သည်။ ကိုကိုဦး နောက်ဆုံးရေးသော စာကို မဖျောက်ဖျက်ရသေး။ သည်စာထဲမှာ ကိုကိုဦးက စုကို တွေ့ချင် ကြောင်း တသသ ရေးထားသည်။ အို ဒုက္ခပါပဲ။

ဘာပဲဖြစ်ဖြစ် ဖေဖေကို ဖြေရှင်းဖို့ အားယူရလေသည်။

BURMESE CLASSIC .com
www.burmeseclassic.com

BURMESE CLASSIC .com

'သမီး သမီး၊ ဘယ်သူ့ကိုမှ လွယ်လွယ်ကူကူ မယုံကြည်ပါဘူး ဖေဖေ၊ သမီး သမီး ဘာမှလဲ မလုပ်ပါဘူး'

စု ဘာပြောရမည်မသိ။ ဖခင်တစ်ယောက်နှင့် သည်လိုကိစ္စမျိုးကို ပြောကြားရသည့်အတွက် ရှက်လည်းရှက်မိသည်။ ကြောက်လည်း အလွန်ကြောက်သည်။ မိခင်တစ်ယောက်သာဆိုလျှင်တော့ ပွင့်ပွင့်လင်းလင်းပြောပြီး အရိုက်ခံလိုက်ချင်သည်။

'သမီး လူတစ်ယောက်ကို လွယ်လွယ်နဲ့ မယုံတတ်ဘူးဆိုရင် အဲဒီလူကို ဘာဖြစ်လို့ ခဏ ခဏ သွားတွေ့စရာလိုသလဲ သမီး၊ ခုတော့ သမီးက မိန်းကလေးတန်မဲ့နဲ့၊ ဖေဖေက သမီးကို ဣန္ဒြေသိက္ခာရှိတဲ့ မိန်းကလေးတစ်ယောက်လို့ ဂုဏ်ယူထားတာ၊ ခုတော့ သမီးလုပ်ပုံက'

ဘုရား ဘုရား။ ကိုကိုဦးရှိရာ စာအုပ်တိုက်သို့ သွားသွားနေခဲ့တာ ဖေဖေ သိသွားပါပြီကော။ ကိုအေးမောင်က ဖေဖေ့ တပည့်ရင်းပဲ မဟုတ်လား။

'ဟို သမီး ရိုးရိုးသွားတာပါ ဖေဖေ၊ စာအုပ်သွားဝယ်တာပါ'

အကာအကွယ်ယူနေခြင်းဖြင့် ပုန်းလျှိုးတာကို သိစေခဲ့လေပြီ။

'အေးလေ၊ သမီးအခြေအနေကို သမီး အသိဆုံးနေမှာပေါ့၊ ဘာပဲပြောပြော သမီးဟာ မိခင် အအုပ်အထိန်းမဲ့တဲ့ မိန်းကလေး တစ်ယောက်မို့ ဖြစ်ကတတ်ဆန်း ဖြစ်သွားတယ်ဆိုတာမျိုးတော့ အဖြစ်မခံနိုင်ဘူး သမီးရယ်၊ သမီးဟာ အသက်ငယ်ငယ်ကလေးရှိသေးတယ်၊ ပညာလဲမပြည့်စုံသေးဘူး၊ ဘာဖြစ်လို့ အဓိပ္ပာယ်မရှိတာတွေကို လုပ်နေမလဲသမီး၊ အချိန်တန် အရွယ်ရောက်ပြီး ပညာပြည့်စုံတော့ သင့်တော်ရာကို ဘယ်မိဘက တားမလဲ သမီးရယ်'

စု ဖေဖေ့ရှေ့မှာ ရှက်ကြောက်စွာ ငိုကြွေးမိသည်။

'သမီး နောက်မလုပ်တော့ပါဘူး ဖေဖေ'

BURMESE CLASSIC .com

www.burmeseclassic.com

ဖေဖေက စုကို ကြင်နာစွာ ကြည့်သည်။ ယခုအချိန်အထ ဖေဖေ သည် စုကို နာကျင်အောင်လည်း ရိုက်နှက်ခြင်းမရှိ။ အော်ကြီးဟစ်ကျယ် လည်း ဆူပူသည်မဟုတ်။ သဘောပေါက် နားလည်အောင် ဆူပူနေခြင်းသာ ဖြစ်သည်။

'ကဲ သမီးသွားတော့၊ ဖေဖေဟာ သမီးကို မိန်းကလေးမို့ ဆုံးမ နေတာ၊ သမီး အစ်ကိုနှစ်ယောက်ရှိတယ်၊ သူတို့ သင်ချင်တဲ့ပညာကို သင်တယ်၊ သူတို့ ယူချင်တဲ့မိန်းမကို ယူတယ်၊ ဖေဖေ ဘာမှ မပြောခဲ့ဘူး၊ ဟော အခု အငယ်တစ်ကောင်ကျန်သေးတယ်၊ ဖေဖေ ဘေးက အသာကြည့်နေတယ်၊ ဟောဟောရမ်းရမ်း ပရမ်းပတာမဖြစ်ရင် ပြီးရော ဆိုပြီး လွှတ်ထားတယ်၊ သမီးမိန်းကလေးကို ဒီလိုလွှတ်ထားလို့ မဖြစ်လို့ ပြောနေရတာကွယ်၊ ကဲ ကဲ သမီးသွားတော့'

စုသည် ဖေဖေ့ရှေ့မှ အမြန်ဆုံး ပြေးထွက်သွားချင်သော်လည်း စိတ်ကို ထိန်းချုပ်၍ အသာအယာ ထလာခဲ့ရသည်။

အို ကိုကိုဦးရယ်၊ စု ရှေ့ဆက်ပြီး ဘာလုပ်ရမလဲ။ စု ဘာမှ မလုပ်ရဲတော့ဘူး။

စုကို စောင့်ပါ ကိုကိုဦးရယ်။

*　　　*　　　*

ကိုကိုဦးဆီကို စာလည်းမရေးနိုင်တော့။ လူလည်း သွားမတွေ့နိုင်တော့။ ကိုကိုဦးဆီက စာတွေကိုလည်း မဖတ်ရတော့။ ယုတ်စွအဆုံး ကိုကိုဦး ရေးသည့် ဝတ္ထုလေးတွေကိုပင် မဖတ်ရဲတော့ပေ။

မြမြနွယ်နှင့်လည်း တဖြည်းဖြည်း ခပ်တန်းတန်းနေရာမှ စကား မပြောဖြစ်တော့။ အိုင်ရင်းကိုလည်း သည်ကိစ္စ ဖွင့်မပြောရဲပေ။ စုရင်ထဲ

www.burmeseclassic.com

BURMESE CLASSIC .com

ဝေဒနာကို စု တစ်ယောက်တည်း ကြိတ်မှိတ်ခံစားနေရသည်။ ကိုကိုဦးနှ တွေ့ချင်သည့် ဆန္ဒတွေ ဆူဝေနေသော်လည်း တွေ့ဖို့နည်းလမ်းက ရှာမရ။ ဖေဖေက သွားလိုရာကို ကိုယ်တိုင်လိုက်ပို့ပေးသည်။ ဖေဖေ့မှာ ဒီသမီး တစ်ယောက်တည်းကိုသာ စောင့်ရှောက်ဖို့အလုပ် ရှိသလားဟုပင် ထင်ရ တော့သည်။

အိမ်အလုပ်တွေကြားမှာ စိတ်ကို နှစ်မြှုပ်ထားသော်လည်း ရင်ထဲက ဝေဒနာက စိုးမိုးနေသည်။

စုရဲ့ အိပ်မက်တွေထဲမှာ ကိုကိုဦး၏ အမည်ကို တသသ တမ်းတနေဆဲ မမျှော်လင့်သော သတင်းတစ်ပုဒ်ကို သိလိုက်ရသည်။

'ဟော့၊ ယူ မိတ်ဆက်စာရေးတယ်ဆိုတဲ့ စာရေးဆရာ ကိုကိုဦးလေ လက်ထပ်သွားတာ သတင်းစာထဲမှာ တွေ့လိုက်လား'

ပုဏ္ဏာရိုက်ပင်တန်းဘေးမှာ ထိုင်ပြီး စကားပြောနေကြဆဲ အိုင်ရင်းက ရုတ်တရက် သတိရဟန်ဖြင့် ပြောလိုက်တော့ စု ရင်ထဲမှာ ဒိန်းခနဲ မြည်ဟည်းသွားသည်။

'ဟင် ကိုကိုဦး လက်ထပ်သွားပြီ ဟုတ်လား'

'အေးလေကွာ၊ ယူ့ဆီ ဖိတ်စာလေးဘာလေးတောင် မပို့ဘူးလား၊ ယူနဲ့ သိပ်ခင်တယ်ဆို'

အိုင်ရင်းကတော့ သဘောရိုးနှင့် ပြောခြင်းသာ ဖြစ်သည်မှာ ယုံမှားစရာမရှိ။ အိုင်ရင်းလို လူတစ်ယောက်အဖို့ လူတစ်ယောက်ကို ရိုးရိုးတန်းတန်းခင်မင်၍ စာရေးသည်ဆိုတာ အထူးအဆန်း မဟုတ်ပေ။

စု ရင်ထဲမှာတော့ အိုင်ရင်းမေးလိုက်သည့် စကားလုံးသည် လောကကြီးတစ်ခုလုံးက ဝိုင်းဝန်းလှောင်ပြောင်လိုက်လေသည်လားဟုပင် ထင်မိတော့သည်။

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

‘ကိုယ်မသိပါဘူး အိုင်ရင်းရယ်၊ ဖေဖေက သူနဲ့ဆက်သွယ်တ မကြိုက်ဘူးဆိုလို့ အဆက်ဖြတ်လိုက်ရတယ်’

စု အသံထိန်းရင်း ပြောလိုက်ရသော်လည်း ငိုချင်လာသည်။

‘အေးကွ၊ လူကြီးတွေက ဒီလိုပဲ၊ ဘာမဟုတ်တာလေးလဲ ချုပ်ချယ် ချင် ချုပ်ချယ်တာ၊ ကိုယ့်ဖာသာကြီးလဲ ဒီလိုပဲ၊ မာမီကတော့ ကိုယ် ဘာလုပ်လုပ် ခွင့်ပြုတယ်၊ ဒါပေမဲ့ စာတော်အောင်တော့ ကြိုးစားခိုင်းတယ်’

စု အိုင်ရင်းကို အားကျမိ၏။ အိုင်ရင်းသည် ဘာမဆို လက်တွေ့ ဆန်ဆန် တွေးတောတတ်သူဖြစ်သည်။ စုကတော့ အရာရာမှာ အလေး အနက်ထားတွေးပြီး ခံစားတတ်ခဲ့သည်။ ခုတော့ စုရဲ့ ခံစားချက်တွေက စုကို ဒုက္ခပေးလေပြီ။

အိုင်ရင်းက ဆက်ပြောနေသေးသည်။

‘သူက စာရေးဆရာဆိုတော့ အသက် တော်တော်ကြီးရောပေါ့နော်၊ ယူက ကိုယ်နဲ့တော့ မိတ်ဆက်မပေးဘူး၊ ဟော့ အို၊ ယူငိုနေတယ်လား’

အိုင်ရင်းက စုကို နားမလည်စွာကြည့်သည်။ အမှန်ပင် စု ငိုနေ လေပြီ။ မျက်နှာကို လက်ဝါးနှင့်အုပ်ကာ ငိုနေသည်။

‘ဆောရီးကွာ၊ ယူက သူ့ကို ချစ်နေလို့လား ဟင်’

အိုင်ရင်းက အလိုက်မသိစွာမေးသည်။

စုကတော့ ငိုရှိုက်ဆဲ။

ရက်စက်လိုက်တာ ကိုကိုဦးရယ်။ စုနဲ့ အဆက်အသွယ်ပြတ်သွားတဲ့ အခိုက်အတန့်လေးမှာပဲ စုဆိုတဲ့ကောင်မလေးကို မေ့သွားတော့တာပဲလား။ စုကို ဘာလို့မစောင့်တာလဲ ကိုကိုဦးရယ်။

အိုင်ရင်းက ဘာမှ မမေးတော့ဘဲ စု ငိုနေသည်ကိုသာ သနား ကရုဏာသက်စွာ ငေးကြည့်နေသည်။

BURMESE CLASSIC .com
www.burmeseclassic.com

BURMESE CLASSIC .com

ဘုရားသခင်သည် ပူဆွေး ငိုရှိုက်ဖို့အတွက် အချစ်ကို ဖန်တီးခဲ့လေသလား။

အိုင်ရင်းက တွေးနေသည်။

*　　　　*　　　　*

ကိုကိုဦးအတွက် စု ရင်ထဲမှာ ဝမ်းနည်းပူဆွေးရတာတွေ၊ နှမြောတသရတာတွေကို မေ့ပျောက်ရန် ကြိုးစားသော်လည်း မရ။ ဆုံးရှုံးသွားရသည့်အတွက်ပင် ကိုကိုဦးသည် စုအတွက် တန်ဖိုးပိုမိုမြင့်မားနေတော့သည်။ ကိုကိုဦးဟာ စုအပေါ် ကလေးငယ်တစ်ယောက်လို အလိုလိုက်ပြီး ကြင်ကြင်နာနာ ယုယုယယ ထွေးပိုက်မည့်သူတစ်ယောက်ပဲဟု ယုံကြည်သည်။ ကိုကိုဦး လက်ထပ်သွားခြင်းသည် စုအတွက် မဖြစ်နိုင်သော ပုံပြင်တစ်ပုဒ်လို ဖြစ်နေသည်။ ကိုကိုဦးသည် မလွဲသာ မရှောင်သာသော အကြောင်းများကြောင့် တခြားမိန်းကလေးတစ်ယောက်ကို လက်ထပ်လိုက်ရခြင်းသာဖြစ်ကြောင်း ကိုကိုဦးက ဖြေရှင်းလာလိမ့်မည်ဟု မျှော်လင့်သည်။ ကိုကိုဦးအပေါ် ချစ်မိခြင်းနှင့် ယုံကြည်ခြင်းသည် စုကို နှိပ်စက်လျက်ရှိသည်။

စုတစ်ယောက် ငြိမ်သက်စွာဖြင့် အိမ်ထဲမှာ စာတွေဖတ်၊ ကဗျာတွေ ရေးနေသည်ကို ဖေဖေက မသိမသာ အကဲခတ်နေသည်။ ကိုကိုဦး လက်ထပ်သည့်သတင်းကို ဖေဖေလည်း သိပြီးပြီဆိုတော့ စု ဘာကြောင့် ငြိမ်သက်နေသည်ကို ဖေဖေက တွေးဆကြည့်ရုံနှင့် သိလေပြီ။

'သမီး၊ လားရှိုးက သမီးအစ်ကိုကြီးဆီက စာလာတယ်၊ ကျောင်းမဖွင့်ခင် လာလည်ကြပါလားတဲ့၊ သမီးနဲ့ ကိုတိုးတို့ ရောက်ဖူးအောင် သွားကြပါလား သမီးရယ်'

BURMESE CLASSIC .com
www.burmeseclassic.com

BURMESE CLASSIC .com

'သမီး ဘယ်မှ မသွားချင်ဘူး ဖေဖေ'

စုကပြောတော့ ဖေဖေသည် စုကို ကြင်နာသောမျက်လုံးများနှင့် ကြည့်သည်။

'သမီး၊ လောကမှာ လူတွေဟာ လုပ်စရာတစ်ခုတည်းရှိတာ မဟုတ်ဘူး၊ ဘာမဆို သိပ်ပြီး အစွဲအလမ်း မထားစေချင်ဘူး'

'သမီး ဘာကိုမှ မစွဲလမ်းပါဘူး ဖေဖေ'

'သမီးက ဖေဖေ့ကို စိတ်ဆိုးနေသလား'

'အို မဟုတ်ပါဘူး ဖေဖေရယ်'

ဖေဖေသည် စု၏စိတ်ကို သိလွန်းသည်။ စုသည် ဖေဖေ့ကို ချစ်လည်း ချစ်သည်။ လောကတွင် ဖေဖေသည် စု၏ အားထားရာဖြစ်သလို စုဘဝ၏ ပဲ့ထိန်းကြီးလည်း ဖြစ်သည်။ သို့သော် စုရင်ထဲမှာ ချစ်မေတ္တာကို ဆာလောင်မွတ်သိပ်ခြင်းဖြင့် လှုပ်ရှားနေသည်ကို မတားဆီးနိုင်ခဲ့ပေ။

သည်အတောအတွင်းမှာ မမျှော်လင့်ဘဲ ကိုကိုဦးနှင့် တွေ့ခဲ့ရသည်။

စု အိုင်ရင်းတို့ ခေါ်ရာသို့ ပါလာသည့်နေ့။ ငြိမ်သက်တွေဝေ မနေတတ်သော အိုင်ရင်းက တက္ကသိုလ်ဖွင့်လျှင် သူငယ်ချင်းတွေ တကွဲတပြား ဖြစ်တော့မည်ဆိုကာ စုပေါင်းဆုံဆည်းရမည့် ပွဲတစ်ခုကို စီစဉ်သည်။

'အားလုံးစုပြီး အင်းလျားကို ပစ်ကနစ်ထွက်ကြမယ်'

'စုတော့ မလိုက်ချင်ဘူး'

အိုင်ရင်းက စုကိုကြည့်ပြီး ခေါင်းကို ခါယမ်းသည်။

'ယူ ဘာဖြစ်နေသလဲ စု၊ စာမေးပွဲလဲ ကောင်းကောင်းမဖြေနိုင်ဘူး မဟုတ်လား၊ ယူ ဟိုလူကြီးကြောင့် အသည်းကွဲနေတာလား ဟင်'

'အို မဟုတ်ပါဘူးကွာ'

'ဒါဆိုရင်လဲ စုရာ ဘာကြောင့် ဒီလောက်တောင် စိတ်ဓာတ်ကျနေရတာလဲ၊ တို့တွေ အသက်ငယ်ငယ်လေးတွေ ရှိပါသေးတယ် စုရဲ့၊ လောကမှာ ပျော်စရာတွေ မကုန်သေးပါဘူး'

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

အိုင်ရင်း ပြောပုံက အဘိဓမ္မာဆန်လှသည်။

‘ဟုတ်တယ် အိုင်ရင်း၊ စု မင်းလောက် လောကအကြောင်း မသိဘူးကွယ်’

‘ဟား ဟား ယူပြောတာနဲ့ ကိုယ်တောင် ဘဝင်မြင့်သွားပြီ၊ ကိုယ်က လောကအကြောင်းသိတာ မဟုတ်ဘူးကွ၊ ကိုယ်မြင်တာကိုပဲ ကိုယ်ခံစားတယ်၊ မမြင်ရတာကိုတွေးပြီး မခံစားဘူးလေ၊ ယူတို့နဲ့ မတူဘူး၊ ယူကတော့ မမြင်ဘူးတဲ့ ဗေဒါပန်းကိုတောင် ကဗျာစပ်တဲ့သူကိုး’

‘စုကို ဝေဖန်နေတာလား အိုင်ရင်းရယ်’

‘အို ဝေဖန်တယ်ဆိုတာ ဘာလဲ၊ ကိုယ်ကောင်းကောင်း နားမလည်ဘူး၊ ကိုယ်က ယူ့ကို ပျော်ပျော်ရွှင်ရွှင် နေစေချင်တာပဲ သိပါတယ်ကွယ်၊ ယုံပါ’

အိုင်ရင်း၏ စိတ်ရင်းကို နားလည်သဖြင့် ဘာမျှ မပြောတော့ပေ။ သူစီစဉ်သော ပွဲကိုလည်း လိုက်ပါဖို့ သဘောတူလိုက်ရသည်။ ဖေဖေကလည်း စုကို တက်တက်ကြွကြွ နေစေချင်သည်ဆိုတော့ ယခင်ကလောက် ချုပ်ချယ် မထားတော့ပေ။

သို့သော် စုသည် သူ့စိတ်ကို သူမနိုင်သော စုသာ ဖြစ်ချေ၏။

ပစ်ကနစ်မှာ သူငယ်ချင်းတွေ စုံစုံလင်လင်အပြင် အခြား သူငယ်ချင်း များလည်း တိုးလာသည်။ နေမင်းတစ်ယောက်တော့ ပါမလာပေ။ နေမင်းကို သူတို့ တမင် ပ ထားခဲ့ခြင်း ဖြစ်သည်။

အထူးသဖြင့် မောင်မောင်နှင့် မြမြနွယ်က ပယ်မဲပေးခဲ့သည်။

မောင်မောင်နှင့် မြမြနွယ် ပြေလည်နေတာ မြင်ရသည်။ စုကတော့ မြမြနွယ်ကိုလည်း ရှောင်နေသည်။ မောင်မောင့်ကိုလည်း ရှောင်နေသည်။ အားလုံးကိုပဲ စု ရှောင်နေချင်သည်။ ထို့ကြောင့် ဝိုင်းအပြင်ကို စု မသိမသာ ထွက်ခဲ့သည်။

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

အင်းလျားရေပြင်သည် ငြိမ်သက်နေ၏။

စုတို့သည် တက္ကသိုလ်ကျောင်းသူများ မဟုတ်သေး၍ အင်းလျားနှင့် အကျွမ်းမဝင်သေးပေ။ အင်းလျား၏ အလှကို ငေးမောရုံသာ ရှိသည်။ ကိုကိုဦးသာ လွတ်လွတ်လပ်လပ် ရှိမြဲဆိုလျှင်တော့ စု အနှောင်အဖွဲ့မှ ကင်းလွတ်သည့်ကာလတွင် နှစ်ယောက်အတူတူ သဘာဝအလှကို စာဖွဲ့နိုင် ပေမည်။ စကားလုံး နုနုလှလှကလေးတွေကို ကိုကိုဦးနှုတ်မှ ကိုယ်တိုင် ရွတ်ပြသည်ကို ကြားဖူးချင်လှသည်။ ကိုကိုဦးနှင့် စုသည် ချစ်သူများ အဖြစ်လည်း တိတိလင်းလင်း မဟုတ်ခဲ့ကြသေး၍ ကိုကိုဦးကို သစ္စာဖောက် တစ်ယောက်အဖြစ် မစွပ်စွဲလို။ ကိုကိုဦးကို အထင်ကြီးမိသည့်စိတ်ကို ချိုးနှိမ်၍ မရ။ တစ်ခါတလေ မျက်နှာချင်းဆိုင် တွေ့ချင်ပါရဲ့ ကိုကိုဦး။

ကန်စပ်ကို မှီတွယ်လျက် ရေပြင်ကို ကျောခိုင်းထားသော ကံ့ကော် ပင်ကြီးအောက်မှာ လူသုံးယောက်ထိုင်နေသည်ကို တွေ့ရသည်။ တစ်ယောက် သောသူက ကိုကိုဦးနှင့် တူလိုက်တာ။ မြင်မြင်ကရာကိုများ စွဲလမ်းမိလေ သလားဟု ကိုယ့်စိတ်ကို ဆုံးမနေခိုက် ထိုလူက စုကို လှမ်းကြည့်ပြီး သူ့အဖော်များကို တီးတိုးပြောသည်။ စုက နေရာမှခွာဖို့ သင့်ပြီဟု ထင်မှတ်ဆဲ သူက စု ရှိရာသို့ လျှောက်လာနေသည်ကို တွေ့ရတော့သည်။

'စု'

အို၊ ကိုကိုဦးမှ ကိုကိုဦးအစစ်။ ခရေဆိုတာ စာထဲမှာပဲခေါ်လို့ ကောင်းပြီး စု ဆိုတဲ့ နာမည်လေးကသာ ချစ်စရာကောင်းသည်ဟု ပြော ခဲ့သော ကိုကိုဦး။ တကယ်တမ်း တွေ့ကြပြီဆိုတော့ စု ရင်ဆိုင်ရမှာ ဝန်လေးနေမိသည်။

ထိုအချိန်မှာ အိုင်ရင်းတစ်ယောက် စု နားကို အပြေးအလွှား ရောက်လာသည်။ ကိုကိုဦးက စုနှင့် မျက်နှာချင်းဆိုင် ရပ်မိရုံပဲရှိသေးသည်။ သုံးယောက်ဆုံပြီး ခပ်ငိုင်ငိုင် ဖြစ်နေကြသည်။

BURMESE CLASSIC .com

BURMESE CLASSIC .com

'သိပ်အံ့သြဖို့ကောင်းတာပဲ ကိုကိုဦးရယ်၊ စုက ကိုကိုဦး အကြောင်းကို တွေးနေမိတယ်'

အချိန်က သိပ်မရှိတော့။ စုက သူ့ရင်ထဲရှိတာကို မကွယ်မဝှက် ပြောချလိုက်သည်။

'ဩော် စုရယ်'

'ဩော် ကိုကိုဦးဆိုတာလား'

ကိုကိုဦးနှင့် အိုင်ရင်း အသံက ပြိုင်တူထွက်လာသည်။

'အံ့သြစရာကောင်းရအောင် တိုက်ဆိုင်တာမှ မဟုတ်ဘဲ စုရဲ့၊ စုက ကိုကိုဦးအကြောင်းကို အမြဲတွေးနေတာဆိုတော့ တစ်ချိန်မဟုတ် တစ်ချိန်မှာတော့ တိုက်ဆိုင်မှာပဲပေါ့၊ မဟုတ်ဘူးလား စာရေးဆရာကြီးရယ်'

အိုင်ရင်း နည်းနည်းရိုင်းသည်ဟု စု ထင်သည်။ အိုင်ရင်း ပြောသံက ရန်တွေ့သံလည်း ပါသည်။

'သူက စု သူငယ်ချင်းပါ၊ အိုင်ရင်းတဲ့'

ကိုကိုဦးက ခေါင်းညိတ်ပြသည်။

'စုတို့ရောက်နေတာ စောစောကတည်းက မြင်တယ်၊ အဲ စုပါမှန်း တော့ မသိလို့'

အိုင်ရင်းက စု လက်ကိုဆွဲကာ ဆုပ်နယ်နေသည်။ စု လက်ဖျားတွေ အေးနေသည်။ အိုင်ရင်းက စုကို သည်နေရာမှာ ကြာကြာမနေစေချင်ပေ။

'ကိုယ်တို့က ပါဆယ်ဂိမ်းမ် ကစားမလို့ စုကို လာခေါ်တာ၊ ဩော် ဒီကလဲ အိုင်ရင်းတို့နဲ့ လာကစားနိုင်ပါတယ်နော်'

'နေပါစေဗျာ၊ ကျေးဇူးတင်ပါတယ်၊ စု၊ စုကို ဘယ်မှာတွေ့နိုင်မလဲဟင်၊ စာရေးလို့ကော ရမလား'

အိုင်ရင်းက နှုတ်ခမ်းမဲ့လေပြီ၊ ကိုကိုဦးကလည်း စု ထွက်ခွာသွားတော့မည်ကို သိ၍ မလွှတ်တမ်းမေးလိုက်သည်။

BURMESE CLASSIC .com

www.burmeseclassic.com

'အိမ်ကိုပဲစာရေးပါ ကိုကိုဦး၊ စု သွားမယ်နော်'

ကိုကိုဦး ခေါင်းညိတ်ပြသည်ကိုပင် သေသေချာချာ မမြင်လိုက်ရေ။

'အမလေးနော် မရွှေစု၊ ဝေဒနာပျောက်အောင်ကုစားဖို့ ခေါ်လာပါတယ်၊ ဘယ်လိုလုပ်ပြီး ပြဿနာထပ်တိုးစရာ ကြုံနေရလဲမသိဘူး'

အိုင်ရင်းက စုကို ဆွဲခေါ်ရင်း မကျေမနပ် ရေရွတ်သည်။

'ကိုကိုဦးက စု ရဲ့ ရိုးရိုးမိတ်ဆွေပဲ အိုင်ရင်းရယ်'

'အမလေးနော် တော်ပါပြီ'

စုကတော့ သူတို့ ကစားဝိုင်းမှာ စိတ်မပါဘဲ ပါဝင်နေရလေသည်။

* * *

စုရဲ့စာတွေကို ကြီးကြီးမေက ဖောက်မဖတ်တော့။ စုဟာ အရွယ်ရောက်တဲ့ မိန်းကလေးတစ်ယောက်မို့ သည်မျှတော့ လွတ်လပ်ခွင့်ပေးသင့်ပြီဟု စုက အရေးဆိုခဲ့သည်။ ပြီးတော့ စုက ကဗျာရေးသည်ကို ဖေဖေက မတားတော့။ စုကတော့ ကဗျာတွေရော ကိုကိုဦးဆီကိုပါ စာတွေ ရေးပို့နေခဲ့မိသည်။ ကိုကိုဦးကိုတော့ စာကျဲကျဲရေးစေသည်။

စု ယုံကြည်ခဲ့သလိုပင် ကိုကိုဦးက စုကို ညီမလေးတစ်ယောက်လို အမြဲချစ်နေပါတယ်တဲ့။ စု ဘဝဟာ ကိုကိုဦးနဲ့ မထိုက်တန်လို့ စုကို ချစ်လျက်နဲ့ မနှစ်ရက်ဘူးတဲ့။ ကိုကိုဦးက သူ့လို ဘဝကို ရုန်းကန်လှုပ်ရှားနိုင်မယ်ထင်တဲ့သူ တစ်ယောက်ကိုပဲ ရွေးချယ်လိုက်တယ်တဲ့။

ကဲ ကိုကိုဦးက စုကို ဘယ်လောက်ချစ်လဲ။ အနစ်နာခံတယ်ဆိုတာ ယောကျ်ားကောင်းတို့ရဲ့ လက္ခဏာပဲ မဟုတ်လား။

တဖြည်းဖြည်းနှင့် ကိုကိုဦးစာတွေမှာ ရင်ခုန်စရာတွေ ပါလာပြန်သည်။

BURMESE CLASSIC .com
BURMESE CLASSIC .com
www.burmeseclassic.com

BURMESE CLASSIC .com

တကယ်တမ်းကျတော့ စုကို မမေ့နိုင်ဘူး ညီမလေးရယ်၊ အချစ်မပါတဲ့ အိမ်ထောင်ရေးဟာ ဘယ်လောက်စိတ်ဆင်းရဲရတယ်ဆိုတာ ကိုဦး သိလာရပါပြီကွယ်၊ စုနဲ့ တွေ့ချင်လိုက်တာ အချစ်ရယ်၊ စုကို ပြောစရာစကားတွေ ရင်ထဲမှာ အများကြီးပါပဲ။

စု ကိုကိုဦးစာကိုဖတ်ပြီး ငိုရသည်။ ကိုကိုဦးကိုလည်း စု သိပ်တွေ့ချင်မိသည်။ ထို့ကြောင့် စု စွန့်စားရသည်။ ကိုကိုဦး ချိန်းသည့်နေရာကို သွားမည်ဟု ဆုံးဖြတ်လိုက်သည်။

ဖေဖေ မရှိခိုက် ကြီးကြီးမေကို ယုံအောင်ပြောပြီး ကိုကိုဦးရှိရာ လာခဲ့သည်။ ကိုကိုဦးက ယောက်လမ်းထိပ်က ဘတ်စ်ကားမှတ်တိုင်တွင် စောင့်နေမည်။ ပြီးတော့ တစ်နေရာရာသွားမည်။ စကားပြောမည်။ သည်လောက်ဆိုရင် စု ကျေနပ်ပြီ။ ကိုကိုဦးရင်ထဲက ဝေဒနာကို ဖြေသိမ့်ပေးနိုင်ခွင့်ရရင် တော်ပါပြီလေ။

'ဟေး စု ဘယ်သွားမလို့လဲ'

စု ခြေလှမ်းများသာမက တစ်ကိုယ်လုံး တုန်ယင်သွားလေသည်။

မောင်မောင်နှင့် ကျော်ကျော်ကို မျက်နှာချင်းဆိုင် တွေ့လိုက်ရသည်။ စု ဖြစ်သင့်သည်ထက်ပိုပြီး တုန်တုန်ယင်ယင် ဖြစ်နေသည်ကို ကြည့်ကာ မောင်မောင် တွေဝေသွားသည်။

'မြမြနွယ်ဆီ လာလည်တာလား မောင်မောင်'

စုက ဣန္ဒြေမပျက်ချင်ယောင်ဆောင်ပြီး နှုတ်ဆက်လိုက်သည်။

'မဟုတ်ပါဘူး၊ ကျော်ကျော်တို့နဲ့ ချိန်းထားလို့လာတာ၊ ဒီနေ့ တက္ကသိုလ်ဝင်ခွင့်စာရင်းတွေ ထွက်မယ်လို့လဲကြားတယ်၊ သတင်းစာတိုက်ကို ဖုန်းဆက်ကြည့်မလို့၊ စုကကော ဘယ်သွားမလို့လဲ၊ တစ်ယောက်တည်းလား'

ကျော်ကျော်ကပါ စုကို မသင်္ကာသလို ကြည့်နေသည်။ စု တစ်ယောက်တည်း ဘယ်မှ သွားလေ့မရှိမှန်း သူတို့ သိကြသည်။

BURMESE CLASSIC .com

BURMESE CLASSIC .com

'ဒီနားတင်ပဲ'

စုက မရေမရာ ဖြေသည်။

'စု ကိုယ်တို့ အဖော်လိုက်ခဲ့မယ်လေ'

'အို နေပါစေ'

စုက ပျာပျာသလဲငြင်းဆိုသည်။

'စုကတော့ မြန်မာစာပဲလျှောက်တာ ရမှာပါလေ၊ သွားဦးမယ်နော်' စုက စကားတွေကို တုန်တုန်ယင်ယင် ဆက်ပြောရင်း ခြေလှမ်း သွက်သွက်ဖြင့် လှမ်းသွားတော့သည်။

ကျော်ကျော်နှင့် မောင်မောင်က စုနောက်က မယောင်မလည် လိုက်လာကြသည်ကို စု မသိ။

ကိုကိုဦးသည် စုကို စိတ်စောစွာ စောင့်နေသည်။ သို့သော် စုကို တွေ့သောအခါ ကိုကိုဦး တွေဝေသွားသည်။ စု အဖော်ခေါ်လာသည်ဟု ထင်သည်။

ကျော်ကျော်နှင့် မောင်မောင်သည် ကိုကိုဦးကို စောစောကပင် တွေ့ခဲ့ပြီးဖြစ်၍ ဆက်စပ်တွေးတောကာ လိုက်ခဲ့ခြင်း ဖြစ်လေသည်။ စုကတော့မသိ၊ ကိုကိုဦးက စုကို ငေးကြည့်နေပြီး မျက်နှာပျက်နေသည်။

ကျော်ကျော်နှင့် မောင်မောင်သည် မလှမ်းမကမ်းမှရပ်ကာ ဘတ်စ်ကားကို စောင့်ချင်ယောင် ဆောင်နေကြလေသည်။ စုတို့ ထွက်ခွာရာသို့ လိုက်ရန် တိုင်ပင်နေသည်။

'စု'

စုက ကိုကိုဦးကို နားမလည်သလိုကြည့်သည်။ စုကို အထင်သေး သွားပြီ ထင်သည်။

BURMESE CLASSIC .com
www.burmeseclassic.com

BURMESE CLASSIC .com

'တကယ်တော့ ကိုကိုဦး စုကို တွေ့ချင်လွန်းလို့ ခေါ်မိတာမှားတယ်၊ စုက ငယ်သေးတယ်၊ သူများတွေတွေ့ရင် ကိုဦးတို့ကို တစ်မျိုးထင်လို့ စု နစ်နာမယ်နော်၊ ပြန်တော့ ညီမလေး'

ဘတ်စ်ကားတစ်စီး ထိုးဆိုက်လာ၏။ ကျော်ကျော်တို့ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ ကိုကိုဦးက မတက်။ ကျော်ကျော်တို့ ပြန်ထိုင်ကြသည်။ တီးတိုးရယ်ကြသည်။

'ဒီလိုဆိုလဲ စု ပြန်မယ် ကိုဦး၊ စုကို အထင်မသေးပါနဲ့နော်'

တကယ်တမ်းကျတော့လည်း စု စွန့်စားရမှာ ဝန်လေးနေသည်။

လူတွေ ဘတ်စ်ကားပေါ် တိုးဝှေ့တက်ပြီး ကားထွက်သွားလေသည်။

'စုကို အထင်မသေးဘူး၊ ကိုယ့်ကိုယ်ကိုပဲ အထင်သေးတယ်၊ ကိုဦးက စုကို စိတ်ဆင်းရဲအောင်လုပ်မိသလိုဖြစ်နေပြီ၊ ကိုဦး မှားတယ်၊ ကိုဦး နောက်မှ စာရေးလိုက်မယ်နော်၊ စု ပြန်တော့ ညီမလေး၊ သူများတွေ မမြင်ခင် ပြန်တော့'

ကိုကိုဦးအသံမှာ တကယ့်စေတနာတွေပါလာကြောင်း သိသာသည်။ စုကိုယ် စုလည်း ဆင်ခြင်မိလာသည်။ တကယ်တော့လည်း ကိုကိုဦးနှင့် တွေ့ရသည်မှာ အဓိပ္ပာယ်မရှိလှ။ စွန့်စားလွန်းရာကျနေသည်။ ကိုကိုဦးက လူပျိုလူလွတ်တစ်ယောက်လည်း မဟုတ်တော့။

'စု ပြန်တော့မယ်နော် ကိုကိုဦး'

ကိုကိုဦးက ခေါင်းကို သွက်သွက်ညိတ်ပြသည်။ သက်ပြင်းကိုလည်း ခိုး၍ ရှိုက်သည်။ စု၏ အပြစ်ကင်းစင်မှုကြောင့် သူ နောင်တရလာသည်။

စု နေရာမှ လှည့်ထွက်ခဲ့၏။

မောင်မောင်နှင့် ကျော်ကျော်တို့ လျင်မြန်စွာ ပုန်းကွယ်လိုက်ကြသည်။ သို့သော် နောက်ကျသွားလေပြီ။ စုသည် သူ့ကို ကျောခိုင်းကာ ကွမ်းယာဆိုင်မှာ စီးကရက်ဝယ်ဟန်ဆောင်နေသော သူတို့ကို မြင်လိုက်လေသည်။

BURMESE CLASSIC .com

www.burmeseclassic.com

စု မျက်နှာသည် ဖြူရော်၍သွားလေ၏။

*　　　*　　　*

တက္ကသိုလ်နယ်မြေနှင့် အင်းလျား၏ အလှသည်လည်း စုအတွက် အဓိပ္ပာယ် မရှိတော့ပါ။

စု ဘဝမှာ စစချင်း စိတ်ပျက်စရာတွေနှင့်သာ တိုးခဲ့ရသည်။ အင်အားတွေ ကုန်ခမ်းကာ တက်ကြွရမည့် ကာလတွေကို ငိုကြွေးခြင်းဖြင့် ရင်ဆိုင်နေမိသည်။

စု၏ ကျန်းမာရေးအခြေအနေကလည်း မကောင်းခဲ့။ သွေးအားနည်းသည့် ရောဂါသည် စုကို စတင်နှိပ်စက်လေသည်။ စာမေးပွဲဖြေသည့် ရက်မှာပင် စု အိပ်ရာထဲမှာ ဗုန်းဗုန်းလဲခဲ့ရ၏။ စုသည် ရှေ့ဆုံး ဘဝ လှေကားထစ်မှာပင် နောက်ပြန်၍ ကျခဲ့ရလေသည်။

အိုင်ရင်းကတော့ ကိုကိုဦးကိုပင် ဖြောင်စွပ်စွဲလေသည်။

'ဒီလူကြောင့် စု နေမကောင်းဖြစ်ရတာပဲ၊ သူ့ကြောင့် စုနဲ့ မောင်မောင်နဲ့ လွဲရတယ်'

'အို ဘာဆိုင်လဲ အိုင်ရင်းရယ်'

'ဆိုင်တာပေါ့၊ စုက ကိုကိုဦးကို စွဲလမ်းနေတော့ မောင်မောင်က မြမြနွယ်နဲ့ ကြိုက်သွားတာပေါ့'

'မောင်မောင်က စုကို မကြိုက်ပါဘူး'

'ကြိုက်ပါတယ်တော်၊ ကိုယ်သိပါတယ်၊ ခုထိ စုကို သူ သံယောဇဉ်ရှိနေတာ ကိုယ်သိတယ်၊ စုကတော့ သူ့ကို ဘယ်လိုထင်မလဲ မသိဘူး၊ သူက စုကို မမှားသင့်တာ မမှားရအောင် လုပ်ခဲ့တာတဲ့၊ သူ ပြောတယ်'

www.burmeseclassic.com

BURMESE CLASSIC .com

အိုင်ရင်း ဘာကိုရည်ရွယ်ပြီးပြောမှန်း စု သိလိုက်သည်။

'ဩော် ဒီကိစ္စ မင်းလဲသိတာကိုး'

အိုင်ရင်းက ခေါင်းညိတ်ပြသည်။

'ဟုတ်တယ်၊ ယူ့ နေမကောင်းတဲ့အချိန်မှာ ကိုယ်မပြောချင်လို့ မသိချင်ယောင်ဆောင်နေခဲ့တာ၊ တကယ်တော့ ယူက သိပ်မိုက်တယ် စုရယ်'

စု ဘာမျှ မပြောလိုတော့ပါ။ တစ်ဖက်သားကို ယုံလွယ်သည့်စိတ်၊ သနားတတ်လွန်းသည့် အသည်းနှလုံးကိုသာ အပြစ်ဆိုစရာ ရှိတော့သည်။

'မောင်မောင့်ကို တို့က ကျေးဇူးတင်တယ်လို့သာ ပြောလိုက်ပါ အိုင်ရင်းရယ်'

'ယူ့စာမေးပွဲမဖြေနိုင်တာ ကိုယ် သိပ်စိတ်မကောင်းဖြစ်တာပဲစုရယ်၊ ဩော် ဒါနဲ့ ယူ့ အချစ်တော်ကြီး နေမင်းကိုလဲတွေ့တယ်သိလား၊ ယူ့ ဖာသာကြီးနဲ့ ဘုကျတဲ့အကြောင်း ပြောပြလို့ ရယ်လိုက်ရတာကွာ၊ ဟားဟား ကျောင်းလဲမတက်၊ အလုပ်လဲမလုပ်နဲ့ တော်တော်ပေတဲ့ကောင်'

နေမင်းက ဆယ်တန်းအောင်ပြီး တက္ကသိုလ်သို့မတက်။ အလုပ်ရှာနေဆဲ ဖြစ်သည်။

'နေမင်းက မင်းတို့ထင်သလောက်လဲ မဆိုးပါဘူးကွယ်၊ သူ့ကို လူတွေက လူဆိုးလို့ သတ်မှတ်ထားကြလို့ သူက တမင်ဆိုးပြနေတာပါ'

အိုင်ရင်းက မျက်လုံး ပြူးပြသည်။

'အမလေး မရွှေစု၊ ဒီလမ်းသရဲကိုတော့ သွားပြီး မသနားလိုက်ပါနဲ့နော်၊ ယူ ဒုက္ခရောက်သွားမယ်'

စုက ရယ်သည်။

'မသနားပါဘူးကွာ၊ ကိုယ်က အဖြစ်ကို ပြောတာပါ'

အိုင်ရင်းတို့ လူသိုက်က ဘဝကို တက်ကြွစွာ ဆက်လက်ရင်ဆိုင်ခိုက် စုမှာတော့ မရေရာသော နှလုံးသားကို ဦးစားပေးကာ တွေဝေဆဲဖြစ်သည်။

BURMESE CLASSIC .com
www.burmeseclassic.com

BURMESE CLASSIC .com

## ၃

ကိုကိုဦးနှင့် ပတ်သက်သည့် ခံစားချက်တွေ အနည်ထိုင်သွားအောင် ကုစားရသည်။ ပြီးတော့ ကျောင်းဆက်တက်နိုင်အောင် ကြိုးစားရသည်။ စုအတွက် ပြီးတော့ ဖေဖေ စိတ်ချမ်းသာဖို့အတွက်။

သည်နှစ်ထဲမှာပင် စုတို့အိမ်မှာ အပြောင်းအလဲတစ်ခု ဖြစ်လာ၏။

ကိုကိုစိုးနှင့် မမမြတ်တို့ ရန်ကုန်သို့ ပြောင်းလာကြသည်။

ကိုကိုစိုးက အစ်ကိုသုံးယောက်ထဲမှ အလတ်ဖြစ်သည်။ စုတို့မောင်နှမအားလုံး အေးဆေးသော်လည်း ကိုကိုစိုးက နည်းနည်းဆိုးချင်သည်။ မေမေရှိစဉ်ကလည်း ကိုကိုစိုးကို အလိုလိုက်ခဲ့၍ ကိုကိုစိုးသည် အိမ်မှာ ဗိုလ်ပင်ဖြစ်၏။ စု ငယ်စဉ်က ကိုကိုစိုးနှင့် မကြာ မကြာ ရန်ဖြစ်ရသည်။ အထက်အောက်ဖြစ်သော ကိုကိုတိုးနှင့် စုက တစ်ဖက်၊ ကိုကိုစိုး တစ်ယောက်တည်းက တစ်ဖက်။ ဖေဖေက စုတို့ကို အနိုင်ပေးမြဲဖြစ်သော်လည်း မေမေကတော့ ကိုကိုစိုး လုပ်သမျှကိုသာ အကောင်းထင်သည်။

ကိုကိုစိုးသည် အိမ်မှာ အခွင့်အရေးလည်း အယူဆုံးဖြစ်သည်။ အကောင်းဆုံး ပစ္စည်းကိုဆိုလျှင် ကိုကိုစိုး လိုချင်သည်။ သူ

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

အားလုံးထက်သာရမှ ကြိုက်သည်။ အကောင်းကြိုက်တတ်သော ကိုကိုစိ သည် မိန်းမယူတော့လည်း တကယ့် ထိတ်ထိတ်ကြဲကိုမှ ရအောင်ယူခဲ့လေသည်။

မမမြတ်သည် လှသည်သာမက လူကြီးတစ်ဦး၏ သမီးအဖြစ် ကျောင်းမှာ ထင်ပေါ်လေသည်။ မက်သဒစ်ကျောင်းထွက်ဖြစ်ပြီး အင်္ဂလိပ်စကားကိုလည်း မွှတ်နေအောင် ပြောတတ်သည်။ ထိပ်သီး မာနကြီး အရာရှိကြီး၏သမီးကို အများထက်ထူးအောင် အရ ယူပြနိုင်ခဲ့သည့် ကိုကိုစိုးကိုတော့ ချီးကျူးရမည်လား မသိ။

ကိုကိုစိုးသည် တက္ကသိုလ်မှ ဘွဲ့မရခင် ယက္ခကုမ္ဘဏ် ဝန်းရံခသည့်ကြားမှ မမမြတ်ကို ခိုးပြေးခဲ့လေသည်။

သည်တုန်းက မေမေကလည်း ဆုံးပြီးစ၊ အိမ်မှာ ကိုကိုစိုး ပြဿနာတက်ခဲ့တာ သတိရသည်။ ကိုကိုစိုးအတွက် ဖေဖေမှာ လူကြီးအချို့၏ ငြိုငြင်မှုကိုခံရကာ ရာထူးကျမလိုပင် ဖြစ်ခဲ့ရသည်။ နောက်ဆုံးတော့ အားလုံးကို ပြေလည်သွားအောင် ဖေဖေက ကြိုးပမ်းရရှာသည်။ တိုက်တစ်လုံး ကားတစ်စီးကလွဲလျှင် အတွင်းပစ္စည်းများများစားစားမရှိသော ဖေဖေသည် ကိုကိုစိုး ယောက္ခမများ၏ အလိုကျ အင်းယားလိတ်ဟိုတယ်အသစ်ကြီးမှာ တခမ်းတနား လက်ထပ်ပေးခဲ့ရလေသည်။

ကိုကိုစိုးရော မမမြတ်ပါ ကျောင်းနေဆဲမို့ ဖေဖေကပင် မငြိုငြင်အောင် ကျွေးမွေးထားရပြန်သည်။ မမမြတ်သည် အခြေကြီးသူမို့ စုတိုမိသားစုနှင့် ကိုကိုစိုးအပေါ် အနိုင်ယူခဲ့တာ စု ကောင်းကောင်းမှတ်မိခဲ့သည်။ နှစ်နှစ်တာမျှ အိမ်မှာနေပြီးမှ ဘွဲ့လည်းရ၊ ဖေဖေကလည်း အလုပ် မရ ရအောင် ရှာပေးလိုက်ရလေသည်။ ကိုကိုစိုးသည် ယောက္ခမမျက်နှာ ဖေဖေ့မျက်နှာဖြင့် အကောက်ခွန်အရာရှိတစ်ယောက်ဖြစ်ပြီး နယ်လှည့်၍ အမှုထမ်းရသည်။ မမမြတ်မရှိကာမှ ဖေဖေက ကြီးကြီးမေကို ခေါ်ယူခဲ့ရခြင်း ဖြစ်၏။

BURMESE CLASSIC .com
www.burmeseclassic.com

BURMESE CLASSIC .com

စုကတော့ မမမြတ်တစ်ယောက် အိမ်ပေါ်ပြန်ရောက်လာမှာ တော်တော်လေးပဲ လန့်နေမိလေသည်။ ယခင်ကတော့ စုသည် ငယ်သေးသည်မို့ မမမြတ် အိမ်မှာ ကြီးစိုးချယ်လှယ်ပုံကို အရိပ်အမြွက်သာသိပြီး သိပ်နက်နက်နဲနဲ မခံစားခဲ့ရ။ ယခုမှ ပြန်စဉ်းစားပြီး စိတ်ထဲမှာ လေးနေသည်။

စု စာမေးပွဲကျထားသည်ဆိုတော့ အိမ်မှာ ယခင်ကလောက် အလိုလိုက်ခြင်း မခံရတော့ပေ။

'သမီးစု ဒီနှစ်တော့ ကျန်းမာရေးလဲဂရုစိုက်၊ ဝတ္ထုဖတ်တာတွေ ကဗျာစပ်တာတွေကိုလဲလျှော့ဦး၊ စာကိုဖိကျက်၊ သမီးကြီးကြီးမေကလဲ အသက်ကြီးမှ ချက်ရ ပြုတ်ရနဲ့ ပင်ပန်းတယ်ကွယ်၊ အားတဲ့အချိန်မှာ ကူလုပ်ပါဦး'

ဖေဖေသည် စု၏ ကိုယ်ပိုင်အချိန်တွေ မရှိရအောင် မီးဖိုချောင်ထဲ တွန်းပို့လေသည်။ စုကတော့ မှားမိသည့်ဝန်တာ ရှိလေပြီမို့ ဖေဖေတို့ ကြီးကြီးမေတို့ရှေ့မှာ သမီးလိမ္မာဖြစ်အောင် နေပြရတော့သည်။

'ကိုစိုးတို့ မြတ်တို့ရောက်လာရင်တော့ ကြီးကြီးမေလဲ ရိပ်သာလေး ဘာလေးသွား၊ ကိုယ့်ဖို့ပါအောင် လုပ်ချေဦးမယ်ကွယ်'

ကြီးကြီးမေက လေသံပစ်တော့ စု အားငယ်မိပြန်သည်။ သို့သော် မတတ်နိုင်။ စုရဲ့ ဘဝမှာ တကယ်တမ်းရုန်းကန်လှုပ်ရှားရတယ်ဆိုတာ မရှိသေးပါဘူး။ စုဟာ ဖေဖေတို့ ကြီးကြီးမေတို့ မပါဘဲလည်း လောကကြီးထဲမှာ နေလို့ရအောင် ကျင့်ရမှာပဲဟု အားတင်းထားလိုက်လေသည်။

စုတို့ မျှော်လင့်ထားသလိုပင် ကိုကိုစိုးတို့သည် သူတို့အတွက်ရသည့် တိုက်ခန်းက ကျဉ်းလွန်း၍ မနေလောက်ဟုဆိုကာ အိမ်ပေါ်သို့ပြောင်းရွှေ့လာကြလေသည်။ ဖေဖေကတော့ သားသမီးများကို မေတ္တာဖြင့် ခြုံထွေးမြဲအတိုင်း ကြည်ဖြူစွာပင် ဆီးကြိုသည်။

BURMESE CLASSIC .com

www.burmeseclassic.com

မမမြတ်သည် အိမ်ပေါ်ရောက်သည်ဆိုလျှင်ပင် အစစအရာ ဦးဆောင်တော့သည်။ မမမြတ်တို့မှာ သားလေးတစ်ယောက်ပါလာသည်။ ကလေးထိန်းသည့် ကောင်မလေးတစ်ယောက်လည်း အလိုအလျောက် ပါလာသည်။ အိမ်မှာ အိမ်ဖော်ထားလေ့မရှိသော်လည်း ဖေဖေက မြေးကို ချစ်သည်မို့ ဘာမျှမပြော။ ပြီးတော့ ဖေဖေသည် သားသမီးများကိစ္စကို နေရာတကာ လိုက်ပြောတတ်သည့်သူတစ်ယောက်လည်း မဟုတ်လေတော့ ချွေးမဖြစ်သူကိုလည်း ယခင်ကလိုပင် ယုံယုံကြည်ကြည် အာဏာကုန် လွှဲအပ်ထားသည်။ မမမြတ်သည် ဖေဖေ့အကြိုက် ဟင်းလျာများကိုသာမက တစ်အိမ်လုံးကိစ္စကို စီမံခန့်ခွဲလေသည်။

စုက အငယ်ဆိုတော့ မမမြတ်စကားကို နားထောင်ရသည်။ မမမြတ်ရောက်လာသည့်အတွက် အေးဆေးငြိမ်သက်နေသော အိမ်ကြီးသည် ခေတ်မီလှုပလာသည်ကတော့ အမှန်ပင်။ မမမြတ်က အရာရှိ အရာခံ အထက်တန်းအသိုက်အဝန်းမှာ ကြီးပြင်းလာသူဆိုတော့ ပွဲကြီးလမ်းကြီးတွေ ညေ့ခံပွဲတွေကိုလည်း ဝါသနာပါသည်။ ဖေဖေ့အိမ်ပေါ်မှာ ယခင်ကလို အလုပ်လက်မဲ့ ကျောင်းသူ ကျောင်းသားဘဝနှင့် ခိုကပ်နေရသည် မဟုတ်တော့ပြီမို့လည်း မမမြတ်က ယုံကြည်မှု အပြည့်ရှိနေသည်။

အိမ်မှာ အခြေကျသည်ဆိုလျှင်ပင် မမမြတ်က ကိုကိုစိုး၏ ရာထူးအဆင့်အလိုက် လုပ်ဖော်ကိုင်ဖက်များနှင့် အခြားမိတ်ဆွေများအား တွေ့ဆုံမိတ်ဆက်ပွဲများကို စတင်လေသည်။

'စုရေ၊ ဒီနေ့လာမှာ မမမြတ်တို့ ဖေဖေရဲ့ မိတ်ဆွေဟောင်း တစ်ဦးရဲ့သားပဲ၊ နိုင်ငံခြားက ပြန်ရောက်တာ မကြာသေးဘူး၊ ကိုကိုနဲ့လဲ တွေ့ရအောင် ညစာစားဖို့ဖိတ်ထားတယ်'

စုကတော့ မမမြတ်၏ လက်ရာတွေကောင်းကြောင်း ကြွားနိုင်စေဖို့ မီးဖိုချောင်ထဲမှာ ချွေးထွက်အောင် လုပ်ရမည့်အရေးကို တွေးကာ စိတ်ပျ

www.burmeseclassic.com

BURMESE CLASSIC .com

မိသည်။ စုကို အလိုလိုက်သော၊ ကြက်သွန်နီရောင် မျက်ရည်ထွက်တတ်၍ ငရုတ်သီးပင် မထောင်းခိုင်းသော ကြီးကြီးမေကို သတိရမိလေသည်။ ကြီးကြီးမေကတော့ သူ့စကားအတိုင်း ရိပ်သာသို့ ရှန်းထွက်သွားလေပြီ။

သို့သော် ထိုနေ့ကတော့ ထူးခြားသည်ဟု ဆိုရမည်။

'စုရေ အဲဒါတွေထားလိုက်ပါကွယ်၊ ကိုအေးမောင် မိန်းမကို လာကူဖို့ခေါ်ထားတယ်၊ သူလာတော့ လုပ်လိမ့်မယ်၊ လာ၊ အဝတ်အစားလေး လဲပါဦး၊ ညွှဲ့သည်ကို ညွှဲ့ခံရအောင်'

စုကတော့ မမမြတ်၏ ညွှဲ့သည် မည်မျှကြီးကျယ်မှန်းမသိ။ ရိုးရိုးပင်ဝတ်စားကာ ထွက်လာခဲ့သည်။ မမမြတ်ကတော့ အင်္ဂလိပ်စကားကို မွှတ်နေအောင်ပြောပြီး ညွှဲ့သည်နှင့် မိတ်ဆက်ပေးသည်။ ဖေဖေကလည်း ချွေးမလုပ်သမျှကို တပြုံးပြုံး။ ညွှဲ့သည်က နိုင်ငံခြားပြန်ဆိုသော်လည်း ထည်ထည်ဝါဝါကြီး မဟုတ်။ ရည်ရည်မွန်မွန်ပင်ဖြစ်သည်။

'စု မှတ်ထားနော်၊ သူ့နာမည် ကိုအောင်ခိုင်တဲ့၊ မကြာခင် ပညာရေးဌာနမှာ အလုပ်ဝင်ရတော့မှာ၊ ဒါ စုလေ၊ ကိုကို့ညီမ အငယ်ဆုံး'

'ဟုတ်ကဲ့ ဦးအောင်ခိုင်၊ စု မှတ်ထားပါ့မယ်၊ စုကတော့ ပထမ နှစ်တောင် အောင်အောင်မဖြေနိုင်ဘူး ဟင်း ဟင်း'

စုက ကလေးဆန်ဆန်ပြောတော့ ကိုအောင်ခိုင်က စုကိုကြည့်ပြီး ပြုံးနေသည်။ စုသည် ရုပ်ရည်အားဖြင့် ဘယ်ယောကျ်ားပဲဖြစ်ဖြစ် သဘောကျနိုင်သည်ဆိုတာ မမမြတ်က သိထားသည်။ ပြီးတော့ မမမြတ်က မိန်းကလေးတစ်ယောက်အတွက် အရေးကြီးသည်မှာ အလားအလာကောင်းသော၊ သို့မဟုတ် ချမ်းသာသော ယောကျ်ားကို ရယူဖို့ဟု နားလည်ထားသည်။ မမမြတ်က စုကို စေတနာရှိသည်မှာတော့ ယုံမှားစရာ မရှိ။ သို့သော် စု က တမင်တကာဖန်တီးယူရသည့် အဖြစ်မျိုးကို ရှက်သည်။

BURMESE CLASSIC .com

BURMESE CLASSIC .com

'အို စုရယ်၊ ကိုအောင်ခိုင်က ပီအိပ်ချ်ဒီဘွဲ့ ယူလာတာပေမဲ့ အသက်မကြီးသေးပါဘူးကွယ့်'

'ကိစ္စမရှိပါဘူး ခင်ဗျာ'

ဖေဖေကတော့ ကိုအောင်ခိုင်ရည်မွန်ပုံကို သဘောကျ၍ နေလေသည်။

ကိုအောင်ခိုင်ပြန်သွားတော့ မမမြတ်မှာ ကိုအောင်ခိုင့် ချီးမွမ်းခန်းတွေကို ရွတ်ဆို၍မဆုံး။ ပြီးတော့ ပွင့်ပွင့်လင်းလင်းပင် ပြောသည်။

'စု ဘွဲ့ရဖို့ လေးနှစ်တောင်စောင့်ရဦးမှာ၊ မမမြတ်တုန်းကလို အိမ်ထောင်ကျကာစ ဒုက္ခမရောက်ရအောင် အလုပ်ရှိပြီးသားလူနဲ့ စေ့စပ်ထားလိုက်ရင် အကောင်းဆုံးပဲကွယ့်၊ ကိုအောင်ခိုင်တို့အမေက မမမြတ်ကို ပြောဖူးတယ်၊ သူ့သားကအေးတော့ အမိဖမ်းချင်သူတွေ များလွန်းလို့ ကောင်းကောင်းမွန်မွန်မိန်းကလေး၊ မိဘမျိုးရိုးကောင်းတာမျိုးနဲ့ တစ်ခါတည်း ပေးစားလိုက်ချင်တယ်တဲ့၊ ကိုယ့်ငါးချဉ် ကိုယ်ချဉ်တယ်ပဲပြောပြော မမမြတ်ကတော့ စုကို တစ်ခါတည်း သတိရလိုက်တာပဲ စုရေ ဟဲ ဟဲ'

စု ရင်ထဲမှာ အချစ်ကို လုပ်ကြံဖန်တီးယူရမှာ မနှစ်မြို့နိုင်ပေ။ သူ့အလိုအလျောက်ဖြစ်ပေါ်လာသော အချစ်မျိုးကိုသာ လိုလားနှစ်သက်သည်။ ပြီးတော့ စုမှာ အချစ် သို့မဟုတ် အိမ်ထောင်ဖက်တစ်ယောက်ကို အရေးတကြီး ရှာဖွေဖို့ရန်လည်း မလိုအပ်သေး။ ကိုကိုဦးအတွက်ခံစားခဲ့ရသော ဝေဒနာကလည်း ပြေပျောက်ခြင်း မရှိသေး။ သို့သော် ဖေဖေနှင့် မမမြတ်တို့က စုသည် စိတ်ဓာတ်အားဖြင့် အင်အားနည်းသူမို့ မတော်တရော်တွေနှင့် တွေ့သွားမည်စိုးကာ စုကို စောစောစီးစီးအိမ်ထောင်ချပေးချင်နေသည်ကို စု မသိပေ။

စု ဘဝမှာ မည်သည့်အရာကိုမျှ အလျင်စလိုမလုပ်ရန် မိမိကိုယ်ကို ဆုံးမနေဆဲ နေမင်းနှင့်ပြန်ဆုံရသည်။ နေမင်းနှင့် စုသည် လုံးဝ ကင်းလွ

BURMESE CLASSIC .com

www.burmeseclassic.com

သွားသည်ဟု မရှိ။ တစ်နည်းအားဖြင့် နေမင်းသည် စုကို စိတ်ဝင်စားသည့် အရာတွင်တော့ ဖွဲ့ရှိလှသည်။

နေမင်းက စုတက်သည့် အတန်းတွေကို တမင်တကာလိုက်တတ်ခြင်းကို စုက မသိ။

အခြားသူငယ်ချင်းတွေဆီ လာသည်ဟုထင်သည်။ နောက်တော့ နေမင်းသည် စုတက်နေသည့် အတန်းအပြင်ဘက်ကနေပြီး ထိုင်စောင့်နေသည်ကို တွေ့လာရလေသည်။ နေမင်းသည် စုကို မည်သို့ ချဉ်းကပ်ရမည်ကို ကောင်းစွာသိနေပြီ။

စုက သနားကရုဏာရှင်မလေး မဟုတ်လား။

တကယ်တော့ နေမင်းက စု ဘဝထဲကို ညင်သာသိမ်မွေ့သောနည်းဖြင့် ပြန်လည်ဝင်ရောက်ခဲ့ခြင်း ဖြစ်သည်။ နေမင်းကို စု သနားလာသည်။

ကျောင်းမှ ပြန်လျှင်လည်း နေမင်းသည် စုကို စောင့်ရောက်သလိုနှင့် နောက်မှ လိုက်လာတတ်သည်။ လမ်းထဲရောက်လျှင် ကျော်ကျော်တို့အိမ်မှာ စတည်းချကာ ညဉ့်နက်သန်းခေါင်နေသည်။ ညဆိုလျှင် ကျော်ကျော်တို့နှင့် အပေါင်းအသင်းမပျက်၊ ဂစ်တာအတီးမပျက်ပေ။ အိုင်ရင်းတို့အုပ်စုက မည်မျှပင် သူ့ကို ဝိုင်းပထားစေကာမူ နေမင်းက တစ်နည်းနည်းဖြင့် ပါဝင်ပတ်သက်လာစမြဲ။ နေမင်းသည် မထွေးကိုလို၍ ရွှေစွန်ညိုလို ဝဲနေခြင်းသာဖြစ်ကြောင်း သူတို့ မရိပ်မိကြသေး။

နေမင်းက ပျော့ပျော့ပျောင်းပျောင်းဖြစ်လာတော့ စုက နေမင်းကို သနားလာသည်။ ပတ်ဝန်းကျင်က သတ်မှတ်သလောက်လည်း သူဟာ လူဆိုးလေး မဟုတ်ပါဘူးဟု ယုံကြည်လာ၏။ နေမင်း ဆိုးနေ တေနေခြင်းသည် အကြောင်းရှိရမည်ဟု တွေးလာသည်။ ယခုအချိန်အထိ နေမင်းကို ချစ်ဖို့ကြိုက်ဖို့ စိတ်ကူးထဲမှာ မထည့်ဘူးသော်လည်း လေလွင့်ချင်နေသေ

www.burmeseclassic.com

BURMESE CLASSIC .com

နေမင်း၏ ဘဝကို ပြုပြင်ပေးချင်လာသည်။ သူကိုယ်တိုင်ကလည်း စိတ်တွေ လေလွင့်နေခဲ့ဖူးသည်ဆိုတော့ နေမင်းကို ဘဝတူချင်းမို့ စာနာသည်။

နေမင်းက စုနောက်လိုက်ကာ စကားတွေ ပြောနေတတ်သော်လည်း နေမင်းသည် ယခင်ကလိုတော့ စု အပေါ်မှာ ဖွတ်အနိုင်ယူတာမျိုး မပြုမူ တော့ပေ။ သူငယ်ချင်းတွေက စုနှင့် နေမင်း သည်လိုပြေလည်နေသည်ကို မသိကြ။

သို့သော် အဖြစ်မှန်က ကြာကြာလည်း ဖုံးကွယ်မနေ။ စုနှင့် နေမင်း ကျောင်းမှာစကားပြောနေသည်ကို ကိုတိုးက မြင်သွားသည်။ ဖေဖေ့နားကို ပေါက်သည်။

'သမီး စု၊ ဒီနှစ်တော့ စာကို ဖိကြိုးစားမယ်ဆိုလို့ ဖေဖေက မျှော်လင့်ထားတာကွယ်၊ နေတာ ထိုင်တာ ဆင်ခြင်နော်၊ မိန်းကလေး ဆိုတာ တစ်ခါပဲမှားသင့်တယ်'

'သမီး ဘာမှ မလုပ်ပါဘူး ဖေဖေ၊ စာကိုပဲကြိုးစားနေတာပဲ'

'ဒီလမ်းထဲလာလာနေတဲ့ ကောင်လေးကို ဖေဖေတော့ ကြည့်မရ ဘူးကွယ့်'

စုကို ထပ်မမှားစေချင်သော ဖေဖေက တိုက်ရိုက်ပင်ပြောတော့သည်။

'သူက လူကောင်းပါ ဖေဖေ၊ မဟုတ်မခံစိတ်ရှိလို့ သူ့ကို ဆိုးတယ်လို့ ထင်ကြတာပါ'

'ဘာပဲဖြစ်ဖြစ် သမီး၊ ဒီလိုကောင်လေးတွေနဲ့ မပတ်သက်စေချင်ဘူး'

'သမီးက ပြောပြတာပါ၊ သမီးနဲ့ ဘာမှ မပတ်သက်ပါဘူး'

'အေးလေ၊ ဖေဖေကတော့ သမီးတစ်ကောင် နွားတစ်ထောင် ဆိုသလိုများ ဖြစ်နေပြီလား မသိပါဘူးကွယ်၊ ကြိုတုန်းပြောထားရဦးမယ်၊ ဖေဖေက သမီးကို ဘွဲ့မရခင် မောင်အောင်ခိုင်နဲ့ စေ့စပ်ဖို့ သဘော

BURMESE CLASSIC .com

BURMESE CLASSIC .com

ထားတယ်၊ ဘာကြောင့်လဲဆိုတော့ သမီးစိတ်က ပျော့ပျောင်းလွန်းတယ်၊ သမီးကို ထိန်းကျောင်းပြုပြင်ပေးမယ့် လူမျိုးနဲ့ တွေ့စေချင်လို့ပဲ'

'သမီးကိုယ်သမီး ထိန်းနိုင်ပါတယ် ဖေဖေ၊ သမီးအတွက်လဲ အရေးတကြီး ဘာမှ မလုပ်စေချင်ပါဘူး'

'အေး ဖေဖေကတော့ သမီးကို ဘွဲ့မြန်မြန် ရစေချင်လှပြီ'

'သမီး ကြိုးစားပါ့မယ်'

တားမြစ်သည့်အရာကိုမှ တန်ဖိုးထားချင်သော စုက နေမင်းနှင့် အခင်မင်မပျက်ခဲ့။ နေမင်းကလည်း ပတ်ဝန်းကျင်မှာ ဘယ်လောက်ပဲ ဆိုးပေစေ စု ရှေ့မှာတော့ ညင်သာပျော့ပျောင်းသည်။ သည်အကြောင်းတွေကို အိုင်ရင်းက ကြားတော့ စုကို ခါးခါးသီးသီး အပြစ်တင်သည်။

'နေမင်းတို့ မိဘတွေက သိပ်ဆင်းရဲတယ် စု၊ အဖေလဲ မရှိဘူး၊ နေမင်းက ငယ်ငယ်ကတည်းက သူတို့ရပ်ကွက်မှာ ဆိုးလွန်းလို့ မကြာမကြာ ပြဿနာဖြစ်နေတာတဲ့၊ ဒီရပ်ကွက်ထဲမှာလဲ ကျော်ကျော်ကို အတင်းကပ်ပြီး လာနေတာ၊ စုကို လိုချင်လို့ ဖြစ်မှာပဲ၊ ဒီလိုလူမျိုးနဲ့တော့ မပတ်သက်ပါနဲ့ စုရယ်'

'အို မင်းတို့က နေမင်းကိုပဲ ကြည့်မရ ဖြစ်နေတာကိုး၊ သူက ထင်သလောက်မဆိုးပါဘူး၊ သူဘယ်လောက်ပဲဆိုးဆိုး ကိုယ်ပြောရင် သူ နာခံတယ်၊ တကယ်ပဲလူဆိုးလေး ဖြစ်နေဦးတော့ သူဟာ ပြုပြင်လို့ရတဲ့လူ တစ်ယောက်ပါကွယ်'

'ယူ သူ့ကို စိတ်ဝင်စားနေပြီလား ဟင်'

'မဝင်စားပါဘူး၊ ကိုယ်က သဘောကို ပြောတာပါ'

'အင်းလေ၊ ယူစိတ်မဝင်စားပါစေနဲ့လို့ပဲ ကိုယ် ဆုတောင်းပါတယ်'

သို့သော် အိုင်ရင်း ဆုတောင်း မပြည့်ပါချေ။

မမျှော်လင့်သည့်နေ့တစ်နေ့မှာပင် နေမင်းက စုကို ခိုးပြေးသွားပြီ ဟူသော သတင်းကို ကြားကြရလေသတည်း။

BURMESE CLASSIC .com
www.burmeseclassic.com

၄

အားလုံးက အံ့သြကြသလို စု ကိုယ်တိုင်လည်း သူ့ဘဝအပြောင်းအလဲကို သူ မျှားစွာ အံ့သြမိလေသည်။

အဖြစ်အပျက်တွေက မြန်ဆန်လွန်းလှသည်။ မမျှော်လင့်တာတွေ ဖြစ်ခဲ့ရသည်ဟု ဆင်ခြေမပေးလိုသော်လည်း မျှော်လင့်ထားသလို မဖြစ်ခဲ့သည်ကတော့ အမှန်ပင်ဖြစ်လေသည်။

ကရဏာရှင်မလေး စုက နေမင်းဘဝကို လေ့လာသည်။ မုဆိုးမ ကြီးနှင့် ချို့တဲ့စွာနေရသည်။ နေမင်းက သူ့မွေးရာပါ စရိုက်အတိုင်း ဆိုးချင် တေချင်သည်။ လေလွင့်ချင်သည်။ ထိုအခါ နဂိုကမှ သူတို့ဘဝကို အထင်သေးသူများက အပေါင်းအသင်း မလုပ်ချင်ကြ။ နေမင်းသည် တစ်ကိုယ်တော်အဖော်မဲ့စွာ ကြီးပြင်းခဲ့ရသည်။ ပတ်ဝန်းကျင်ကို အရွဲ့တိုက်လာလေသည်။ သူကျင်လည်ရာ ပတ်ဝန်းကျင်ကိုစွန့်ပြီး ပတ်ဝန်းကျင် အသစ်ကို ရှာသည်။ သို့သော် ထိုဝန်းကျင်ကလည်း တသီးတခြား အုပ်စုဖွဲ့နေတတ်သော ပြည့်စုံသူအသိုက်အဝန်း။ နေမင်းကို လက်မခံချင်ကြ

www.burmeseclassic.com

နေမင်း သူ့ကို မလိုလားမှန်းသိလျက် ဇွတ်ဝင်သည်။ ကံအားလျော်စွာ ထိုအသိုက်အဝန်းကြားမှာ စုကို တွေ့ရ၏။ စုသည် ထူးခြားသည်။ စုသည် ချစ်စရာကောင်းသည်။ စုကို သူမြတ်နိုးသည်။ သူလိုချင်တာ ရအောင်ယူမည်ဟု ဆုံးဖြတ်သည်။ စုကို အကြမ်းနည်းနှင့်ချဉ်းကပ်၍ မရသောအခါ အနုနည်းနှင့် စည်းရုံးသည်။ သူ့ဘဝကို ပြုပြင်ထိန်းကျောင်းရန် စုဆီမှာ အပ်နှင်းသည်။

အညတရ ဗေဒါပန်းကိုမှ ကြင်နာယုယလိုသည့် စု။ ကိုကိုဦးနှင့် လွဲရသည်ကို ပတ်ဝန်းကျင်ကြောင့်ဟု ထင်ခဲ့သော စုသည် နေမင်းကိုတော့ ပတ်ဝန်းကျင်က တားသည့်ကြားမှ သူ့စေတနာဖြင့် ငြိမ်သက်အောင် လုပ်နိုင်မည်ဟု ယုံကြည်ကိုးစားကာ မားမားမတ်မတ် ရပ်တည်ပေးခဲ့ခြင်း ဖြစ်လေသည်။

သို့သော် သည်မျှမြန်ဆန်သော အချိန်ကာလအတွင်း သည်လို အပြောင်းအလဲတွေ ဖြစ်လာလိမ့်မည်ဟု မထင်ခဲ့မိတာတော့အမှန်ပင်။

နေမင်းရဲ့ဘဝကို စာနာစွာလေ့လာဖို့ နေမင်းရှိရာကို သူလာခဲ့မိသည်။ ချို့တဲ့စွာ ဘဝကို ရုန်းကန်နေရသော နေမင်း၏ မိခင်ကို မြင်ရတော့ သူ သနားသည်။ နေမင်း၏ အပယ်ခံဘဝကို သူ ကြေကွဲမိသည်။ သည်အချိန်မှာ နေမင်းက သူ့ဘဝထဲကို စု ဝင်ရောက်လာနိုင်ဖို့ အလွယ်ဆုံးသော တံခါးကို ဖွင့်ပေးခဲ့လေသည်။

‘စုကို လမ်းထဲမှာတစ်ခါ၊ ကျောင်းပွဲတော်မှာတစ်ခါတခြားယောက်ျား လေးတွေနဲ့ ယှဉ်ပြီးမြင်ရလို့ ကိုယ့်စိတ်ထဲမှာ မခံမရပ်နိုင်ဖြစ်ပြီး လူဆိုး ကြီး ဖြစ်ခဲ့ရတယ် စုရယ်’

နေမင်းက သူ့မေတ္တာကို ဖွင့်ဟသည်။ အမှန်တကယ်လည်း နေမင်းက စုကို ချစ်သည်။ ယုံမှားစရာမရှိ။

www.burmeseclassic.com

'စုဟာ အဆင့်အတန်းမြင့်တဲ့ ပန်းတစ်ပွင့်ပါ၊ ကိုယ်တို့ လေလွင့်နေတဲ့ဘဝထဲမှာ စု မပျော်ပိုက်နိုင်ဘူးဆိုတာ ကိုယ်သိပါတယ်'

နေမင်းရဲ့ နိမ့်ချမှုတွေကြားမှာ စု အရည်ပျော်ခဲ့ရသည်။

စုက သူတစ်ပါးတန်ဖိုးမထားသည့် အရာကိုမှ မြတ်နိုးတတ်သည့် စုရယ်လေ။

နေမင်းအပေါ်မှာ မေတ္တာထားမိသည့်နေ့မှာပင် စု အိမ်ပြန်နောက်ကျ ခဲ့လေသည်။

သူတို့ ချက်ချင်းလက်ထပ်မည်ဟု မရည်ရွယ်ခဲ့သော်လည်း စုသည် ညအမှောင်မှာ အိမ်ကိုပြန်ပြီး ဖေဖေနှင့် ရင်ဆိုင်ရမှာ ကြောက်နေမိလေ သည်။ ပြီးတော့ ဖေဖေနှင့် မမမြတ်က စုကို မကြာခင် ကိုအောင်ခိုင်နှင့် စေ့စပ်ပေးတော့မည်ဆိုတာ သိထားရပြီး နေမင်းဘဝကို ပိုမိုနစ်မွန်းအောင် လုပ်လိုက်မိမှာ စိုးရိမ်သည်။ သည်လိုနှင့်ပဲ စုသည် မည်သို့မျှ ကြိုတင် မျှော်လင့်မထားမိဘဲ ဘဝကို ဖြုန်းစားကြီး ထူထောင်ဖို့ဖြစ်လာရတော့သည်။

စစချင်း ကြောက်ရွံ့တုန်လှုပ်ခြင်းဒုက္ခနှင့် ရင်ဆိုင်ရလေ၏။

'သူက အိမ်မပြန်ရဲတော့ဘူးတဲ့ အမေရယ်၊ ကျွန်တော်တို့ ဘာလုပ်ရမလဲဟင်'

အမေ့ကို ဒုက္ခပေးမြဲဖြစ်သော နေမင်းသည် တကယ့်အရေးမှာ အမေ့ကိုပဲ အားကိုးမိပြန်သည်။

'ဟဲ့သားရယ်၊ ကလေးမလေးက မျက်နှာကြီးထဲက မဟုတ်လား၊ အမေတို့ကို အမှုတွေ ဘာတွေ ပတ်နေပါ့မယ်'

အမေက ရိုးသားစွာပင်ပြောသည်။

'ဘယ်လိုလုပ်မလဲ အမေ၊ အခုလဲ ပြန်သွားရင် သူ့ဖေဖေက သူ့ကို ရိုက်မှာတဲ့၊ သူ့ယောက်မနဲ့လဲ ရင်မဆိုင်ရဲဘူးတဲ့၊ ပြီးတော့ သူတို့က သူ့ကို မကြာခင် ယောကျ်ားတစ်ယောက်နဲ့ စေ့စပ်ကြောင်းလ

www.burmeseclassic.com

BURMESE CLASSIC .com

တော့မှာတဲ့ အမေရယ်၊ ခုတိုင်းဆိုရင် ချက်ချင်းတောင် ပေးစားမယ်လား မသိဘူး၊ ဒီလိုဆို ကျွန်တော်တော့ အသည်းကွဲမှာပဲ'

သည်လိုတော့လည်း အမေက စုကို နှမြောမိသား။ စုကို မြင်မြင်ချင်း ငါ့သားက လူကသာဆိုးပေဖြစ်နေပေမယ့် ကြန္ဒြေသိက္ခာရှိပြီး ချစ်စရာကောင်းတဲ့ မိန်းကလေးတစ်ယောက်ကိုတော့ တွေ့အောင်ရှာနိုင်ခဲ့သားပဲဟု ကျေနပ်နေမိသူဖြစ်သည်။ ယခု သည်မိန်းကလေးက အိမ်မပြန်ဝံ့တော့ဘူးတဲ့။ သားကလဲမလွှတ်ချင်ဘူး၊ ဘယ်လိုကြံရပါ့။

'ဒီလိုလုပ်လေ၊ မိန်းကလေးပြန်မရောက်ရင် သူ့အိမ်က လိုက်ရှာမှာပေါ့၊ တစ်နေရာရာမှာ လုံခြုံအောင် ပုန်းနေကြပါလား'

'အဲဒါပြောတာပေါ့၊ ကျွန်တော်တို့ ဘယ်သွားရမလဲ'

'အင်းစိန်မှာတော့ ငါ့ အစ်ကိုဝမ်းကွဲတစ်ယောက်ရှိတယ်၊ တော်ဘွားကြီးကုန်းကလေ၊ မင်း တစ်ခါရောက်ဖူးရဲ့ မဟုတ်လား'

'သြော် သိပြီအမေ၊ ကျွန်တော်တို့ ခုပဲသွားမယ်၊ သူတို့လာမေးရင် ကျွန်တော့်သူငယ်ချင်းတစ်ယောက်နဲ့ မော်လမြိုင်ဘက်ကို လိုက်သွားတယ်လို့ ပြောလိုက်နော်'

'အေး သွားတော့ အချိန်မရှိဘူး၊ သိပ်မှောင်နေရင် မိန်းကလေးအတွက်လဲ မကောင်းဘူးကွယ့်၊ ဘတ်စ်ကားစောင့်မနေနဲ့ ကားငှားသွား'

'သြော် အမေ'

'ဘာလဲဟဲ့'

'ပိုက်ဆံပေးဦးလေ အမေရယ်၊ ကျွန်တော်တို့မှာ တစ်ပြားမှ မရှိတာ'

အမေသည် နောက်ဖေးသို့ဝင်ကာ ဖျာအောက်မှ ကျပ်တန်လေးများနှင့် ငါးကျပ်တန်လေး သုံးရွက်ခန့်ကို နှိုက်ထုတ်ခဲ့လေသည်။

BURMESE CLASSIC .com
www.burmeseclassic.com

BURMESE CLASSIC .com

စုမှာ ကြောက်ရွံ့အားငယ်စွာနှင့် အိမ်ဘေးက သရက်ပင်အောက်မှ ထိုင်နေသည်။ စုသည် ရောက်ကတည်းကပင် ထိုနေရာမှာ ထိုင်နေခြင်း ဖြစ်၏။ သူတို့နှစ်ယောက် စကားပြောနေသည်ကို အနှောင့်အယှက်မပေးဘဲ အမေက အကဲခတ်နေခဲ့သည်။ နေစောင်းမှန်းမသိ စောင်းလာသည်။ ယခုမှ သူတို့နှစ်ယောက် ပျာယာခတ်ကြသည်။ ကလေးတွေများ တယ်ခက်တာပဲဟု အမေ ညည်းညူမိ၏။ သို့သော် စုလို မိန်းကလေးတစ်ယောက် အိမ်ပေါ်ရောက်လာခြင်းကို အမေ ဝမ်းမသာဘဲမနေနိုင်ပေ။

'လာ စု၊ ကိုယ်တို့ တစ်နေရာရာကို သွားကြမှ ဖြစ်မယ်'

စုက အားငယ်စွာဖြင့် နေမင်းကို မော့ကြည့်မိလေသည်။ တကယ်တော့ စု ကိုယ်တိုင်က နေမင်းနှင့်အတူ ရှိနေခဲ့ရသည်ကို သာယာနေခဲ့မိသည်။ ထို့ကြောင့်လည်း ယခုလို အခြေရောက်လာရခြင်း ဖြစ်၏။ သည်အတိုင်းတော့ ဆက်နေ၍ မဖြစ်ပြီ။

'ဖြစ်ပါ့မလား ကိုနေမင်းရယ်၊ စု ကြောက်တယ်'

'စု အိမ်ပြန်သွားရင်တော့ ကိုယ်တို့ နောက်ထပ် ဘယ်တော့မှ တွေ့ကြရမှာ မဟုတ်တော့ဘူး'

နေမင်းက တကယ်ပင် စိုးရိမ်စွာဖြင့်ပြောသည်။

နေမင်း စုကို တကယ်ချစ်သည်။ တွေ့စကစပြီး ယခုထိ ချစ်ဆဲ ဖြစ်သည်။ စုကို လက်လွှတ်ရမှာ စိုးသည်။ ယခုအခြေအနေသည် စုကို သူပိုင်ဆိုင်နိုင်ဖို့ အကောင်းဆုံးအခွင့်အရေးပင် မဟုတ်လား။ နောက်ဆုတ်၍ မဖြစ်နိုင်တော့ပေ။ သို့မဟုတ် နောက်မဆုတ်ချင်တော့ပေ။

'ခု ဘယ်သွားမှာလဲဟင်'

'လုံခြုံတဲ့တစ်နေရာပေါ့ စုရယ်၊ ကိုယ်တို့ကြာကြာနေလို့ မဖြစ်တော့ဘူးလေ၊ သွားကြစို့ စုရယ်၊ ကိုယ့်ကိုယုံပါ၊ စု ဒုက္ခရောက်အော

BURMESE CLASSIC .com

www.burmeseclassic.com

မလုပ်ပါဘူး၊ စုကို ပိုင်ဆိုင်ချင်တာ တစ်ခုပါပဲ၊ စုကို ကိုယ်ချစ်တယ် စုရယ်

စုမှာ ငြင်းဆန်နိုင်သည့်အင်အားလည်း မရှိတော့။ ဖေဖေရောက်လာ မှာကိုတော့ အမှန်ပင် ကြောက်မိလေသည်။ ဖေဖေသည် ပျော့ပျော့ ပျောင်းပျောင်း ဆုံးမတတ်သော်လည်း ဒေါသပေါက်ကွဲပြီဆိုလျှင်တော့ ကြောက်စရာကောင်းတတ်သည်။

စု နေရာမှ အသာထသည်။ နေမင်း ခေါ်ဆောင်ရာ လိုက်ခဲ့သည်။

'ငါ့သားလေး ကံကောင်းပါစေ'

အမေက တိုးတိုး ဆုတောင်းလိုက်သည်။

စုကတော့ ထိုအချိန်မှစပြီး ကံဆိုးမသွားရာ မိုးလိုက်လို့ ရွာခဲ့လေ သည်။

* * *

အင်းစိန်မှာ နှစ်ရက်ကြာသည်။

စုတို့နှစ်ယောက်လုံး အပြင်မထွက်ရဲ။

နွေရက်ကလည်း ပူပြင်းလှသည်။ စုတို့ ပုန်းအောင်းနေရာ ခြံကြီး အတွင်းဝယ် ငုပင်ကြီး ထီးထီးမားမားရှိကာ ငုပန်းတို့ ငုံဖူးစ ပြုနေလေ သည်။ စုသည် ငုပင်အောက်မှာထိုင်ရင်း သူ့ဘဝအပြောင်းအလဲမြန်ပုံကို တွေးနေမိသည်။ အခုဆိုရင် ဖေဖေတစ်ယောက် မည်မျှ သောက ရောက်နေလေပြီလဲ၊ အို စုမှားပြီ ထင်ပါရဲ့၊ စုကို ပန်းကလေးတစ်ပွင့်လို အရိပ်တကြည့်ကြည့် နေခဲ့သော ဖေဖေ့ကို စိတ်ဒုက္ခရောက်အောင် စု ပြုမိလေပြီ။ ချက်ချင်းပင် ဖေဖေရှိရာကို ပြေးသွားချင်စိတ် ပေါ်လာမိ လေသည်။

'စု၊ မပျော်ဘူးလား စု ရယ်'

www.burmeseclassic.com

ယခုအချိန်အထိတော့ နေမင်းက စုအပေါ်မှ မခွာဘဲအချစ်စကားပြော ဖွဲ့သီနေနိုင်သေးသည်။ သို့သော် ရှေ့ဆက်ရမည့် ခရီးကို တွေးကြည့်တော့ မရေရာ။ အလုပ်အကိုင်မရှိ။ မည်သို့ စခန်းသွားရမည် မသိ။ ဖေဖေ မပါဘဲ စုဘဝကို ဖန်တီးလို့ရမည်ဟု ထင်ခဲ့တာ မှားများနေပြီလား။

'ပျော်တော့ ပျော်ပါတယ် မောင်၊ ဒါပေမဲ့ စုတို့ ဒီအတိုင်းနေလို့ ဖြစ်မလားကွယ်'

နေမင်း၏ ဦးလေးက ခြံကျယ်ကျယ်ထဲမှာ တဲလေးတစ်လုံးထိုးကာ နေသူဖြစ်သည်၊ သစ်ပင် ပန်းပင်များစိုက်ပျိုးထားသော်လည်း လုပ်ငန်းက သိပ်တွင်ကျယ်လှသည် မဟုတ်။ ဟင်းချက်စရာဖိုးမျှသာ ရသေးသည်။ မိန်းမနှင့် ကလေးသုံးယောက်ရှိသည်။ နေမင်း၏ မေမေ ပေးလိုက်သော ပိုက်ဆံလေးများဖြင့် တရားရုံးမှာ လက်မှတ်သွားထိုးကြရာ ယခု လက်ထဲမှာ တစ်ပြားမှ မရှိတော့။ ထမင်းဝိုင်းမှာ ကလေးတွေနှင့် ဝင်စားရတာ အားနာစရာကောင်းလှသည်။

'နည်းနည်းကြာသွားရင် ကိုယ်တို့ကို ပြန်ခွဲကြမှာ မဟုတ်တော့ပါဘူး၊ အဲဒီတော့ ကိုယ်အလုပ်တစ်ခုခု လုပ်ပါ့မယ် စုရယ်၊ စု အဆင်းရဲမခံနိုင်တော့ဘူးလား ဟင်'

'အို မဟုတ်ပါဘူး မောင်ရယ်၊ စု အားငယ်လို့ ပြောတာပါနော်'

'မောင် ကြိုးစားပါ့မယ် စု၊ ကဲ လာ၊ အိမ်ထဲဝင်ကြမယ်'

ကလေးသုံးယောက်သည် ဖိနပ်မပါဘဲ ခြံထဲမှာဆော့ကစားနေကြလေသည်။ အကြီးဆုံးကလေးက သူ့အမေရှူးပေးသော ချဉ်ပေါင်ရွက်တွေကို သယ်ကာ အိမ်ရှေ့ကပြင်မှာ ပစ်ချသွားသည်။ ကစားမက်သော ကလေးကို သူ့အမေက လှမ်းအော်လေသည်။

'ဟဲ့ကောင်လေး၊ အမလေး ချဉ်ပေါင်ရွက်တွေကိုများ ပစ်ချသွားလိုက်တာ၊ အဲဒါ ပိုက်ဆံရမယ့် အလုပ်ဟဲ့၊ နားလည်ရဲ့လား၊ ခွေးကောင်လေး တော်ကြာ မျိုးဖို့ ဆိုဖို့ကျတော့ သူတို့လာပြီ'

www.burmeseclassic.com

နို့ပြင်းကျပြီး ပိန်လှီမည်းခြောက်နေသော အမေဖြစ်သူက သူ့ဝ
အတိုင်း လှမ်းဆူလိုက်သော်လည်း ကလေးက လှည့်မကြည့်။ ရေမြောင်းကို ဖြတ်ကျော်ထားသော တံတားဘေးမှာ ဂေါ်လီသွားရိုက်နေသည်။

'ကလေးတွေများ ခက်တယ်၊ ထမင်းတစ်လုတ်စားဖို့ဘယ်လောက် လုပ်ရတယ်ဆိုတာ နားမလည်ဘူး'

အိမ်ပေါ်ကိုလှမ်းတက်မည့် စုခြေလှမ်းများ ပို၍ လေးကန်သွား ရသည်။

ကလေးအမေသည် စုကို ပြုံး၍ ပြောသည်။

'ကလေးတွေဆိုတော့ ပြောရတယ် မစုရေ၊ မပြောရင်လဲ နားမလည်ဘူး'

သူ့မျက်နှာမှာ အကွေ့အကောက် နည်းပရိယာယ်တွေ ကြွယ်သော လက္ခဏာမရှိ၍ စု ဟင်းချရသည်။ သူ့ဘာသာပြောသော စကားပေမယ့် လည်း စုမှာ လိပ်ပြာမလုံတော့။ ပထမဆုံးရက်က စိတ်လှုပ်ရှား၍ ထမင်း မစားနိုင်ခဲ့။ နောက်ရက်တွေမှာ ဆန်နီ ဆန်ဝါတွေနှင့် ကြွက်ချေး နှောသော ထမင်းကို မျိုမရ၍ ထမင်းစားမဝင်ခဲ့။ ငါးပိရည်ကလည်း ကျဲလှသည်။ ဟင်းရွက်ပြုတ်ကိုတော့ ပေါပေါတို့ရသည်။ နေမင်း ဦးလေးက ညှော်သည် ရှိသည်ဆိုပြီး ငါးပေါက်ကလေးတွေ ဝယ်လာသည်။ အိုးကပ် မွှေးမွှေးလေး ချက်သော်လည်း ဆီနည်းလွန်း၍ အိုးဖင်မှာ တကယ်ကပ်နေပြီး အရိုးတွေပင် ကြေကုန်သည်။

ခွန်းနှင့်ခက်ရင်းနှင့် ထမင်းစားတတ်သော စုသည် လက်သည်း ရှည်ရှည်ထဲမှာ ချေးတွေဝင်ပြီး မည်းနေသော်လည်း ထမင်းကို လက် ငါးချောင်းနှင့် နယ်ရင်း ငိုင်နေမိလေသည်၊

'စု ထမင်းမစားနိုင်ရင် မောင် မြို့ထဲခဏထွက်မယ်ကွယ်၊ အခြေ အနေလဲ နားထောင်ရင်းပေါ့၊ စု ဘာစားချင်လဲ မောင် ဝယ်ခဲ့မယ်လေ

www.burmeseclassic.com

BURMESE CLASSIC .com

နေမင်း သူ့အမေဆီက ပိုက်ဆံသွားတောင်းမည်ကို စု သိလိုက်သည်။ အလုံ ဆင်နင်းကွက်သစ်ရှိ ဈေးဆိုင်လေးများကို ဆီးသီးထုပ်တွေ၊ မရမ်းပြား၊ ကွာစေ့ထုပ်တွေ ဖောက်သည်လိုက်သွင်းသော နေမင်း၏ မေမေကို မြင်ယောင်လာသည်။ ထိုသရေစာထုပ်တွေကို သိမ်ကြီးဈေးမှာ သွားယူရသည်။ ကိုယ့်အတွက် တစ်နေ့ တစ်ဆယ်၊ ဆယ့်ငါးကျပ် ကျန်သည်ဆိုသော်လည်း သားကို ကျောင်းကောင်းကောင်းမှာထားရ၊ မုန့်ဖိုး၊ စာအုပ်ဖိုး ပေးရသည်နှင့် ကုန်ရှာပေမည်။ နေမင်းတို့အဖေ ရှိစဉ်ကတော့ တော်တော်လေးပဲ ချောင်ချောင်လည်လည်ရှိခဲ့သည်ဟု သိရသည်။ နေမင်းအဖေက ပညာတတ်တစ်ဦးမို့ သူ့သား နေမင်းကိုလည်း လူတန်းစေ့အောင်ထားခဲ့သည်။ ယခုတော့ အခြေအနေတွေက တစ်မျိုးဖြစ်သွားလေပြီ၊

'နေပါစေ မောင်ရယ်၊ ဘာမှ မဝယ်ခဲ့ပါနဲ့၊ စု ဖေဖေ့ကိုလွမ်းလို့ စိတ်မကောင်းလို့ ထမင်းမစားနိုင်တာပါ'

နေမင်း မြို့ထဲသွားသည်ကိုတော့ စု မတားလိုပေ။ အခြေအနေ ဘယ်လိုလဲဆိုတာ စုလည်း သိချင်နေသည်။

နေမင်း ထွက်သွားတော့ ညနေစောင်းနေပြီ။ စုသည် ငုပင်အောက်မှာထိုင်ရင်း နေမင်း ပြန်အလာကို မျှော်နေမိလေသည်။ ဖေဖေ စုကို လိုက်ရှာရဲ့လားဆိုတာ စု သိချင်နေသည်။ စုကို သိပ်စိတ်ဆိုးနေပြီလား ဖေဖေရယ်'

* * *

တော်တော်ကြီး မိုးချုပ်မှ နေမင်း ပြန်ရောက်သည်။

လက်ထဲမှာလည်း ထမင်းကြော်အထုပ်ကြီးတစ်ထုပ်ကိုင်လာသည်။ ရောက်ရောက်ချင်း စုနှင့် ကလေးတွေကို ဖြေချကျွေးလေသည်။

BURMESE CLASSIC .com

www.burmeseclassic.com

'အခြေအနေ ဘယ်လိုလဲမောင်၊ ပြောပါဦး၊ ဖေဖေတို့ လာ[illegible] သတဲ့လား'

စုက သိချင်ဇောဖြင့်မေးသည်။ နေမင်းက စကားနည်းနေလေသည်။ အတန်ကြာမှ ဖြေသည်။

'ကိုကိုစိုးနဲ့ မမမြတ် တစ်ခေါက်လာတယ်တဲ့၊ မမမြတ်တစ်ယောက် တည်းလဲ လာတယ်တဲ့၊ အဲ ကိုတိုးကတော့ မောင့်ကို ဓားကြိမ်း ကြိမ်းနေ လေရဲ့တဲ့'

ဖေဖေကိုယ်တိုင်မလာလို့ တော်ပါသေးရဲ့၊ ဖေဖေ့မှာ စုအတွက် အရှက်ရနေပြီ ထင်ပါရဲ့၊ နေမင်း ဝယ်လာသော ထမင်းကြော်ကိုလည်း စု မစားနိုင်။ ကလေးတွေ အားပါးတရ စားနေကြသည်ကို ကြည့်ပြီး ရင်ထဲမှာလည်း ဆို့ကျပ်လာသည်။ အိပ်ရာထဲကို စောစီးစွာ ဝင်ခဲ့လေသည်။

'စု ငိုနေလား ဟင်'

အနားနားကပ်ပြောတော့မှ နေမင်းဆီက ထူးခြားသော ရနံ့ကို ရသည်။

'အို မောင်၊ မောင် အရက်တွေ သောက်လာသလား ဟင်'

စုက တုန်လှုပ်စွာမေးလိုက်သည်။

နေမင်းက မလုံမလဲရယ်သည်။

'ဟိုကောင်တွေလေ၊ ကျော်ကျော်တို့နဲ့တွေ့လို့ အထိမ်းအမှတ်အဖြစ် နည်းနည်းချလာခဲ့ရတယ် စုရယ်၊ စုတို့ လမ်းထဲက လူငယ်တွေကတော့ သူတို့မသိလိုက်ဘဲ မောင်က ကွက်ကျော်ရိုက်သွားလို့ အကြီးအကျယ် မခံမရပ်နိုင် ဖြစ်နေကြတယ်တဲ့၊ ဟဲ ဟဲ'

'အို မောင်ရယ်၊ ဘာဖြစ်လို့ အရက်သောက်ရတာလဲ စု မကြိုက်ပါဘူး'

www.burmeseclassic.com

'နည်းနည်းလေးပါ စုရယ်၊ ကိုယ်က ငြင်းလို့ဘယ်ကောင်းမလဲ ကိုယ်က စုကို ရအောင်ယူနိုင်ခဲ့တော့ ကံအထူးဆုံးဖြစ်နေတာကိုးလို့၊ စု မကြိုက်ရင် မောင် နောက်မသောက်တော့ပါဘူး'

စု သက်ပြင်းချမိသည်။ နေမင်းကို စုက သူ့မေတ္တာဖြင့် ပြုပြင် ထိန်းကျောင်းမည်ဟု အားခဲထားခဲ့သည်။ တကယ်တော့ရေပြင်မှာ အရုပ်ရေးရသလိုများ ရှိလေမလား။

'အို မောင်ရယ်၊ အရက်သောက်ထားရင် စုကို မနမ်းပါနဲ့'

*　　　　*　　　　*

ညကလည်း အိပ်မပျော်ခဲ့။

တစ်ရက်ထက်တစ်ရက် စုဘဝသည် နောက်ဆုတ်၍ မရတော့သည့် အခြေအနေသို့ ရောက်လာရပြီဆိုတာ စု နားလည်လာသည်။ စုမှာ တိုင်ပင်ရမယ့်သူလည်း မဲ့နေသည်။ ဘာပဲဖြစ်ဖြစ် အခုလိုအချိန်မျိုးမှာ အိုင်ရင်းလို သူငယ်ချင်းတစ်ယောက်နှင့်ပဲဖြစ်ဖြစ် ရင်ထဲရှိသမျှကို ပြောပြ လိုက်ချင်သည်။ စုဘဝမှာ လုံးဝ မမျှော်လင့်တာတွေ ဖြစ်ခဲ့ရသည် ဆိုလျှင် အိုင်ရင်းက ယုံပါ့မလား။ စု ကိုယ်တိုင်ကိုက စိတ်ဓာတ်မခိုင်မာလို့သာ ဟု အပြစ်တင်လာပေမည်။ ဖေဖေကကော မည်သို့သော စကားလုံးတွေနှင့် စုကို ဆုံးမဦးမည်လဲ။ စု ဘဝကတော့ပြီးခဲ့ပြီ။

မမျှော်လင့်သည့်အချိန်မှာ လမ်းကြားလေးထဲကို ကားတစ်စီးဝင်လာ သည်။

ကလေးတွေက ဟေးခနဲအော်ကာ နောက်မှ လိုက်လာကြသည်။ အခြေအနေကို စု ချက်ချင်းသိလိုက်သည်။ နေမင်းသည် မျက်နှာပျက်စွာဖြင့် စုကို လှမ်းကြည့်လေသည်။ စုက အိပ်ရာထဲမှာ လှဲနေခြင်းဖြစ်သည်။ ချက်ချင်းပင်ထကာ အိမ်ရှေ့သို့ ပြေးထွက်မည်ပြုလေသည်။

www.burmeseclassic.com

BURMESE CLASSIC .com

'စု စု နေပါဦး စုရယ်၊ မောင့်ကို ပစ်သွားတော့မလို့လား'

နေမင်းက စု လက်မောင်းကို ဆွဲထားသည်။

'လွှတ်ပါမောင်ရယ်၊ ဖေဖေနဲ့ တွေ့ချင်လို့ပါ၊ တွေ့ပါရစေ'

'စု'

နေမင်းက ကြေကွဲစွာခေါ်သည်။ အိမ်ရှေ့မှ လူသံတွေ ကြားနေရသည်။

'မောင့်ကို စု ပစ်မသွားပါဘူး၊ စု တစ်မျက်နှာက နှစ်မျက်နှာ မများပါဘူး မောင်ရယ်၊ စိတ်ချပါ၊ ဒါပေမဲ့ ဖေဖေ့ကိုတော့ တွေ့ပါရစေ'

နေမင်းက စု လက်မောင်းကို လွှတ်လိုက်သည်။ အိပ်ခန်းထဲသို့ နေမင်း၏ အမေ ဝင်လာသည်။ အိပ်ခန်းဆိုသော်လည်း ကျူထရံ တစ်ချပ်သာခြားသဖြင့် အိမ်ရှေ့က အသံတွေကို ကြားနေရသည်။ မမမြတ် အသံစာစာကို ကြားရသည်။

'အမေ၊ အမေ ဘာလို့ပြောလိုက်တာလဲဗျာ'

နေမင်းက သူ့အမေကိုကြည့်ကာ ပြောသည်။ အမေက စုကို ကြင်နာစွာ ကြည့်သည်။

'သူ့အဖေကိုယ်တိုင်လာပြောတော့ အမေလဲသားသမီးချင်းစာနာလို့ ပြောပြလိုက်တယ်ကွယ်၊ ကဲ သမီး စု၊ ထွက်တွေ့လိုက်ပါတော့ကွယ်'

စု အိမ်ရှေ့သို့ ပြေးထွက်သွားသည်။ မမမြတ်က စုကို ဆီးကြို ပွေ့ဖက်လိုက်၏။ စု မမမြတ် ရင်ခွင်ကြားမှာ မျက်နှာအပ်ကာ ငိုချလိုက်မိ၏။ ပြီးတော့ ဖေဖေ့ကို လှမ်းကြည့်မိသည်။ ဖေဖေသည် ကြမ်းပြင်မှာထိုင်ကာ နေမင်း၏ ဦးလေးနှင့် စကားပြောနေလေသည်။

'အင်းလေ ကလေးတွေ မှားကြတာလဲမှားတာပေါ့၊ မတတ်နိုင်ဘူး၊ ခုလို စောင့်ရှောက်ထားတာ ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော်မှာ

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

ဒီသမီးလေး တစ်ယောက်တည်း ရှိတာဆိုတော့ ပရမ်းပတာ မဖြစ်စေချင်ဘူး ကြွန္တြေရရ တင့်တင့်တယ်တယ် ဖြစ်စေချင်တယ်ဗျာ'

သမီးအတွက် ဖေဖေ မျက်နှာအောက်ချပြီး ပြောနေတာကို တွေ့ရတော့ ဖေဖေ့ကို စု သနားလှသည်။ ဖေဖေသည် စုကို မကြည့်ပေ။ စုကို စိတ်နာနေပြီလား ဖေဖေရယ်။

'ဟုတ်ပါတယ်ဗျာ၊ ကျွန်တော်တို့လဲ သားသမီးချင်းစာနာပါတယ်၊ လူကြီးမင်း သဘောကျသလို စီမံပါ၊ ကျွန်တော်တို့ကတော့ ကလေးမအပေါ် မေတ္တာထားတာကလွဲလို့ ခမ်းခမ်းနားနား မတတ်နိုင်ပါဘူး၊ သို့သော်လဲ ဝတ္တရားမပျက် လုပ်စရာရှိရင် နာခံပါ့မယ်'

နေမင်း၏ ဦးလေးက စကားပြောလိမ္မာသည်။ ဖေဖေက တွေနေ သည်။ နေမင်းက စုကိုသာ စိုးရိမ်စွာကြည့်နေသည်။ နေမင်း အမေကလည်း ရိုးအေးသူဆိုတော့ ဘာမှမပြောတတ်။ သူ့သားလိုပင် စု ပြန်လိုက်သွားမှာကို စိုးရိမ်စွာကြည့်နေသည်။

'ဟုတ်ပါတယ်လေ၊ အားလုံးအဆင်ပြေအောင် လုပ်ပေးရမှာပေါ့၊ ခု လောလောဆယ်တော့ မိန်းကလေးကို ပြန်ခေါ်သွားမယ်လေ၊ ဒီမှာလဲ အားနာစရာ၊ ကြာကြာနေလို့ ဘယ်ဖြစ်မလဲမဟုတ်ဘူးလား'

မမြတ်က ဝင်ပြောလိုက်သည်။ နေမင်းအကြီးအကျယ် မျက်နှာ ပျက်သွားသည်။ စုကတော့ ဖေဖေ့ကိုသာ လှမ်းကြည့်နေသည်။ ဖေဖေက စုကို ကြည့်လည်းမကြည့် ဘာမှုလည်း မပြောဘဲနေသည့်အတွက် ဖေဖေ့ ကို ချော့ချင်သည်။ ဖေဖေက လိုက်စေချင်မည်မှာ သေချာသည်ဖြစ်ရာ ဘာပဲဖြစ်ဖြစ် အိမ်ကို ပြန်လိုက်သွားချင်သည်။

'စု ပြန်လိုက်သွားမယ်နော်'

စုက နေမင်းကို တောင်းပန်၏။ ဖေဖေတို့ရှေ့မှာ မောင်ဟုလည်း မခေါ်ရဲတော့ပေ။

BURMESE CLASSIC .com

BURMESE CLASSIC .com

'စုကို သူတို့က ဘယ်တော့မှ ပြန်လွှတ်တော့မှာ မဟုတ်ဘူး'

မမမြတ်က ပြုံးသည်။ နေမင်းကို ပြုံး၍ စကားပြောသည်။ သို့သော် မမမြတ်ပြုံးပုံက အထက်စီးဆန်လှသည်မို့ နေမင်းက ယုံကြည်ခြင်း မရှိ။

'မမတို့လဲ ကိုယ်ချင်းစာပါတယ် ငါ့မောင်ရယ်၊ မင်းတို့ချစ်ချင်းကို မခွဲပါဘူး၊ စီစဉ်စရာတွေရှိတာအားလုံး အေးအေးဆေးဆေးစီစဉ်ရအောင် ခုတော့ ခဏပြန်လိုက်ဦးမှ ဖြစ်မှာပေါ့ကွယ်၊ မင်းတို့ကို ခွဲမလို့ မဟုတ်ရပါဘူး'

နေမင်းက ဘာမျှမပြော။ ကျန်လူများကလည်း ဘာမျှမပြော ဖေဖေ့ကို တစ်ခုခု ပြောစေချင်သော်လည်း ဖေဖေကလည်း ဘာမျှမပြော။ အားလုံး တစ်ယောက်ကိုတစ်ယောက် အကဲခတ်နေသည်မှာ ချောက်ချားစရာ ဖြစ်လာသည်။

'စု ပြန်လိုက်သွားချင်တယ်'

စုက တိုးတိုးပင်ပြောသည်။

နေမင်း၏ အမေက မနေသာဟန်ဖြင့် ဝင်ပြောရတော့သည်။

'မိန်းကလေး ပြန်လိုက်သွားပါစေကွယ်၊ သားတို့လဲ တရားရုံးမှာ လက်ထပ်ပြီးသားပဲဟာ'

ဖေဖေ့မျက်နှာ မည်းသွားသည်။ မမမြတ်က မျက်နှာပျက်သွားသော်လည်း ချက်ချင်း ဣန္ဒြေဆည်လိုက်ပြီး

'ဟုတ်သားပဲကွယ်၊ ဘာစိုးရိမ်စရာရှိလဲ၊ ပြီးတော့ ခဏတစ်ဖြုတ်ပဲဟာ'

နေမင်းက ဘာမျှမပြောတော့၊ စု သဘောပဲဟု ပြောသည့်အနေဖြင့် စုကို ကြည့်နေလိုက်သည်။

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

'ကဲ အားလုံးပဲ ကျေးဇူးတင်တယ်ဗျာ၊ မှောင်နေပြီ၊ ပြန်ကြရကောင်းမယ်ထင်တယ်'

ဖေဖေက နေရာမှထကာ ပုဆိုးပြင်ဝတ်သည်။ နေမင်း၏ ဦးလေးက ဟုတ်ကဲ့ခင်ဗျာ၊ ဟုတ်ကဲ့ဟု ခပ်သွက်သွက် ပြောလေသည်။ နေမင်းကတော့ နေရာမှာပင် မလှုပ်မယှက် ရပ်လျက်။ စုက နေမင်း၏အမေကို ကြည့်သည်။

'စု သွားမယ်နော်'

အဘွားကြီးသည် စုကို မျက်လုံးများ ပုတ်ခတ် ပုတ်ခတ်လုပ်ရင်း ခေါင်းညိတ်ပြလေသည်။ စုက ဦးလေး၏ မိန်းမနှင့် ကလေးတွေကို နှုတ်ဆက်သည်။ ကလေးများသည် ဧည့်သည်တွေကို အထူးအဆန်းသဖွယ် ငေးကြည့်နေခဲ့ကြလေသည်။

ဖေဖေက စုတို့ကို မစောင့်ဘဲဆင်းသွားလေ၏။

'လာလေ စု'

မမမြတ်က စောင့်ခေါ်သည်။ စု သည်အတိုင်းလိုက်သွားရုံသာ ရှိသည်။ စု ဘာပစ္စည်းမျှလည်း ယူစရာ သိမ်းစရာ မရှိပေ။ အိမ်က ထွက်လာသည့်အတိုင်းပင် ရှိနေသည်။

'သွားမယ်မောင်'

ပြန်ကာနီးမှာမို့ နေမင်း ကျေနပ်အောင် မောင်လို့ ခေါ်လိုက်ရသည်။ မမမြတ်ကိုတော့ မရှက်နိုင်တော့ပြီ။

နေမင်းက စုကို ရီဝေစွာကြည့်နေ၏။ တဖြည်းဖြည်းနှင့် နေမင်း၏ မျက်နှာ နီမြန်းစပြုလာသည်။ သူ စိတ်ဆိုးနေပြီလား။ သူ စိတ်မဆိုးခင် နေရာမှ ထွက်သွားချင်သည်။ နေမင်း၏ အမေက နေမင်း၏လက်မောင်းကို ဆုပ်ကိုင်လိုက်သည်။ မမမြတ်က စိတ်မရှည်သလို စောင့်ဆိုင်းနေလေသည်။

BURMESE CLASSIC .com

'သွားစို့ စု ရယ်၊ သိပ်မှောင်နေရင် မကောင်းဘူး'

www.burmeseclassic.com

BURMESE CLASSIC .com

စုသည် ခြေလှမ်းကိုရွေ့ရန် အားယူရလေသည်။ နေမင်းက ဘာမျှမပြောဘဲ အံကြိတ်ကြည့်နေသည်။ အို သည်လောကထဲက စု ပျောက်ကွယ်သွားရင် ဘယ်လောက်ကောင်းလေမလဲ။ သို့သော် စုသည် မကြာခင် နေမင်းဆီ ပြန်လာမယ်ဆိုတာ ဖွင့်မပြောသော်လည်း ရင်ထဲမှ ပြောနေသည်။ စု အိမ်ပြင်ကို ထွက်ခဲ့၏။ ဖေဖေသည် ကားထဲမှာ ထိုင်စောင့်နေသည်။ ကိုကိုစိုးသည် စောစောကပင် ကားထဲဆင်းထိုင်နေသည်။ မမမြတ်က စု နောက်မှ နေ၍ ဆင်းလိုက်လာခဲ့သည်။ မမမြတ်သည် အိမ်သားများကိုပင် နှုတ်ဆက်ခြင်း မပြုတော့ပေ။ မမမြတ်ကတော့ သည်လိုနေရာကို မလွှဲသာ၍လာရခြင်း ဖြစ်ဟန်တူသည်။ နှုတ်က မည်မျှပင် ချိုချိုသာသာပြောစေကာမူ ထိုသဘောမျိုးကိုလည်း သိသာစေသည်။ မမမြတ်၏ မျက်လုံးများသည် ဝင့်ဝါ၍ ကြောက်စရာကောင်းသည်။

စု ကားပေါ်ရောက်သည်နှင့် မမမြတ်က ကားတံခါးကို အသံမြည်အောင် ပိတ်လိုက်သည်။ သူ့ဘာသာမြည်ခြင်းလည်း ဖြစ်နိုင်ပေသည်။ စု နားထဲမှာတော့ အကျယ်ကြီး မြည်သွားသည်။ နေမင်းတို့ မိသားစုကို အားနာလှသည်။ အထူးသဖြင့် အမေ့ကို အားနာသည်။

ကလေးများက ကားကို လှမ်းကြည့်နေကြသည်။ ကိုကိုစိုးက အရှိန်ဖြင့် မောင်းထွက်လိုက်သည်။ နေမင်း၏ တက်ခေါက်သံကို ကြားလိုက်မိသလိုလို ရှိလေသည်။

* * *

တစ်လမ်းလုံး တိတ်ဆိတ်လာကြ၏။ ညသည်မှောင်လျက်ရှိပြီ။ ဖေဖေသည် ကားမောင်းသူ ကိုကိုစိုး၏ ဘေးမှာ တိတ်ဆိတ်တင်းမာစွာ ထိုင်လျက်လိုက်ပါလာ၏။ ကိုကိုစိုးသည် ကားကို ဂရုတစိုက်မောင်းနေသော်လည်

BURMESE CLASSIC .com

BURMESE CLASSIC .com

တစ်ချက်တစ်ချက်ကားကို ကွေ့လိုက်ပုံ၊ ဟွန်းတီးပုံ၊ ဂီယာဆောင့်သွင်းပုံတွေက သူ ဒေါသဖြစ်နေကြောင်းကို ပေါ်လွင်စေ၏။ ဪ ကိုကိုစိုး ကိုယ်တိုင်လဲ အချိန်မတိုင်မီ ကိုယ်နှစ်သက်ရာ ချစ်သူနှင့် လက်ထပ်ခဲ့သည် မဟုတ်လား။ စုကျမှ အပြစ်ကြီးတစ်ခု ဖြစ်နေပြီလား။ မမမြတ်ကလည်း မျက်လုံးဝင်းဝင်း မျက်နှာတင်းတင်းနှင့် စုကို ဆန့်ကျင်စပြုနေပြီ။ ဖေဖေ့ တစ်မျက်နှာသာမရှိလျှင် စု ပြန်လိုက်လာစရာ အကြောင်းမရှိပေ။ ဘာပဲ ပြောပြော နေမင်း စုကို ချစ်သည်ဆိုတာတော့ စု ယုံကြည်သည်။ နေမင်း၏ မေမေကလည်း စုကို ချစ်သည်။ စုက အချစ်ကို ခံမင်သူဖြစ်သည်။ အချစ်အတွက်စွန့်စားခြင်း၊ အနစ်နာခံလိုခြင်းသည် စု၏ အင်အားများပင် ဖြစ်သည်။ စု မှားသည်ဆိုလျှင်လည်း အချစ်အတွက်မှားခြင်းသာ ဖြစ်သည်။

အိမ်ရှေ့ကို ကားထိုးဆိုက်လိုက်တော့ ကြီးကြီးမေ အိမ်ပြတင်းဝမှ မျှော်ကြည့်နေသည်ကို တွေ့ရသည်။ ဒရိုင်ဘာ ကိုအေးမောင်က ခြံတံခါး လာဖွင့်ပေးသည်။ ကားသည် ကိုယ်ပိုင်ခြံထဲရောက်လေကာမှ ဒေါသတကြီး ဖြင့် ထိုးရပ်လိုက်၏။

ကားထဲမှ ဖေဖေ အရင်ဆုံး ဆင်းချသွားသည်။ ကိုတိုးသည် တံခါးကို လာဖွင့်ပေး၏။ ကိုတိုးက စုကို မီးဝင်းဝင်းတောက်သော မျက်လုံးများဖြင့် ကြည့်နေလေသည်။ အထက်အောက် မောင်နှမဖြစ်၍ ကစားဖော်လည်းဖြစ်သော၊ စုကိုလည်း ချစ်သော၊ အေးအေးဆေးဆေး နေတတ်သော ကိုတိုးသည် စုကို မည်သည့်အခါမျှ ဒေါသနှင့် မကြည့် ဘူးပေ။ ယခုတော့ တစ်လောကလုံးကပင် စုကို ရန်လိုနေကြပြီလား။ စု၏ အိမ်သည် စု၏ အိမ်မဟုတ်သလိုပင် စုကို ကြိုဆိုလေသည်။

စု ယောင်ချာချာဖြစ်နေသည်။ ဖေဖေ ဘယ်ရောက်သွားပြီနည်း။ မမမြတ်နှင့် ကိုကိုစိုးလည်း ဘာမျှစကားမဆိုဘဲသူတို့ သီးသန့်အခန်းသို့ ဝင်သွားကြသည်။ အားလုံး စုအပါးမှ ပျောက်ကွယ်သွားကြသည်။

BURMESE CLASSIC .com

BURMESE CLASSIC .com

အိမ်ရှေ့ တံခါးကိုတော့ အခိုင်အမာ ပိတ်ထားကြပြီးလေပြီ။ စု အားငယ်လာသည်။

စုကို အားလုံး ရှောင်ခွာသွားကြလေပြီလား။ စုသည် ယခင်က စုဟူ၍ သူတို့ အသိအမှတ် မပြုတော့ခြင်း သဘောပေပဲလား။ စုရဲ့ဘဝ သည် ပြောင်းလဲခဲ့ပြီ။ အို စု ဝမ်းနည်းလိုက်တာ။

'သမီး စု'

တိတ်ဆိတ်သောအခန်းအလယ်မှာ တိုးတိုးညင်သာခေါ်လိုက်သံက ပေါ်ထွက်လာသည်။ ကြီးကြီးမေသည် လှေကားထိပ်မှာ ရပ်နေသည်။

'ကြီးကြီးမေ'

စု ရင်ထဲမှ ဝမ်းနည်းအားငယ်မှုတို့ တုန်လှုပ်ချောက်ချားမှုတို့သည် ပေါက်ကွဲထွက်သွားသည်။ စုသည် ကြီးကြီးမေဆီသို့ ပြေးသွားသည်။ တရားခမ္မမှာ မွေ့လျော်မယ်ဆိုပြီး ထွက်သွားတဲ့ ကြီးကြီးမေ၊ စုကြောင့် ပူပန်သောကတွေနဲ့ လောကထဲပြန်ဝင်လာတာလား။ ကြီးကြီးမေသည် စုကို ဆီးယူပွေ့ဖက်လိုက်၏။ စုသည် ကြီးကြီးမေ ရင်ခွင်မှာ မျက်နှာအပ်ကာ ဝမ်းပန်းတနည်း ငိုကြွေးလိုက်မိလေသည်။

ကြီးကြီးမေက စု၏ ဆံပင်လေးများကို ပွတ်သပ်ပေးသည်။

'မိုက်ပါဘိ သမီးလေးရယ်၊ သမီးအတွက် ကြီးကြီးမေတို့ ဘယ်လောက် သောကရောက်ရတယ်ဆိုတာ သိရဲ့လား'

စုသည် အားရအောင် ငိုရှိုက်ဆဲ။

'ဟုတ်ပါတယ် ကြီးကြီးမေ၊ စု မိုက်ပါတယ်၊ စု မှားပါတယ်၊ အဲဒီအမှားအတွက် စုကို ရိုက်ပါကြီးကြီးမေ၊ ဆူပါ ဆဲပါ၊ စိတ်ရှိလက်ရှိ ရိုက်ပါ ကြီးကြီးမေရယ်၊ စု အဲဒါကို ခံယူဖို့ ရောက်လာခဲ့ပြီ၊ ဒါပေမဲ့ စုကို ခွင့်မလွှတ်တဲ့ မျက်လုံးတွေနဲ့ကြည့်တာ စု မခံနိုင်ဘူး၊ စု

BURMESE CLASSIC .com
www.burmeseclassic.com

BURMESE CLASSIC .com

ဘာမှမပြောဘဲနေတာ စု ခံနိုင်ရည်မရှိဘူး၊ စု အပြစ်ဟာ ထိုက်တန်တဲ့ဆုံးမ တောင် မရှိလောက်အောင်ကိုပဲ ကြီးမားနေပြီလား ကြီးကြီးမေရယ်'

ကြီးကြီးမေသည် စုကို ကြင်နာစွာကြည့်နေ၏။

ပြီးတော့ အိမ်ပေါ်ကို တွဲခေါ်သွားသည်။ စု အခန်းထဲကို လိုက်ပို့သည်။

စု အခန်းမှာ ယခင်အတိုင်းပင် ရှိနေသည်။ အိပ်ရာလေးက သန့်သန့်ပြန့်ပြန့်။ စာကြည့်စားပွဲက သပ်သပ်ရပ်ရပ်။ သို့သော် စုကတော့ ယခင်ကစု မဟုတ်တော့။ အပျိုစင်လေး၊ အိမ်၏ သမီးပျိုလေး စုလည်း မဟုတ်တော့။ လက်ထပ်ပြီးသော မိန်းမတစ်ယောက်ဖြစ်ခဲ့ပြီ။ လောကအပြင်ဘက်က ကလေးငယ် စု မဟုတ်။ လောကထဲဝင်ရောက်စ မိန်းမငယ် စု ဖြစ်သည်။

စုသည် သူ့ခုတင်လေးပေါ်မှာ ထိုင်၏။ သူ့ခုတင်လေးသည် နွေးထွေးစွာကြိုဆိုနေဆဲ။ စု မျက်လုံးအိမ်တွင် မျက်ရည်စတို့ ခိုတွဲနေတုန်းပင် ရှိသေးသည်။

'ဖေဖေက စုကို မျက်နှာချင်းမဆိုင်ချင်တော့ဘူးတဲ့လား ကြီးကြီးမေရယ်'

ကြီးကြီးမေက စု၏ ကျောပြင်လေးကို ပွတ်သပ်လိုက်သည်။

'မိဘမေတ္တာကိုတော့ အထင်မလွဲလေနဲ့ သမီးစု၊ မောင်စိုးလှိုင်က သားသမီးကို ချစ်လဲချစ်၊ အလိုလဲလိုက်တာ သမီးအသိပဲ၊ ဒါပေမဲ့ သူက စိတ်လဲသိပ်ကြီးတယ် မဟုတ်လား၊ သမီး ပြန်မလာတဲ့နေ့က စပြီး ထမင်းလဲ မစားဘူးကွယ်၊ ညဆိုလဲ အိပ်ရဲ့လား မသိဘူး'

'စု အပြစ်ပါပဲ ကြီးကြီးမေရယ်'

'သမီးလုပ်သွားတာလဲ အလောသုံးဆယ် နိုင်လိုက်တာကွယ်၊ မိဘပေးစားတဲ့သူကို မလိုချင်လို့ ကိုယ်ချစ်တဲ့သူကိုပဲယူချင်တယ်ထားပါဦး ဒီလောက်မြန်မြန်ကြီးလုပ်ဖို့ မလိုသေးပါဘူး၊ ခုဟာက ဆင်းရဲတ

BURMESE CLASSIC .com
www.burmeseclassic.com

ချမ်းသာတာကို ပြောတာမဟုတ်ဘူးနော်၊ သူတို့လဲမျိုးကောင်း ရိုးကောင်းပါ ကြီးမေတို့ စုံစမ်းပြီးပါပြီ၊ ဒါပေမဲ့ သမီးတို့မှာ ပညာကလဲမပြည့်စုံသေး၊ အလုပ်အကိုင်ကလဲမရှိ’

‘ဟုတ်ပါတယ် ကြီးကြီးမေရယ်၊ အဲဒါကိုတော့ စု ချက်ချင်းပဲ မှားမှန်းသိပါတယ်၊ ဒါပေမဲ့ စု သိတဲ့ အချိန်ဟာ လွန်နေပြီ ကြီးကြီးမေရယ်’

ကြီးကြီးမေက သက်ပြင်းချသည်။

‘ပြီးတော့ သမီး’

ကြီးကြီးမေက စကားကို ရပ်ထားသည်။ စုကို ကြည့်သည်။ စုက ကြီးကြီးမေ ဘာများ ပြောဦးမည်လဲဟု စောင့်ဆိုင်းနေမိသည်။ ခုချိန်ထိတော့ ကြီးကြီးမေ ပြောသမျှတွေက အမှန်တရားတွေချည်းသာ ဖြစ်သည်။

‘ကောင်လေးက ဆိုးလဲ ဆိုးတယ်ဆို’

စု ငြိမ်သက်နေသည်။ နေမင်းကို ဆိုးတယ်ဟုတော့ စု သိပ်လက်မခံချင်။ နေမင်းသည် ပေခြင်း တေခြင်းသာ ဖြစ်မည်။ ဆိုးသည်ဟု သူ မထင်။ ဆိုးတယ်ဆိုသော စကားနောက်မှာ အဓိပ္ပာယ်တွေများစွာရှိနိုင်သည်။ နေမင်းသည် အစဉ်ဆိုးသွမ်း ဟောင့်ရမ်းနေလိမ့်မည်ဟုတော့ စု မထင်ပေ။

ကြီးကြီးမေက စု၏ အဖြေကို စောင့်နေသည်။

‘ဆိုးတယ်တော့ မဟုတ်ပါဘူး ကြီးကြီးမေရယ်၊ လမ်းထဲမှာသီချင်းဆိုတာ ဘာညာ သူ နေတတ်သလို နေတာပါ၊ သူတာဝန်ရှိလာရင် ပြုပြင်လာရမှာပါ’

ကြီးကြီးမေက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းသည်။

‘ကိုတိုးတို့က ပြောတယ် သမီး၊ တော်တော့်ကို ဆိုးတဲ့ တေတဲ့သူကိုမှ သမီးက ကြိုက်တတ်တယ်တဲ့၊ အရပ်ထဲမှာလဲ ကလေကချေ၊ အရက်လဲ သောက် ဆေးခြောက်လဲ ရှူဆို’

www.burmeseclassic.com

'အို မဟုတ်ပါဘူး ကြီးကြီးမေရယ်၊ သူ ဒီလောက်တော့ မဆိ ပါဘူး၊ တချို့က ညဥ့်နက်သန်းခေါင် လူငယ်တွေ စုစုရုံးရုံးနေတာတွေ့ရင် ဆေးချတယ်လို့ ထင်နေတတ်ကြတာ ဖြစ်မှာပါ၊ သူဒီလောက် မပျက်စီးသေးပါဘူး ကြီးကြီးမေ၊ ပြီးတော့ ဘာပဲဖြစ်ဖြစ် သူ့ကို စု ပြုပြင်နိုင်ပါတယ်၊ စု စကားကို သူနားထောင်မှာပါ၊ သူဟာ လူကောင်းတစ်ယောက်ဖြစ်လာမှာပါ ကြီးကြီးမေရယ်'

အရေးကြုံလာတော့ ချစ်သူဘက်က အလိုလိုရပ်တည်မိပြီးသားဖြစ်ရတော့သည်။ ဒီမှာဘက်၏ စစ်မျက်နှာမှာတော့ စုသည် နေမင်းဘက်က ကာကွယ်သည့် သူရဲကောင်းကြီးဖြစ်ရပေတော့မည်။ နေမင်းကို လက်ထပ်ထားသူ မိန်းကလေးတစ်ယောက်အနေဖြင့် နေမင်းဘက်က ဝံ့ဝံ့စားစား အကာအကွယ် ပြုရမည်မှာ ဝတ္တရားတစ်ရပ်ဟု စု ယုံကြည်သည်။ တစ်လောကလုံးကိုပဲဖြစ်ဖြစ် ဆန့်ကျင်ကာ ရပ်တည်ရပေတော့မည်။

ကြီးကြီးမေကတော့ သိမ်မွေ့စွာပင် ပြုံးသည်။ တစ်အိမ်လုံးမှာ စုကို ကြီးကြီးမေ တစ်ယောက်တည်းကသာ လက်ခံတွေ့ဆုံဆွေးနွေးသည့်အတွက် ကြီးကြီးမေကိုပင် ကျေးဇူးတင်ရတော့သည်။

'အေးလေ၊ စဉ်းစားဦးပေါ့ သမီးရယ်'

ကြီးကြီးမေက လေသံကို အပျော့ပျောင်းဆုံးထား၍ ပြောသည်။ စုက ကြီးကြီးမေကို အထိတ်တလန့်ကြည့်သည်။

'စု ဘာကိုစဉ်းစားရမှာလဲ ကြီးကြီးမေ'

'ဘာကိုပဲဖြစ်ဖြစ်ပေါ့ကွယ်'

စုကို ဘာကြောင့် သူတို့ အတင်းပြန်ခေါ်လာသလဲဆိုတာ စဉ်းစားရတော့သည်။ ပြီးတော့ ဖေဖေကကော စုကို ဘာ့ကြောင့် မဆူတာလဲ၊ မရိုက်တာလဲ၊ ဘာမှမပြောဘဲ ဘာ့ကြောင့်များ ရှေ့င်နှုတ်ပိတ်နေနေရတာလဲ။

'စု သူနဲ့ တရားရုံးမှာ လက်ထပ်ပြီးပြီ ကြီးကြီးမေ'

www.burmeseclassic.com

BURMESE CLASSIC .com

ကြီးကြီးမေက အံ့သြဟန်မပြ။ သို့သော် စု၏ အရေးတကြီး အမူအရာကို သိပ်ပြီး အသိအမှတ်ပြုဟန်လည်း မပြပေ။

'သမီး အိမ်ပြန်ရောက်ပြီ စိတ်အေးအေးထားပြီး အိပ်လိုက်ပါဦး ကွယ်၊ သမီးဖေဖေလဲ ခုမှပဲ အိပ်ပျော်တော့မယ် ထင်ပါရဲ့'

'စု ဖေဖေနဲ့ တွေ့ချင်လိုက်တာ ကြီးကြီးမေရယ်'

* * *

နောက်နေ့မနက်မှာတော့ တစ်အိမ်လုံးသည် ယခင်ကလိုပင် ပုံမှန် ပြန်လည်ပတ်ကြသည်။ ခါတိုင်းလိုပင် ဖေဖေသည် မျက်နှာသစ်ပြီး သတင်းစာတစ်စောင်ကိုင်ကာ လက်ဖက်ရည်စားပွဲမှာ ထိုင်လေသည်။ ကိုကိုစိုးနှင့် မမမြတ်လည်း ရောက်လာကြသည်။ ကိုစိုးက ရေမိုးချိုးလျက် ရုံးဝတ်စုံကို အသင့်ဝတ်ပြီး ဖြစ်နေပြီ။ ကိုတိုးက မုန့်ကို ကမန်းကတန်းစား၊ လက်ဖက်ရည်ကို မျှောချကာ ကျောင်းကိုလစ်ဖို့ပြင်နေသည်။ ကလေးတွေက သူတို့အထိန်းဖော်နှင့်အတူ နံနက်စာကို စားနေသည်။ ကြီးကြီးမေက အပေါ်ထပ်မှာ ဘုရားရှိခိုးနေသည်။ ဘာမျှမပြောင်းလဲ။ အားလုံးသည် ယခင်အတိုင်းပင် ရှိနေ၏။ သို့မဟုတ် ဘာမျှ မပြောင်းလဲချင်ယောင် ဆောင်နေကြခြင်းလည်း ဖြစ်နိုင်သည်။

စုသည် လက်ဖက်ရည်စားပွဲမှာ ထိုင်၏။ မမမြတ်က စုနှင့် မျက်နှာချင်းဆိုင်မှာထိုင်ကာ မုန့်ပန်းကန်ကို စုဘက်သို့ တိုးပေးသည်။ ကိုကိုစိုးသည် မမမြတ်ဘေးမှာ ဝင်ထိုင်သည်။ လက်ဖက်ရည်ကို အေးဆေးစွာသောက်သည်။ ဖေဖေက သတင်းစာ အဖတ်မပျက်။ ကိုတိုးက ကျောင်းသို့ထွက်သွားသည်။ နောက် ကိုကိုစိုးက ရုံးသွားရန် ပြင်သည်။

မမမြတ်က ဈေးသွားရန် ကိုအေးမောင်ကို ကားထုတ်ခိုင်းလေသည်။

BURMESE CLASSIC .com

'ဘာစားမလဲ စု'

မမမြတ်က ပုံမှန်အသံဖြင့် မေးသည်။

အားလုံး ဇာတ်တိုက်ထားကြလေရော့သလား။

မနေ့က သို့မဟုတ် လွန်ခဲ့သည့် သုံးရက်က ဘာမှမဖြစ်ခဲ့လေဟန် ဟန်ဆောင်နေကြခြင်းသည် သွေးရိုးသားရိုးမှ ဟုတ်ပါလေစ။ စု သည်းမခံနိုင်တော့။

'ဝယ်ပါ၊ မမမြတ်ကြိုက်တာ ဝယ်ပါ'

စုက နည်းနည်း ဘုတောမိသည်။ ဖေဖေ့ကိုလည်း တစ်ခုခု လုပ်ပစ်ချင်သည်။ ဖေဖေ့ရင်ခွင်ထဲပြေးဝင်ပြီး စုကို ရိုက်စမ်းပါ၊ ဒါမှမဟုတ် တစ်ခုခုပြောစမ်းပါဟု ပြောပစ်ချင်သည်။ ဖေဖေသည် သတင်းစာကြည့်လျက် လက်ဖက်ရည်တစ်ငုံ ယူသောက်သည်။

'မမမြတ် ဈေးသွားလိုက်ဦးမယ်နော်၊ ဩော် စုရေ၊ မခင်အေးကို ဒီအိမ်မှာ ထမင်းချက်ဖို့ ခေါ်ထားလိုက်ပြီ၊ စု နောက်ဖေးဝင်ကြည့်ပြီး ကြည့်ခိုင်းလိုက်ပါနော်'

မမမြတ်က ခပ်ကြော့ကြော့လေး ထွက်သွားဖို့ပြင်လေသည်။

မခင်အေးဆိုသည်က ကိုအေးမောင်၏ မိန်းမ ဖြစ်သည်။ ဩော် တစ်အိမ်လုံးလည်း သူ့လက် သူ့ခြေချည်းပါပဲ။ ခုကော ဒီရုပ်သေ ဇာတ်လမ်းကြီးကို သူဖန်တီးထားလေသလား မသိ။

လက်ဖက်ရည်စားပွဲမှာ စုနှင့် ဖေဖေ နှစ်ယောက်တည်း ကျန်ရစ်သည်။ ဖေဖေသည် သတင်းစာကို လက်မှ ချလိုက်သည်။ လက်ဖက်ရည်ကို တစ်ငုံသောက်သည်။ ဖေဖေ့မျက်နှာကို သေသေချာချာ ရဲရဲဝံ့ဝံ့ ကြည့်လိုက်မိ၏။ ဖေဖေ ပိန်သွားသည်။ အရွယ်လည်းများစွာ ကျသွားသည်ဟု ထင်မိရသည်။ အစကတည်းက ဖေဖေ အရွယ်ကျနေသည်ကို ယခုမှ သတိထားမိခြင်းလည်း ဖြစ်နိုင်ပေသည်။ နှစ်ရက် သုံးရက်အတွင်း ကျသွား သည်တော့ မဖြစ်နိုင်။

www.burmeseclassic.com

ဖေဖေ စုကို မကြည့်သေး။ စုက ဖေဖေ့အကြည့်ကို စောင့်နေရခြင်း ဖြစ်သည်။ စု ဘယ်ကိုမှုမကြည့်ဘဲ ဖေဖေ့ကိုပဲ ကြည့်နေမိသည်။ ဖေဖေ ကလည်း သိပုံရသည်။ ဖေဖေ့မျက်နှာ တဖြည်းဖြည်း မော့လာသည်။ စု စောင့်ကြည့်နေသည်။

သို့သော် ဖေဖေသည် စုနှင့် မျက်လုံးချင်းမဆိုင်မိမှာပင် နေရာမှ မတ်တတ်ရပ်လိုက်လေသည်။

'ဖေဖေ'

စုက လျင်မြန်စွာခေါ်လိုက်သည်။ တုန်ယင်လှိုက်လှဲသော စု အသံသည် ကျယ်လောင်စွာ ထွက်လာသည်။ ဖေဖေ စုကို ကြည့်၏။ ဖေဖေ့မျက်လုံးများ အေးစက်နေသည်။ စုကလည်း ဖေဖေ့ကို မမှိတ်မသုန် ပြန်ကြည့်နေသည်။ စု မျက်လုံးမှာ မျက်ရည်တွေ ဝဲလာသည်။ ဖေဖေ့ မျက်လုံးသည်လည်း တဖြည်းဖြည်း ရီဝေလာသည်။ စု မျက်နှာကို လက်ဝါးနှစ်ဖက်နှင့်အုပ်ပြီး ငိုချလိုက်သည်။

ဖေဖေသည် စုရှိရာသို့ လျှောက်လာခဲ့၏။ စု၏ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်သည်။

'ဖေဖေ စုကို ဒီလိုချည်း စိမ်းစိမ်းကားကား လုပ်မနေပါနဲ့ ဖေဖေ ရယ်၊ ဖေဖေ စုကို ဆူပါ ရိုက်ပါ ဖေဖေ၊ အဲဒီလိုတော့ မနှိပ်စက်ပါနဲ့၊ သမီး မခံနိုင်ဘူး ဖေဖေ၊ ဖေဖေ စုကို ဆုံးမနိုင်ပါတယ်၊ ပြောနိုင်ပါတယ်၊ ဖေဖေ စကားပြောတာကို စု ကြားချင်တယ်'

ဖေဖေက စု ပခုံးကို ပိုမိုတင်းသွားအောင် ဆုပ်ကိုင်လိုက်သည်။

'ခုတော့ အားလုံးလွန်ကုန်ပြီလေ သမီး'

ဖေဖေ့ အသံသည်လည်း တုန်ယင်နေသည်။

'ဒါပေမယ့် သမီး'

ဖေဖေက ဆက်ပြောသည်။

www.burmeseclassic.com

BURMESE CLASSIC .com

‘ဖေဖေပြောတာ ကြားချင်တယ်ဆိုရင်တော့ တစ်ခုပဲပြောချင်တယ် သမီးဘဝကို ပြန်ဆယ်ဖို့ အချိန်ရပါသေးတယ်၊ အဲဒါကို သမီး စဉ်းစား၊ ဖေဖေပြောချင်တာ ဒါပဲ’

ဖေဖေသည် စု၏ ပခုံးကို ဖြေလွှတ်ကာ နေရာမှ ထွက်ခွာသွားသည်။

စုသည် နေရာမှာပင် မလှုပ်မယှက် ထိုင်ကာ ကျန်ရစ်လေသည်။

* * *

‘မဖြစ်နိုင်ပါဘူး မမမြတ်၊ ဒါကတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး စုနဲ့ သူဟာ တရားဝင်လဲ လက်ထပ်ပြီးကြပြီ၊ ပြီးတော့ ပြီးတော့ စုဟာလဲ အိမ်ထောင်သည်တစ်ယောက် ဖြစ်ခဲ့ပြီပဲ မမမြတ်ရယ်’

နောက်ဆုံးစကားကို ပြောရစဉ် စုမျက်နှာသည် ရှက်သွေးဖြင့် နီမြန်းသွားလေသည်။ စု ဆိုလိုချင်တာကတော့ စုသည် ယခင်ကလို အပျိုစင်လေးလည်း ပြန်မဖြစ်နိုင်တော့ပါ ဆိုခြင်းကိုပင်။

မမမြတ်ကတော့ ပြုံးပြီး စုကို ကြည့်သည်။ တစ်ခါတစ်ရံကျတော့လည်း မမမြတ်၏ အပြုံးသည် အဓိပ္ပာယ်တစ်မျိုးဆောင်ကာ ကြောက်စရာကောင်းသည်ဟု စု ထင်မိလေသည်။

‘မမမြတ်တို့ မျက်စိထဲမှာတော့ စုဟာ ဘာမှ မပြောင်းလဲသေးပါဘူးကွယ်’

မမမြတ်ကတော့ အေးအေးဆေးဆေးပင် ပြောနေလေသည်။ တစ်အိမ်လုံးသည် စုကို အေးဆေးစွာပင် ချုပ်ကိုင်ထားကြသည်ကို စု သိရှိလာရသည်။ စုကို အကြမ်းပတမ်းကိုင်တွယ်၍ မရဆိုတာကိုလည်း သူတို့သိထားကြပြီးသောကြောင့် ဖြစ်ပေမည်။

စုကတော့ ဒီကိစ္စကို မအေးဆေးနိုင်ပေ။ သူတို့က စုကို မျက်စိအောက်က အပျောက်မခံပဲ စုရဲ့ ကိစ္စကိုလည်း မေ့ပျောက်ထားကြသည်

BURMESE CLASSIC .com

www.burmeseclassic.com

စု မလိုလားနိုင်ပေ။ ပြဿနာတစ်ခုက ဖြစ်ခဲ့ပြီ။ ထိုပြဿနာကလည်း သေးသေးဖွဲဖွဲမဟုတ်၊ သေးသေးဖွဲဖွဲမဟုတ်သည့်ပြဿနာကို သေးသေးဖွဲဖွဲဟု သဘောထား ဖျောက်ဖျက်နေခြင်းသည် နည်းလမ်းကျပါမည်လော။ စုက ပြဿနာနှင့် ထိုက်တန်သည့် အဖြစ်အပျက်တွေ ဖြစ်စေချင်သည်။

'ဘာမှမပြောင်းလဲဘူး ဟုတ်လား မမမြတ်၊ စုဟာ ကိုနေမင်းဆိုတဲ့ လူတစ်ယောက်နောက်ကို လိုက်သွားခဲ့တယ်လေ မမမြတ်၊ ပြီးတော့ စု သူနဲ့ လက်ထပ်ခဲ့တယ်လေ၊ မမမြတ်တို့က အေးအေးဆေးဆေး ကောင်းကောင်းမွန်မွန် ဖြစ်စေရမယ်ဆိုလို့ စု ပြန်လိုက်ခဲ့တယ်လေ'

မမမြတ်က စုကို သေသေချာချာ စိုက်ကြည့်သည်။

'ဟုတ်တယ်လေ စု၊ ခု အေးအေးဆေးဆေး ကောင်းကောင်းမွန်မွန် ဖြစ်အောင် ဖန်တီးနေကြတာပဲ၊ စု သူနဲ့နေရင် အေးအေးဆေးဆေး ကောင်းကောင်းမွန်မွန် နေရမယ်လို့ ထင်သလားဟင်'

စု မမမြတ်နှင့် ရင်ဆိုင်စကားပြောရမည်မှာ မောလာသည်။ စု ရင်က ဆူဝေလျက်ရှိသည်။ မမမြတ်က တည်ငြိမ်လျက်ရှိသည်။ ဖေဖေသည် သည်ကိစ္စကို မမမြတ်နှင့် အပြီးအပိုင် လွှဲထားလေပြီလား။

'ဘယ်လိုပဲ နေရ နေရ စုက သူနဲ့ လက်ထပ်ခဲ့ပြီးပြီပဲ'

စုက နွမ်းလျစွာဖြင့်ပြောသည်။ စု စိတ်ပျက်ခြင်းတော့ မရှိပေ။ သည်ကိစ္စက စိတ်ပျက် လက်လျှော့လိုက်ရမည့်ကိစ္စမဟုတ်ဟု စု ယုံကြည်သည်။ သို့သော် မောတော့မောနေပြီ။ ပင်လည်း ပင်ပန်းလှပြီ။

'ဒါက လွယ်ပါတယ် စုရယ်၊ စု သူနဲ့ မတွေ့ဘဲနေလိုက်ရင် ပြီးသွားမှာပဲ၊ သူ့မှာ လက်ထပ်စာချုပ်ရှိနေတာ တစ်ခုတည်းအတွက်နဲ့ တော့ ပူနေစရာ မလိုပါဘူး'

မမမြတ်က ငွေရှိသူ၊ ဘာမဆိုလုပ်နိုင်သူတို့၏ လေသံမျိုးဖြင့် ပြောလေသည်။ အမူအရာကလည်း ထိုအတိုင်းပင် ရှိနေသည်။

www.burmeseclassic.com

BURMESE CLASSIC .com

'စုက လက်ထပ်စာချုပ်အတွက် ပူတာမဟုတ်ဘူး မမမြတ်၊ တစ်သက်မှာ တစ်ခါပဲလက်ထပ်မယ်၊ အဲဒါ စု ဆုံးဖြတ်ချက်ပဲ'

စုက ခိုင်ခိုင်မာမာပြောချလိုက်သည်။

'မင်းသတ္တိကို ချီးကျူးပါတယ် စု၊ ဒါပေမဲ့ မမမြတ်တို့က မင်းအတွက်စေတနာနဲ့ တားမြစ်နေရတာဆိုတာကိုတော့ ယုံစေချင်တယ်၊ မမမြတ်စေတနာကို မယုံကြည်ဘူးပဲထားပါတော့၊ စု ဖေဖေရဲ့ စေတနာကော မယုံကြည်ဘူးလား၊ စု အစ်ကိုတွေ မောင်တွေရဲ့ စေတနာကော အလေးမထားတော့ဘူးလား၊ ကိုကိုစိုးကကော ကိုတိုးကပါ သိပ်စိတ်ဆိုးနေကြတယ် စု၊ သူတို့ကတော့ စုကို အနုနည်းနဲ့မရရင် အတင်းအကျပ် တားမြစ်ကြမှာပဲ၊ မမမြတ်က ညီမအချင်းချင်း ပြေလည်အောင် ပြောပါ့မယ်လို့ ပြောထားရတယ်'

မမမြတ်က စုကို မိဘမောင်ဖွား၏ စေတနာ မေတ္တာနှင့် ကိုင်ပေါက်နေလေပြီ။ အို သူတို့ကကော ဘာဖြစ်လို့ စု အပေါ်ပြန်ပြီး မသက်ညှာကြသလဲ။

'သူတို့က ဘာဖြစ်လို့ ဒီလောက်တောင် တားမြစ်ချင်နေရတာလဲ မမမြတ်၊ မမမြတ်တို့လဲ ကိုယ်နှစ်သက်တဲ့ အိမ်ထောင်ဖက်ကို ကိုယ်ရွေးချယ်ခဲ့ကြတာပဲ မဟုတ်ဘူးလား၊ ကိုတိုးလဲ တစ်နေ့ သူကြိုက်တာ သူယူမှာပဲ၊ စုကျမှ ဘာလို့ ကိုယ်ချစ်တာကို ယူတာ ဘာလို့ အတင်းဖျက်နေရတာလဲ'

'စု ပြောမယ်ဆိုရင် ပြောနိုင်ပါတယ်၊ မမမြတ်တို့လဲ ပညာဆုံးခန်းမတိုင်ခင် ယူခဲ့ကြတယ်၊ ချစ်လို့ ယူခဲ့ကြတယ်၊ ဒါမှန်ပါတယ်၊ မမမြတ်ရဲ့ အမှားက ပညာသင်တာ မပြီးသေးခင် ယူတဲ့အမှားပဲရှိတယ်၊ အချိန်စောသွားတာတစ်ခုပဲ ဆိုစရာရှိတယ်၊ စု စဉ်းစားပါ၊ စုက အားလုံးမှားနေပြီ၊ စု သူ့ကို ရွေးချယ်တာကိုကအစ မှားနေပြီ'

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် မမမြတ်ကတော့ သူ့ဘက်က အခိုင်အမ ကာကွယ်စရာ ရှိနေခဲ့ပြန်သည်။

'ကိုအောင်ခိုင်လို လူတစ်ယောက်ကို ရွေးချယ်ခဲ့ရင်တော့ မမှား ဘူးလို့ ဆိုလိုတာလား မမမြတ်ရယ်'

မမမြတ် ရုတ်တရက် မျက်နှာပျက်သွားသော်လည်း ချက်ချင်းပင် ဣန္ဒြေဆည်လိုက်သည်။

'မမမြတ်က မမမြတ်ဖြစ်စေချင်သူနဲ့ မဖြစ်လို့ ပြောနေတာ မဟုတ်ပါဘူး၊ တကယ်တော့ ဒီလို ဖြစ်စေချင်တာလဲ စုရဲ့ အကျိုးပါ၊ ခုပြောနေတာက စုရဲ့ ဘဝတစ်လျှောက်လုံးမှာ ရင်ဆိုင်ရမယ့်အရေးကို ခုအချိန်မှာပြင်လိုက်ရင် ရသေးလို့ အချိန်မီပြင်နိုင်အောင် ပြောနေရတာပါ'

မမမြတ်အသံလည်း နည်းနည်းမာလာသည်။ ကိုအောင်ခိုင်သည် မမမြတ်တို့နှင့် ဆွေမျိုးမကင်းမှန်းတော့ နောက်မှ သိရသည်။

'စု အတွက်ကတော့ အချိန်မမီတော့ပါဘူး မမမြတ်၊ အားလုံးဟာ ပြီးခဲ့ပါပြီ၊ ဒီအတိုင်းပဲရှေ့ကို ဆက်ရမှာပဲ၊ ကောင်းသည်ဖြစ်စေ၊ ဆိုးသည် ဖြစ်စေ စုထိုက်နဲ့ စုကံပဲ ရှိပါစေတော့၊ မမမြတ် စေတနာကိုတော့ လေးစားပါတယ်၊ ဒါပေမဲ့ ပြန်လည်ပြုပြင်ဖို့ဆိုတာကတော့ မဖြစ်နိုင်တော့ ပါဘူး မမမြတ်ရယ်'

မမမြတ်သည် စုကို လက်လျှော့လိုက်ဟန်ဖြင့် သက်ပြင်းကို ခပ်ဆောင့်ဆောင့်လေးချသည်။ တစ်နည်းအားဖြင့်လည်း စုအတွက် ဆက် လက် အပင်ပန်းမခံလိုတော့သည့် သဘောပင် ဖြစ်သည်။

'အင်းလေ မမမြတ်ဘက်ကတော့ ဝတ္တရားကုန်ပါပြီ'

မမမြတ်က စုအခန်းထဲက ထွက်သွားလေသည်။

စုသည် အိပ်ရာပေါ်မှာလှဲချလိုက်ရင်း သူတို့ကြားထဲမှ မည်သို့ ပြန်လည်ရုန်းထွက်ရမည်ကို စဉ်းစားနေသည်။ အိမ်ကတစ်ဖန် ပြန်လည

BURMESE CLASSIC .com

www.burmeseclassic.com

ထွက်ပြေးခြင်းမျိုးကိုတော့ မလုပ်ချင်တော့ပေ။ စု ကလေးလေးလည်း မဟုတ်တော့။ ကလေးဆန်သည့် အပြုအမူမျိုးကို ထပ်ခါတလဲလုပ်လိုစိတ်မရှိ။ သူတို့ကလည်း စုကို ကလေးဆန်ဆန် ချုပ်နှောင်ထားခြင်း မဟုတ်။ စုကိစ္စကို ဖျောက်ဖျက်ထားကြခြင်းသာ ဖြစ်၏။ စု ရှေ့ခရီးကို အနုနည်းဖြင့် ပိတ်ပင်ထားကြခြင်းသာ ဖြစ်သည်။ စုအတွက်လုပ်ပေးရမည့် ကိစ္စတွေကို လုံးဝ အဆွေးနွေးမခံကြခြင်း ဖြစ်သည်။ စု နေမင်းနှင့် လက်ထပ်ခဲ့ခြင်းကို အသိအမှတ်မပြုခြင်းပင် ဖြစ်သည်။

စုကတော့ သူ့ကို တစ်နည်းနည်းနှင့် အသိအမှတ်ပြုလာအောင် စုဘက်ကသာ ကြိုးပမ်းရတော့မည်ကို သိမြင်၍ လာလေသည်။

* * *

‘ယူ သိပ်စိတ်ကူးယဉ်တယ် စုရယ်’

အိုင်ရင်းက ခပ်ညည်းညည်းလေး ပြောလေသည်။ စု အိမ်ပြန်ရောက်ပြီး ဒုတိယနေ့မှာ အိုင်ရင်းရောက်လာသည်။ အိုင်ရင်းသည် စု ပြန်ရောက်သည်ကို သိသိချင်း လာချင်နေခဲ့သည်။ သို့သော် မမြတ်က စုကို တစ်ရက်ခြားပြီးမှ တွေ့ခွင့်ပြုခဲ့သည်။

အိုင်ရင်းနှင့်တွေ့တော့ စုသည် မငိုချင်တော့ပေ။ စုမှာ ငိုချင်သည့် စိတ်တွေလည်း မရှိတော့။

‘ဟုတ်တယ် အိုင်ရင်း၊ ကိုယ်စိတ်ကူးယဉ်ခဲ့တာတော့ အမှန်ပဲ၊ ဒါပေမဲ့ ကိုယ်စိတ်ကူးယဉ်ခဲ့တဲ့ အဖြစ်တစ်ခုပဲလို့တော့ သဘောမထားနိုင်တော့ဘူးကွယ်’

စုက သူ့စိတ်ကို သူ ခိုင်မာအောင် ထပ်တလဲလဲကြိုးစားခဲ့သည့်အတိုင်း မဆိုင်းမတွပင် ပြောလိုက်လေသည်။

www.burmeseclassic.com

BURMESE CLASSIC .com

'ဟေး စု၊ ကိုယ် ယူ့ကို မတွေ့ရတာ ငါးရက်လောက်ပဲရှိပါသေးတယ်၊ ယူ သိပ်ပြောင်းလဲသွားပြီ၊ ဒီလောက်မြန်ဆန်တဲ့ အချိန်အတွင်းမှာ သူက ယူ့ကို ပြောင်းလဲသွားအောင် လုပ်လိုက်နိုင်တာ ကိုယ်ချီးကျူးတယ် ဟား ဟား'

အိုင်ရင်းသည် စုကို လှောင်ခြင်းမဟုတ်၊ တကယ်ပင်သဘောကျစွာ ပြောနေခြင်းဖြစ်သည်။ အိုင်ရင်းသည် စု ပါးပြင်ကို နမ်းလိုက်သည်။ သတို့သမီး အသစ်စက်စက်ရဲ့ ပါးက နမ်းလို့ ကောင်းတယ်ဟုလည်း ပြောလိုက်သေးသည်။

'ကိုယ့်ဘဝကတော့ မမျှော်လင့်ဘဲပြောင်းလဲခဲ့ပြီ အိုင်ရင်းရေ'

'မမျှော်လင့်ဘဲပြောင်းလဲတာလို့ ကိုယ်မထင်ဘူး ယူက နဂိုကတည်းကိုက စိတ်ကူးယဉ်တယ်၊ ပြီးတော့ နေမင်းလိုလူမျိုးကိုလဲ ယူ ပြုပြင်ရင်ရမှာပဲလို့ ထင်ခဲ့တယ်လေ၊ တစ်ခုတော့ရှိတယ်၊ ယူတို့ ဘယ်အချိန်က ကြိုက်သွားကြတာလဲဆိုတာ ကိုယ် မသိလိုက်ဘူး၊ အေးလေ တကယ်တမ်းကျတော့ အနီးစပ်ဆုံးဆိုတဲ့ ကိုယ်က မသိလိုက်တာချည်းပါပဲ'

အိုင်ရင်းက စုကို ဝေဖန်ရင်း စကားနာလည်းထိုးသည်။

'ကိုယ်တို့ အဲဒီနေ့ကမှ ချစ်သွားကြတာပဲ အိုင်ရင်း'

'အို'

အိုင်ရင်းက အံ့ဩစွာ ရေရွတ်လိုက်ပြီးမှ ယူသတ္တိကောင်းတယ်ဟု ပြောလေသည်။

'ဒါပေမယ့် အိုင်ရင်းရယ် ကိုယ်ဘာဆက်လုပ်ရမယ် မသိဘူး၊ ဖေဖေတို့ မမြတ်တို့က ကိုယ့်ကို နေမင်းနဲ့ အဆက်ဖြတ်ပစ်စေချင်နေကြတယ်'

စုမှာ တိုင်ပင်စရာမရှိ။ အိုင်ရင်းကိုပင် ရင်ဖွင့်မိသည်။ အိုင်ရင်းကလည်း စုကို အခင်မင်ဆုံးဖြစ်၍ သနားလည်း သနားသည်။ မပြစ်စေချ

BURMESE CLASSIC .com

www.burmeseclassic.com

တာတွေ ဖြစ်ခဲ့သော်လည်း ပြစ်ပြီးတာကို အတင်းဖျက်တာမျိုးတော့ လူငယ်ပီပီ မကြိုက်ပေ။

'သူတို့ဘက်ကကြည့်ရင်တော့ မှန်တာပေါ့ကွာ၊ ဒါနဲ့ ယူတို့ကကော လင်မယားဖြစ်ခဲ့ကြပြီလား ဟင်'

စုက အရေးထဲမှာ မေးမှမေးတတ်သော အိုင်ရင်းကို ရယ်ရင်း ရှက်သွေးလည်း ဖြာမိသည်။

'ကိုယ်တို့ မောင်လိုနှမလို နေခဲ့ကြတာတော့ မဟုတ်ဘူး အိုင်ရင်း'

အိုင်ရင်းကလည်း ရယ်သည်။

'ဒါဆိုလည်းကွာ ဘာစဉ်းစားနေစရာလိုလဲ၊ အဲဒီလိုပဲဆက်နေပေါ့'

'ဖေဖေက ခုထိ ဒီအကြောင်းကို စကားစ မခံဘူးကွယ်၊ ကိုယ်ကလဲ အပြစ်လုပ်ထားတဲ့သူဆိုတော့ ကြောက်နေတယ်၊ ကိုယ်တစ်ခုခုလုပ်မှ ဖြစ်တော့မယ်၊ ဖေဖေတို့ရှေ့မှာ အပြင်လဲထွက်မသွားချင်ဘူး၊ အိုင်ရင်း ကိုယ့်ကို ကူညီပါ၊ နေမင်းဆီသွားပြီး သူ့မိဘတွေနဲ့ ပြန်အပ်ဖို့ စီစဉ်ပါလို့၊ အဲဒီအခါကျ တို့တစ်ခါတည်းလိုက်သွားတော့မယ်'

'ဟေး ဖြစ်ပါ့မလား၊ ယူ့အဖေကိုတော့ ကိုယ်ကြောက်တယ်နော်၊ ခုတောင် ကိုယ်လာတာ ကြိုက်ရဲ့လား မသိဘူး'

'အိုင်ရင်းကိုတော့ သူတို့ ယုံပါတယ်'

'အေးလေ၊ ကိုယ်ကူညီပါ့မယ်၊ တစ်ခုတော့ သတိပေးချင်တယ်ကွယ်၊ ယူ နေမင်းနဲ့ လိုက်နေလို့ အဆင်ပြေပါ့မလား၊ အဲဒါ စဉ်းစားဦး'

မတတ်နိုင်တော့ဘူး အိုင်ရင်းရယ်၊ ဖြစ်သမျှပဲ၊ စုဘဝက ဒီလိုပဲဖန်တီးခဲ့ပြီပဲ'

'ဒါဆိုရင်လဲပြီးတာပဲကွာ'

အိုင်ရင်းပြန်သွားတော့ စုသည် နဖူးပေါ်လက်တင်ရင်း ကျန်ရစ်သည်။ ယခုအချိန်ထိတော့ နေမင်းသည် စုကို မျှော်လင့်ချက်ဖြ

www.burmeseclassic.com

BURMESE CLASSIC .com

စောင့်ဆိုင်းနေဆဲ ဖြစ်ပေမည်။ သို့မဟုတ် နေမင်းတို့ဘက်က လူကြီးတွေက မင်္ဂလာကိစ္စကို ဘာကြောင့် ကမ်းလှမ်းမလာကြသလဲ။ နေမင်းကကော စုကို မေ့သွားပြီလား၊ နေမင်းသည် မိန်းကလေးတစ်ယောက်ကို လက်ထပ်ပြီး မေ့ထားလောက်အောင်တော့ ရိုင်းစိုင်းလိမ့်မည် မဟုတ်ဟု ယုံကြည်လေသည်။ စုအနေနှင့်တော့ နေမင်းထံတွင် အပ်နှင်းခဲ့ပြီဖြစ်သော သူ့ဘဝကို ပြည်ဖုံးကားချကာ အသစ်ပြန်စလိုသည့်စိတ် မရှိတော့ပေ။ ပြန်လည်စဉ်းစားတော့လည်း သူ နေမင်းကို ချစ်နေသည်ဆိုတာ ပိုမိုသေချာလာသည်။ ကိုကိုဦးကို စွဲလမ်းရခြင်းသည် စိတ်ညွှတ်ပြောင်း ယစ်မူးကြင်းသာဖြစ်၍ နေမင်းကိုတော့ လူကောင်းသူကောင်း ဖြစ်စေချင်သည့် စေတနာနှင့် သူ ချစ်သည်။ နေမင်းက သူ့ကို ဖွတ်တရွတ် အနိုင်ယူခဲ့ပုံတွေကို တွေးကာ သူ သာယာနေခဲ့မိသည်ကို ပြန်လည်သတိရသည်။

စု အခန်းထဲသို့ ကြီးကြီးမေ ဝင်လာသည်။ မမြတ်နှင့် ကြီးကြီးမေသည် စုကို တစ်ယောက်တစ်လှည့်စောင့်ကြည့်ကာ ဖျောင်းဖျနားချခြင်းတာဝန်ကို ယူထားကြဟန် တူလေသည်။

'အိုင်ရင်း ပြန်သွားပြီလား စု'

စုသည် ခုတင်ပေါ်မှာ လဲလျောင်းနေသည်။ စုသည် များစွာလည်း ပိန်ချုံးသွားခဲ့ပြီ။ ညိုမှောင်နေသော မျက်လုံးများသည်လည်း ရွှန်းလက်တောက်ပခြင်း မရှိတော့။ မိမိကိုယ်ကို အကျဉ်းချကာ အခန်းထဲမှာ အောင်းနေခဲ့ရသည့်အတွက် လူသားတစ်ယောက်၏ ပျော်ရွှင်မှုဆိုသည်မှာလည်း ဆိတ်သုဉ်းခဲ့ရပြီ။

ကြီးကြီးမေက စု ခုတင်ပေါ်တွင်ထိုင်လိုက်သည်။

'အိုင်ရင်းဆိုတဲ့ ကလေးမလေးဟာ လူက ခေတ်ဆန်ဆန် နေတတ်ထိုင်တတ်ပေမယ့် စဉ်းစားတွေးခေါ်တာတော့ သမီးထက် သာတယ်၊ လက်တွေ့ကျတယ်၊ တကယ်တော့ ဒီအရွယ်ဟာ အဲဒီလို အားနဲ့မာန်နဲ့

BURMESE CLASSIC .com

BURMESE CLASSIC .com

ဘဝတိုးတက်ရာ တိုးတက်ကြောင်းကို ရှာဖွေကြိုးစားနေသင့်တဲ့ အရွ ပဲကွယ့်၊ စုဟာ အဲဒီလို မာနမျိုးမရှိခဲ့လို့ စောစောစီးစီး ခုလို စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်နေရတာပဲ၊ စု အတွက် အားလုံးလဲစိတ်ဆင်းရဲကြရတယ်’

ကြီးကြီးမေ၏ စကားများကတော့ မမြတ်ထက် လက်ခံနိုင်ဖွယ်ရာ အမှန်တရားများပင်ဖြစ်၏။ သို့သော် ထိုအမှန်တရားများကို စုက ယခုအခါ မည်သို့လျှင် အသုံးချရပါတော့မည်နည်း။

‘စုကိုသာ ထပ်ပြီး စိတ်မဆင်းရဲစေချင်ရင် ကြီးကြီးမေတို့ စုကိစ္စကို ဆောင်ရွက်ပေးသင့်ပါတယ် ကြီးကြီးမေရယ်’

ကြီးကြီးမေက သက်ပြင်းကိုသာ တွင်တွင်ချနေသည်။

‘သမီးဘဝတစ်လျှောက်လုံး စိတ်ဆင်းရဲမှာစိုးလို့ တဒင်္ဂဆင်းရဲမှုကို လက်ပိုက်ကြည့်နေကြရတာပေါ့ကွယ်’

‘စု အတွက် တဒင်္ဂမပြစ်နိုင်တော့ပါဘူး ကြီးကြီးမေ၊ စုက ဒီအပြစ်ကို တစ်သက်လုံး မေ့ပျောက်နိုင်မယ်လို့ ထင်လို့လား’

‘စု ငယ်သေးတယ်’

‘စု လုပ်ခဲ့သမျှကို စု ခါးစည်းခံပါရစေတော့ ကြီးကြီးမေရယ်’

‘သမီး စု၊ ကြီးကြီးမေလဲ အေးအေးဆေးဆေး ရိပ်သာမှာပဲနေချင်ပါပြီကွယ်၊ ခေါင်းမမာပါနဲ့၊ စုဖေဖေက မိသားစုတွေ လားရှိုးကို အလည်သွားကြဖို့ စီစဉ်နေတယ်၊ ဟိုမှာ သမီး စိတ်ပြေလက်ပျောက်နေပေါ့၊ ကြာတော့လဲအနည်ထိုင်သွားမှာပါ’

‘အို စု မလိုက်နိုင်ဘူး ကြီးကြီးမေ၊ ဒီလိုဆို စု ဒီအိမ်ပေါ်က ဆင်းသွားမယ်၊ စုတို့ကိစ္စကို အေးအေးဆေးဆေး ဆောင်ရွက်ပေးမယ်ဆိုလို့ စု ပြန်လိုက်လာခဲ့တာ’

‘ကောက်ညှင်းက မစေးဘဲ ဆန်ကြမ်းကစေးနေလို့ ဖြစ်ပါ့မလား သမီး၊’

BURMESE CLASSIC .com

www.burmeseclassic.com

စု ငိုင်ကျသွားသည်။ နေမင်း ဘာကြောင့် သူ့ထံဆက်သွယ်မကြိုးစားခဲ့လေသနည်း။ သို့သော် စု၏ ယုံကြည်မှုတွေ ပျက်ပြယ်မသွားသေးပါ။ ဘာကိုပဲဖြစ်ဖြစ် နေမင်းနဲ့တွေ့ပြီးမှသာ ဆုံးဖြတ်လိုသည်။

ထိုညတွင် စု မျှော်လင့်သော နေမင်း ရောက်လာခဲ့သည်။

*　　　　*　　　　*

နေမင်းသည် အေးအေးဆေးဆေး ရောက်လာခြင်းတော့ မဟုတ်။

စုက ဖေဖေနဲ့ အေးအေးဆေးဆေး ဆွေးနွေးတော့မည်ဟု အားယူနေဆဲ နေမင်း၏ အသံကို ကြားရသည်။ နေမင်း၏ အသံသည် တိတ်ဆိတ်သော ညယံမှာ ပေါ်ထွက်ခဲ့ခြင်း ဖြစ်သည်။ အိမ်ရှေ့လမ်းမ စုတို့၏ခြံ အပြင်ဘက်ဆီမှ ကုန်းကုန်းပြီးအော်နေသော နေမင်း၏ အသံကို စုက အိပ်ရာထဲမှနေ၍ ထိတ်လန့်တုန်လှုပ်စွာ ကြားလိုက်ရလေသည်။

'ဟေ ဂုဏ်ကြီးရှင်သူဌေးသမီး မရွှေစုရဲ့၊ ဒီမယ် ခင်ဗျားရဲ့ယောကျ်ား နေမင်းလေဗျ၊ ဟိုးတစ်နေ့ကမှ နှစ်ဦးသဘောတူလက်ထပ်ထိမ်းမြားခဲ့တဲ့ ခင်ဗျားရဲ့ယောကျ်ားလေ၊ ဆင်းခဲ့စမ်းပါဗျာ၊ ခုတော့ သံကွန်ချာခုနစ်ထပ်နဲ့ အုပ်ထားလို့ မေ့ချင်ယောင် ဆောင်နေတာလား'

နေမင်း၏ အသံသည် တလောကလုံးပင် ဆူညံနေသည်သို့ ရှိတော့သည်။ အို စု ရှက်လိုက်တာ။ ဘယ်လိုလုပ်လိုက်တာလဲမောင်ရယ်၊ တကယ်ဆို စုနဲ့တွေ့ဆုံဆွေးနွေးဖို့ သင့်ပါလျက် ယခုလို အရှက်တစ်ကွဲ အကျိုးနည်းဖြစ်အောင် လုပ်တာတော့ လွန်လွန်းလှသည်။

'ဘယ်လိုလဲစုရယ်၊ စုလူရိုင်းစိုင်းလိုက်တာ၊ ဟိုမှာ ကိုကိုစိုးနဲ့ ကိုတိုးတော့ တားလို့မရဘူးဆင်းသွားကြပြီ၊ ဒုက္ခတော့ဖြစ်ကုန်ကြတော့မှာ

www.burmeseclassic.com

BURMESE CLASSIC .com

မမမြတ်က စု အခန်းထဲသို့အပြေးအလွှားဝင်လာကာ ပြောသည်

'အို'

စု အိမ်အောက်သို့အပြေးအလွှား ဆင်းလာခဲ့ရ၏။ အောက်မှာ ညီအစ်ကိုနှစ်ယောက်ကို ဖေဖေက ဖျောင်းဖျ တားဆီးနေသည်။

'လူမိုက်နဲ့ပြိုင်ပြီး မမိုက်ချင်ကြပါနဲ့လို့ဆိုနေ၊ ဖေဖေပြောတာ နားထောင်ကြစမ်း'

စုက သူတို့နားသို့ ပြေးသွားမိသည်။

'ကိုကိုစိုး မသွားပါနဲ့ စု သွားလိုက်ပါ့မယ်၊ စု သွားပြောပါ့မယ်'

'သမီး မသွားနဲ့'

ဖေဖေက စုကို လှမ်းအော်သည်။ အိမ်ရှေ့ကလည်း နေမင်း၏ အသံကို ကြားနေရသည်။ ယခင်ကလောက်တော့ မကျယ်တော့။ တစ်ယောက်ယောက်က တားဆီးထားပုံရသည်။ ဗလုံးဗထွေး ဖြစ်နေသည်။

'ဒီကောင်မကို တစ်နေရာပို့ချင်လဲ မြန်မြန်ပို့ပစ်၊ သတ်ပစ်ချင်လဲ သတ်ပစ်လိုက်ဖေဖေ၊ အရှက်ခွဲတဲ့ကောင်မ'

ကိုတိုးက အော်သည်။

'နင် ငါ့ကို ဒီလိုမပြောနဲ့ ကိုတိုး၊ နင် ဒီလိုပြောစရာ မလိုဘူး၊ ငါ့ဟာငါ သွားမယ်'

ကိုတိုးသည် သည်လို ရင့်ရင့်သီးသီးတစ်ခါမှ မပြောဘူး၍ စုက နာကျည်း ဝမ်းနည်းသည်။ မမမြတ်က ညီအစ်ကိုနှစ်ယောက်ကို ဆွဲထားပြီး ဖေဖေက စုကို တားဆီးနေပြန်သည်။

'သမီး သမီး မသွားပါနဲ့၊ ဖေဖေတို့ တစ်ရှက်က နှစ်ရှက်မဖြစ်ပါရစေနဲ့ သမီးရယ်'

ဖေဖေ၏ ကြေကွဲသောအသံကို ကြားရတော့ စု ခြေလှမ်းများ တုန့်နှေးသွားမိသည်။ နေမင်း၏ အသံလည်း တစ်စ တစ်စ ကွယ်ပျောက်

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

သွားသည်။ စုသည် မျက်နှာကို လက်ဝါးနှင့်အုပ်ကာ ငိုကြွေးရင်း အပေါ်ထပ်ကို ပြေးတက်ခဲ့သည်။

'ဒီလိုသာ လာလာပြီး နှောင့်ယှက်နေရင်တော့ ခက်တယ် စုရယ်၊ ညီအစ်ကိုတွေနဲ့ တုတ်တစ်ပြက် ဓားတစ်ပြက်ဖြစ်ကုန်ရင်လဲ လူကြားလို့ မတော်ဘူး၊ သူနဲ့ဝေးရာမှာ ရှောင်နေရင် ကောင်းလိမ့်မယ်'

'အို မမြတ်ရယ်၊ စု တစ်ယောက်တည်း စဉ်းစားပါရစေ၊ စု တစ်ယောက်တည်း နေပါရစေ'

စု နားထဲမှာတော့ နေမင်း၏ အော်ဟစ်သံက တစ္ဆေခြောက်သလို ကျယ်လောင်စွာ အော်မြည်နေသည်။ နေမင်း ဘာဖြစ်နေပြီလဲ။ ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ မောင်ရယ်၊ မောင့်ကို တစ်လောကလုံးက လူဆိုးလို့ သတ်မှတ်နေတာကို သက်သေလာထူပြနေတာလား။ နေမင်းနှင့် ခွဲရပြီးသည့်နောက်လည်း တစ်ညမှ အိပ်မပျော်ခဲ့။ အို ဘဝမှာသာယာခြင်းဆိုတာလည်း မရှိတော့ပါကလား။

နောက်နေ့မှာ အိုင်ရင်း ရောက်လာသည်။

စုသည် အိပ်ရာထဲမှာ ခွေခွေကလေး ဖြစ်နေလေပြီ။

'စု'

အိုင်ရင်းက စု ပခုံးကို သာသာလေးဆွဲကာ ခေါ်သည်။

'အိုင်ရင်းရယ် စု သေချင်လိုက်တာနော်၊ မင်း သူနဲ့ တွေ့ခဲ့ရဲ့လား ဟင်'

'ရှူး၊ တိုးတိုး၊ ကိုယ်လာတာ လူကြီးတွေက သိပ်သဘောကျပုံ မရဘူးကွ၊ ညက အသံတွေကိုလဲ ကိုယ်ကြားတယ်'

'စုတော့ ရှက်တာနဲ့ သေမှာပဲ အိုင်ရင်းရယ်၊ မင်း သူနဲ့ မတွေ့ခဲ့ရဘူးလား ပြောစမ်းပါဦး'

'တွေ့ခဲ့ပါတယ်၊ ရော့ နောက်မှဖတ်'

BURMESE CLASSIC .com
www.burmeseclassic.com

အိုင်ရင်းက စာရွက်တစ်ရွက်ကို စု လက်ထဲထိုးထည့်ပြီး တခြ စကားများကို လွှဲပြောင်းပြောနေလိုက်သည်။ ကြီးကြီးမေ ဝင်လာသံကြား စုက စာရွက်ကို မွေ့ရာအောက်ထဲ ထိုးထည့်လိုက်ရသည်။ သြော် လက်ထပ်ပြီးတဲ့ ခင်ပွန်းသည်ရဲ့ စာကို ရည်းစားစာလို ခိုးဖတ်ရဦးမှာပါလား။ မောင် ဘာတွေ ရေးထားလဲ သိချင်လှသည်။

'သမီး အိုင်ရင်း၊ သမီးသူငယ်ချင်းကို ကြည့်ပြောပါဦးကွယ်၊ ရှမ်းပြည်နယ်ကို စိတ်ပြေလက်ပျောက်ခေါ်နေတာ မရဘူးကွယ့်'

ကြီးကြီးမေက အိုင်ရင်းကို တိုင်တည်သည်။ အိုင်ရင်းက ဣန္ဒြေမပျက် ဟန်ဆောင်ရင်း

'ဟုတ်တယ်၊ အိုင်ရင်းလဲ ဒါပဲပြောနေတာ'

အလိုက်သင့် ပြန်ပြောနေလေသည်။ ကြီးကြီးမေက စုကို ရန်ကုန်မှ ရှောင်နေဖို့ နားချပြန်သည်။ စုက စာကို ဖတ်ဖို့သာ စိတ်စောနေသည်။

'စုက တဖြည်းဖြည်းတော့ စိတ်ပြေသွားမှာပါ ကြီးကြီးမေ'

အိုင်ရင်းက ရောနေပြန်သည်။ အိုင်ရင်းက စုကို မျက်စိမှိတ်ပြပြီး ကြီးကြီးမေကို စကားရောဖောရောနှင့် ခေါ်ထုတ်သွားသည်။ စု မောင့်စာကို ခိုးကြောင်ခိုးဝှက် ဖတ်ရသည်။

**မောင့်အချစ် စု**

မောင် တိုတိုနဲ့လိုရင်းကိုပဲ ရေးလိုက်တယ်။ မောင်တို့ ဘက်က စုတို့ မိဘများနဲ့ တွေ့ဆုံဖို့ အကြိမ်ကြိမ်ကြိုးစားသော်လည်း မအောင် ခဲ့ပါ။ ခုလောက်ဆိုရင် စု နားလည်ပြီဟု ထင်ပါသည်။ မောင့်ဘက် ကလဲ နောက်မဆုတ်နိုင်တော့ဘူး။ စု မောင့်ဆီ မဖြစ်ဖြစ်အောင် ပြန်လာခဲ့ပါ။ ဒီလိုမှ မဟုတ်ရင်တော့ စုဆီကို မောင်ရတဲ့နည်းနဲ့ လာခဲ့မယ်'

စုရဲ့
မောင်

www.burmeseclassic.com

BURMESE CLASSIC .com

နေမင်းက စာကို တိုတိုပဲ ရေးထားသော်လည်း စု အားလုံး နားလည်သဘောပေါက်သွားသည်။ ထိုခဏမှာပင် သည်ကိစ္စကို ဖေဖေနှင့် မကြောက်မရွံ့ ဆွေးနွေးတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

* * *

'သမီး ဆုံးဖြတ်ချက်ကို မပြင်နိုင်တော့ဘူးလား'

ဖေဖေက အေးဆေးစွာပင်မေးသည်။

'သမီးတစ်သက်မှာ တစ်ခါပဲ လက်ထပ်ချင်ပါတယ် ဖေဖေ'

ဖေဖေက ငေးနေသည်။ စု အပေါ် ကရုဏာဒေါသတွေလည်း ထပ်ပွားနေဟန်မတူတော့။ ဖြစ်နိုင်လျှင် စုကို စက္ကူစွန်လေးတစ်ခုလို ဖြတ်တောက် ဖြေလွှတ်ပေးလိုက်ချင်သည်။ သို့သော် အန္တရာယ်ကျရောက်မည်စိုး၍သာ ပြန်လည်ဆွဲငင်နေရခြင်း ဖြစ်သည်။

'အေးလေ၊ ဖေဖေကလဲဘယ် သားသမီးရဲ့ အိမ်ထောင်ရေးကိုမှ စွက်ဖက်ခဲ့တာ မဟုတ်ပါဘူး၊ အားလုံးကျေနပ်အောင် လုပ်ပေးခဲ့တာချည်းပဲ၊ သမီးကိုတော့ ဖေဖေ အချစ်ဆုံး တစ်ဦးတည်းသော သမီးကလေးမို့ ဝင်ပါနေရတာပါကွယ်'

ဖေဖေ့ အသံမှာ ဝမ်းနည်းသံ ပါလာသည်။ စုကလည်း အားတင်း၍ ပြန်ပြောရသည်။

'ဒါပေမယ့် ဖေဖေရယ်'

စုဘဝက လွန်ကုန်ပါပြီဟု စိတ်ထဲမှပင် ဆက်ပြောလိုက်မိသည်။ ဖေဖေကလည်း စု၏ ဆုံးဖြတ်ချက်ကို ကောင်းစွာနားလည်ခဲ့ပြီ။ သားအဖနှစ်ယောက် စကားမပြောဘဲအတန်ကြာ ငေးနေမိကြသေးသည်။ နောက်ဆုံးတော့ ဖေဖေက ဟင်းတစ်လုံးကိုချကာ စကားပြောဖို့ကြိုးစားသည်။

BURMESE CLASSIC .com

BURMESE CLASSIC .com

'သမီးကို ဖေဖေတို့ ဘာလုပ်ပေးရမလဲ၊ သမီးဆန္ဒကိုပဲပြော တော့ကွယ်'

သည်လို အပြောခံရတော့လည်း စု ဝမ်းနည်းလှသည်။ ဖေဖေ၏ အလျှော့ပေးသံသည် ကြေကွဲစရာပင် ဖြစ်သည်။ အသက်အရွယ်ကြီးရင့်သူတို့၏ စိတ်ဓာတ်ကျဆင်းဟန်လည်း ပါနေသည်။ ကိုယ်ဖြစ်စေချင်တာ မဖြစ်ရ၍ အားလျှော့သံလည်း ပါသည်။ မေတ္တာတရားကြောင့် ခွင့်လွှတ်ရခြင်းကိုလည်း ပေါ်လွင်စေသည်။

'သမီးအတွက် ဘာမှ လုပ်ပေးစရာမလိုပါဘူး ဖေဖေရယ်၊ ဖေဖေ့ဆီက ခွင့်ပြုချက်ရရင်ပဲ သမီး ကျေနပ်ပါပြီ၊ သမီးဘဝကို သမီးဘာသာပဲ ထူထောင်ပါတော့မယ်'

စုသည် ဖေဖေ့အပါးမှ ပြေးထွက်ခဲ့၏။ စုဘဝကို ဖေဖေမပါဘဲ လျှောက်လှမ်းကြည့်ဖို့ ဖေဖေ့အပါးမှ ပြေးထွက်ခဲ့လေသည်။

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

# ၅

စုတို့အိမ်မှာ မင်္ဂလာဆွမ်းကို အကျဉ်းရုံး၍ ကျွေးသည်။

နေမင်း၏ အမေကလည်း သားကိုတော့ မျက်နှာမငယ်စေခဲ့ပါ။ လူကြီးလူကောင်း စုံစုံညီညီနှင့် သေသေသပ်သပ်ဖြစ်အောင် စီစဉ်စေခဲ့သည်။

ဖေဖေက တစ်ဦးတည်းသော သမီးလေးမို့ ခမ်းခမ်းနားနား လုပ်ပေးချင်သော်လည်း ဖေဖေ့ကို မည်သူကမျှ မထောက်ခံကြ။ နေမင်းတို့ဘက်ကလည်း ထိုမျှတော့ တတ်နိုင်မည်မဟုတ်ချေ။ ပြီးတော့ စု ကိုယ်တိုင်ကလည်း ဘာမျှ မလုပ်စေချင်။ စုက မည်သူ့ကိုမျှ မနာလို ပြုစေချင်း မဖြစ်စိမ့်။ စုဘဝမှာ ရင့်ကျက်ဖို့ လိုအပ်ပြီဟု သဘောပိုက်ယူသည်။

ထိုနေ့က စု အင်္ကျီအဝတ်အစားပင် အသစ်မဝတ်ခဲ့။ စုကို ပန်းပွင့်လေးလို လှစေသော ရွှေဝါရောင်ဝတ်စုံလေးကိုပင် ဝတ်ခဲ့သည်။ လူကြီးတွေကို ကန်တော့ကျွေးမွေးပြီးတော့ သူငယ်ချင်းတွေစုကာ ပျော်ပျော်ရွှင်ရွှင် စားသောက်ကြသည်။

အိုင်ရင်း၏ အစီအစဉ်ဖြင့် အားလုံး စုံစုံညီညီ ရောက်လာခဲ့ကြသည်

BURMESE CLASSIC .com

‘ဟေး စု၊ အရင်တစ်ခါ မင်း ဒီဝတ်စုံလေးဝတ်တုန်းက ကိုယ် သတိမထားမိတာ တစ်ခုရှိတယ်၊ တကယ်တော့ အဲဒီတုန်းကတည်းက မင်းက သတို့သမီးလေးနဲ့ တူနေခဲ့တာကို’

အိုင်ရင်းက အစဖော်ပေးတော့ မောင်မောင့်မျက်နှာမှာ သတိရခြင်း အမှုအရာကို မြင်ရသည်။

‘ကျောင်းက ဖန်ဖဲ၏ နောက်ဆုံးညကို ပြောတာ မဟုတ်လား’

မောင်မောင့်ဘေးမှာ မြမြနွယ် ခပ်တည်တည်လေး ထိုင်နေသည်။ မြမြနွယ်သည် သည်နေ့ သတို့သမီးထက်သာအောင်လည်း ဝတ်ဆင်လာခဲ့သည်။ မျက်နှာကိုလည်း ခါတိုင်းထက်ပို၍ ဂရုတစိုက် ခြယ်မှုန်းလာသည်။

‘ဟုတ်တယ်လေ၊ အဲဒီညက နေမင်းနဲ့တောင် ဖိုက်ကြမလို့၊ ဟားဟား တကယ် ပျော်စရာကောင်းတယ်’

အိုင်ရင်းသည် သူ့ဝသီအတိုင်း ခပ်သောသောလေး ပြောလိုက်သည်။ နေမင်းနှင့် မောင်မောင်က ပြုံးနေနိုင်သော်လည်း မြမြနွယ် မျက်နှာညို နေသည်။

‘တကယ်တော့ စုကို နေမင်းနောက်ပါသွားအောင် ဖန်တီးတာ ကျော်ကျော်ပဲ’

‘ဟုတ်တယ်၊ ဟုတ်တယ်’

လူငယ်ဆိုတော့လည်း စိတ်ထဲရှိတာကို ပွင့်ပွင့်လင်းလင်း ပြောဆိုကြသည်။

‘ဒါရိုက်တာကြီး ကျော်ကျော်တောင် ကံကောင်းလို့ဗျာ၊ ဟိုညက ရုပ်ကွက်ထဲကဝိုင်းဖမ်းတာ ခံရတော့မလို့၊ ကျွန်ုပ်တို့ ဇာတ်လိုက်ကြီးက သတို့သမီးအိမ်ရှေ့ကနေ ရုပ်ရှင်ထဲကလို အော်ဟစ်နေလို့ မနည်းပြန်ဆွဲသွားရတယ်’

ကျော်ကျော်က စားမြုံ့ပြန်ပြောရာ အားလုံးရယ်မောကြသည်

www.burmeseclassic.com

BURMESE CLASSIC .com

'အဲဒီလို ခွဲကောင်းလို့ စုကို ရတာပဲ'

မစ်ကီက ဝင်ထောက်သည်။ မြမြနွယ်က စုကို ဝိုင်းဝန်းချီးပပေးသည်ကို ငြိုငွေ့လာပုံရသည်။

'အင်း နဖူးစာရွာလည်ဆိုတာ တကယ်မှန်တာပဲနော်'

စုနှင့် ကိုကိုဦးအကြောင်းကို အားလုံးသိထားကြလေတော့ မြမြနွယ် ဘာကိုဆိုလိုသည်ကို သဘောပေါက်ကြသည်။ အိုင်ရင်းက မြမြနွယ်ကို မကျေနပ်သလို ကြည့်သည်။ နေမင်းကတော့ မသိချင်ယောင် ဆောင်နေလေသည်။

ညနေစောင်းလောက်မှ လူစုခွဲကြသည်။ နေမင်းနှင့် စုက သူငယ်ချင်းများကို ခြံဝအထိ လိုက်ပို့ကြသည်။ သူတို့ လူငယ်တွေပွဲတွင် အခြားအိမ်သားတစ်ယောက်မှ မပါဝင်ခဲ့။ ကိုတိုးကတော့ မနက်ကတည်းကပင် အိမ်မှာမရှိ။ မမြတ်နှင့် ကိုကိုစိုးကတော့ မလွှဲသာ၍ ပါဝင်ဆောင်ရွက်ပေးရဟန်ဖြင့် ဟန်ပြလောက်သာ နေပေးခဲ့သည်။ နေမင်းတို့ဘက်က လူကြီးတွေကို ကြီးကြီးမေက အဆင်ပြေအောင် ဧည့်ဝတ်ပြုခဲ့သည်။

'စု မောင် ကျော်ကျော်တို့ကို ခဏလိုက်ပို့လိုက်ဦးမယ်'

'အို မောင်ကလဲ လိုက်မသွားပါနဲ့ဦး'

'အိုင်ရင်း ရှိသားပဲကွယ်၊ ခဏလေးပါ၊ မောင် အိမ်ပေါ်တက်ရမှာ မျက်နှာပူလို့'

နေမင်းသည် ပြောပြောဆိုဆို သူငယ်ချင်းများနောက်ကို လိုက်သွားလေသည်။

စုက ခြံဝမှာ ငေးပြီး ကျန်ရစ်သည်။ အိုင်ရင်းက စု လက်မောင်းတစ်ဖက်ကို လာကိုင်သည်။

'လာလေ စု၊ ကိုယ်တို့ အိမ်ပေါ်တက်ကြမယ်၊ တော်ကြာ သူပြန်လာမှာပေါ့ကွယ်'

BURMESE CLASSIC .com
www.burmeseclassic.com

BURMESE CLASSIC .com

အိုင်ရင်းသည် စုကို နားလည်သူဖြစ်သည်။ စုတို့ ကိစ္စကို စေ့စ ပြီး အေးအေးဆေးဆေး ပြန်အပ်ဖို့ သဘောတူညီမှုရသည်။ သို့သော ဖေဖေ့ဆန္ဒက သမီးစုကို ခွဲမသွားစေလို။ စုတို့ အိမ်မှာပဲနေပြီး စာမေးပွဲ အောင်လျှင် ကျောင်းဆက်တက်စေလိုသည်။ စုကလည်း တကယ်တမ်း ကျတော့ ဖေဖေနှင့် ခွဲမသွားလိုပေ။ စုကို ဖေဖေ အချစ်ဆုံးဆိုတာ စု သိသည်။ ကိုကိုစိုးတို့ မမမြတ်တို့နှင့် မနေလိုသော်လည်း ဖေဖေ့မျက်နှာဖြင့် နေလိုသည်။ ကြီးကြီးမေကလည်း နေစေချင်သည်။ အိမ်ကို သူစိမ်း ချယ်လှယ်မှာ မလိုလားပေ။

နေမင်းကတော့ စုတို့အိမ်မှာ လုံးဝ လိုက်မနေချင်။ သို့သော် စုကို သနားသဖြင့် စု ဆန္ဒကို လိုက်လျောရန် ဆုံးဖြတ်ရတော့သည်။

'ခဏတစ်ဖြုတ်ဖြစ်ဖြစ် ဖေဖေကျေနပ်အောင် နေလိုက်ပါ မောင်ရယ်၊ နောက်တော့လဲ မောင်တို့အိမ်တစ်လုံး နေကြတာပေါ့'

'မောင့်ကို မိန်းမထဘီနား ခိုစားတယ်လို့ အပြောခံရမှာကြောက် တယ်'

'မကြာခင် အလုပ်တစ်ခုခုရအောင် ရှာကြတာပေါ့ မောင်ရယ်'

သည်လိုနှင့်ပဲ ယနေ့မှစ၍ နေမင်းသည် စုတို့အိမ်သားတစ်ယောက် ဖြစ်လာရသည်။ သို့သော် နေမင်းက အိမ်သားတွေ၏ မျက်နှာကိုကြည့်ပြီး ခံရခက်နေပုံရသည်။ စုကလွဲ၍ သူ့ကို မည်သူကမျှ မကြည်ဖြူကြမှန်း သိနေလေသည်။

အိုင်ရင်းသည် အဖော်အဖြစ် ရပ်တည်ကာ စုကို အခန်းထဲအထိ လိုက်ပို့သည်။ စု၏ ယခင်အခန်းလေးသည် မင်္ဂလာအခန်းလေးအဖြစ် ပြောင်းလဲခဲ့လေပြီ။ သို့သော် ခမ်းခမ်းနားနား ပြင်ဆင်ထားခြင်း မရှိ။ တစ်ယောက်အိပ်ခုတင်အစား နှစ်ယောက်အိပ် ခုတင်နှင့် လဲလှယ်ကာ ဖြူဖွေးသန့်စင်သော အိပ်ရာခင်း၊ ခေါင်းအုံးတို့ကို ခင်းကျင်းထားသည်



BURMESE CLASSIC .com

BURMESE CLASSIC .com

ဘာမျှ အဆောင်အယောင်မရှိ။ ဤသည်ကိုပင် နေ့လယ်က မြမြနွယ်ဝ ပမ်မလာတို့က လာရောက်အကဲခတ်သွားသည်ကို စု သိသည်။ စုသည် ဒါ သူ့ဘဝ၏ အစပဲဆိုတာ နားလည်ထားလေသည်။

'စုတော့ အိမ်သားတွေနဲ့ မောင့်ကြားမှာ ပြေလည်အောင်မှ နေနိုင်ပါ့မလားလို့ စိုးရိမ်မိတယ် အိုင်ရင်းရယ်'

စုက အားငယ်စွာ ပြောမိသည်။

'အစတော့ နည်းနည်း ခက်ခဲမှာပေါ့ကွယ်၊ နောက်တော့လဲ ပြေလည်သွားမှာပါ၊ စု ဖေဖေဟာ နားလည်တဲ့ လူကြီးလူကောင်း တစ်ယောက်ပဲ'

အိုင်ရင်းက အားပေးသည်။

'ဖေဖေ့ကိုတော့ စု ယုံပါတယ်၊ ဒါပေမဲ့'

'အင်းလေ၊ အားလုံးနဲ့ အဆင်ပြေအောင်ကြိုးစားပေါ့ကွာ၊ အဆင် မပြေတော့လဲ နေမင်းတို့အိမ် လိုက်နေလိုက်ပေါ့'

အိုင်ရင်းကတော့ ဖြစ်နိုင်တာကိုပဲ တွက်ပြသည်။

အိုင်ရင်း ပြန်သွားတော့ စု တစ်ယောက်တည်း အခန်းထဲမှာ ယောင်ချာချာ ကျန်ရစ်သည်။ သည်နေ့ စု ပင်ပန်း၍လည်းနေခဲ့သည်။ အားလုံး အဆင်ပြေပြေ ပြီးမြောက်ပါစေတော့ဟု ဆုတောင်းခဲ့ရသည်မှာ လည်း အမောပင်။ စုမှာ ဖေဖေတို့ မျက်နှာကိုလည်း ကြည့်ရသည်။ နေမင်းတို့ဘက်မှ လူကြီးများ မျက်နှာကိုလည်း ကြည့်ရသည်။ ရင်ထဲမှာ မကျေနပ်သော်လည်း ယဉ်ကျေးမှုနှင့် ဖုံးကွယ်ထားကြ၍ တော်သေးသည်ဟု အောက်မေ့ရလေသည်။

ယခင်က တစ်ယောက်တည်းနေခဲ့ရသော အခန်းလေးထဲမှာ နေသားကျခဲ့သော်လည်း ယခု နှစ်ယောက်အိပ် ခုတင်ကျယ်ကြီးပေါ်မှာ ယောင်ချာချာ ဖြစ်နေသည်။ ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ ချောက်ချ

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

စရာ ဖြစ်နေလေသည်။ ညမှောင်ရီပျိုးစရောက်လာ၍ အပြင်တွင် နေရော ကွယ်ကာ ညှို့မှိုင်းနေသည်။ မကြာခင် မိုးဖွဲလေးတွေ ကျလာတော့မလားဟု ထင်ရ၏။ မောင်နှင့် စတင်တွေ့ဆုံပြီး အချိန်လွန်ကာ အိမ်မပြန်ဖြစ်သည့် ညကို သတိရသည်။ ထိုတစ်ရက်သည် စု ဘဝကို အပြောင်းလဲကြီး ပြောင်းလဲစေခဲ့သည်။

ထိုနေ့က ချောက်ချားစရာကောင်းသော်လည်း မောင်နှင့် နှစ်ယောက် ဆိုတော့ သတ္တိတစ်မျိုးတော့ ရှိသလိုပင်။

မောင် ပြန်မလာသေး။ ဘာကြောင့်များ သူငယ်ချင်းတွေနဲ့ ထွက် လိုက် သွားရတာလဲ။ စုတို့အိမ်ကို ဝင်ရမှာ တကယ်ပင် မျက်နှာပူနေလေ သလား။ ဒါမှမဟုတ် မောင် မျက်နှာငယ်နေသလား။ မောင် စု တစ်မျက်နှာတည်းနှင့် လိုက်ပါလာသည်ဆိုတာတော့ စု နားလည်သည်။ မောင်သည် သူ့ကို မလိုလားသော ဝန်းကျင်ကို ဝင်ရောက်ခဲ့ရခြင်း ဖြစ်သည်။ မောင့်ကို အလိုလိုက်ရမည်။

ညစာစားချိန်အထိ နေမင်း ပြန်မလာသေးပေ။ စု ဆာလာသည်။ သို့သော် စု အိမ်ပေါ်သို့ ပထမဆုံးရောက်လာသည့်ရက်မှာ မောင့်ကို မစောင့်ဘဲ ညစာစားနှင့်၍ တရားပါမည်လား။ စု ကိုယ်တိုင်လည်း အိပ်ပျော်ချင်ယောင် ဆောင်နေလိုက်ရသည်။ မောင်ပြန်လာပါတော့။ အိမ်ရှေ့ ခြံတံခါးဆီသို့ နားစွင့်နေရသည်။ စု တစ်ယောက်တည်းလည်း ခြံရှေ့ထွက်မျှော်ရမှာ ခက်နေလေသည်။ နှစ်ယောက်အိပ်ခုတင်၏ အိပ်ရာခင်းဖြူဖြူပေါ်မှာ ပထမဆုံးအကြိမ် မျက်ရည်ဝဲမိသည်။

'သမီး စု'

ကြီးကြီးမေက အခန်းအပြင်ဘက်မှ လှမ်းခေါ်ခြင်း ဖြစ်သည်။

ကြီးကြီးမေ ယခင်ကလိုဘဲဖြစ်လို့ အခန်းထဲဝင်မလာပါလိမ့်ဟု တွေးမိပြီးမှ သတိရသည်။ စု၏ အခန်းသည် စုတစ်ယောက်တည်း၏ လွတ်လပ်သောအခန်း မဟုတ်တော့ပေ။

BURMESE CLASSIC .com

စု မျက်လုံးအိမ်မှ မျက်ရည်စများကို မျက်တောင်ဖြင့် ပုတ်ခ[illegible] သွင်းပြီး ကြီးကြီးမေကို ထွက်တွေ့ရသည်။ ပထမဆုံးအကြိမ် မိန်းမသား တစ်ယောက်၏ ဟန်ဆောင်အပြုံးကိုလည်း ပြုံးလိုက်မိ၏။

'ထမင်းမစားသေးဘူးလား စု၊ မောင်နေမင်းကော'

'သူငယ်ချင်းတွေနဲ့ အပြင် ခဏလိုက်သွားတယ် ကြီးကြီးမေ၊ စားနှင့်ပါ၊ စု မဆာသေးလို့'

အသံကို အတတ်နိုင်ဆုံး တည်ငြိမ်အောင်ပြောရလေသည်။

ကြီးကြီးမေက စုကို ကြည့်သည်။ ရိုးရိုးကြည့်ခြင်းပင် ဖြစ်နိုင်သော်လည်း စု မလုံမလဲဖြစ်မိသည်။ စုသည် စစချင်းမှာပင် ယောကျ်ား အပြန်ကို မျှော်ရသော မိန်းမတစ်ယောက် ဖြစ်နေလေပြီလား။ ကြီးကြီးမေ ရိပ်မိ သိရှိသည်ဆိုလျှင်ဖြင့် စု ရှက်လှသည်။

'သမီး ဖေဖေက ထမင်းစားရအောင် ခေါ်ခိုင်းလိုက်လို့၊ အေးလေ စု မဆာသေးရင်လဲနောက်မှစားပေါ့၊ ကော်ဖီသောက်မလား၊ မခင်အေးကို ပို့ခိုင်းလိုက်မယ်'

'နေပါစေ ကြီးကြီးမေ၊ စု ဆာတော့ ဆင်းစားပါ့မယ်'

ကြီးကြီးမေ သက်ပြင်းကို ခိုးရှိုက်ပြီး ကျောခိုင်းထွက်ခွာသွား၏။

ကြီးကြီးမေကို ကျေးဇူးတင်မိသော်လည်း စု ယခင်ကလို လူကြီးတွေ အပေါ် နွဲ့ဆိုး ဆိုးချင်တိုင်း ဆိုး၍မဖြစ်တော့သည်ကို တွေးမိကာ ဝမ်းနည်းလာသည်။ စုသည် အိမ်ထောင်သည်တစ်ယောက်အနေဖြင့် အခွင့်အရေးလည်း ပိုမိုရယူ၍ မကောင်းတော့ပေ။

ညစာစားချိန် လွန်လာသည်။ တစ်အိမ်လုံးသည်လည်း ခါတိုင်းထက် ပို၍ ထူးထူးခြားခြား တိတ်ဆိတ်နေသလို ဖြစ်နေလေသည်။ ဖေဖေသည် စောစီးစွာပင် အိပ်ရာသို့ ဝင်ခဲ့ပြီ။ ကြီးကြီးမေ၏ ဘုရားရှိခိုးသံ[illegible]

www.burmeseclassic.com

ကြားရသည်။ မမမြတ်တို့ နှစ်ယောက်ကလည်း သူတို့အခန်းထဲဝင်သွား ကြပြီ။ ကိုတိုးက အခုအချိန်အထိ ပြန်မလာ။

စု အောက်ကို ဆင်းလာသည်။ အိမ်ရှေ့ကို မျှော်ကြည့်သည်။

နေမင်း ခြံဝသို့ လျှောက်လာနေသည်ကို တွေ့ရလေသည်။ စု အပြေးကလေးသွားကာ ခြံတံခါးဝကို ဖွင့်ပေးလိုက်၏။

'နောက်ကျလိုက်တာ မောင်ရယ်၊ စု စောင့်နေရတာ ဆာတောင်မှ ဆာနေပြီ သိလား'

အိမ်ရှင်မတစ်ယောက်၏ ရန်တွေ့ခြင်းမျိုးဖြင့် ပြောလိုက်မိသည်။

'ဘာလို့ စောင့်နေရတာလဲ စုရယ်၊ မောင့်ကို ကျော်ကျော်တို့က ညှဉ်းနေလို့ သူတို့နဲ့ စားလာခဲ့ပြီ'

'အို'

နေမင်းဆီက အရက်နံ့ကို စု ကောင်းကောင်းသိလိုက်သည်။

သည်နေ့တော့ ဘာမှ မပြောတော့ဟု ဆုံးဖြတ်လိုက်ရသည်။ ကြီးကြီးမေတို့ ဖေဖေတို့ကြားသွားမှာ စိုးလှသည်။ ပြီးတော့ သည်လိုနေ့မျိုးမှာ သူငယ်ချင်းတွေအလို လိုက်ရသည်ကိုလည်း ခွင့်လွှတ်ရပေမည်။

သူတို့နှစ်ယောက် မီးဖိုခန်းထဲသို့ဝင်လာခဲ့သည်။ မခင်အေးသည် မီးဖိုထဲမှာ သိမ်းဆည်းလျက်ရှိ၏။

'စုတို့ ထမင်းစားမလို့လား'

'မစားတော့ဘူး၊ ကော်ဖီပဲသောက်မယ်၊ နေပါစေ မခင်အေး၊ စုဘာသာ ဖျော်ပါ့မယ်'

စုသည် အိမ်ထောင်သည်တစ်ယောက်ဖြစ်လာပြီမို့ သူတစ်ပါးကို နေရာတကာ တာဝန်မပေးချင်တော့။ စုသည် ကော်ဖီနှစ်ခွက်ကိုဖျော်ကာ နေမင်းကိုပါ တိုက်သည်။ ယောက္ခမအိမ်မှာ နေမင်းကို မျက်နှာမငယ် စေချင်ပေ။

www.burmeseclassic.com

ထိုအချိန်မှာ အိမ်ပြန်နောက်ကျသော ကိုတိုးက ပြန်ရောက်လာသည်။ ယခင်ကတော့ ကိုတိုး ဘယ်အချိန်ပြန်ရောက်၍ ရောက်မှန်း စု မသိခဲ့။ သိစရာလည်း မလိုခဲ့။ ယခုတော့ အစစအရာရာ အဆင်ပြေချောမွေ့အောင် ကြိုးစားနေခိုက်မို့ စုမှာ လူတိုင်းကို သတိထားနေရသည်။

'ထမင်းစားမလား ကိုတိုး၊ စု ခူးပေးမယ်'

ကိုတိုးသည် အေးအေးဆေးဆေး ကော်ဖီထိုင်သောက်နေကြသော စုတို့နှစ်ယောက်ကို တစ်ချက် လှမ်းကြည့်သည်။

'နေပစေ မစားတော့ဘူး'

ကိုတိုး မီးဖိုခန်းထဲမှ ထွက်သွားလေသည်။ မခင်အေးက လှမ်းခေါ်သော်လည်း လှည့်မကြည့်။ ယခင်က ကိုတိုးဘယ်အချိန် ထမင်းစားတတ်သည်ကို တစ်ခါမျှပင် မသိခဲ့သော်လည်း ယခုတော့ စုတို့ ကြောင့်များ ထမင်းမစားဘဲထွက်သွားလေသလားဟု စိတ်မကောင်းဖြစ်ရသည်။ နေမင်းကလည်း မျက်နှာမကောင်း။ သည်အိမ်မှာ နေမင်းသည် သူတို့နှင့် မယှဉ်သာအောင် ဖြစ်နေသည်။

စုတို့နှစ်ယောက် တိတ်ဆိတ်စွာပင် သိမ်းဆည်းပြီး ပြန်ထွက်ခဲ့ရသည်။ နေမင်းသည် စုနောက်က ယောင်ချာချာပင် လိုက်လာရှာလေသည်။ အခန်းထဲမှထွက်လာသော မမမြတ်နှင့်သွားတိုးသည်။ စုက မမမြတ်ကို ပြုံးပြလိုက်ရသည်။ မမမြတ်သည် စုကိုသာ ကွက်ပြီးကြည့်ကာ နေမင်း၏ ဘေးမှ ဖြတ်လျှောက်သွားလေသည်။

'မမမြတ် မျက်လုံးက အမြဲပဲမာနရောင်တောက်နေတယ်၊ မောင့်ကို ကြည့်တာလဲ မတူမတန်သလိုပဲ'

နေမင်း၏ နှုတ်မှ ပွင့်ထွက်လာသည်။ စုက နေမင်းကို တောင်းပန်သော မျက်လုံးများနှင့် ကြည့်မိရသည်။

www.burmeseclassic.com

BURMESE CLASSIC .com

'မမမြတ်က စုတို့အပေါ် စေတနာကောင်းပါတယ် မောင်ရယ် သူနေတတ်သလို နေတာပဲရှိပါတယ်'

'မောင်တော့ မထင်ပါဘူး'

'ဒါပေမဲ့ မောင်ရယ်၊ အခိုက်အတန့်တော့သည်းခံပါနော်၊ တစ်နေ့ကျရင်တော့ စုတို့ဘာသာ တသီးတခြား နေနိုင်အောင် ကြိုးစားကြတာပေါ့ မောင်ရယ်'

'စုကကော မောင်ထားသလို နေနိုင်ပါ့မလား'

စုတို့ရဲ့ မင်္ဂလာအခန်းမှာ စု မျက်ရည်စတွေနဲ့ စွန်းထင်းခဲ့ပြီဆိုတာ မောင်ကတော့ မသိသေး။ စုက မောင့်ကို ပြုံးပြသည်။

'စုကို ဒီလောက်တောင်ပဲအထင်သေးနေပြီလား၊ ဖေဖေ စိတ်ကောင်းအောင် လောလောဆယ် ဒီမှာ နေရတာပါ၊ နောက်ဆို မောင်အလုပ်ရရင် မောင်နဲ့ပဲနေမှာ၊ ခုတော့ မောင့်အမေကိုလဲ ဒုက္ခမပေးချင်ဘူးလေ'

စုသည် နေမင်းကို စည်းရုံးသိမ်းသွင်းနေရသည်။ နေမင်းသည် အများထင်သလို လူပေါ့လူသွမ်းတစ်ယောက် မဟုတ်ဘဲအိမ်ထောင်တစ်ခုကို ဦးစီးဦးဆောင် လုပ်နိုင်သူတစ်ယောက်အဖြစ် ဂုဏ်ယူချင်သည်။ စုမှာ သည်ဆန္ဒကလွဲ၍ အခြားဘာမျှ မရှိ။

နေမင်းကတော့ ခပ်ထွေထွေနှင့် မင်္ဂလာသတို့သမီးလေးကိုဖက်ကာ အိပ်ပျော်သွားသည်။ တစ်ယောက်တည်း လွတ်လပ်စွာနေခဲ့ဖူးသော အခန်းလေးထဲမှာ ယခု စုသည် မောင့်ရင်ခွင်ထဲမှနေ၍ အနာဂတ်ကို တွေးတောပူပန်ရလေပြီ။

*　　　*　　　*

ဒုတိယနှစ်ဝက်ကျောင်းဖွင့်ရက်ကို ရောက်ခဲ့လေပြီ။ စုမှာ ကျောင်းကိုလည်း ဆက်တက်ချင်စိတ် မရှိတော့။ အိမ်ထောင်ပြုပြီး မိဘက ကျောင်းထားပေး

BURMESE CLASSIC .com
www.burmeseclassic.com

BURMESE CLASSIC .com

သည်ကိုလည်း မလိုလားတာအမှန်ပင်။ မမမြတ်တို့ကတော့ ဂုဏ်ငွေရှိသူမို့ မထောင်းတာ၊ စုတို့မှာ အရာရာ မျက်နှာငယ်နေရသည်။ နေမင်းကလည်း ဟိုယောင်ယောင် သည်ယောင်ယောင် လုပ်နေသည်။ အလုပ်က မည်မည်ရရ မရှိသေး။ စုတို့နှစ်ယောက်သည် မိဘများမကြည်ဖြူသည့် အိမ်ထောင်ရေးကို ထူထောင်ခဲ့ပြီးသည့်နောက် တခြားသူများကိုလည်း မကျော်လွှားနိုင်ဘဲ ရှိနေကြပြန်သည်။

စိတ်ပျက်လိုက်သည်မှာ ဆိုစရာ မရှိ။ အိမ်မှာ ပြဿနာ ထူးထူးထွေထွေ မပေါ်ပေါက်ခဲ့သော်လည်း စုတို့မှာ မျက်နှာငယ်ရသည်ကတော့ အမှန်ပင်။

သမီး၏ အရိပ်အကဲကို အမြဲကြည့်နေသည့် ဖေဖေက ဝင်ရောက်စီစဉ်ရပြန်သည်။

'သမီးတို့ကို ဖေဖေ စောင့်ကြည့်နေခဲ့တာ၊ သမီးတို့ ဘာလုပ်ချင်သလဲ ပြောပါဦး'

ဖေဖေ့အနေနှင့်လည်း အားလုံး တရားမျှတအောင် ဆောင်ရွက်ရသည်ကို စု နားလည်သည်။ စုတို့အတွက် ဖေဖေ့ကို ဝန်ထုပ်ဝန်ပိုး မဖြစ်စေချင်ပါ။

'စုတို့ နှစ်ယောက်စလုံး အလုပ်လုပ်ချင်တယ် ဖေဖေ'

ဖေဖေ မျက်နှာပျက်သွားသည်။ စုကိုတော့ ဖေဖေ အလုပ်မလုပ်စေချင်သည်မှာ သိသာလှသည်။ တကယ်တော့ဖေဖေသည် အားလုံးကို သမီး စုအတွက်သာ ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ ယခုတော့ အခြေအနေက တစ်မျိုးဖြစ်ခဲ့ပြီ။

'မောင်နေမင်းအတွက် ဖေဖေ အလုပ်ရှာပေးမယ်၊ အလုပ်လုပ်ရင်း ကျောင်းဆက်တက်ပေါ့ကွယ်၊ ဒါကလဲ ဖေဖေ မကျွေးနိုင်လို့ မဟုတ်ဘူးနော်၊ ယောကျ်ားလေးဆိုတော့ သူများ လေးစားအောင်လို့'

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

'သမီး နားလည်ပါတယ် ဖေဖေ'

'သမီး၊ သမီးကတော့ မိန်းကလေးပဲ၊ ဒီအတိုင်းပဲကျောင်းတက်ပါ၊ လားကွယ်'

ဖေဖေ့ စေတနာကို နေရာတကာလည်း မဆန့်ကျင်လိုတော့ပေ။

စုက နေမင်းကို အားပေးနေရသည်။

'မောင့်အတွက် ဖေဖေက အလုပ်ရှာပေးမယ်တဲ့၊ မောင် အလုပ်နဲ့ အကိုင်နဲ့ဆိုရင် မျက်နှာငယ်စရာ မလိုတော့ပါဘူးကွယ်'

'ဆယ်တန်းအောင်ရုံနဲ့ ဘာအလုပ်များရမှာလဲ စုရယ်'

'ဘာပဲဖြစ်ဖြစ်ပေါ့ မောင်၊ မောင်ပဲ သူများအိမ်မှာ အလကား ခိုကပ်စားနေချင်ဘူးဆို၊ ပြီးတော့အလုပ်လုပ်ရင်း စာမေးပွဲဆက်ဖြေနိုင် သေးတယ်'

'အင်းလေ၊ မောင်လုပ်ပါ့မယ်'

နေမင်းသည်အိမ်သားများနှင့် အဆင်ပြေလှသည် မဟုတ်သေး။ အားလုံးက ပြဿနာငြိမ်းအေးအောင် နေကြသော်လည်း နေမင်းအပေါ်မှာ ဟက်ဟက်ပက်ပက် မရှိသည်မှာတော့ အမှန်ပင်ဖြစ်သည်။ မမြတ်က ဆိုလျှင် နေမင်းကို အမြဲပဲ မျက်နှာချင်းမဆိုင်မိအောင် ရှောင်နေသည်။ အထူးသဖြင့် မမြတ်တို့၏ ဂုဏ်သရေရှိ ဧည့်သည်များလာသည့်အခါတွင် စုကိုသာ ဖေဖေ့သမီးအဖြစ် ခေါ်ယူမိတ်ဆက်ပေးသော်လည်း နေမင်းကိုတော့ ချန်ထားလေ့ရှိသည်။ နေမင်းကလည်း ဒါကို သိသည်။

ကိုအောင်ခိုင် အိမ်လာလည်သည့်နေ့ကို သတိရ၏။

'စုရေ ခဏလာပါဦးကွယ်၊ ဧည့်သည်ရောက်နေတယ်'

စုက မီးဖိုချောင်တွင် မခင်အေးကို ကူလုပ်နေရာမှ လက်ဆေးပြီး ထွက်လာခဲ့ရသည်။ မမြတ် ဘယ်လိုနေနေ စုက အိမ်မှာ လူပိုလိုမနေတတ်

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com
ပြီးတော့ စုမှာ အစ်ကိုများ၏ သနားကရုဏာကိုရရန်လည်း ပြန်လည်ကြိုးစားနေရသေးသည်။

စု အပြင်ထွက်လာတော့ မမျှော်လင့်သော ဧည့်သည်ကို တွေ့ရသည်။ တစ်ခါက စု ကွယ်ရာမှာ လူကြီးချင်း စကားပြောဖူးသည်ကို သိထားရတော့ ကိုအောင်ခိုင်နှင့် တွေ့ရတာ မျက်နှာပူလှသည်။ သို့သော် စုက အိမ်ရှင်ဆိုတော့ ဧည့်ခံစကားပြောရမည့် ဝတ္တရားရှိနေသည်။

နေမင်းက မလှမ်းမကမ်းရှိ စားပွဲငယ်တစ်ခုပေါ်တွင် မဂ္ဂဇင်းတစ်အုပ်ကို ဖတ်လျက်ရှိ၏။ စု အနားမှာမရှိလျှင် နေမင်းသည် ယောင်ချာချာဖြစ်နေတတ်သည်သာ ဖြစ်သည်။

'စု ကိုအောင်ခိုင်ကလေ ခု လက်ထောက်ကထိကဖြစ်သွားပြီ၊ ပညာရေးတက္ကသိုလ်မှာ၊ အိမ်လဲရတယ်'

မမြတ်က အသံကျယ်ကျယ်ဖြင့် ဝင့်ကြွားစွာပြောသည်။

'ဟုတ်လား၊ စု ဝမ်းသာပါတယ်၊ စားစရာတစ်ခုခု သွားယူမယ်နော်'

စကားဝိုင်းထဲလဲ မဝင်ချင်၍ စုက ရှောင်ထွက်လိုက်သည်။

'နေ နေ စု စကားပြောလိုက်ပါ၊ မမြတ် သွားလုပ်လိုက်မယ်'

စု ကိုအောင်ခိုင်နှင့် မျက်နှာချင်းဆိုင်ထိုင်ရင်း ကျန်ရစ်၏။ ဘာစကားကို ပြောရမည်မှန်းလည်း မသိပေ။ နေမင်းကိုလည်း မမြတ်က ခေါ်ယူမိတ်ဆက်ပေးခြင်း မပြုခဲ့လေတော့ ခုမှခေါ်ပြီး မိတ်ဆက်ပေးရမှာလဲ တစ်မျိုးဖြစ်နေသည်။

'စုတို့ လက်ထပ်တုန်းက ကျွန်တော်မရောက်တာ ခွင့်လွှတ်ပါနော်'

စု မျက်နှာပူသွားသည်။

ထို့နောက် ဘာစကားကို ဆက်ပြောရမည်မှန်းလည်း မသိတော့ပြန်ပေ။

BURMESE CLASSIC .com
www.burmeseclassic.com

ခပ်ကြောင်ကြောင်ထိုင်နေကြသော သူတို့နှစ်ယောက်ကို နေမင်းဂ မမြင်ချင်ယောင် ဆောင်နေသည်။

'ဟော စုက ညည်းသည်ကို စကားလေးဘာလေး မပြောတော့ဘူးလား၊ ကိုအောင်ခိုင့်ကို အားနာစရာ၊ စုက အခု သိပ်ရင့်ကျက်တဲ့ အိမ်ရှင်မကြီး ဖြစ်နေပြီ ကိုအောင်ခိုင်ရဲ့၊ ကြည့်စမ်း၊ စုက မိန်းမကြီးနဲ့ တူမသွားဘူးလား ဟင်၊ စုက စိတ်လဲ သိပ်အဆင်းရဲခံနိုင်တယ်'

ကိုအောင်ခိုင်ကတော့ စုကိုသာ အားနာနေဟန်ဖြင့် တစ်ဖက်သို့ လှည့်နေလေသည်။

မမြတ်က စုကို ကိုအောင်ခိုင်ရှေ့မှာ အလဲထိုးတော့မှာလားဟု အောက်မေ့မိသည်။

'စုက စိတ်မဆင်းရဲပါဘူး၊ စုဘဝနဲ့ စုတော့ ပျော်နေတာပဲ'

'ဒါပေါ့၊ ဒါပေါ့'

ကိုအောင်ခိုင်က သံယောင်လိုက်သည်။

'ဟင်း ဟင်း ဟုတ်ပါတယ်၊ စုကတော့ တစ်ဦးတည်းသောသမီး ဆိုတော့ ဖေဖေကလဲချစ်တယ်လေ၊ မမြတ်ကတော့ ကိုကိုစိုးက အလုပ် လုပ်နေတယ်ဆိုပေမယ့် ကြာတော့နေရတာ မျက်နှာပူတယ်၊ အလုပ်လေး ဘာလေး လုပ်မလားလို့ ကိုအောင်ခိုင်တို့ဌာနမှာ ကျူတာလေး ဘာလေး လျှောက်လို့ရရင် မြတ်ကို အကြောင်းကြားစမ်းပါနော်'

နေမင်းတစ်ယောက် နေရာမှ ဝုန်းခနဲထသွားသည်ကို တွေ့လိုက်ရ သည်။ စု မနေသာ။ ကိုအောင်ခိုင် ခဏနော်ဟု ပြောကာ နေမင်းနောက်ကို မသိမသာ လိုက်သွားရ၏။

'စု ယောက်မက မောင့်ကို ဘယ်အထိ လူတွေကြားမှာ လိုက် တိုက်ခိုက်နေဦးမှာလဲ'

www.burmeseclassic.com

'ဒါ သူအကျင့်ပါနေလို့ ပြောတာပါ မောင်ရယ်၊ စုဝ ရည်ရွယ်ချက် မပြည့်ခင် သည်းခံလိုက်ပါနော်'

'ဒီအိမ်မှာနေရင်တော့ ဘယ်တော့ပဲဖြစ်ဖြစ် အနိမ်ခံနေရမှာပါပဲ စုရာ'

'ဒီလိုလဲမဟုတ်ပါဘူး မောင်ရယ်'

စုက ကြားလူဆိုတော့ နှစ်ဦးနှစ်ဖက်ပြေလည်အောင် အမြဲပဲ ကြံဆောင်ရပ်တည်နေရသည်။ စုဘဝမှာ လွတ်လပ်ခြင်းနှင့်ပျော်ရွှင်ခြင်းသည် စောစီးစွာ ကုန်ဆုံးသွားသည်ကို တွေးမိသောအခါ များစွာ ချောက်ချားမိလေသည်။

* * *

ဖေဖေ၏ ကြံဆောင်မှုဖြင့် နေမင်း အလုပ်ရသည်။ ကိုယ့်ပညာအရည်အချင်းနှင့် ဆိုတော့လည်း အောက်တန်းစာရေးသည်ပင် ကံကောင်း၍ ရခြင်းဖြစ်၏။ စုကတော့ စိတ်မပါဘဲနှင့် ကျောင်းဆက်တက်နေရသည်။

အိမ်မှာတော့ အဆင်ပြေလိုက်၊ မပြေလိုက်ဖြင့် သံသရာလည်နေသည်။

နေမင်း ပထမဆုံး လခထုတ်သည့်နေ့က အိမ်ကို ညအတော်မှောင်မှ ပြန်ရောက်လာလေသည်။ နေမင်းသည် စုဆီက မည်သည့်အခါမျှ ငွေတစ်ပြားတစ်ချပ်တောင်းယူခြင်း မပြုဘူးပေ။ သူတစ်ပါးတွေက ငွေလိုချင်၍ သူဌေးသမီးကို အရချိုင်သည်ဟု အပြောခံရတာ နာကျည်းနေသည်။ စုကသာ အပေါင်းအသင်းများနှင့်အပြင်ထွက်သည့်အခါ မျက်နှာမငယ်ရအောင် ပိုက်ဆံကို အိတ်ထဲထည့်ပေးလိုက်တတ်သည်။ ယနေ့တော့ သူပိုင် လခထုတ်ရက်မို့ လွတ်လွတ်လပ်လပ်သုံးချင်ပေလိမ့်မည်ဟု တွေးရင်း စုက မျှော်နေမိသည်။

www.burmeseclassic.com

ဖေဖေတို့ မမမြတ်တို့က ညနေကတည်းက စုကို မသိမသ အကဲခတ်နေသည်ကိုလည်း စု သတိထားမိလေသည်။ ကြီးကြီးမေက တရားရိပ်သာကို တစ်လှည့်ပြန်သွားပြီဆိုတော့ စုသည် ဖြစ်သမျှကိစ္စလေးတွေကို တစ်ယောက်တည်းပြေလည်အောင် ကြိုးစားနေရလေသည်။ ထို့ကြောင့်လည်း မမမြတ်ပြောသလို မိန်းမကြီးတစ်ယောက်ဖြစ်ခဲ့ရပြီ။

ဖေဖေတို့တစ်တွေ ညစာဝိုင်းမှ အသီးသီး ထွက်ခွာသွားချိန်တွင်မှ နေမင်း ပြန်ရောက်လာသည်။ ဖေဖေသည် ညနေကပင် မကြာခင် ပင်စင်ယူရတော့မည့်အကြောင်း သားသမီးများကို အသိပေးပြောကြားခဲ့သည်။ တကယ်တော့ဖေဖေက ထိုအကြောင်းကို လူစုံတက်စုံ ပြောပြချင်နေခဲ့သည်။ မိသားစုတွေ စည်းစည်းလုံးလုံးနှင့် သိုက်သိုက်ဝန်းဝန်း နေကြဖို့ ဖေဖေက ပြောချင်နေသည်။ သို့သော် ထိုနေ့မှာပင် နေမင်းက အချိန်မီ ပြန်ရောက်မလာခဲ့။

နေမင်းနှင့် ဖေဖေသည် ခြံအဝင် စင်္ကြံလမ်းမှာ ဆုံမိကြလေသည်။ ဖေဖေသည် လမ်းလျှောက်နေရာမှ နေမင်းဝင်လာသည်ကိုမြင်၍ စောင့်ကြည့်နေလေသည်။ ညနေ မှောင်ရီဖျိုးဖျမှာ နေမင်း တစ်ယောက်တည်း ဝင်လာပုံက တက်တက်ကြွကြွသဏ္ဌာန် မရှိလှ။ နေမင်းသည် ဖေဖေ့ကို မြင်တော့ ကွေ့ရှောင်ပြီး ဝင်လာဖို့ ကြိုးစားသေးသည်။ သို့သော် ဖေဖေက ရပ်လျက် နေမင်းကို နှုတ်ဆက်သည်။

'ဘယ့်နှယ်လဲဟေ့၊ မင်း အလုပ်လုပ်ရတာ အဆင်ပြေရဲ့လား'

ဖေဖေသည် နေမင်းကို အလုပ်သွင်းပေးပြီးကတည်းက ပထမဆုံး အကြိမ် စုံစမ်းလိုက်ခြင်း ဖြစ်သည်။

'ဟုတ်ကဲ့'

နေမင်း၏ အသံသည် ခပ်တိုးတိုးပင်ထွက်လာသည်။ စုသည် သမက်နှင့် ယောက္ခမကို စိတ်မောစွာစောင့်ကြည့်နေ၏။ ပြီးတော့

www.burmeseclassic.com

BURMESE CLASSIC .com

မပြေလည်လျှင် ကြားဝင်နိုင်ရန်အတွက် သူတို့နားသို့လျှောက်လာရသည်။ အရေးတကြီးအမူအရာမျိုး မပေါ်ပေါက်စေပဲ ခပ်မှန်မှန်လျှောက်လာဖို့ ဟန်ဆောင်ကြိုးစားရ၏။

'ဦာနမူးက ဖေဖေတို့နဲ့ ရင်းနှီးတဲ့ မိတ်ဆွေတွေပဲ၊ တဖြည်းဖြည်းတော့ ယူဒီရအောင် လုပ်ပေးမယ်လို့တောင် ဆိုထားတာ၊ ကြိုးစားပေါ့ကွာ'

နေမင်းက စိတ်မပါသလို ခေါင်းညိတ်ပြသည်။ စု အနားရောက်လာတော့ နေမင်း၏ အမူအရာကိုကြည့်ပြီး စိုးရိမ်စိတ်ဝင်သွားသည်။ သူ အရက်များ သောက်လာလေသလား။ ဖေဖေ သိသွားမှဖြင့်ဟု တွေးကာ ရင်ထဲမှာ ပူလောင်သွားမိလေသည်။ ဖေဖေကလည်း နေမင်းကို စိုက်ကြည့်နေသည်။ ပြီးတော့မှ အေးအေး သွားကြတော့ဟု ဆိုသည်။ စုသည် နေမင်း၏နောက်မှ မလုံမလဲနှင့် လိုက်လာရလေသည်။

ထိုညက နေမင်းနှင့် စု ပထမဆုံးအကြိမ် ရန်ဖြစ်ကြရလေသည်။

'စုကိုလဲ နည်းနည်းပါးပါးတော့ ညှာတာဖို့ ကောင်းပါတယ် မောင်ရယ်၊ မောင် ဒီလိုလုပ်နေမှတော့ ဘယ်လောက် မျက်နှာပျက်ရလဲ'

နေမင်းသည် အတော်လေး မူး၍နေသည်။ ဖေဖေ့ရှေ့မှာ ဟန်မပျက် နေနိုင်သည်မှာပင် တော်သေးသည်ဟု ဆိုရမည်။

'ဒီမှာ စု၊ စုကို မောင်က ညှာရဦးမယ် ဟုတ်လား၊ စု စိတ်တိုင်းကျ မောင် လိုက်နေခဲ့တယ်၊ စုတို့သားအဖ အလိုကျ လုပ်ဆိုတဲ့ အလုပ်ကို မောင် လုပ်ခဲ့တယ်၊ မောင် ဒီအိမ်မှာ ဘယ်လောက် မျက်နှာ အောက်ချပြီး နေရတယ်ဆိုတာ စု အသိဆုံးပါ'

နေမင်း၏ အသံက နည်းနည်းကျယ်လောင်သည်။ ဖေဖေ့အခန်းက သော်လည်းကောင်း၊ အောက်ထပ်မှာနေသော မမြတ်တို့အခန်းကသော် လည်းကောင်း ကြားနိုင်သည်။

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

'အလုပ်လုပ်ရတာကိုတော့ အပြစ်မတင်ပါနဲ့ မောင်ရယ်၊ အိမ်ထောင်သည် ယောကျ်ားဖြစ်လာမှတော့ အလုပ်လုပ်ရမှာပဲ'

စုကလည်း မှန်သည်ထင်တာကိုတော့ ပြောမိရသည်။

'မောင်ကလည်း သူများအိမ်မှာ အလကားမနေချင်ပါဘူး၊ စုသာ အိမ်ထောင်သည် မိန်းမတစ်ယောက်ရဲ့ ဘဝကို နားလည်မယ်ဆိုရင် ယောကျ်ားဖြစ်တဲ့ မောင့်နောက်ကို လိုက်ခဲ့ပါလား၊ တက္ကသိုလ်ကျောင်းသူ ဘဝကို ဘာလို့ မက်မောနေသလဲ၊ မောင် မိန်းမတစ်ယောက်ကို အငတ် မထားပါဘူး၊ ဒီမှာနေရတာ မောင့်အတွက်ဘာမှ အဓိပ္ပာယ်မရှိဘူး၊ လခလေးတစ်ရာကျော်အတွက် ရုံးမှာလဲသူများအောက်ကျရတယ်၊ အိမ်ရောက်တော့လဲ လူတကာအနှိမ်ခံနေရတယ်၊ စုသာ ကိုယ့်ယောကျ်ားကို သူများအပြောအဆို မခံချင်ဘူးဆိုရင် ဒီအိမ်ပေါ်က ဆင်းလိုက်ခဲ့ပါလား၊ ရော့ မင်းတို့သားအဖ ရှာခိုင်းတဲ့ငွေ'

နေမင်းက ပိုက်ဆံများဖြင့် စုကို ပစ်ပေါက်လိုက်သည်။ လူတစ်ဖက်သား၏ ရင့်ရင့်သီးသီး ဆက်ဆံမှုကို မခံရဘူး၍ စု ဝမ်းနည်းလှသည်။

'မောင် စုကို ဒီလို ပြုမူစရာ မလိုပါဘူး၊ စုမှာလဲမောင့်ကို လက်ထပ်ခဲ့ရတဲ့အတွက် အားလုံးအပေါ်မှာ မျက်နှာငယ်ရတာပဲ၊ အပေါင်းအသင်းတွေကြားမှာရော အို အားလုံးပဲ'

'ဩော် မရွှေစု၊ ဘာလဲ အမိက ရွှေဖူးစာမဆုံလို့ လွဲသွားရတဲ့သူတွေ အတွက် နှမြောတသနေတာလား၊ သိပါတယ်ဗျာ၊ ဒီကကောင်နဲ့သာ မရခဲ့ဘူးဆိုရင် ခုလောက်ရှိ မရွှေစုတို့ ကောင်းစားနေပြီဆိုတာ၊ ဒီလိုဆိုလဲပြောပါ၊ ဒီကကောင်သွားပါ့မယ်၊ ဘာမှမဆန်းဘူး၊ လမ်းပေါ်က လာတဲ့ကောင်ပေါ့၊ လမ်းပေါ်ပြန်သွားမယ်ကွ'

နေမင်း၏ အသံက ပိုမို ကျယ်လောင်လာသည်။

BURMESE CLASSIC .com
www.burmeseclassic.com

စုကလည်း မူးယစ်နေသူတစ်ဦး၏ သတိလက်လွတ်မှု စိတ်တက်ကြွမှုကို နားလည်သဘောပေါက်ခြင်း မရှိသေး၍ အရှုံးမပေးဘဲ ဘက်ပြိုင်ပြောနေမိသည်။

'မောင် မအော်ပါနဲ့၊ စုမှာ နဂိုကမှ မျက်နှာမရတဲ့ကြားထဲ စု အရှက်ကို ထပ်မခွဲပါနဲ့တော့၊ မောင် လခလေးထုတ်လာတာနဲ့ အရက်သောက်လာတယ်ဆိုတာကိုက လွန်လှပြီ၊ အရင်ကတော့ သူငယ်ချင်းတွေကြောင့် တစ်ခါတလေ သောက်လာတယ်ဆိုပြီး ခွင့်လွှတ်ခဲ့တာ၊ ခုလို သောက်စား နေတတ်ရင်တော့ မဖြစ်ဘူး'

'မဖြစ်ဘူးဟုတ်လား၊ မဖြစ်ရင်လဲသွားပေါ့မယ်လို့ ပြောပြီးပါပကော'

နေမင်းက အခန်းထဲမှ ထွက်မည်ပြုတော့ သူများတွေ မြင်မည်စိုး၍ ဆွဲထားရပြန်သည်။

'မောင် သွားချင်ရင် နောက်နေ့မှသွား၊ ခုတော့ စု အရှက်ကို မခွဲနဲ့'

စု တကယ်ပင် စိတ်ဆိုးလှ၍ နာနာကျည်းကျည်း ပြောလိုက်မိသည်။

နေမင်းကလည်း အမူးပြေသယောင်ဖြင့် စုကို စူးစူးဝါးဝါး ကြည့်သည်။ နေမင်းသည် ဘာမျှ မပြောတော့ဘဲအိပ်ရာပေါ်ပစ်လှဲကာ အိပ်ချလိုက်လေသည်။

စု အံကိုတင်းတင်းကြိတ်ထားမိသည်။ နေမင်းသာ ဒီလို သောက်တတ်နေလျှင် ခက်ရချည့်ရဲ့၊ စုက နေမင်း၏ဘဝကို ပြုပြင်ဖန်တီးယူမည်ဟု ကြွေးကြော်ခဲ့သည်။ လူတစ်ယောက်၏ ဗီဇကို ပြောင်းလဲပစ်ဖို့ဆိုသည်မှာ ဖြစ်နိုင်ပါမည်လော။ ချစ်သူများဘဝကလို အချစ်စကားတွေ၏ သာယာညင်းပျောင်းမှုဖြင့် တဒင်္ဂနူးညံ့ခဲ့မှုများသည် ထာဝရတည်ရှိခြင်း မဟုတ်တော့ပြီ။

www.burmeseclassic.com

BURMESE CLASSIC .com

စုတို့ရဲ့အိမ်ပေါ်မှာ အနိုမ်ခံရ၍ နေမင်းက မကျေမနပ်ဖြစ်နေသည် ဆိုလျှင် သူပြောသလို လင်ယောကျ်ား၏အိမ်မှာ မိန်းမပီသစွာ လိုက်နေခြင်းဖြင့် သူ့စိတ်များကို ပျော့ပျောင်းစေမလား။

အတွေးပေါင်း ကုဋေကုဋာဖြင့် ညသည် ကုန်လွန်ခဲ့၏။ နေမင်းကတော့ အိပ်ရာပေါ်မှာ နှစ်ခြိုက်စွာ အိပ်ပျော်လျက်ပင်။

* * *

မနက်ကျတော့ မည်သူ့ကိုမျှ ရင်မဆိုင်ရဲပေ။

ညက အဖြစ်အပျက်ကို အားလုံး ကြားကြ သိကြမည်သာဖြစ်၏။ ဖေဖေ့ မျက်နှာကလည်း မသာယာပေ။ မမမြတ် မျက်နှာကလည်း မကြည်လင်လှ။ နေမင်းက အိပ်ရာမှ စောစောထကာ ထွက်သွားနှင့်ပြီ။ သူက အားလုံးနှင့် ရင်မဆိုင်ရအောင် ရှောင်ထွက်သွားခြင်း ဖြစ်၏။ စုမှာတော့ ပြေးစရာမြေမရှိပါ။ အားလုံးရှေ့မှောက်ကို တရားခံတစ်ယောက်လို ဝင်ရောက်ခဲ့ရသည်။ ကိုကိုစိုးက စုကို တစ်ချက်လှမ်းကြည့်သည်။ စုကိုကိုစိုးကို ဖေဖေ့ထက် ကြောက်သည်။ စုကို မပြောသာ၍ မပြောခဲ့ရသော်လည်း ကိုကိုစိုး၏ အကြည့်များက မာကျောလျက်ရှိခဲ့သည်ကို စုသတိထားမိခဲ့သည်။

'မောင်နေမင်းက အရက်သောက်တတ်သလား'

ကိုကိုစိုးက စားပွဲပေါ်မှာထိုင်ရင်း တိုးတိတိ မေးလိုက်သံကြောင့် စုမှာ နေရာမှထပြေးချင်စိတ်ပင် ပေါက်သွားသည်။ ဖေဖေကြည့်လိုက်မည့်တဒင်္ဂကိုပင် တွေးကာ ကြောက်လှသည်။ ဖေဖေသည် အရာရှိကြီးတစ်ယောက် ဖြစ်သော်လည်း အရက်သောက်တတ်သူ မဟုတ်ပေ။

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

'ညက စုတို့ ရန်ဖြစ်သံကြားတယ်၊ လင်နဲ့မယားဆိုတ[ာ] အခိုက် မသင့်ရင်တော့ ဖြစ်တတ်ကြတာပေါ့လေ၊ ဒါပေမယ့် သူတစ်ပါးကို နားမခံသာအောင် ဆူပူပြောဆိုနေတာတော့ ဘယ်ကောင်းမလဲကွယ်'

မမမြတ်က ဝေဖန်သမှုပြုလာသည်။

'ကိုကိုစိုးတို့လဲ အရက်သောက်တတ်ပါတယ်၊ အပေါင်းအသင်းနဲ့ ဆိုရင် သောက်တာပဲပေါ့၊ ဒါပေမဲ့ မောင်နေမင်းက ငယ်လဲငယ်သေးတယ်၊ အလုပ်ကလဲ ခုမှ လုပ်မယ်မကြံသေးဘူး'

ကိုကိုစိုးက စုကို မကြည့်ဘဲပြောသည်။

'သူ့ကို အလုပ်လုပ်ခိုင်းတာလဲ သူ့လုပ်စာ ရကောင်းစေရယ်မှ မဟုတ်တာ သမီး၊ သမီးတို့အတွက်ပဲ'

ဖေဖေကလည်း ဆိုလာပြီ။ စုမှာ တလောကလုံးက လက်ညှိုးပေါင်း တစ်ထောင်ဖြင့် ဝိုင်းဝန်းပြစ်တင်ခြင်းကို ခံနေရသည်သို့သာ ရှိတော့သည်။ ခံပေဦးတော့ မရွှေစု။

စုသည် နံနက်စာ လက်ဖက်ရည်ဝိုင်းမှ တိတ်ဆိတ်စွာပင် ထွက်ခွာ လာခဲ့၏။

သည်အိမ်မှာ ဖေဖေသည် အကြီးအကဲမှန်သော်လည်း ဖေဖေက စုဘက်မှ အစဉ်သဖြင့် ရပ်တည်ပေးနိုင်ပါတော့မည်လား။ စုတို့ အခြေအနေ ကလည်း ဖေဖေ မားမားမတ်မတ် ရပ်တည်ပေးလောက်အောင် မျက်နှာပန်း မလှခဲ့။

ဖေဖေ မကြာခင် ပင်စင်ယူတော့မည်ဆိုတော့ အိမ်၏ စီးပွားရေး ကကော မည်သို့ရှိလေမည်နည်း။ ကိုကိုစိုးတို့ မမမြတ်တို့ကိုသာ အမှီသဟဲပြုနေရမည်ဆိုလျှင်တော့ တွေးဝံ့စရာပင် မရှိ။ စုသည် အိမ်ပေါ်ကို တိတ်ဆိတ်စွာတက်လာခဲ့၏။ အိပ်ရာပေါ်မှာ လှဲနေမိသည်။ ယခုတော့ သည်နေရာလေးသည်လည်း စိတ်ကူးယဉ်အတွေးတွေနှင့် ငေးမော[...]

BURMESE CLASSIC .com

နိုင်သည့် နေရာလေး မဟုတ်တော့။ ကာရန် အနုအလှကလေးတွေလည်း မဖွေရှာနိုင်တော့။ ရေမှာ လွင့်မျောနေသော ဇေဒါပန်းကလေးကို ယုယ ပိုက်ထွေးမည်ဟု ဆယ်ယူခဲ့သော်လည်း လက်တွေ့ဘဝမှာ ဇေဒါပန်းလည်း မလန်းနိုင်။ ဆယ်ယူမည့်သူလည်း ရပ်တည်ရသည်မှာ အခြေမခိုင်တော့။ စုတို့ ခင်မင်မြတ်နိုးခဲ့ရသော ဝတ္ထုထဲမှ စကားလုံးလှလှကလေးတွေကို လည်း ရွတ်ဆိုနေ၍ မရတော့ပြီ။

ထိုနေ့က နေမင်း ပြန်မလာခဲ့။

ညကဖြစ်ခဲ့ရသော ပြဿနာအတွက် နေမင်း စိတ်ကွက်၍သွားပြီ လား။ နေမင်းသည် စုတို့အိမ်မှာ မျက်နှာငယ်ရသည်ကတော့ အမှန်ပင် ဖြစ်မည်။ အထူးသဖြင့် ယောကျ်ားသားများ၏ အထင်သေးမှုများနှင့် မိန်းမသားဖြစ်သော မမမြတ်၏ ရှုတ်ချမှုများကို အလူးအလဲခံနေရသည်သာ ဖြစ်သည်။ နေမင်း ပြောသလိုပင် စုသည် အိမ်ထောင်သည် မိန်းမ တစ်ယောက်ပီပီ လင်ယောကျ်ားနှင့် ဆိုးတူကောင်းဖက် လိုက်ပါနေထိုင်ရန် သတ္တိနည်းခဲ့သည်။ ဖေဖေ့ကို ငဲ့ညှာခြင်းထက် စုကိုယ်တိုင်က သတ္တိ နည်းခဲ့ခြင်းသည် အဓိက ဖြစ်ရမည်။

နေမင်း အိမ်ကိုပြန်မလာခြင်းအတွက် မည်သူကမျှ ပူတောင့်ပန်းပင် မမေးပေ။ သို့သော် စု မနေနိုင်ပါ။ နေမင်းကို စုသာလျှင် နားအလည် ဆုံးဟု ခံယူထားသည်မို့ နေမင်းကို စုပဲ အသိအမှတ်ပြုရတော့မည်။ ပြီးတော့ တစ်ခုတည်းသော အကြောင်းပြခိုင်လုံချက်ကလည်း ရှိနေသည်။ နေမင်းသည် စု၏ လင်သားပင် မဟုတ်လား။

သည်နေ့တစ်ရက် စောင့်ကြည့်သေး၏။ နေမင်း ပြန်မလာ။ စု၏ အရိပ်အကဲကိုကြည့်နေသော အိမ်သားများက နည်းနည်း လှုပ်၊လှုပ်ရှားရှား ဖြစ်လာကြသည်။

'စု'

www.burmeseclassic.com

စု၏ အခန်းဝမှာလာပြီး မမမြတ်က တိုးတိုးခေါ်သည်။ စုသည် အိမ်သားများနှင့် ဝေးရာမှာ တစ်ယောက်တည်း ပုန်းကွယ်နေခြင်းဖြစ်၏။ မည်သူနှင့်မျှလည်း မတွေ့ချင်တော့။

'ဝင်ခဲ့ပါ မမမြတ်'

စုက တိုးတိုးပင် တုံ့ပြန်လိုက်သည်။ လောကကြီးနှင့်လည်း အဆက်ဖြတ်နေ၍ ရကောင်းသည် မဟုတ်ချေ။ မမမြတ်သည် စု အခန်းထဲသို့ ခပ်အေးအေးပင် ဝင်လာ၏။ စု၏ ခုတင်ဘေးက ကုလားထိုင်လေးမှာ ထိုင်သည်။ မမမြတ်သည် အိမ်နေရင်းဖြစ်သော်လည်း သေသပ်လှပစွာ ဝတ်ဆင်ထားသည်။ နှုတ်ခမ်းနီပါးပါးဆိုးထားသည်။ မမမြတ်သည် ကလေးတစ်ယောက်သာမွေးပြီး နောက်ထပ်လည်း ကလေးမယူခဲ့ပေ။ မမမြတ်တို့ဘဝက အေးအေးဆေးဆေးနှင့် ဘဝကို သာသာယာယာ နေတတ်သူတို့၏ ပုံစံဖြစ်သည်။

'စု စိတ်ညစ်နေသလား'

မမမြတ်က ကြင်နာဟန်ဖြင့် မေးသည်။ မမမြတ်က မိန်းမသားချင်း ကိုယ်ချင်းစာသော မျက်လုံးများနှင့်လည်း ကြည့်နေသည်။ မမမြတ်သည် အိမ်မှာနေရာတကာ လွှမ်းမိုးချင်သော်လည်း စု အပေါ်မှာ အဆင့်အတန်း မြင့်မြင့် ဖြစ်စေချင်သည့် စေတနာတော့ တကယ်ရှိနေသည်ဟု ယုံကြည်လောက်သည်။

'စိတ်မညစ်တော့ပါဘူး မမမြတ်ရယ်၊ စုကသာ စုအတွက်နဲ့ အိမ်သားတွေ အနှောင့်အယှက်ဖြစ်ရတာကို စိတ်မကောင်းတာပါပဲ'

မမမြတ်က ပြတင်းပေါက်ဝတွင် သွားရပ်ကာ အဝေးကို မျှော်ကြည့်သည်။

www.burmeseclassic.com

BURMESE CLASSIC .com

'စုအတွက် သူတစ်ပါးက စိတ်မကောင်းဖြစ်တယ် ဆိုပေမယ့် တကယ်တမ်း စိတ်ဆင်းရဲရတာကတော့ ကာယကံရှင်ကိုယ်တိုင်ဖြစ်တဲ့ စု ပါပဲကွယ်'

မမမြတ်က ဘာအတွက်သည့်စကားတွေကို အစပျိုးလာပြန်ပါ သနည်း။

'စုအပေါ် စေတနာထားတာ ဝမ်းသာပါတယ် မမမြတ်၊ ဒါပေမဲ့ ရှိပါစေတော့ မမမြတ်ရယ်၊ စု ခံနိုင်ရည်ရှိပါတယ်'

'အင်းလေ စုဟာ မမမြတ်တို့ ထင်တာထက်ပိုပြီး သည်းခံနိုင်စွမ်း ရှိတယ်ဆိုတာ သိပါတယ်၊ ဒါပေမဲ့ စု၊ စု ဘဝတစ်လျှောက်လုံး ဒီလိုပဲသည်းခံသွားမှာလားကွယ်၊ မမမြတ်ကို မဆိုင်တာ ဝင်ဝင်ပါတယ်လို့ မထင်ပါနဲ့နော်၊ ယောက်မဆိုတဲ့ အမြင်နဲ့ မကြည့်ပါနဲ့ စုရယ်၊ မမမြတ်က စုကို ကိုယ့်ညီမအရင်းလို သဘောထားလို့ အမှန်းခံပြီး ပြောနေတာပါ'

သည်လိုပြောတော့လည်း စု တကယ်ပဲဝမ်းနည်းလာသည်။ အားလုံး က စု အပေါ်ထားရှိတဲ့ စေတနာတွေကို စုက လက်လွှတ်စပယ် ပြုခဲ့မိ လေသလား၊ စုမှာ နေမင်းနှင့် လက်ထပ်ပြီးသည့်နောက်ပိုင်း အားလုံးကို ဆန့်ကျင်ခဲ့ရသည်ကတော့ အမှန်ပင်။

'မမမြတ်တို့ စေတနာကို စု နားလည်ပါတယ်၊ စု ဘက်က မှားခဲ့ရင်လဲ ခွင့်လွှတ်ပါ မမမြတ်ရယ်'

'ခွင့်လွှတ်ပါတယ် စု၊ မမမြတ်ရဲ့စေတနာကို အသိအမှတ်ပြုရင် တော်ပါပြီ၊ မမမြတ် စုကို ချစ်ပါတယ်၊ ဒါပေမဲ့ မောင်နေမင်းကိုတော့ ချစ်လို့မရတာတော့ အမှန်ပဲကွယ်၊ မမမြတ် သဘောကျတဲ့သူကို စုက မယူလို့ ပြောတာမဟုတ်ဘူးနော်၊ ဒါပေမဲ့ စု၊ လင်ကုန်ရှုံးရင် တစ်သက်လုံး မှောက်တတ်တယ်ဆိုတဲ့ စကား တကယ်မှန်တယ်'

'စု အကြောင်းနဲ့ စုပါပဲ မမမြတ်'

BURMESE CLASSIC .com

BURMESE CLASSIC .com

မမမြတ်သည် စုကို စူးစိုက်၍ကြည့်သည်။ စူးရှသော မမမြတ်၏ မျက်လုံးတွေထဲတွင် စုအပေါ် ယုကျုံ့မရအောင် အံ့ဩခြင်းနှင့် နေမင်း အပေါ် တကယ်ပင် ရွံရှာမုန်းတီးခြင်းကို ဖုံးကွယ်မရအောင် ပေါ်လွင်နေ လေသည်။

'နောက်ဆုံး မမမြတ် တစ်ခုပြောချင်တယ်၊ သူ စုအပေါ် အနိုင် မယူဝံ့အောင် နေပြလိုက်စမ်းပါကွယ်၊ စုဟာ မိဘအသိုက်အဝန်းနဲ့ နေသူရယ်ပါ၊ သူ့ကို ခယနေစရာမလိုပါဘူး၊ သူပြန်မလာလဲ သူ့ဟာသူ နေစမ်းပါစေကွယ်၊ သိလား စု၊ မမမြတ်တို့တစ်တွေဟာ ယောကျာ်း တစ်ယောက်ကို အားကိုးအားထားပြုကြည့်လို့မှ မရဘူးဆိုရင် ရှေ့ဆက် ဘာကိုမျှော်ကိုးပြီးပေါင်းရမှာလဲ၊ မဟုတ်ဘူးလား'

ဩော် စုရဲ့ အသိုက်အဝန်းက ယခုချိန်အထိ နေမင်းအပေါ် အငြိုး မပြေနိုင်သေးပါလားဟု စု တွေးမိရသည်။

'သူ့ကို စု စောင့်ကြည့်ရဦးမှာပဲ မမမြတ်၊ သူတစ်နေ့ နားလည် လာပါလိမ့်မယ် မမမြတ်ရယ်'

မမမြတ်ကတော့ စိတ်ပျက် လက်လျှော့သွားဟန်ဖြင့် ခေါင်းကိုသာ ဖြည်းလေးစွာ ခါယမ်းရင်း စုအပါးမှ ထွက်ခွာသွားလေသည်။

*   *   *

မောင်ရယ် စုအပေါ် တကယ်ပဲမေ့နိုင်သလား၊ စု တစ်ယောက်တည်း လောကကို ရင်ဆိုင်၍ဖြစ်သော်လည်းပဲ အစပျိုးထားသည့် ဇာတ်လမ်းတစ်ပုဒ် ကို စုက ပြည်ဖုံးကား မချလို။ ပြီးတော့ အချစ်။ လင်ယောကျာ်းတစ်ယောက် အပေါ်မှာ မိန်းမသားတစ်ယောက်ထားရှိတဲ့ အချစ်ဟာ ကြာလေလေ ပိုမို ခိုင်မြဲလာလေလေပါပဲ။ စုလို အချစ်ကို ကိုးကွယ်တတ်တဲ့ မိန်းကလေး

BURMESE CLASSIC .com
www.burmeseclassic.com

တစ်ယောက်ဟာ ဘယ်တုန်းကမှ ကိုယ်ကစပြီး အချစ်ကို စွန့်ခွာ
မရှိပါဘူး။

နေမင်းကလည်း စုကို ချစ်တယ်ဆိုတာတော့ တကယ်ပဲယုံကြည်ခဲ့သည်။ နေမင်းသည် စုတို့ အသိုက်အဝန်းကို နာကျည်းခြင်းနှင့် အိမ်ထောင်တစ်ခုကို မားမားမတ်မတ် ရပ်တည်မပေးနိုင်ခြင်းကသာ စုတို့ကို အနှောင့်အယှက်ပေးလျက်ရှိသည်ဟု စု ထင်သည်။

စုက ရောက်ခဲလှသော အိုင်ရင်းတို့ အိမ်ဘက်သို့ ကူးခဲ့၏။ အိုင်ရင်းသည် သူလာလျှင် စုကိုမြင်ရတာ စိတ်ဆင်းရဲစရာကောင်းသည်၊ စုကို သနား၍ မကြည့်ရက်ဟုဆိုကာ စုဆီကို မလာခြင်းဖြစ်သည်တဲ့။ စုမှာတော့ သူငယ်ချင်း အသိုက်အဝန်းနှင့်လည်း တစ်စတစ်စ ကင်းကွာခဲ့ရလေပြီ။ စုသည် သူတို့အုပ်စုထဲတွင် အစောဆုံး အိမ်ထောင်ပြုသူမို့ သူတို့နှင့် ဘဝခြားသွားသည်။ အိုင်ရင်းတို့ကိုယ်တိုင်လည်း ငယ်ရွယ်စဉ် ဘဝကို ကျော်လွန်လာသည်နှင့်အမျှ ယခင်ကလို အပေါင်းအသင်းများနှင့် စုရုံး ပျော်ရွှင်ဖွယ်ရာများကို အခါခပ်သိမ်း ဖန်တီး၍ မရတော့ပေ။ သူငယ်ချင်းများသည် ဆယ်တန်းအောင်ပြီး ကတည်းကပင် တစ်ယောက် တစ်နေရာရောက်ကုန်သည်။ နှစ်သက်ရာ ဝါသနာချင်း မတူကြသည့် အလျောက် ရွေးချယ်ရာလိုင်းချင်းလည်း မတူခဲ့ကြ။ သူငယ်ချင်းတွေ စုစည်းမိကြဖို့ တော်တော်လေးပဲခဲယဉ်းသွားသည်။ ကျောင်းတွေကလည်း ယခင်ကလို သာသနာပြုကျောင်းတွေ မဟုတ်တော့။ သူတို့၏ ပြုရိုးပြုစဉ် ဓလေ့ထုံးတမ်းတွေလည်း အလိုလို ပျက်ပြားသွားသည်။ စုတို့တစ်တွေ ပျော်ခဲ့ရသော ကျောင်းပွဲတော်သည်ပင် နောက်ဆုံးပွဲတော်ဖြစ်၏။

အိုင်ရင်းက သူ့မွေးနေ့ကိုပင် မလုပ်တာကြာခဲ့ပြီ။ မာမီက သူ့ ဆွေမျိုးများရှိရာ အင်္ဂလန်သို့ ပြန်နိုင်ရန်ပင် ကြိုးပမ်းနေလေသည်။

www.burmeseclassic.com

BURMESE CLASSIC .com

စု ရောက်သွားတော့ အိုင်ရင်းက စုကို ကြည့်ကာ အံ့အားသင့်ေ သည်။

'ဟေး စု၊ ယူ ကိုယ့်ဆီကိုလာလည်တာလားဟင်၊ ကိုယ်လဲကျောင်းတက်ရတာ သိပ်ပင်ပန်းတယ် စု ရယ်၊ ဒါနဲ့ ယူ့ဆီ မရောက်တာ'

ခေတ်ဆန်လှပသော အိုင်ရင်း၏ အခန်းကလေးကတော့ နေချင့်စဖွယ်ပင် ဖြစ်သည်။ စာအုပ်တွေက စားပွဲပေါ်မှာ ပွရောင်းလျက် ရှိနေသော်လည်း ဤသို့မြင်ရခြင်းသည်ပင် ငယ်ရွယ် လွတ်လပ်သူတို့၏ ချစ်စရာ အသွင်သဏ္ဍာန်ကို ပေါ်လွင်စေသည်ဟု စု ထင်သည်။ စုမှာတော့ ဖေဖေ့အလိုကျ ကျောင်းတက်နေသော်လည်း စာအုပ်တွေကို လုံးဝမကိုင်မိ။ တူနှစ်ကိုယ် ယှဉ်တွဲတဲ့ ဖဲစက်ရာပေါ်မှာ အိပ်မပျော်ခဲ့တဲ့ညတွေသာ များခဲ့ရပြီ။ သူငယ်ချင်းနှစ်ယောက်၏ ဘဝက များစွာကွာခြားခဲ့ရလေပြီ။

'စု မင်းဆီကို လာချင်နေတာ ကြာပါပြီကွယ်၊ ဒါပေမဲ့ ကိုယ့်ဘဝ အတွက် မင်းတို့ကို စိတ်အနှောင့်အယှက်ဖြစ်မှာ စိုးမိတယ်'

အိုင်ရင်းက စုနှင့် ယှဉ်တွဲကာ ခုတင်ပေါ်မှာ ထိုင်သည်။ စုပခုံးကို ရင်းနှီးစွာဖက်၏။

'ဒီလိုတော့လဲ ဘယ်ဟုတ်မလဲကွာ၊ အေးအတူပူအမျှပေါ့၊ တစ်ခါတစ်ခါတော့လဲကိုယ်တွေးမိတယ်၊ စုတို့အိမ်က နေမင်းနဲ့ ပြန်ခွဲထားတုန်းက ကိုယ်မကူညီမိခဲ့ရင် အကောင်းသားလို့၊ ခုလောက်ဆိုရင် သူ တို့ပြောသလိုပဲ ယူ့ဘဝ မေ့မေ့ပျောက်ပျောက်နဲ့ ပြန်သာယာနေမှာ'

'အဲဒီအတွက်တော့ ကိုယ် နှောင်တမရပါဘူး အိုင်ရင်းရယ်၊ ကိုယ် မှန်တယ်ထင်လို့ လုပ်ခဲ့တာပဲ၊ ခုလဲကိုယ် အဲဒီကိစ္စအတွက် တိုင်ပင်ချင်လို့ လာခဲ့တာ၊ တကယ်တော့ ရင်ဖွင့်ချင်တာပါပဲလေ၊ နောက်ဆုံးတော့ ကိုယ်ဆုံးဖြတ်ထားတဲ့အတိုင်း လုပ်ရမှာပါပဲ'

BURMESE CLASSIC .com

BURMESE CLASSIC .com

အိုင်ရင်းသည် မျက်နှာလေးကျစပြုနေသော စုကို ငေးကြည့်ကာ နားထောင်နေသည်။

'ကဲ ဆိုစမ်းပါဦးကွာ၊ အိမ်နဲ့ မပြေလည်ပြန်ဘူးလား'

'မပြေလည်တာကတော့ အစကတည်းကပါပဲ၊ ခု နေမင်း အိမ်ပြန် မလာတာ သုံးရက်လောက်ရှိပြီ'

'ဟုတ်လား၊ သူက မမြတ်နဲ့လဲ မျက်နှာချင်းဆိုင်လို့မရအောင် ဖြစ်နေတယ်ဆို၊ ကျော်ကျော်တို့က ပြောတယ်'

'ဟုတ်လား၊ စုလဲ သူငယ်ချင်းတွေနဲ့တောင် အဆက်ပြတ်သလောက် ပါပဲကွာ'

'သူတို့ ကိုယ့်ဆီလာလည်တတ်ကြပါတယ်၊ ကျောင်းကိုလေ၊ မောင်မောင်နဲ့ မြမြနွယ်တောင် သိပ်တွဲတာ မတွေ့ပြန်ဘူး၊ ဘာဖြစ်ကြသလဲ မသိဘူး'

မောင်မောင်က စီးပွားရေးတက္ကသိုလ်မှာ တက်နေသည်။

'ကျော်ကျော်တို့၊ မောင်မောင်တို့နဲ့လဲ ကိုယ်တွေ့ချင်ပါတယ်၊ နေမင်းကို သူတို့ပြောရင်များ ရမလား မသိဘူးကွယ်'

'အင်း၊ ဆိုစမ်းပါဦး၊ နေမင်းက ဘာလို့ အိမ်ကို ပြန်မလာတာလဲ၊ မမြတ်နဲ့ ရန်ဖြစ်လို့လား'

'မဟုတ်ဘူး၊ စုနဲ့ ဖြစ်တာ'

'ဟင်'

အိမ်ထောင်သည်တွေ၏ ဘဝကို နားမလည်သေးသော အိုင်ရင်းကတော့ အံ့သြနေသည်။

'အိမ်သားတွေ သူ့ကို မကြည်ဖြူတာလဲမပြောနဲ့၊ သူကလဲမှားတယ်လေ၊ ဖေဖေက အလုပ်ရှာပေးတယ်၊ အဲဒါကိုတောင် သူက သိပ်မကျေနပ်ချင်ဘူး၊ ပြီးတော့ ခုမှ အလုပ်လေးရစရှိသေးတာ ကြိုးကြိုးစားစား

BURMESE CLASSIC .com
www.burmeseclassic.com

BURMESE CLASSIC .com

လုပ်ပြရမယ်မဟုတ်လား၊ လခထုတ်တဲ့နေ့က သူအရက်သောက်လာတယ် အဲဒါနဲ့ စုနဲ့ စကားများတာပဲ’

အိုင်ရင်းက ပခုံးလေးကို တွန့်လိုက်သည်။

‘သူအရက်သောက်တတ်နေတာ ယူ မသိခဲ့ဘူးလား ဟင်’

စုက ခေါင်းခါသည်။

‘စုနဲ့ တွေ့ပြီးမှ သူငယ်ချင်းတွေနဲ့ ပျော်လို့ဆိုပြီး တစ်ခါနှစ်ခါပဲ သောက်တာတွေ့တယ်၊ ကျန်တဲ့အချိန်တော့ မသောက်ပါဘူး၊ ဟိုနေ့က လခထုတ်ရက်သောက်လာတော့ စု စိတ်ပူမိတယ်ကွယ်’

‘စု၊ ယူ သူ့ကို ပြုပြင်လို့ရမယ်လို့ ယုံကြည်ခဲ့တယ် မဟုတ်လား၊ ကိုယ် စကားနာထိုးတာ မဟုတ်ဘူးနော်၊ ယူ သူ့ကို ချော့မော့ပြောကြည့်ပါလားကွယ်၊ သူဒီတစ်ခါပဲ သောက်တာလဲ ဖြစ်ချင်ဖြစ်မှာပါ၊ အဲ တစ်ခါတလေပေါ့’

စုမှာ ယခင်ကလို တက်တက်ကြွကြွ မပြောနိုင်တော့။ သူ အားလျော့စ ပြုနေပြီမှာ ထင်ရှားသည်။

‘စု သူ့နောက်ကို လိုက်သွားရ ကောင်းမလားလို့ စဉ်းစားနေတယ်’

အိုင်ရင်းက စုကို ကြည့်ကာ အံ့သြနေပြန်သည်။

‘ဟေး စု၊ ယူပြောချင်တာ အဲဒါလား၊ သူ့ဟာသူ စိတ်ဆိုးလို့ ဆင်းသွားတာ၊ သူစိတ်ပြေရင် ပြန်လာမှာပေါ့ကွာ၊ ယောကျ်ားပဲဟာ လိုက်ချော့စရာ မလိုပါဘူး’

‘သူ ကိုယ့်ကွယ်ရာမှာ ပိုဆိုးမယ်’

‘အိုးဂေါ့၊ ယူက သူ့အတွက် ပူလို့လား’

သည်တစ်ခါတော့ အိုင်ရင်းသည် စုဘက်က လုံးလုံးလျားလျား ဖြစ်နေပြီ၊ နေမင်းက အိမ်ထောင်ဦးစီးတစ်ယောက်အနေဖြင့် ရှုပ်ရှုပ်ချွချွ မရှိသည့်အတွက်တော့ အိုင်ရင်းက နေမင်းကို အမှတ်မပေးချင်တော့

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

အိုင်ရင်းစိတ်က ယောကျ်ားဟူသည် မိန်းမသားတို့၏ အထင်ကြီး ကိုးကွယ်စရာ ကောင်းရမည်ဟု ယုံကြည်သည်။

'သူက စုတို့အိမ်မှာ သူအမြဲ အနှိမ်ခံနေရတယ်တဲ့၊ စုဟာ မိန်းမ တစ်ယောက်အနေနဲ့ သူ့နောက်ကို လိုက်နေသင့်တယ်တဲ့'

စုသည် တကယ်ပင် မိန်းမသားတစ်ယောက်အနေဖြင့် ရင်ဖွင့်စရာ အဖော်မရှိ၍ သူငယ်ချင်းဆီလာပြီး ရင်ဖွင့်နေခြင်းသာ ဖြစ်ကြောင်း အိုင်ရင်း နားလည်လာသည်။ စုမှာ တစ်ဦးတည်းသော မိန်းမဖော်ဖြစ်သည့် မမမြတ်ကလည်း စု ဘက်က မရှိပေ။ စုအပေါ် စေတနာရှိသည်မှန်သော်လည်း စုရင်ထဲမှ ခံစားချက်ကို နားလည်နိုင်မည် မဟုတ်ပေ။ ကြီးကြီးမေ ကလည်း မမမြတ်တို့ ရောက်ကတည်းက တရားရိပ်သာတွင် အနေများသည်။

အိုင်ရင်းက စုကို သနားလည်း သနားသည်။ ကရုဏာဒေါသလည်း ဖြစ်မိသည်။

'သူ့အိမ် လိုက်နေရင်ကော သူက စုကို စိတ်ချမ်းသာအောင် ထားမှာလား'

အိုင်ရင်းက မေး၏။ မေးသာမေးရသည် မေးခွန်းကား မဟုတ်။ စု စဉ်းစားနိုင်ရန်ပြောခြင်းသာ ဖြစ်သည်။

'သူ ပေပေတေတေ နေတတ်တာကလွဲလို့ စု စိတ်ဆင်းရဲ အောင်တော့ ဘာမှ မလုပ်ပါဘူး'

အိုင်ရင်းက သက်ပြင်းချသည်။

'ဩော် စုရယ်၊ အိမ်ထောင်ကျပြီးတဲ့ ယောကျ်ားတစ်ယောက်အနေနဲ့ ပေပေတေတေ နေသေးတယ်ဆိုကတည်းကိုက ဘယ်မိန်းမက စိတ်ချမ်းသာ မှာလဲ၊ စုက သူ့အပေါ် အရှုံးပေးလွန်းပါတယ်'

စုသည် မျက်နှာငယ်ဖြင့် အိုင်ရင်းကို ကြည့်နေပြန်လေသည်။

BURMESE CLASSIC .com

'သူပြန်မလာရင်တော့ အိမ်က ဝမ်းသာမှာ၊ မမမြတ်က ခုတော့ သူ့ကို မေ့ပစ်ဖို့တရားဟောနေပြန်ပြီ'

'စုက သူပြန်မလာမှာ သိပ်စိုးရိမ်နေသလား'

'အိုင်ရင်း၊ စု ရင်ထဲမှာ ခံစားနေရတာတွေကို မင်းတို့နားလည်အောင် ပြောမပြတတ်တော့ဘူး'

'ကိုယ် ယူ့ကို သိပ်နားလည်တယ် စု၊ နားလည်လွန်းလို့ ယူ့ကို အားမရတာ၊ ယူက တစ်ဖက်သားကို သိပ်ချစ်တတ်လွန်း၊ သိပ်ပြီး ယုံကြည်လွန်းတယ်ကွယ်၊ ကိုကိုဦးနဲ့တုန်းကလဲ မိန်းမရသွားတာတောင် ယူက ယူ့ကို ချစ်နေတယ်လို့ ယုံကြည်ခဲ့တယ်ဆို၊ အဲဒီတုန်းက ယူ့ကို မဖြစ်သင့်တာ မဖြစ်ရအောင် မောင်မောင်တို့က အကာအကွယ်ပေးခဲ့တာ ယူ သိရဲ့လား'

စု စဉ်းစားနေသည်။ ကိုကိုဦးအပေါ်မှာလည်း ယနေ့ထက်ထိ စု အပြစ်မမြင်နိုင်သေးတာ အမှန်ပင်။ သို့သော် ကိုကိုဦးသည် ယနေ့ထက်တိုင်လည်း စိတ်ကူးယဉ် အချစ်ဝတ္ထုတွေထဲမှာ ချစ်စရာကောင်မလေးတွေနှင့် ကြည်နူးနေဆဲဖြစ်သည်။ ထိုကောင်မလေးတွေသည် စုကို ကိုယ်စားပြုခြင်း မရှိသည်ကတော့ သေချာသည်။ စု ဘဝကသာ ကိုကိုဦး ကွယ်ရာမှာ ရင့်ကျက်လာရသော်လည်း ကိုကိုဦး စာတွေကတော့ ယနေ့ထက်ထိ ရင့်ကျက်လာခြင်း မရှိသေး။ ကိုကိုဦးမှာ စုလို စာရေးဆရာကို စွဲလမ်းသော စာဖတ်ပရိသတ် ကောင်မလေးတွေ ရှိနေတုန်းပဲလားဆိုတာလည်း စု မသိပေ။

'ကိုကိုဦးချိန်းလို့သွားတဲ့နေ့က စုနောက်ကို သူတို့လိုက်လာတာ သိပါတယ်'

'ဟုတ်တယ်၊ အဲဒါကို ကိုယ်သိရတော့ ယူ့ကို သိပ်အပြစ်တင်မိတယ် စုရယ်၊ ဒါပေမဲ့ ယူ့ကို ဖွင့်မပြောတော့ပါဘူး၊ အဲဒီကတည်းက စိ

www.burmeseclassic.com

ကူးယဉ်လွန်းပြီး ယုံလွယ်လွန်းတဲ့ ယူ့ကို နည်းနည်းလေးမှ အားမရခဲ့ဘူ ဟော နောက်တော့ ယူက ကိုယ်တို့မသိအောင် နေမင်းနောက်ကို လိုက သွားခဲ့ပြန်တယ်’

‘ဒါတွေပြောမနေပါနဲ့တော့ အိုင်ရင်းရယ်’

‘အေးလေ ဟုတ်ပါတယ်၊ ခုချိန်မှာ ဒါတွေပြောနေလို့အပိုပါပဲ၊ ဒါပေမဲ့ ပြီးခဲ့တာတွေ သင်ခန်းစာယူပါဦး စုရယ်၊ တစ်ဖက်သားကို လွယ်လွယ်နဲ့ အလျှော့မပေးပါနဲ့၊ နေမင်း ပြန်မလာတာ သူ့ဟာနဲ့သူ နေစမ်းပါစေ၊ သူယူ့ကို တကယ်ချစ်ရင် ပြန်လာမှာပေါ့ကွာ’

စုသည် တွေဝေနေသေးသည်။ ပြီးတော့မှ ဆုံးဖြတ်ချက်ချဟန်ဖြင့် ခေါင်းကို ညိတ်သည်။

‘အေးလေ ကိုယ် လိုက်မသွားတော့ပါဘူး၊ သူပြန်လာအောင် စောင့်ဦးမယ်’

အိုင်ရင်းက အားတက်လာဟန်ဖြင့် စုကို ကြည့်သည်။

‘အဲဒီလို မာနလေးလဲ နည်းနည်းတင်းထားဦးမှပေါ့ စုရယ်’

* * *

နေမင်းက စုနှင့် ကင်းကွာပြီး တကယ်ပဲနေနိုင်လေသလား။ သို့မဟုတ် စုတို့ အသိုက်အဝန်းကို တကယ်ပဲ စိတ်နာနေရှာသလား။ နေမင်းသည် အိမ်ကို ပြန်မလာခဲ့။ မာနတွေတင်းထားသည့်ကြားမှ စု မနေနိုင် မထိုင်နိုင် ဖြစ်ရပြန်သည်။ နေမင်းဟာ စုရဲ့ ချစ်သူသာ မကတော့ပါဘူး။ လင်ယောကျ်ားတစ်ယောက်လည်း ဖြစ်သည်။ နေမင်း အလုပ်လုပ်ရာရုံးသို့ ဖုန်းဆက်မေးမိသည်။

‘ကိုနေမင်းက ရုံးကိုတော့လာပါရဲ့ရှင်၊ ခဏလေး လက်မှတ်ထိုးရုံ လောက်ပါပဲ’

www.burmeseclassic.com

BURMESE CLASSIC .com

တစ်ဖက်က ခပ်ထွေ့ထွေ့အသံလေးကို ကြားရသည်။

'သူ နေ့တိုင်းတော့ လာပါတယ်နော်'

'အင်း လာတယ်လို့ထင်တာပဲ'

တစ်ဖက်က စိတ်မရှည်သောအသံကို ကြားရသည်။

'သူလာရင် ကျွန်မ ဖုန်းဆက်တယ်လို့ ပြောပေးပါနော်'

စု၏ တင်းထားသော မာနတွေ ရုတ်တရက်ကျသွားသည်ကို စု ကိုယ်တိုင်ပင် သေသေချာချာ မသိလိုက်ပါကလား။

'အို၊ ကျွန်မဆိုတာ ဘယ်သူပါလိမ့်'

သည်တော့မှ စု သတိထားမိသည်။ တစ်ဖက်လူကို အားနာသွားမိသည်။ စုရဲ့အေးဆေးသော အသံလေးကြောင့်သာ သည်မျှ သည်းခံနေသည်ကိုတော့ စု မတွေးမိ။

'ကျွန်မ၊ ကျွန်မ ကိုနေမင်းရဲ့ မိန်းမပါရှင်'

စုအသံက တုန်ယင်နေသည်။ စု မောလည်း မောနေသည်။

'ဘုရားရေ၊ ဟုတ်ကဲ့ရှင် ကျွန်မ ပြောပေးပါ့မယ်'

တစ်ဖက်က တအံ့တသြနှင့် တယ်လီဖုန်းကို ချသွား၏။ သြော် ကိုယ့်ယောကျ်ားကိုတောင် ရုံးကိုလာရဲ့လားဟု ပြန်လည်စုံစမ်းမှာယူနေရသော မိန်းမငယ်တစ်ယောက်ကို အဘယ်သူသည် မသနားပဲရှိပါမည်နည်း။

စုရဲ့ တင်းမာသောစိတ်တွေလည်း အရည်ပျော်စပြုလေပြီလား မသိနိုင်တော့ပါပြီ။

စုမှာ သွေးအားနည်းသည့်ရောဂါ ပြန်ဖြစ်လာ၍ ကျောင်းလည်း မတက်နိုင်တော့။

နေမင်းကို မမြင်ရတော့ စုရဲ့ မိသားစုတွေက စုကို ယခင်ကလို ပြန်လည် ဂရုစိုက်လာကြသည်။ ဖေဖေက သမီးကို အရိပ်ကြည့်နေသူပီပီ ထမင်းဝိုင်းမှာပင် စု ရောက်လာမှ ထမင်းစားသည်။ ကိုကိုစိုးကလည်း

BURMESE CLASSIC .com

ညီမဖြစ်သူကို ချိုချိုသာသာစကားဆိုစပြုသည်။ မမမြတ်ကတော့ ဆိုဖွယ်ရ
မရှိ။ စုရေ စုရေနှင့် တစ်စုတည်း စုနေတော့၏။

ကိုတိုးနှင့် စုသည်ပင် စကားမပြောတာ ကြာပြီ။ ကိုတိုးက စုကို အချစ်ဆုံးလည်းဖြစ်ခဲ့သလို စု ရတ်တရက် လက်ထပ်သွားတော့ မောင်ဘွား တစ်ယောက်အနေနှင့် ရှက်တာလည်းပါသည်။ နေမင်းကို သဘောမကျ တာလည်း ပါသည်။ ပြီးတော့ သဝန်တိုတာလည်းပါကောင်းပါပေမည်။ စုကိုပါ သူအတတ်နိုင်ဆုံး ရှောင်နေတတ်ခဲ့တာ စု ကောင်းကောင်းသိ၏။

ယခု စု တစ်ယောက်တည်းဖြစ်နေချိန်မှာ ကိုတိုးသည် စုကို ပြန်လည်ချဉ်းကပ်လာလေသည်။ ဝမ်းနည်းစရာတော့ကောင်းသား။ ချစ်ခင် ကျွမ်းဝင်စွာ အတူကစားခဲ့ကြသော မောင်နှမနှစ်ယောက်သည် လူကြီးတွေ ဖြစ်လာကာမှ စိတ်သဘောထားတွေ ကွဲလွဲကုန်ရသည်။

စု တစ်ယောက်တည်း ခြံထဲက ဒန်းပေါ်မှာ ထိုင်နေစဉ် ကိုတိုးရောက် လာသည်။ ကိုတိုးသည် ဖေဖေ့လိုပင် အေးဆေးသော်လည်း ဒေါသကြီး တတ်သည်။ ကိုတိုးသည် စုကို ရှောင်နေရာမှ ယခုလို တစ်ယောက်တည်း ငေးငေးငိုင်ငိုင် မြင်လိုက်ရတော့ သနားသွားဟန် တူလေသည်။

'စု'

ကိုတိုးက စုရှိရာသို့ လျှောက်လာပြီး တိုးတိုးခေါ်သည်။ စုကို စကားမပြောတာလည်း ကြာပြီဖြစ်၍ စုက အံ့သြဟန်ဖြင့် မော့ကြည့်လိုက် သည်။ ကိုတိုးကလည်း ပိန်ပြီး နားထင်နားရင်းများ ကျလျက်ရှိသော ညီမဖြစ်သူကိုမမြင်ဖူးသလို ငေးကြည့်နေ၏။ သူတို့သည် တစ်အိမ်တည်းမှာ အတူနေခဲ့ကြသော်လည်း များစွာဝေးကွာသွားခဲ့သလို ဖြစ်နေလေသည်။

'ကိုတိုး ကျောင်းကပြန်လာတာလား'

စုကလည်း ခပ်တိုးတိုး ပြန်မေးလေသည်။ ကိုတိုးသည် ဒန်းပေါ်ရှိ စုဘေးက နေရာလေးမှာ ကတ်ကတ်သတ်သတ် ဝင်ထိုင်သည်။ စုအပေါ်မှ

www.burmeseclassic.com

BURMESE CLASSIC .com

သည်လို အကျွမ်းတဝင် မရှိခဲ့တာလည်း ကြာပြီဆိုတော့ စု ဝမ်းနည်းလ သည်။

ကိုတိုးက မြေကြီးကို ခြေထောက်ဖြင့်ထောက်ပြီး ဒန်းကို လွှဲလိုက် သည်။ ငယ်စဉ်က သူတို့ မောင်နှမနှစ်ယောက်သည် မကြာခဏ ဒန်းအတူတူ စီးခဲ့ကြလေသည်။

'စု နင် ဒီနှစ်စာမေးပွဲဆက်ဖြေမယ် မဟုတ်လား'

သူတို့ မောင်နှမတွေထဲတွင် စု တစ်ယောက်တည်း ပညာ တစ်ပိုင်းတစ်စ ဖြစ်နေသည်ကတော့ အမှန်ပင်။ သည်လို ဘာ့ကြောင့်ဖြစ်ရ သည်ကို တွေးပြီးတော့လည်း အားလုံးက မကျေမနပ်ဖြစ်ကြရပြန်သည်။

'မတက်တော့ပါဘူး ကိုတိုးရယ်၊ ငါ စာကျက်လို့လဲ ရမှာမဟုတ် တော့ဘူး'

စုက အမှန်အတိုင်းပဲပြောမိသည်။

'ဘာဖြစ်လို့ မရရမှာလဲ၊ စိတ်မပျက်စမ်းပါနဲ့၊ နင် ကျောင်းမတက်ချင် တောင်မှ စာကျက်ပြီး ဖြေလို့ရပါတယ်'

ကိုတိုးသည် အားတက်သရော ပြောပြန်၏။ ငယ်ငယ်က စာပြ ပေးရင်း ကိုတိုးက စုကို ခေါင်းခေါက်တတ်သဖြင့် ငိုခဲ့ရသည်ကို သတိရပြန်သည်။ ထိုသို့ ငိုရခြင်းသည်ပင် ကြည်နူးစရာ ဖြစ်ခဲ့ရသည် မဟုတ်လား။

'အေး နင်တိုက်တွန်းလို့ ငါ ဖြေကြည့်ပါ့မယ်လေ'

စုက ကိုတိုး၏ စေတနာကို အသိအမှတ်ပြုသောအားဖြင့် ပြောလိုက်ခြင်းသာ ဖြစ်သော်လည်း ကိုတိုးဝမ်းသာသွားသည်ကို ဖုံးကွယ်၍ မရ။ သြော် သူတို့ ဖြစ်စေချင်သည့် ဆန္ဒကိုသာသိကြလျက် စု ရင်ထဲက ဝေဒနာကို မသိကြလေခြင်းဟု အောက်မေ့လိုက်ရသည်။

BURMESE CLASSIC .com
www.burmeseclassic.com

BURMESE CLASSIC .com

'နင် စာမေးပွဲဖြေမယ်ဆိုရင် ငါ အားလုံးကူညီမယ် နင် အရင်ကလို ပျော်ပျော်ပျော်ရွှင်ရွှင် ပြန်နေစမ်းပါ၊ မိစု၊ နင့်ကိုလေ ငါ မမုန်းပါဘူးဟာ'

ကိုတိုးသည် နောက်ဆုံး စကားလုံးများကို အသံအက်အက်ဖြင့် ပြောလေသည်။

'အို ကိုတိုးရယ်' စု ရင်ထဲက တိုးတိုးလေး ရေရွတ်မိသည်။ ကိုတိုးသည် ပြီးခဲ့သည့် ကိစ္စတွေအတွက် သူ့ကို တောင်းပန်နေလေသလား။ စု ရင်ထဲမှာ မောင်နှမတွေ၏ ချစ်ခြင်းမေတ္တာနှင့် စေတနာကို သံသယတွေနှင့် စော်ကားမော်ကား ပြုခဲ့မိလေသလား။

'ငါသိပါတယ် ကိုတိုးရယ်၊ နင် ငါ့ကို မုန်းတယ်လို့လဲ ငါ ဘယ်တုန်းကမှ မထင်ခဲ့ပါဘူး'

စု မျက်လုံးအိမ်မှာ မျက်ရည်တွေ ဝဲလာသည်။ စုဟာ သူ့ဘေးမှာ မေတ္တာတွေများစွာရှိပါလျက် အခြားတစ်ပါးသော မရေရာသည့် မေတ္တာတွေကိုသာ မျှော်ကိုးဖွေရှာနေခဲ့သည်ပဲ။ စုသည် တဖြည်းဖြည်း ဝမ်းနည်းလာကာ ငိုချလိုက်မိသည်။

'ဟယ် မငိုနဲ့ဟယ် မိစု၊ ငါတို့မောင်နှမတွေ အရင်ကလိုပဲ ပျော်ပျော် ရွှင်ရွှင် ပြန်နေကြရအောင်လား'

ကိုတိုးသည် စု ပခုံးကိုကိုင်ကာ ချော့နေလေသည်။

ဖေဖေသည် တစ်နေရာမှနေ၍ သူတို့မောင်နှမကို လှမ်းကြည့်ကာ ခေါင်း တညိတ်ညိတ် ဖြစ်နေလေသည်။

* * *

စုရင်ထဲက ဝေဒနာအတိုင်းအတာကို မည်သူမျှ မရိပ်စားမိကြ။

စုက ပျော်ပျော်ရွှင်ရွှင်နေသည့်အမူအရာများပြလျှင်ပင် အားလုံး

BURMESE CLASSIC .com

www.burmeseclassic.com

ကျေနပ်နေကြတော့သည်။ သို့သော် စုသည် ယခင်လို ဖူးပွင့်စပန်းကလေး သဏ္ဌာန် မဟုတ်တော့ဘဲနွမ်းကြွေလုသည့် ပန်းကလေးတစ်ပွင့်နှယ် ယိမ်းယိုင်လှုပ်ရှားနေရခြင်းသာ ဖြစ်သည်ဆိုခြင်းကို သူတို့မသိ။

မိသားစု၏ ထမင်းဝိုင်းမှာ ဖေဖေ၏ စကားသံသည် ပြန်လည် ကျယ်လောင်လာ၏။ ကိုကိုစိုးနှင့် မမမြတ်တို့၏ ရယ်မောသံသည် ပျံ့လွင့်စပြုလာ၏။ နောက်ဆုံး ကိုတိုးသည်ပင် အိမ်မှာ သွက်သွက်လက်လက် ပြန်လည်လှုပ်ရှားလာသည်။ သည်အခြေအနေတွေကို ပျက်ယွင်းအောင် လုပ်ခဲ့သူဟာ စုပါပဲ။

စုသည် အားလုံးရှေ့မှာ ဟန်ဆောင်ရယ်မောနေလေသည်။

နေမင်းအကြောင်းကို သူတို့မေ့ထားကြသည်။ သို့မဟုတ် မေ့ချင်ယောင် ဆောင်နေကြသည်။ နေမင်းသည် စု ဘဝထဲကို ဝင်ရောက်ခဲ့ဖူးသည်ဆိုတာ မသိသလို ပြုမူနေကြသည်။

'ဒီတစ်ခါ စုတို့ ကိုတိုးတို့စာမေးပွဲပြီးရင်တော့ ရှမ်းပြည်နယ်ကို သွားလည်ကြမယ်ဟေ့'

မမမြတ်က ကြေညာပြန်သည်။ တစ်နည်းအားဖြင့် စုကိုလည်း လူသိရှင်ကြား စူးစမ်းလိုက်ခြင်း ဖြစ်သည်။

'စုက စာမေးပွဲတကယ်ဖြေမှာလား'

ကိုကိုစိုးက မေးသည်။

ဖေဖေသည် စုကို စိတ်စောစွာကြည့်နေ၏။ သမီးဘဝကို မူလ လမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိအောင်ကြိုးစားနေရရှာသော ဖေဖေ့ကို ကြည့်ရသည်မှာလည်း ပင်ပန်းလှသည်။ စုက အားလုံး တဒင်္ဂပင် ဖြစ်စေ စိတ်ချမ်းသာပါစေတော့ဟု သဘောထားကာခေါင်းညိတ်ပြလိုက်ရသည်။

'ကောင်းတယ် သမီး၊ တကယ်တော့ သမီးအသက်ဟာ ငယ်ငယ် လေး ရှိသေးတာပဲ၊ ဘဝမှာ တိုးတက်ရာ တိုးတက်ကြောင်း လုပ်စရာတွေ အများကြီးရှိသေးတယ်'

www.burmeseclassic.com

BURMESE CLASSIC .com

'ညီမလေးဟာ စာတော်တဲ့လူပဲ ဖေဖေ၊ ကျွန်တော်တို့မရှိတုန်း ဖေဖေက အလိုလိုက်တာကို၊ ကဗျာတွေချည်းစပ်ပြီး စိတ်လေသွားလို့ ဆေးတက္ကသိုလ်တက်ခွင့် မရတာလို့ ကြီးကြီးမေက ပြောတယ်'

ကိုကိုစိုးက ဖေဖေ့ကို အပြစ်တင်နေသည်။ ဖေဖေက နောက်ကြောင်း တွေကို အစပြန်မဖော်ပေးစေလိုသည့် သဘောဖြင့် ဘာမျှ ပြန်မပြောဘဲ စကားလမ်းကြောင်း ပြောင်းပစ်သည်။

'သမီး မြတ်၊ အလုပ်လျှောက်ထားတာကော ဘယ်လိုနေလဲ'

မမြတ်သည် တကယ်ပင် အလုပ်ဝင်လုပ်ရန် တက္ကသိုလ်မှာ နည်းပြဆရာ လျှောက်ထားပြီးဖြစ်လေသည်။

'အချိန်ပိုင်းလောက်တော့ ရပါလိမ့်မယ် ဖေဖေ၊ နောက်လလောက်ဆို သိရမှာပဲ၊ တော်ကြာ မြတ်လဲအလုပ်ရရော ကိုကိုစိုးက နယ်ပြန်ပြောင်းသွားရရင် ဒုက္ခ'

'ဒီတော့လဲ ရန်ကုန်မှာပဲနေခဲ့ပေါ့ မြတ်ရာ၊ ကလေးလဲရှိတယ်၊ ပြီးတော့ စုလဲ ရှိနေသားပဲ'

စုကို သူတို့က အရေးတကြီး ထည့်တွက်နေကြလေသည်။

'ဖေဖေလဲ ပင်စင်နီးပြီဆိုတော့ သားသမီးတွေကို အနားမှာ ရှိစေချင်ပြီကွယ်၊ ကိုစိုးလဲ မပြောင်းရရင်တော့ အကောင်းဆုံးပဲ'

ဖေဖေကလည်း အခွင့်ရတိုင်း သူ့ဆန္ဒကို ထုတ်ဖော်လျက်ရှိသည်။ စုလည်း ဖေဖေ့နားက ဝေးရာသို့မသွားဘဲ တစ်သက်လုံး နေချင်ပါရဲ့။ သို့သော် စုက ကတိပေးရန် ဝန်လေးမိသည်။

'ကျွန်တော် နယ်မှာနေခဲ့တာ ကြာပြီပဲ၊ ဒီတစ်ခါ ရန်ကုန်မှာ ကြာကြာနေရလိမ့်မယ် ထင်ပါတယ်'

'အေးကွယ်၊ လူတွေဟာ အသက်ကြီးလာတော့ သတ္တိနည်းတယ်ပဲ ဆိုချင်ဆို အပူအပင်ကင်းကင်းနဲ့ အေးအေးပဲ နေချင်တော့တယ်'

BURMESE CLASSIC .com

www.burmeseclassic.com

စုသည် အားလုံး၏ ဆန္ဒအလျောက် ပေါ်ထွက်လာသည့် စကား များကို စိတ်ထဲကသိလျက် နှုတ်မှ ခပ်မဆိတ်နေလိုက်ရသည်။ အားလုံးကို စိတ်ချမ်းသာစေချင်ပါရဲ့။

တစ်ယောက်တည်းနေရသည့် ညများမှာတော့ ရင်ထဲက ဝမ်းနည်း ပူဆွေးခြင်းကို ကြိတ်မှိတ်ခံစားရပြန်သည်။ စု ကိုယ်တိုင်တော့ မည်သည့် အရာကိုမျှ အသစ်ပြန်စလိုစိတ် မရှိတော့ပေ။ နေမင်းနှင့် ခွဲခွာနေရခြင်းသည် လည်း စုအတွက် တစ်ခဏသာဖြစ်၏။ အားလုံး ဖြစ်စေချင်သလိုတော့ ဖြစ်လာနိုင်မည် မဟုတ်ပေ။

*　　　*　　　*

နေမင်း အိမ်ပြန်မလာတာ တစ်လနီးပါးကြာခဲ့သည်။

အိမ်သားများကလည်း စုကို နည်းအမျိုးမျိုးနှင့် ပြန်လည်ဆွဲဆောင် ဆဲ။ စုကလည်း ဟန်ဆောင်ပြုံးလေးဖြင့် အားလုံးကို နှစ်သိမ့်ဆဲ။သို့သော် စု တစ်သက်တာမှာ ဘာကိုမျှ အသစ်ပြန်စလို့ မရတော့တာကို တစ်နေ့မှာ ရှင်းလင်းစွာ သိမြင်ကြရသည်။

'စုရေ ဝမ်းသာစရာပြောရဦးမယ်၊ လကုန်ရင် မမမြတ် အလုပ် ဝင်ရတော့မယ် သိလား'

မမမြတ်က ဝမ်းသာစရာသတင်းတစ်ခုအလား ပြောကြားလာသည်။ မမမြတ်သည် အလုပ်လုပ်သည်ဆိုရာမှာပင် သူ့အတွက် ဂုဏ်သရေရှိမည် ထင်ရသော အလုပ်ကိုမှ ရွေးလုပ်ခြင်းဖြစ်သည်။

'ဝမ်းသာပါတယ် မမမြတ်ရယ်၊ နောက်ဆို ဖေဖေလဲပင်စင်ယူရင် စုတို့အိမ်မှာ ကိုကိုစိုးတို့ မမမြတ်တို့ပဲ ဝင်ငွေရှိတော့မှာ'

www.burmeseclassic.com

စုက အမှန်တကယ်ပင် ပြောခြင်း ဖြစ်လေသည်။ ယခင်က စုတို့အိမ်မှာ ကြီးကြီးမေ၏ စီမံခန့်ခွဲမှုဖြင့် ဣန္ဒြေရရ ရပ်တည်နိုင်ခဲ့ခြင်း ဖြစ်သည်။

'ကိစ္စမရှိပါဘူး စုရယ်၊ မမမြတ်တို့အိမ်ထောင်ပြုစကလဲ ဖေဖေပဲ ကျောင်းထားပေးခဲ့ရတာ၊ ခု မမတို့ အလှည့်ပဲ'

သည်လိုဆိုတော့လည်း မမမြတ်ကိုပင် ကျေးဇူးတင်ရဦးတော့မလို ဖြစ်နေလေသည်။ စုတို့အိမ်မှာ အခြေအနေမပျက် နေနိုင်သော်လည်း တကယ့် တကယ် ချမ်းချမ်းသာသာကြီး မဟုတ်သည်ကို စု နားလည်ပြီးသားပင်။ ပြီးတော့ ဖေဖေ့ တစ်ယောက်တည်းအတွက်ဆိုလျှင် အကြောင်းမဟုတ်လှ။ ပင်စင်လစာနှင့် ထမင်းစား၍ရမည်။ နေစရာက ပူစရာမရှိ။ ကိုတိုးအတွက်ကလည်း ကျောင်းနေဖို့ တစ်နှစ်သာကျန်တော့သည်။ သည်အတောအတွင်းလည်း အစ်ကိုအကြီးဆုံး ကိုမျိုးက ညီ ညီမတွေ ကျောင်းစရိတ်ဆိုပြီး ပို့ပေးနေခဲ့သည်။

သို့သော် သီးခြား အိမ်ထောင်တစ်ခုဖြစ်လာသော စုက ဝင်ငွေတစ်ပြားမှ မရှိဘဲနေ၍ ကြာရှည်မှာ ဖြစ်နိုင်ပါမည်လား။ စု မှာ အဘက်ဘက်က တွေးနေရလေသည်။ စု တစ်ယောက်တည်းသာ ဆိုလျှင်တော့ အားလုံးက ကြည်ကြည်ဖြူဖြူ ရှိကြမည်ပင်။ အကယ်၍ သင့်တင့်သော အိမ်ထောင်ဖက်နှင့် ဆိုလျှင်လည်း အဆင်ပြေနိုင်ကောင်းသည်။

'အိမ်ထောင်တစ်ခုရဲ့ တာဝန်ဆိုတာ မသေးပါဘူး မမမြတ်ရယ်၊ စု အရင်တုန်းကတော့ ဒါတွေ မသိခဲ့ဘူးလားဆိုတော့ မသိခဲ့ဘူးလို့ ပြောရမှာထက် မစဉ်းစားခဲ့ဘူး၊ စဉ်းစားဖို့လဲ အချိန်မရခဲ့ဘူးလို့သာ ပြောရမှာပါပဲ မမမြတ်'

စု ဘာအတွက် အစပျိုးနေသည်ကို မမမြတ်ကတော့ ရိပ်မိသိရှိပုံ မရသေးပေ။

www.burmeseclassic.com

'ဒါပေမဲ့ စုရယ်၊ ခုဆိုရင် ဒီသဘောတွေကို နားလည်လာပြီ စုဟာ ငယ်ပါသေးတယ်ကွယ်၊ မမမြတ်ကတော့ စုကို အိမ်ထောင်သည် တစ်ယောက်လို့ကို မယုံနိုင်သေးဘူး၊ စု စာမေးပွဲလဲဆက်ဖြေဦးမယ် မဟုတ်လားကွယ်၊ စုမှာ မျှော်လင့်ချက်တွေ ရှိပါသေးတယ်'

မျှော်လင့်ချက်တဲ့လား မမမြတ်ရယ်၊ စုက စိတ်ထဲမှ ညည်းမိသည်။ မမမြတ်တို့က ယခုထိ စုကို လမ်းသစ်ထွင်ပေးဆဲ ရှိသေးသည်။ စုမှာ လမ်းဟောင်းကို ဆက်လျှောက်ဖို့သာ ရှိတော့သည်ဆိုတာ အသိပေးရတော့မည်။

'စု စာမေးပွဲတောင် ဖြေချင်မှ ဖြေနိုင်တော့မယ် မမမြတ်'

မမမြတ် မျက်နှာပျက်သွားသည်။ မျက်မှောင်ကြုတ်၍ ပြန်မေးသည်။

'ဘာဖြစ်လို့လဲ စု'

စုက တိတိကျကျ ပြန်ပြောနိုင်ရန် အားယူလိုက်သည်။

'စု ကိုနေမင်းနောက် လိုက်နေမှ ဖြစ်တော့မယ်'

မမမြတ်မှာ ဟန်မဆောင်နိုင်လောက်အောင်ပင် စိတ်ပျက်သွားပုံ ပေါ်လေသည်။

'စု ဘာကြောင့် လိုက်သွားရမှာလဲကွယ်၊ ဒီအိမ်ဟာ စုတို့အိမ်ပါ၊ စု သွားစရာမလိုပါဘူး၊ မမမြတ် စောစောက ပြောတာက'

'အို အခြားအကြောင်းကြောင့် မဟုတ်ပါဘူး မမမြတ်ရယ်၊ စု သူနဲ့မနေလို့ မဖြစ်တော့လို့ပါ၊ စုမှာ ကလေးရှိနေပြီ မမမြတ်'

'အိုကွယ်'

စုသည် မျက်နှာကို လက်ဝါးနှင့် အုပ်ထားလိုက်မိလေသည်။

'အဲဒီအကြောင်းတွေကို ဖေဖေ့ကို မမမြတ်ပဲပြောလိုက်ပါတော့ မမမြတ်ရယ်၊ စု ဒီအိမ်မှာလဲမနေချင်ဘူး၊ သူ့ဆီကို လိုက်နေမယ် မမမြတ်၊ စု ဒီလိုပဲ ဆုံးဖြတ်ရတော့မယ်'

www.burmeseclassic.com

မမြတ်လည်း အာစေးထည့်ထားသလို ငေးငိုင်နေလေသည်

'မမြတ်လဲ ဒီအချက်ကို မပူခဲ့မိဘူး၊ ပေါ့လျော့သွားတယ်ကွယ်

'စု ဘာကိုမှ နောင်တမရပါဘူး မမြတ်ရယ်၊ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးဖို့ ဆုံးဖြတ်ပြီးသားပါ'

မမြတ်သည် စုကိုသာ ငေးကြည့်နေလေ၏။

*　　　　*　　　　*

'ယူ တကယ်ပဲဆုံးဖြတ်ပြီးပြီလား စု'

အိုင်ရင်းက စုကို မေးသည်။ စုက ခေါင်းညိတ်ပြသည်။ သူငယ်ချင်းနှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက်အတန်ကြာ ငေးကြည့်နေမိကြသေးသည်။ ပြီးတော့မှ စိတ်ပျက်အားငယ်ခြင်းကို ပျော်စရာအဖြစ် ဖန်တီးပစ်လေ့ရှိသော အိုင်ရင်းက ရယ်မောလျက်ပြောသည်။

'ဟေး ဘာလိုလိုနဲ့ ယူ့မှာ ကလေးတစ်ယောက် ရတော့မယ်၊ ပျော်စရာကြီးပဲ၊ ယောကျ်ားလေးသာ မွေးစမ်းကွာ၊ ယူ့သားကို ကိုယ်စောင့်ယူမယ်'

စုကလည်း အိုင်ရင်းပြောသလိုပင် ပျော်စရာအဖြစ်မြင်လာသည်။ အပြုံးအရယ် နည်းခဲ့ရသောအဖြစ်ကို တွန်းလှန်ပြီး နှစ်ခြိုက်စွာ ရယ်လိုက်သည်။ ထိုအခါမှပင် စု၏ အလှတစ်ပါးဖြစ်သော ပါးချိုင့်လေး နှစ်ခွက်က ပေါ်လာတော့သည်။ ညိုမှောင်သော မျက်လုံးများလည်း အပြုံးရိပ်ကြောင့် ရွှန်းလက်လာသည်။ နှုတ်ခမ်းထူထူလေး နှစ်လွှာသည်လည်း စွဲမက်စရာပြန်ပေါ်လာသည်။

'စုလဲ သားလေးပဲလိုချင်တယ်၊ စုရဲ့သားလေးဟာ စုဘဝရဲ့အားထားရာပဲဖြစ်လာမှာပဲကွာ၊ ဒီလိုတွေးတော့ ကိုယ်သိပ်အားရှိတာပဲ အိုင်ရင်း

www.burmeseclassic.com

BURMESE CLASSIC .com

အိုင်ရင်းသည် အချိန်အတန်ကြာ တိမ်မြုပ်ပျောက်ဆုံးခဲ့သော စု မျက်နှာပေါ်မှ ပင်ကိုယ်အလှနှင့် မှျော်လင့်ချက်ရောင်ခြည်တို့ဖြင့် ယှက်သန်း လာသော မျက်လုံးများကို ငေးမောနေရာမှ ခေါင်းကို တဆတ်ဆတ် ညိတ်နေမိသည်။

'ဒါကို နေမင်း မသိသေးဘူးနော်'

'ဟုတ်တယ် အိုင်ရင်း၊ စုကိုယ်တိုင် သူ့ကို ပြောပြချင်ပါတယ်၊ စု သူ့ဆီကိုသွားမယ်၊ သူဟာ ကလေးတစ်ယောက်အဖေ ဖြစ်လာရင်တော့ ပိုပြီး ရင့်ကျက် တည်ငြိမ်လာမယ်လို့ မှျော်လင့်တာပဲ အိုင်ရင်းရယ်'

'ဒီကြားထဲမှာ သူ့အကြောင်း ဘာမှ မကြားဘူးလား'

'ဟင့်အင်း ဘာမှ မကြားမိဘူး'

'သူ ကျော်ကျော်တို့နဲ့တော့ တွေ့နေသားပဲ၊ ခု အရက်လဲသိပ်သောက်တယ်တဲ့၊ အလုပ်လဲ မှန်မှန်မဆင်းဘူးပြောတယ်'

စုကြောင့် နေမင်း ပိုပြီး ပျက်စီးနေသလားဟု တွေးမိပြန်သည်။

'သူ ကိုယ့်ကို စိတ်နာနေသလား မသိပါဘူးကွယ်'

'သူ ယူ့ကို ချစ်တော့ အတော်ချစ်တာပဲထင်တယ် စု၊ အင်းလေ ယူ့အတွက်လဲ ဒါတစ်ခုပဲဝမ်းသာစရာရှိတာ'

အားမနာ ပါးမနာပြောတတ်သော အိုင်ရင်း၏ အကျင့်လေး ဖောက်ထွက်လာသည်။ စုကလည်း စိတ်မဆိုးနိုင်ဘဲ ပြုံးနေသည်။

'အစကတော့ စုလဲ သူ့ကို သနားတာ၊ ကောင်းစေချင်တာပဲရှိတယ်၊ ခု တကယ်စဉ်းစားတော့ စု သူ့ကို မပြတ်နိုင်ဘူး၊ ဖေဖေတို့ မမြတ်တို့က နောက်ဆုံးအချိန်ထိ စုကို သူနဲ့ အဆက်ဖြတ်စေချင်တုန်းပဲ၊ ဒါပေမဲ့ အဲဒါကို ဘယ်လိုမှ စဉ်းစားလို့မရပါဘူး'

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

'စုရယ်၊ ယူက ကိုယ်တို့ထင်တာထက် သတ္တိပိုရှိပါတယ်'

အချစ်အတွက် စွန့်စားဝံ့သော စုကို အိုင်ရင်းစိတ်ထဲကလည်း တကယ်ပင် ချီးကျူးမိလေသည်။

'စု မင်းကို လာနှုတ်ဆက်တာ၊ ကိုယ့်ဘဝမှာ သူငယ်ချင်းဆိုလို့ မင်းပဲရှိတော့တာ၊ အစစအရာရာ မင်းကိုပဲတိုင်ပင်ရမှာပဲ'

အိုင်ရင်းက စု၏ ပခုံးလေးကိုဖက်ကာ နှစ်သိမ့်လိုက်သည်။

'ဘာမဆို ကိုယ့်ကို သတိရနိုင်ပါတယ်ကွာ၊ ဟိုတလောက မောင်မောင်နဲ့လဲတွေ့တယ်၊ သူကတော့ ယူ့ကို သတိရနေတုန်းပဲ၊ ဘာပဲဖြစ်ဖြစ် သူတတ်နိုင်တာဆိုရင် စုကို အကူအညီပေးချင်တယ်တဲ့၊ သူမြမြနွယ်နဲ့လဲ လုံးဝ ပြတ်သွားပြီလေ၊ ခု နောက်တစ်ယောက်နဲ့ တွဲနေတယ်၊ သူတို့ ကလပ်စ်ကပဲ'

သူငယ်ချင်းတွေအကြောင်းပြောတော့ စု မျက်လုံးများသည် ရွှင်လန်း မှုဖြင့် ပိုပြီး တောက်ပလာသည်။ တကယ်ဆိုတော့ စုသည် မိန်းမကြီး တစ်ယောက်လို တွေးခေါ်မြော်မြင်နေရသည့်တိုင် ငယ်ရွယ်သော မိန်းကလေး တစ်ယောက်ပဲ ဖြစ်သည်။

'မောင်မောင့်ကို ကိုယ်ကလဲခင်ပါတယ်'

စု အသံကတော့ တိုးညင်းသည်။

'အေးလေ၊ တကယ်တော့လဲ စုရဲ့ ပြဿနာတွေဟာ အဆန်း တကျယ် ကြုံရတာမျိုးမှ မဟုတ်ဘဲနော်၊ ကိုယ်တို့ကသာ အပေါင်းအသင်း ထဲမှာ ဒီလိုမျိုးမရှိသေးလို့ အရေးတကြီး ဖြစ်နေကြရတာ'

အိုင်ရင်း၏ အားပေးမှုက ထိရောက်လှသည်။ စုကလည်း ဒါကို တွေးမိသည်။ သည်အကြောင်းလောက်ကတော့ လောကထဲမှာ လူအများ

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

တွေ့ကြုံနေရတာမျိုးပဲ၊ စုလည်းအများနည်းတူ ကျော်လွှားနိုင်လိမ့်မည်ဟု ယုံကြည်သည်။

'စု၊ ယူ့ရဲ့ လင်တော်မောင်ဆီကို ကိုယ်လိုက်ပို့ရဦးမလား ဟင်'

အိုင်ရင်းက လိုလိုလားလားပင် မေးခြင်းဖြစ်၏။ စုအတွက် လုပ်ပေးလို့ရတာမှန်သမျှ လုပ်ပေးချင်သည်။

'နေပေစေ အိုင်ရင်း၊ စု ကိုယ့်ဘဝကိုယ်ရပ်တည်ဖို့ တကယ့်ကို လိုအပ်နေပြီ'

BURMESE CLASSIC .com
www.burmeseclassic.com

၆

ကလေးငယ်များဆူညံစွာ အော်ဟစ်ပြေးကစားနေကြသည်။

မိုးရွာပြီးစဖြစ်၍ မြေပြင်သည် သိပ်သိပ်သည်းသည်းဖြစ်နေသော်လည်း နေရာအတော်များများမှာ ရွှံ့နွံအိုင်များ ဖြစ်၍နေသည်။ မညီမညာ စီချထားသော အုတ်ခဲ အကျိုးအပဲ့များပေါ်မှ ကိုယ်ကိုထိန်းလျက် လျှောက်လှမ်းလာခဲ့ရလေသည်။

စု ရင်ထဲမှာ တုန်ယင်လှိုက်မော၍နေသည်။ ပြင်းပြသော ဆန္ဒဇော အဟုန်ဖြင့်လည်း တက်ကြွ၍နေပြန်သည်။ ယခုမှပင် လောကထဲကို ရဲရဲဝံ့ဝံ့ လျှောက်လှမ်းခဲ့ခြင်းဖြစ်သည်ဟု ယုံကြည်နေမိပြန်သည်။ ယခု စုသည် တစ်ယောက်တည်းဖြစ်၏။ ဖေဖေလည်း အနားမှာရှိမနေတော့။ စုဘဝကို အသစ်ချည်းတစ်ဖန် ပြန်စခိုင်းနေသော မမမြတ်လည်း ရှိမနေတော့။ တရားပြ၍ နားချမည့် ကြီးကြီးမေလည်း ပါမလာတော့။ စု တစ်ယောက်တည်းပင် ဖြစ်၏။

တစ်ခုတော့ရှိသည်။ စု ဘဝမှာ ပထမဆုံးအားထားရာနှင့် မျှော်လင့် ဖွယ်ရာ အရာတစ်ခုက စု ဝမ်းဗိုက်ထဲမှာ အတူပါလာခဲ့ပြီ။ ထိုအရာမှလွဲ၍ စုသည် တစ်ကိုယ်ရေတကာယသာ ဖြစ်၏။ စုနှင့်အတူအနည်းငယ်သော ပစ္စည်းဥစ္စာသာ ပါခဲ့သည်။

www.burmeseclassic.com

BURMESE CLASSIC .com

စုသည် တစ်ယောက်တည်း ခွဲထွက်လာဖို့အတွက် ဖေဖေ့ကို များစွာ အတိုက်အခံပြုခဲ့ရလေသည်။ ဖေဖေက စု၏ အကြောင်းပြချက်အတွက် ပို၍ပင် စိုးရိမ်စိတ်ဝင်ကာ သူ့မျက်စိအောက်မှာ ရှိနေစေချင်ခဲ့သည်။ နောက်ဆုံးတော့ ခေတ္တခဏပါဟူသော အကြောင်းပြချက်ဖြင့် ခွတ်ထွက်ခဲ့ရသည်။။

သည်အကြောင်းတွေ နေမင်းကို ပြောပြချင်လှ၏။ နေမင်းအိမ်က ထွက်ခွာသွားသည့်နောက်ပိုင်း တိုးတက်ဖြစ်ပေါ်လာသော အချင်းအရာကို ဝမ်းသာအားရ ပြောပြချင်သည်။ စု၏ ပိုရင့်ကျက်လာသော စိတ်ထားတွေကို သိအောင်ရှင်းပြချင်သည်။ ရှေ့ခရီးအတွက် လိုအပ်တာတွေကို နားလည်အောင် ပြောချင်သေးသည်။ ထိုအခါ နေမင်းသည်လည်း သူ့လိုပင် ပိုမိုရင့်ကျက်လာလိမ့်မည်ဟု စု ထင်သည်။

စုနှင့် ကင်းကွာနေသော ကာလအတွင်း လေလွင့်ပျက်စီးနေသော နေမင်းကိုလည်း စု၏ ထာဝရ ထားရှိသော မေတ္တာတရားဖြင့် ပြန်လည် ထိန်းကျောင်းပေးလိုသည်။

မိုးစက်မိုးပေါက်တို့သည် မထင်မှတ်ဘဲ ကျလာကြလေ၏။

အိမ်ရောက်ဖို့ မဝေးတော့။ စု သွက်သွက်လျှောက်လှမ်းခဲ့သည်။ စု တစ်ယောက်တည်း မိုးရေထဲမှာ လျှောက်ခဲ့ရပေမယ့် အားငယ်စိတ် လုံးဝမရှိတာ အမှန်ပင်။ အဆောင်းအကာမပါဘဲ တစ်ကိုယ်တည်း မိုးစက်တွေအောက်မှာ လျှောက်လာရခြင်းကိုပင် ကြည်နူးခြင်း ဖြစ်နေမိ ပြန်လေသည်။ နေမင်းနှင့်တွေ့လျှင် ပြောရမည့်စကားတွေကိုလည်း စဉ်းစားလာခဲ့မိသည်။ မိမိရဲ့တရားဝင် လင်ယောကျ်ားကို သာဦးလေးအကြောင်း သတင်းကောင်းပါးရသည်ကို မိန်းမတိုင်း ကြည်နူးခြင်းဖြစ်မိကြမှာ မလွဲဟုလည်း တွေးနေမိလေသည်။

BURMESE CLASSIC .com

နေမင်းတို့သားအမိ နေထိုင်ရာ အိမ်ကလေးကို လှမ်းမြင်ရသည် ခြေလှမ်းကို ပို၍ သွက်သွက်လှမ်းကာ လျှောက်ခဲ့၏။ အိမ်ရှေ့သို့ရောက် လာသည်။ နေမင်း၏ ဘ၀ထဲကို ပထမဆုံးလာရောက်စူးစမ်းပြီး ပထမဆုံး ချစ်ကျွမ်း၀င်ကာ မခွဲမခွာနိုင်တော့သည့် အဖြစ်ကိုရောက်ခဲ့ရသည့်နေရာလေး။ သည်နေရာလေးသည်ပင် စု ဘ၀ကို များစွာပြောင်းလဲစေခဲ့ပြီ မဟုတ်ပါ လား။ ယခု သည်နေရာကို စု ၀မ်းထဲမှာ လူသားမျိုးနွယ်သစ်တစ်ဦးကို ဆောင်ယူ၍ ရောက်ရှိလာလေပြီ။

အိမ်ကလေးသည် တိတ်ဆိတ်စွာပင် တည်ရှိနေ၏။ အိမ်ရှေ့ တံခါးကိုလည်း စေ့ရုံသာ စေ့ထားသည်။ တံခါးကို တွန်းကြည့်သော်လည်း လူရိပ်လူခြေ မမြင်ရ။ ပါလာသည့် သားရေသေတ္တာငယ်ကို အနားမှာပစ်ချပြီး အပေါက်၀မှာ စိတ်ပျက်လက်ပျက် ထိုင်ချမိလိုက်သည်။ စု လုပ်သမျှသည် မည်သည့်အခါမျှ ရေရာခြင်း မရှိချေတကား။

‘ကလေးမ ဘယ်သူ့ကို တွေ့ချင်လို့လဲ’

အိမ်နီးချင်းဖြစ်ဟန်တူသူ မိန်းမကြီးတစ်ယောက်က လာမေးသည်။

‘သူတို့ သားအမိနှစ်ယောက်လုံး မရှိကြဘူးလားဟင်’

အဒေါ်ကြီးက စုကို တစ်လှည့် အနားတွင်ချထားသော သားရေ သေတ္တာကို တစ်လှည့် ကြည့်သည်။

‘မမြိုင်ကတော့ သိမ်ကြီးဈေး သွားတယ်လေ၊ အိမ်ဘက်ခဏကြည့် လိုက်ပါလို့မှာသွားတာပဲ၊ သူ့သားကတော့ အိမ်ကပ်တယ်မှ သိပ်မရှိတာ’

‘ဒီလိုဆိုလဲ ကျွန်မ ဒီမှာပဲထိုင်စောင့်နေပါ့မယ်’

အဒေါ်ကြီးက စုကို အားမနာစွာပင် အကဲခတ်နေပြန်လေသည်။ စုကလည်း မည်သို့ ရှင်းပြရမည် မသိတော့။ အမေလာအောင် စောင့်ဖို့ပဲ ရှိသည်။ သည်အိမ်သည် စု၏ အိမ်ပင်ဖြစ်သော်လည်း စု၏အိမ် မဟုတ် သေး။

www.burmeseclassic.com

'ကလေးမက ညှော့်သည်လား'

စုသည် စပ်စုချင်သော အဒေါ်ကြီးအတွက် သက်ပြင်းကိုသာ ချလိုက်မိ၏။

'ကျွန်မ ဒီမှာနေဖို့လာခဲ့တာပဲ'

ခပ်တိုတိုပင် ပြောလိုက်မိသည်။

'ဩော် ကလေးမက မမြိုင်နဲ့ ဘာတော်သလဲ၊ တစ်ခါမှ မတွေ့ဘူးလို့ မေးတာနော်'

'ကျွန်မ သူ့ချွေးမပဲရှင်'

စုက မထူးတော့ပြီမို့ တုံးတိတိပင် ပြောလိုက်မိတော့သည်။ ဟင်း လောကကြီးက ရယ်စရာတော့ကောင်းသား။ စုသည် အဒေါ်ကြီးကို ကြည့်ကာ ရယ်ချင်လာ၏။ အဒေါ်ကြီး၏ အံ့အားသင့်သွားသည့် မျက်နှာကလည်း ရယ်စရာကောင်းနေ၏။

'ဘုရားရေ၊ စိတ်မဆိုးပါနဲ့ကွယ်၊ ငါတို့ကလဲ နေမင်း မိန်းမကို တစ်ခါမှမှ မမြင်ဘူးပဲကိုး၊ ကဲ ဒီလိုဆိုလဲ အိမ်ထဲဝင်လေ'

အဒေါ်ကြီးက တံခါးရွက်ကို သေသေချာချာ ဖွင့်ပေးမည် ပြုသည်။

'နေပါစေအဒေါ်၊ ကျွန်မ ဒီမှာပဲထိုင်နေချင်လို့ပါ'

တကယ်တော့ အဒေါ်ကြီးကိုလည်း သူ့အနားမှ ခွာသွားစေချင်မိလေသည်။ သို့သော် စု၏ အသိုက်အဝန်းသည် ယခင်အသိုက်အဝန်း မဟုတ်တော့သည်ကို သတိရမိသည်။ ပတ်ဝန်းကျင်ကအစ ပြောင်းလဲခဲ့ပြီ။ လူလတ်တန်းစားတို့နေထိုင်ရာ ဆိတ်ငြိမ်ရပ်ကွက်လည်း မဟုတ်တော့။ သီးခြားခြံမြေတိုက်တာတွေလည်း မရှိ။ တစ်ရပ်ကွက်လုံးသည် တစ်မိသားစု တည်းလို ဥဒဟို ဝင်ထွက်သွားလာနေကြသည်။

အဒေါ်ကြီး၏ သတင်းပေးမှုဖြင့် မကြာမီ မိန်းမများသည် အိမ်ဝမှ နေ၍ စုရှိရာသို့ တစေ့တစောင်း လှမ်းကြည့်ကြလေသည်။

www.burmeseclassic.com

စုသည် သားရေသေတ္တာကို အိမ်ထဲထိုးသွင်းကာ အိမ်ဘေး သရက်ပင်အောက်သို့ လာခဲ့သည်။ ယခင်တစ်ခါ နေမင်းနှင့်အတူထိုင်ခဲ့သော သရက်ပင်လေးပင် ဖြစ်၏။ မိုးစက်မိုးပေါက်တို့သည် ကျဲပါးသွားပြီ ဖြစ်သော်လည်း သစ်ရွက်များကြားမှ မိုးကြွင်းလေးများ တဖျောက်ဖျောက် သက်ဆင်းနေဆဲ ဖြစ်သည်။ မြေကြီးသည် စိုစွတ်၍ ခြေရာများ ထင်ကျန်ရစ်၏။ ပတ်ဝန်းကျင်သည် သာသာယာယာကြီးတော့ မဟုတ်ပေ။ အလှအပဟူ၍ ပန်းလေးတစ်ပွင့်သော်မျှ မရှိ။ အားလုံးသည် လူ့ဘဝအတွက် အမှန်တကယ်လိုအပ်သည့်အရာမှလွဲ၍ ဘာမျှ မရှိ။ လိုအပ်သည့်အရာတိုင်း သည်ပင် အားလုံးပြီးပြည့်စုံခြင်းမရှိ။ သည်ပတ်ဝန်းကျင်မှာ ဘဝသစ်ကို တည်ထောင်ရဦးမည်။ တစ်ဖန် လူသားမျိုးနွယ်သစ်တစ်ဦးကို မွေးဖွားရဦးမည်။ ထိုသားငယ်သည် သည်ဝန်းကျင်မှာ ကြီးပြင်းလိမ့်မည်။

မည်သို့မျှ မျှော်လင့်မထားခဲ့သော အရာများသာဖြစ်၏။

လျှမ်းလျှမ်းတောက် ပြည့်စုံချမ်းသာသည့် မိဘဝန်းကျင်အလယ်မှာ မွေးဖွားခဲ့ရသည် မဟုတ်သည့်တိုင် စု ဘဝမှာတော့ လိုအပ်တာမှန်သမျှ ပြည့်စုံလုနီးပါး ဖြစ်ခဲ့သည်ပင်။ စု၏ ရင်မှဖြစ်သော သားငယ် သမီးငယ် တို့သည်လည်း ထိုသို့ပင်ဖြစ်နိုင်ရန် အခွင့်အရေးများစွာ ရှိခဲ့ပါသည်။ သို့သော် ယခုတော့ သားငယ်သည် မိခင်ရရှိခဲ့သော အခွင့်အရေးမျိုးနှင့် ဝေးကွာပေတော့မည်။

သားငယ်၏ ဝန်းကျင်သည် တစ်နည်းတစ်ဖုံ ကြမ်းတမ်းပေလိမ့်မည်။ ရှိစေတော့။ ထိုသို့သောဝန်းကျင်မျိုးမှာကျင်လည်ရသည့် သားငယ်သည် ဘဝအတွေ့အကြုံတွေနှင့် ပိုမိုရင့်ကျက်ကာ လူတော် လူကောင်း တစ်ယောက် ဖြစ်လာနိုင်ပေသည်။

အတွေးများသည် ယောက်ယက်ခတ်နေလေသည်။

www.burmeseclassic.com

BURMESE CLASSIC .com

ယနေ့ စုသည် ဖေဖေ၏ အရိပ်အောက်မှ ထွက်ခဲ့ပြန်လေပြီ။ ဖေဖေတစ်ယောက် စု အတွက် ယူကျုံးမရ ဖြစ်ကျန်ရစ်သည်ကို သိသော်လည်း မတတ်နိုင်တော့။ စု ဘဝကို သည်လိုမှ ရုန်းကန်မထွက်လျှင်လည်း မဖြစ်တော့ပြီ။

မိုးစက်များ လွင့်ပြယ်စပြုပြီ၊ နေရောင်ခြည်လဲ့လဲ့ ပေါ်လာ၏။ ပတ်ဝန်းကျင်သည် နွေးထွေးစပြုပြီ။

'ဟယ် သမီးစု၊ စု မဟုတ်လားဟင်'

စု လှည့်ကြည့်လိုက်၏။ အံ့သြခြင်း၊ ဝမ်းသာခြင်း၊ ကြင်နာခြင်းတို့ဖြင့် လွှမ်းခြုံအပ်သော မျက်နှာတစ်ခုကို မြင်လိုက်ရသည်။

'ဟုတ်ပါတယ် အမေ၊ စုပါ'

စု၏ အသံသည်လည်း ရင်တွင်းမှ လှိုက်ခုန်၍ ထွက်သွားသည်။ အမေဟူသော စကားလုံးကို အနှစ်နှစ်အလလက ကျွမ်းဝင်ခဲ့သော စကားအဖြစ် လျှောလျှူစွာထွက်သွားသည်ကိုလည်း မိမိကိုယ်တိုင် အံ့သြမိသေး၏။ စုမှာ မိခင်မေတ္တာနှင့်လည်း ကင်းဝေးခဲ့ရတာ ကြာပါပြီကော။

'အမလေး သမီး၊ အမေတို့ဆီ လာတယ်နော်၊ ဝမ်းသာလိုက်တာကွယ်'

နေမင်း၏ အမေသည် စုရဲ့အမေပါပဲ။ အမေက ဝမ်းသာလှိုက်လှဲစွာဖြင့် စု ပခုံးလေးများကို ဆုပ်ကိုင်လိုက်သည်။

'စု အမေတို့နဲ့ နေမလို့လာခဲ့တာပါ'

စုက တိုးတိုးလေးပြောလိုက်သည်။ မဖော်ပြတတ်သော ကြည်နူးမှု၊ သို့မဟုတ် ဝမ်းနည်းမှုကြောင့် စု၏ မျက်လုံးအိမ်မှာ မျက်ရည်စတို့ဖြင့် စိုစွတ်၍လာသည်။

'ဝမ်းသာလိုက်တာ သမီးရယ်'

BURMESE CLASSIC .com
www.burmeseclassic.com

BURMESE CLASSIC .com

စုနှင့် အမေ အိမ်ဘက်ဆီကို လျှောက်လာခဲ့၏။ စပ်စုတတ်သေ အိမ်နီးချင်းများက လှမ်းကြည့်နေကြသည်။ အမေက ဂုဏ်ယူစွာဖြင့် စု ရှေ့မှ လျှောက်သွားသည်။

အမေက အိမ်တံခါးများကို ဟင်းလင်းဖွင့်လိုက်သည်။ စု ထားခဲ့သော သားရေသေတ္တာလေးသည် အိမ်ရှေ့မှာ အထီးတည်း ရှိနေ၏။

'သမီးတို့အတွက် အိပ်ခန်းကို ရှင်းပေးရမယ်'

သည်အိမ်မှာ စုအတွက် မင်္ဂလာအခန်း မရှိချေတကား။ အိမ်ရှိ ပစ္စည်းများသည် ဖရိုဖရဲဖြစ်နေကြသည်။ ပန်းများနွမ်းခြောက်နေသော ဘုရားစင်၊ ကုလားထိုင်အဟောင်းတစ်စုံ၊ ပင့်ကူအိမ်များတွယ်ယှက်နေသော စာအုပ်စင်၊ နံရံပေါ်မှ ပြက္ခဒိန်အဟောင်းများ စသည်ဖြင့် အတိတ်ကာလက တောက်ပခဲ့သော ပစ္စည်းများကို မှေးမှိန်ညှိုးနွမ်းစွာ မြင်ရသည်။

အမေသည် တက်တက်ကြွကြွဖြင့် လှုပ်ရှားနေလေသည်။ ဈေးမှ ဝယ်လာခဲ့ဟန်တူသော မရမ်းပြား သရက်ပြားတောင်းကြီးကို အိပ်ရှေ့မှာ ထားရစ်ကာ မီးဖိုချောင်သို့ ဝင်သွားသည်။ ချက်ရေး ပြုတ်ရေးကို စီစဉ်သည်။ စုသည် နောက်ဖေးသို့လိုက်သွား၏။ အမေသည် ယခုထိ သားဖြစ်သူအကြောင်းကို စကားမဟသေးပါကလား။

'အမေ၊ သူကော ဟင်'

စုသည် ရက်သွေးဖြင့်နီလျက်က အရဲစွန့်၍ မေးလိုက်သည်။ အမေသည် အိုးမည်းများဖြင့် ညစ်ပေနေသော ထမင်းအိုးထဲမှ ထမင်းကြမ်းများကို သံပန်းကန်ပြားတစ်ခုထဲ ကျုံးထည့်ရင်း တိုးတိုးဖြေသည်။

'မော်လမြိုင်သွားနေတာ ဆယ်ရက်လောက်ရှိပြီကွယ့်'

စု ရင်ထဲမှာ ဟာသွားလေသည်။

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

အပြေးအလွှား စွန့်စွန့်စားစား ရောက်လာခဲ့တဲ့ စု။ ရင်ထဲမှ ပြောစရာစကားတွေနှင့် တွေ့လိုစိတ်လည်း ပြင်းပြခဲ့သည်။ ယခုတော့လည်း တွေ့ချင်သည့် သူက မရှိပြန်ချေ။

အမေသည် ဆန်ကို သွက်လက်စွာဆေးပြီး ထင်းမီးကို မွှေးနေလေသည်။ နေမင်းအကြောင်း ဆိုးသည် ကောင်းသည် အမေ့နှုတ်မှ တစ်ခွန်းမျှ မဆိုချေ။

'သူ စုကို စိတ်ဆိုးနေလား အမေ'

စုက ထင်းစများကို ဝိုင်းကူထည့်ပေးရင်း မေးလိုက်သည်။ ထင်းများသည် စိုနေ၍ မီးမစွဲပေ။ သစ်သားမီးခြစ်ကလည်းရေစိုနေ၍ မီးမတောက်။ အမေသည် မီးခြစ်ဆံများကို စိတ်မရှည်စွာ တစ်ခုပြီးတစ်ခု လွှင့်ပစ်နေ၏။

'သမီးကိုတော့ စိတ်မဆိုးပါဘူး၊ အိမ်ပြန်ရောက်ကတည်းက အမေ့ကိုလဲ ကောင်းကောင်းစကားမပြောဘူး၊ နောက်ပိုင်းတော့အိမ်ကပ်တယ် မရှိပါဘူးကွယ်၊ တလောကတော့ သူ့ဦးလေးလာလို့ အပြန်မှာ မော်လမြိုင် လိုက်သွားတာပဲ'

အမေသည် နေမင်းက စုရဲ့အိမ်သားတွေနှင့် အဆင်မပြေသည့် အကြောင်း၊ နေမင်းတစ်ယောက် အိမ်မကပ်ဘဲအရက်တွေသောက်နေသည့် အကြောင်းတွေကို ခြွင်းချန်ထားခဲ့ဟန် တူလေသည်။

'သူ ဘယ်တော့ပြန်လာမှာလဲ အမေ'

စုသည် ခင်ပွန်းမရှိဘဲ ယောက္ခမက ကြည်ဖြူပါ့မလားဟု ပူပန်ရ လေ သည်။

အမေက ကြင်နာစွာ ပြုံးသည်။

'သမီးရောက်နေတယ်ကြားရင် သူချက်ချင်း ပြန်လာမှာပေါ့၊ သူက သမီး သူ့ဆီ ဘယ်တော့မှ မလာတော့ဘူးလို့ ထင်နေတာ'

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

အားပေးစကားကြောင့် စု ဝမ်းသာရသည်။ သို့သော် အလုပ်အကိုင်ကောင်းကောင်းမရှိဘဲ အမေ ရှာဖွေသမျှကို စားသောက်နေထိုင်ရမည့်အရေးကို တွေးမိတော့ အားငယ်ရပြန်သည်။

'သူ့ဆီကို စာရေးလိုက်ရရင် ကောင်းမလား ဟင်'

အမေက ရေကပြင်ကို ဆင်းသွား၏။ ပုစွန်ဆိတ်ကလေးတွေ ချက်ထားတာတော့ရှိတယ်၊ နည်းနေမှာစိုးလို့ဟုပြောကာ ဈေးမှပါလာသော ကင်ပွန်းရွက်တွေကို ရေဆေးနေသည်။ ပြီးမှ ဇလုံထဲ ကင်ပွန်းရွက်စည်းကို ဖြေထည့်ကာ ပြန်တက်လာသည်။

'သူ့ဦးလေးရဲ့ရုံးကို ဖုန်းဆက်ရင်တော့ မြန်မြန်ရောက်မယ်ကွယ့်'

စု အနားမှာထိုင်ရင်း ပြောလေသည်။ စုသည် အမေ့အိမ်မှာ တစ်ခုခုတော့ ဝင်လုပ်သင့်ပြီဟု သဘောရကာ ထမင်းအိုးဆီ လှမ်းကြည့်သည်။ မီးက ကောင်းစွာ မစွဲသေး။ အနားမှာတွေ့သော ဝါးမီးပြောင်းကို ယူကာ ထင်းစကို တအားကုန်းမှုတ်လိုက်သည်။ မျက်လုံးများပြာဝေသွားလေသည်။

'အမလေး မူးလိုက်တာ'

'ဟဲ့သမီး စု၊ မီးခိုးတွေမွန်ကုန်ပြီ၊ နေပေစေလေ မလုပ်တတ်ဘဲနဲ့ မလုပ်နဲ့'

စု မျက်လုံးမှာ မျက်ရည်စတွေ ဝဲနေသည်။ ချော်လဲရောထိုင်ရတော့မည်လား။ ခေါင်းထဲမှာလည်း ချာချာလည်နေသလို ခံစားလိုက်ရသည်။

'သမီး ခေါင်းမူးရင် အိပ်နေလိုက်ပါလား'

'ဘာမှ မဖြစ်ပါဘူးအမေ'

စု၏ အသံက တုန်ယင်နေသည်။

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

'သမီး'

အမေက တိုးတိုးခေါ်သည်။

'ရှင်'

စု အသံက ငိုသံပါနေ၏။

'သမီးမှာ ကိုယ်ဝန်ရှိနေပြီလား'

စုက ခေါင်းညိတ်ပြလိုက်၏။ ပြီးတော့ တစ်ဆက်တည်းမှာပင် အမေ့ရင်ခွင်ကြားမှာ ခေါင်းကိုဝှက်ကာ စိတ်ရှိလက်ရှိ ငိုပစ်လိုက်မိလေသည်။

* * *

နေမင်း စုကို စိတ်ဆိုးနေသည်ဆိုတာ သိရသည်။ စုက သူ့ကို မေ့ပစ်ပြီး မိဘများ သဘောတူသူနှင့် ယူတော့မည်ဆိုသော ကောလာဟလ စကားတွေကို ယုံစားခဲ့သည်တဲ့။ သူ့နောက်ကို စု လိုက်လာမည်ဟုလည်း သူ မယုံကြည်။ သည်အတွေးတွေဖြင့် နေမင်းက စုကို စိတ်ဆိုးနေခဲ့သည်။

စုက သူစောင့်ထိန်းခဲ့ရသော သစ္စာတရားတွေကို ပြောပြချင်လှသည်။ သူ တန်ဖိုးထားသော မေတ္တာကြောင့် ယခု မောင်ရှိရာနေရာကို လွတ်လွတ်ကျွတ်ကျွတ် ရောက်လာခဲ့ပြီဆိုတာ ပြောပြချင်သည်။

စု တစ်ယောက်တည်း ကြေးနန်းရုံကြီးဘက်သို့ လျှောက်လာခဲ့၏။ မောင့်ဆီကို ဖုန်းဆက်သော်လည်း ရောက်မလာသေး။ ထားဝယ်ဘက်ကို ခရီးလွန်နေသည်ဟု ကြားရသည်။ စုကိုများ တမင်ရှောင်ပုန်းနေလေသလား။

'ဟေး စု၊ စု မဟုတ်လားဟင်'

အံ့သြဝမ်းသာဟန်ဖြင့် နှုတ်ဆက်သံကြောင့် ပလက်ဖောင်း ကျောက်ပြားပေါ်မှာ ချော်မလဲအောင် သတိထားရင်း ခေါင်းငုံ့လျှောက်

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

လာသော စုက မော်ကြည့်မိသည်။ နှုတ်ဆက်သူကပင် သေချာအောင် မေးနေပြန်သည်။ စုရဲ့ အသွင်က မမှတ်မိနိုင်လောက်အောင်ပင် ညှိုးငယ်နေလေပြီလား။

'ကိုကိုဦး'

စုက ရေရွတ်လိုက်သည်။

'စု တစ်ယောက်တည်းလား'

စုက ခေါင်းညိတ်ပြလိုက်ရသည်။ ကိုကိုဦးကတော့ တစ်ယောက်တည်း မဟုတ်ချေ။ ကိုကိုဦးဘေးမှ အဖော်သည် ကိုကိုဦးမိန်းမ ဟုတ်ဟန်မတူ။ ငယ်ရွယ်သည်။ လှပသည်။ ကိုကိုဦးကလည်း ယခင်ကလိုပင် ခန့်ညားလှပဆဲ။

'စုရယ် ပိန်သွားလိုက်တာ မှတ်တောင် မမှတ်မိဘူး၊ ခု ဘယ်သွား မလို့လဲ'

'ဒီနားတင်ပါပဲ'

စုက တိုးတိတ်သော်လည်း ဝမ်းနည်းသံမပါအောင် ဖြေသည်။

'ဪ နှင်းရေ၊ ဒါ ကိုယ့်စာဖတ်ပရိသတ်ပဲ၊ စုတဲ့၊ သူက နှင်းလေ၊ စုလိုပဲစာရေးဝါသနာပါတဲ့ ကောင်မလေးပေါ့'

ကိုကိုဦးနားမှာ ဒီလိုပဲစာပေဝါသနာပါတဲ့ ကောင်မလေးတွေ အမြဲရှိနေသလားဟု နာကျည်းစွာ တွေးမိလေသည်။ ကိုကိုဦးရဲ့စာတွေကို မဖတ်ဖြစ်တာတောင် ကြာခဲ့ပြီ။ မဂ္ဂဇင်းမှာ ဝတ္ထုတိုတွေပါတာ နည်းပါးသွားပြီး လုံးချင်းဝတ္ထုတွေကြော်ငြာများလာတာတော့ သတိထားမိသည်။ စု တစ်ချိန်က စွဲလမ်းတွယ်တာခဲ့ရသော ကိုကိုဦးကတော့ ဇေဒါလို လွင့်မျောခြင်း မရှိသေး။ စု ဘဝသာ သစ်ရွက်လို လွင့်နေလေသည်၊

BURMESE CLASSIC .com

BURMESE CLASSIC .com

နှင်းဆိုတဲ့ ကောင်မလေးက ပြုံးပြသည်။

'စု အခု ဘယ်မှာနေလဲ၊ စု လက်ထပ်တဲ့သတင်း ဖတ်ရတယ်'

စုက မချိပြုံးလေး ပြုံးသည်။ စုကို ကိုကိုဦး သတိရသေးသားပဲဟု စိတ်ကို ဖြေရသည်။

'စု အလုံမှာနေတယ်၊ သွားတော့မယ် ကိုကိုဦး'

ရှေ့ဆက်ပြီးတော့လည်း ဘာကိုမျှ ပြောပြချင်စိတ် မရှိတော့။ မြန်မြန်လမ်းခွဲလိုက်ချင်သည်။ စုက နှုတ်ဆက်တော့ အလျင်စလို ဖြစ်နေသော ကိုကိုဦးကလည်း ခေါင်းကို သွက်သွက်ညိတ်ပြသည်။ ကိုကိုဦးသည် ခန့်ညားထည်ဝါစွာပင် စု အပါးမှ ထွက်ခွာသွားလေ၏။

စုသည် ခေါင်းငိုက်စိုက်ချ၍ ကြေးနန်းရုံးဘက်သို့ဆက်လျှောက် ခဲ့သည်။

မောင့်ဆီကို အဆင်ပြေဆုံးဖြစ်မည်ထင်ရသည့် စကားလုံးတွေ ရေးစီပြီး ပေးပို့ဖို့ စီစဉ်ရသည်။

**မောင်**

စု မောင့်အိမ်ကို ရောက်နေပါပြီ။

အမြန်ဆုံးပြန်လာပါနော်။

**စု**

အိမ်ကိုပြန်ရောက်တော့ စုမှာ လှုပ်ရှားချင်စိတ်မရှိအောင်ပင် မောပန်း နွမ်းနယ်နေလေသည်။ စု ဘဝမှာ ကိုယ့်အရေးကိစ္စအတွက် ပထမဆုံး အကြိမ်ပြင်ပသို့ထွက်ကာ ဆောင်ရွက်ရခြင်းဖြစ်သည်။ ရန်ကုန်မြို့၏ လမ်းမများပေါ်တွင် ပထမဆုံးအကြိမ် အထီးတည်း လမ်းလျှောက်ခဲ့ရ၏။ လူတွေ ပွတ်သိပ်ကျပ်ခဲနေသော ဘယ်စ်ကားကိုလည်း တိုးဝှေ့၍ စီးခဲ့ရသည်။

BURMESE CLASSIC .com
www.burmeseclassic.com

လူအများစု၏ ဘဝထဲကို လက်တွေ့ဝင်ရောက်ခဲ့ရသည်။ သည်အချိန်မှ စကားလုံး နုနုလှလှလေးတွေကို ဖန်တီးမွေးဖွားကာ စု၏ စိတ်ကို ညှို့တ်နှုးစေခဲ့ သော ကိုကိုဦးနှင့်မှ ဆုံဆည်းခဲ့ရလေခြင်း။ ကိုကိုဦးက စုဘဝကို ရိပ်မိ သိရှိမည်မှာ အမှန်ပင်။ စုရဲ့ ပြောင်းလဲညှိုးနွမ်းသော ရုပ်သွင်ကြောင့် ရုတ်တရက် မမှတ်မိဘဲနေခဲ့သေးသည် မဟုတ်လော။

အမေသည် ဈေးမှ ပြန်ရောက်နှင့်ပြီ။ ရပ်ကွက်ထဲမှာလည်း ဆိုင်ငယ်လေးတွေအနှံ့ သူ့ကုန်စည်တွေကို ဖြန့်ဖြူး၍ ပြီးလေပြီ။

'စု ပြန်ရောက်နေပြီလား'

အမေ မေးသံကိုကြားရသည်။ အမေသည် မနက်စောစောကပင် ထကာ ထမင်းတစ်လုံးကို ချက်သွားခဲ့သည်။ စုက မနေ့က ဝယ်ထားခဲ့သော အသားအချို့ကို ပဲသီးနှင့် ရောကြော်ထားသည်။ အိမ်မှာဆိုလျှင်တော့ သည်ဟင်းလျာမျိုးသည် ထမင်းဝိုင်းမှာ ဘေးက အရန်သာဖြစ်သည်။ သည်မှာတော့ အဓိက ဟင်းလျာအဖြစ် အတို့ အမြှုပ်နှင့် ငါးပိရည်နှင့်တွဲ၍ စားကြရပေမည်။

'ပြန်ရောက်ပါပြီ အမေ၊ ခေါင်းထဲမှာ နည်းနည်းမူးလို့ လှဲနေတာ'

စု၏ အသားအရေများသည် ဖျော့တော့နေ၏။

'ဟုတ်တယ် ဒီအချိန်မှာ ဒီလိုပဲမအီမသာ ဖြစ်တတ်တာပဲ၊ ဒါကြောင့် မသွားပါနဲ့လို့ ပြောတာ၊ ကိုယ်တိုင်သွားချင်တယ်ဆိုတာကိုး'

'ကိစ္စမရှိပါဘူး အမေ၊ မော်လမြိုင်ကကော ဖုန်းလာသေးသလား'

နေမင်းဆီဆက်သွယ်ဖို့ ရပ်ကွက်ထဲမှ အိမ်များကို အားကိုး၍မရ။ အမေ့အသိ ကြည့်မြင်တိုင်ရှိ အိမ်တစ်အိမ်မှ တယ်လီဖုန်းနှင့် သွားဆက် ရသည်။

'ဝင်တော့ မေးခဲ့တာပဲ၊ ခုချိန်ထိတော့ မလာသေးဘူးတဲ့၊ ထားဝယ် မှာလဲအမျိုးတွေရှိတယ်၊ ကြာချင်ကြာနေမှာ'

www.burmeseclassic.com

BURMESE CLASSIC .com

စိတ်ပျက်ခြင်းကို ဖော်ထုတ်မပြချင်တော့။ အိပ်ရာထက်မှထကာ နံနက်စာအတွက် ပြင်ဆင်သည်။

'ခေါင်းမူးရင် နေလေ၊ အမေ ထမင်းခူးလိုက်မယ်'

ရိပ်ခနဲဖြစ်၍ အိပ်ရာပေါ် ပြန်လှဲလိုက်ရ၏။ ထမင်းခူးပြီးတော့ အမေက လှမ်းခေါ်သည်။

'ခံတွင်းပျက်ပေမယ့် ကြိုးစားပြီးတော့စား၊ အစာဝင်မှ လူကြီးရောဂါ ကလေးပါအားရှိမှာ'

စု၏ လက်တစ်ဖက်သည် ထမင်းပန်းကန်ထဲမှ မကြွ။

မိမိဝမ်းထဲမှာ ဝင်ရောက်ခိုအောင်းနေသော လူသားတစ်ယောက်အတွက် ထမင်းတစ်လုတ်ကို အားတင်းကာ မျိုချလိုက်ရလေသည်။

* * *

ပတ်ဝန်းကျင်သည် တိတ်ဆိတ်လျက်ရှိ၏။

နေရောင်ခြည်လဲ့လဲ့ကိုသော်မှ မမြင်ရသေး။ ညသည် ရှည်လျားစွာ မင်းမူဆဲပင်ဖြစ်သည်။ စုအတွက် ညတာတို့သည် ပို၍ ရှည်လျားကြလေ၏။ ဖေဖေ၏ လုံခြုံကျယ်ဝန်းသော အိမ်ကြီးအတွင်းမှာလည်း စု အိပ်မပျော်ရသည့်ညတွေ များပြားခဲ့သည်။ ယခု သေးငယ်ကျဉ်းမြောင်း၍ အဆောင်အယောင်ကင်းမဲ့သော အခန်းလေးအတွင်းမှာလည်း အိပ်မပျော်နိုင်သော ညကိုပင် ဖြတ်သန်းနေရပြန်လေပြီ။ ခြင်ထောင်ညိုညစ်ညစ်၏ အမိုးကို ကြည့်ရဖန်များ၍ အမှောင်ထဲမှာပင် မျက်စိကျင့်သားရကာ ပိတ်ကားတစ်ချပ်လို မြင်နေရလေသည်။

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

သည်အချိန်မှာ ဖေဖေတစ်ယောက်ကော ဘယ်လိုနေပါမလဲ။ စုကို ချစ်သော ဖေဖေသည်ကော အိပ်မှ ပျော်ပါလေမည်လား။ စုအပေါ် ညှာတာသော ကိုတိုးကော စုအပေါ် စိတ်များဆိုးနေလေပြီလား။ သူတို့က စုကိုသာချစ်လျက် စုနှင့်အတူ စု၏ လင်ယောကျ်ားဖြစ်သူ နေမင်းကို ယှဉ်တွဲပြီး လက်ခံနိုင်ခြင်း မရှိကြသည့်အတွက် စုနှင့်သူတို့ ကင်းကွာကြရလေသည်။ သို့မဟုတ် နေမင်းကကော စုရဲ့ မိသားစုနှင့်အတူ ချမ်းမြေ့စွာနေနိုင်မည့်နည်းလမ်းကို အဘယ့်ကြောင့် လိုက်နာကျင့်သုံးခြင်း မရှိခဲ့ပါသလဲ။

နေမင်းအကြောင်း စဉ်းစားပြန်တော့လဲ ရင်မှာ မောရပြန်သည်။ စုသည် ဖေဖေတို့ရင်ခွင်မှ ပြေးထွက်ကာ လင်ယောကျ်ား၏ အရိပ်အောက်သို့ အားကိုးတကြီး ခိုဝင်ခဲ့သော်လည်း စုကို ဆီးကြို ထွေးပိုက်မည့်သူမရှိ။ တမင်များရှောင်ပုန်းနေလေပြီလား။ စုရင်ထဲမှ ဝေဒနာတွေနှင့်အတူ နေမင်း မသိသေးသော အကြောင်းကိုလည်း ပြောပြချင်လှပြီ။

အတွေးစတို့သည် ယောက်ယက်ခတ်နေလေ၏။

ကြက်တွန်သံများကို ကြားရသည်။ လက်လုပ်လက်စားတို့ အိပ်ရာမှ ထဖို့ အားယူကြပြီ။ အအိပ်ကြီးသော အိမ်ရှင်မတို့သည်လည်း ယောကျ်ားတို့ အလုပ်သွားနိုင်ရန် ကြိုတင်ပြင်ဆင်ဖို့အတွက် မျက်စိကို ကြိုးစားဖွင့်ကြရ ပေတော့မည်။

အမေ၏ ခြေသံရှပ်ရှပ်ကိုပင် ကြားလိုက်ရ၏။ အမေသည် သိမ်ကြီးဈေးသို့ စောစောသွားပြီး သူ့ကုန်ပစ္စည်းများကို ယူမည်။ ပြီးလျှင် ဆိုင်ငယ်များကို လျှောက်ဖြန့်မည်။ ဟင်းချက်စရာ ဝယ်လာမည်။ မသွားခင် ထမင်းတစ်လုံးကို အမေ ချက်သွားဦးမည်။

BURMESE CLASSIC .com

စုမှာ ငွေလည်းများများစားစား ပါမလာခဲ့ပေ။ စု ရင်ထဲမှ ငုပ်လျှိုးတည်ရှိနေသော မာနတရားအရ ဖေဖေ့ဆီကလည်း တစ်ပြား တစ်ချပ်မျှ မတောင်းခဲ့။ စုမှာ စုဆောင်းထားသော ငွေနည်းနည်းရှိသည်။ ထိုငွေနှင့်အတူ ဖေဖေ အမှတ်ရပေးထားသော ရွှေဆွဲကြိုးလေးတစ်ကုံးသာ ပါလာခဲ့သည်။ အဝတ်အစားတွေကိုပင် အကုန်အစင် ယူခဲ့ခြင်းမရှိ။ စု အပြီးအပိုင်ခွဲခွာသွားမည်ကို မလိုလားသော ဖေဖေကလည်း စု မကြာခင် ဖေဖေ့ အိမ်ပေါ်သို့ ပြန်တက်လာလိမ့်မည်ဟူသောအတွေးကိုသာ ရယူလျက် စု နောက်မှာ ပစ္စည်းများများပါမသွားသည်ကိုသာ ကျေနပ်လေသည်။ စုကတော့ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးတော့မည်ဟု ဆုံးဖြတ်ပြီးသား။ စုမှာ ပါလာသမျှသော ပစ္စည်းဥစ္စာသည်ပင် စုအတွက် လုံလောက်ပြီဟု ယုံကြည်၏။

သည်အိမ်မှာ စုသည် မည်သည့်အခန်းကဏ္ဍမှ ပါဝင်ကူညီရမည်ကို စဉ်းစား၍ မရသေး။ လူကြီးတစ်ယောက်၏ လုပ်စာကို ငယ်ရွယ်တက်ကြွသည့်အရွယ် လူငယ်နှစ်ယောက်က သည်အတိုင်းထိုင်စားနေ၍ တင့်တယ် ပါမည်လား။ ပြီးတော့ သူတို့သည် လွတ်လပ်သောသူများလည်း မဟုတ်ကြတော့။ မကြာခင် တစ်ယောက်သောလူဦးရေကို တိုးပွားစေဦးမည်။

အမေ မီးဖိုသို့ဝင်သွားသံ၊ ဆန်ဆေးသံများကို ကြားနေရသော်လည်း အိပ်ရာထက်မှ ကြိုးစားအားယူကာ ထ၍မရသေး။ အိပ်ပျက်ခြင်းဒဏ်ကြောင့် မျက်ခွံများလေးလံလျက်ရှိသည်။ တစ်ညလုံးလွှင့်ပါးခဲ့သော စိတ်အတွေးမျှင်များသည် ယခုမှ ငိုက်မြည်းစပြုသော ခန္ဓာကိုယ်အတွင်းသို့ ပြန်လည် ဝင်ရောက်လာကြလေ၏။ နေ့နှင့်ညကို မှားယူသော ကလေးငယ်လို မျက်တောင်များမှေးစင်းလာကာ နေရောင်ခြည်အောက်မှာ အိပ်ပျော်ဖို့ ကြိုးစားမိပြန်လေသည်။

www.burmeseclassic.com

ထိုအချိန်မှာ ထူးဆန်းသော အသံတစ်သံကို ကြားရသည်။

'ဟဲ့ စုရေ သမီး ထထ၊ ဒီမှာ နေမင်း ပြန်ရောက်လာပြီ'

အမလေး၊ စုသည် စိတ်ထဲမှ တမ်းတကာ အိပ်ရာထက်မှ အားယူ၍ ထလိုက်ရသည်။ မျှော်လင့်ဘဲအားအင်တွေ ပြည့်ဖြိုးလာကာ အိမ်ရှေ့သို့ ပြေးထွက်ခဲ့၏။ ဆံပင်ဖားလျားနှင့် စု အသွင်သည် အရူးမ တစ်ယောက်သဖွယ် ရှိလိမ့်မည်။

နေမင်းသည် အိမ်ရှေ့ တံခါးဝတွင် မလှုပ်မယှက် ရပ်နေလေသည်။ စု သူ့အနားသို့ ပြေးသွားသည်။

'အမလေး မောင်ရယ်'

ပင်ပန်းအားနည်းသည့်ဒဏ်၊ တစ်ညလုံးအိပ်ရေးပျက်ခဲ့သည့် ဒဏ်တွေကြောင့် စု ခြေထောက်များ မြဲမြဲရပ်တည်၍မရ။ ရုတ်တရက် ပြေးထွက်လာရသဖြင့်လည်း ခန္ဓာကိုယ်သည် ယိုင်နဲ့၍ နေသည်။ နေမင်း နားသို့ အရောက်မှာ ကြမ်းပြင်ပေါ်သို့ ပုံကျသွားလေသည်။ မိန်းမသား တစ်ယောက်၏ အားကိုးမှုနှင့် စိတ်လှုပ်ရှားမှုသည်လည်း အစွမ်းကုန် ပွင့်ထွက်၍သွားလေပြီ။

'စု'

နေမင်းသည် စု ပခုံးကို ဆွဲယူပွေ့မလိုက်သည်။ စု မျက်နှာမှာလည်း မယုံကြည်နိုင်လောက်အောင် ရင့်ရော်ကျဆင်း၍ နေပြီ။ အမေသည် သူတို့နှစ်ယောက်ကို ငြိမ်သက်စွာရပ်ကြည့်နေရင်းက အင်္ကျီလက်မောင်း စကို ဆွဲ၍ မျက်လုံးတစ်ဝိုက်ဆီသို့ တို့သုတ်နေလေသည်။

'စု ရောက်နေတာ ဆယ်ရက်လောက်ရှိပြီ'

နေမင်း၏ လက်မောင်းကို ပြန်လည်ဆုပ်ကိုင်ကာ စုက ပြော လိုက်သည်။ ပြောချင်သည့် စကားတွေ များလှသော်လည်း နှုတ်ဖျား၊

www.burmeseclassic.com

BURMESE CLASSIC .com

မထွက်။ စု မောင့်ဆီကို အပြီးအပိုင် လာခဲ့ပြီလေ။ စုဟာ မောင်ထင်သလို သတ္တိမနည်းပါဘူး မောင်ရယ်၊ လင်ယောကျ်ားတစ်ယောက်ရဲ့နောက်ကို အေးအတူ ပူအမျှ မလိုက်နိုင်တဲ့ မိန်းမတစ်ယောက် မဟုတ်ပါဘူး မောင်ရယ်ဟု ရင်ထဲက ကြိမ်ဖန်များစွာ ပြောနေမိသည်။

'မောင် ခရီးလွန်နေလို့'

နေမင်းက ထိုမျှသာ ပြောသည်။ စု ရောက်နေတာကို မောင် ဝမ်းမသာဘူးလားဟု မေးလိုက်ချင်သည်။ ဒါမှမဟုတ် တစ်နေ့မှာ စု ဒီလိုပဲရောက်လာမယ်ဆိုတာကို မောင် အသေအချာ သိထားလေသလား။

အမေသည် သားနှင့် ချွေးမကို ငေးငိုင်ကြည့်နေရာမှ ပြန်လည် အသက်ဝင်လာသည်။

'ကဲ သား၊ ညရထားနဲ့လိုက်လာတာ ထင်တယ်၊ ရေမိုးချိုးပြီး နားလိုက်ဦး၊ သမီးစုလဲ ကောင်းကောင်းနေမကောင်းရှာဘူး'

အမေက သူ၏ လုပ်မြဲဝတ္တရားများကို စတင်ဆောင်ရွက်တော့သည်။ နေမင်းသည် စု ပခုံးကိုကိုင်ကာ အခန်းထဲသို့ခေါ်ခဲ့သည်။ စုတို့ရဲ့ ဒုတိယမြောက် မင်္ဂလာအခန်းလေး ဖြစ်၏။ ယခင်လို လှပခန့်ညားခြင်းမရှိ။ သန့်ရှင်း သေသပ်ခြင်း မရှိ။ သို့သော် အေးချမ်းလှသည်။ ဆိတ်ငြိမ်လှသည်။

'စု ရိုက်လိုက်တဲ့ သံကြိုးစာကို ရတယ်နော်'

နေမင်းက ခေါင်းညိတ်ပြသည်။ နှုတ်က ဘာတစ်ခွန်းမျှမပြောဘဲ စုကို စူးစူးဝါးဝါးကြည့်ကာ နဖူးပြင်ပေါ်မှ ဆံစလေးများကို ပွတ်သပ်ပေးနေသည်။ စုထံမှ ရှားပါးသောအပြုံးလေး ပေါ်လာသည်။ ပါးချိုင့်နှစ်ခုကြားမှ နှုတ်ခမ်းများ အားယူလှုပ်ရှားရင်း ရှက်သွေးဖြင့် မျက်နှာနီစွေးလာသည်။

'ခုတော့ ဖေဖေတို့လဲ စုကို တားလို့မရတော့ပါဘူးမောင်၊ စုမှာလဲသူတို့တားလို့မရတဲ့ အကြောင်းက ရှိနေပြီလေ၊ ဒါပေမဲ့ ဒါကြောင့်

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com
မောင့်ဆီကိုလာတာ မဟုတ်ဘူးနော်၊ စုကို နားလည်ရဲ့လား မောင်ရယ်

နေမင်းသည် စုကို စူးစိုက်စွာ ကြည့်နေဆဲပင်။ နေမင်းသည စုကို ကောင်းစွာ အနိုင်ယူခဲ့ပေါင်း များလေပြီ။ ယခုလည်း စကားတစ်ခွန်းမှ မဆိုဘဲ သူ့ အမူအရာတွေကြားမှာ စု အရည်ပျော်လုလု ဖြစ်နေရပြီ။ ရင်ထဲမှာ ပူနွေးခြင်းဖြင့် တက်ကြွ၍လာသည်။

'စု ပြောတာကို မောင် သိရဲ့လား ဟင်၊ ခုလေ စုမှာ'

နေမင်းသည် စု၏ နှုတ်ခမ်းများကို အနမ်းဖြင့် ပိတ်ပင်လိုက်လေသည်။ မင်္ဂလာဦးမှစ၍ ပထမဆုံးအကြိမ် အရှည်လျားဆုံးအနမ်းများသာ ဖြစ်လေသည်။

BURMESE CLASSIC .com
www.burmeseclassic.com

## ၇

မိန်းမသားတစ်ယောက်ရဲ့အင်အားများဟာ ဒါပဲထင်ပါရဲ့။

စုက လူ့လောကထဲကို ရောက်မလာသေးသော သားအတွက် စိတ်ကူးတွေများစွာ ယဉ်နေမိပြန်သည်။ စုရဲ့သားသည် လူ့ဘဝမှာ သတ္တိရှိရှိနှင့် ရင်ဆိုင်ဝံ့သူဖြစ်ရမည်။ စုရဲ့သားသည် လောကမှာ အတော်ဆုံး အကောင်းဆုံး ဖြစ်ရမည်။ စုတို့၏ ဘဝမှာ ဖရိုဖရဲဖြစ်ရသလို သားမှာ မဖြစ်စေရ။ သား၏ ဘဝအတွက် အစစအရာရာ ပြင်ဆင်ပေးမည်။

စုသည် သူ့ဘာသာအတွေးများဖြင့်ပင် ရွှင်လန်းတက်ကြွ၍ နေလေ သည်။

စုက တက်ကြွသလောက် နေမင်းကို ကြည့်ရသည်မှာတော့ အားရစရာ မကောင်းလှ။ စု တိုက်တွန်းလွန်း၍ ရုံးကို မှန်မှန်ပြန်တက်သော်လည်း နေမင်း၏ ရုံးဆင်းချိန်များက မမှန်တတ်ပေ။ ပြန်လာလျှင်လည်း ဆိုးရွားသော အနံ့အသက်က ပါလာစမြဲ။ နေမင်းရသော လခကလည်း တစ်ဝက်ခန့်သာ အိမ်ကို ပြန်ပါလာတတ်ပြီး ထိုတစ်ဝက်သည်လည်း လတစ်ဝက်မကုန်မီမှာ သူ့နောက်သို့ ပြန်ပါသွားတတ်လေသည်။

www.burmeseclassic.com

BURMESE CLASSIC .com

ယောကျ်ားကို အားကိုးချင်၍ လိုက်လာရသောစုမှ ယောက္ခမကိုသာ အားကိုးနေရသည်။ နေမင်းကို အမေကလည်းချစ်၍ အလိုလိုက်ခဲ့သည် ဆိုတော့ သားကို အပြစ်မမြင်ပေ။ သားဆိုးကို ချစ်တတ် သနားတတ်သော မိခင်တို့၏ အမူအကျင့်အတိုင်း သားလေး ကံဆိုးရှာတယ်၊ သူ့အရွယ်ကောင်း ရောက်ကာမှ အဖေမရှိလို့ မျက်နှာငယ်ရှာတယ်၊ သူ့အဖေသာရှိရင် ဒီလို ဘယ်နေရလိမ့်မလဲဟုသာ တဖွဖွညည်းနေလေသည်။

အမေ့အိမ်မှာ အမေ့စေတနာဖြင့် စားနိုင် သောက်နိုင်သော်လည်း စု လက်ထဲမှာ သုံးစရာ စွဲစရာ ငွေမရှိပါ။ ပါလာသည့်ငွေလေးကိုလည်း မီးဖွားစရိတ်အတွက် မြော်မြင်ပြီး ချန်ထားရသေးသည်။ မည်မျှပင် စိတ်၏ ပင်ပန်းခြင်းဖြင့် ညှိုးနွမ်းစေကာမူ သားဟူသော မျှော်လင့်ချက်ကြောင့် လူကတော့ ကျန်းမာလျက်ပင်။ အမေရာကျွေးသော ထမင်းဟင်းကို အားနာသော်လည်း ကောင်းစွာ စားဝင်မြဲ။ နေမင်းက အိမ်မှာမရှိသည်က များသော်လည်း ရှိသည့်အချိန်တွင် ဂရုစိုက်မြဲ။ ထိုအခါ စု ဟူသော မိန်းမသားသည် လင်ယောကျ်ားအပေါ်မှာ ဆိုးသည် ကောင်းသည် မဝေဖန်တတ်သော ထာဝစဉ် ခွင့်လွှတ်တတ်သော ကောင်မလေး တစ်ယောက် ဖြစ်နေလေသည်။

အမေ အိမ်မှာမရှိလျှင် လျှော်ဖွပ် သိမ်းဆည်းခြင်းအလုပ်ကို တိတ်တဆိတ်လုပ်၏။ ကျန်အချိန်များတွင် သားအတွက်ရည်စူး၍ အင်္ကျီ သေးသေးလေးများကို ချုပ်သည်။ အပ်တစ်ချောင်းနှင့် အနာဂတ်၏ သားလောင်းလျာကို တွေးကာ ကြည်နူးနေဆဲ အိမ်ရှေ့သို့ ဧည့်သည်လာသည်ကို တွေ့ရသည်။

မမြတ်သည် စုကို မမှိတ်မသုန် ကြည့်နေလေသည်။

'ဟင် မမြတ်'

BURMESE CLASSIC .com

www.burmeseclassic.com

အံ့ဩခြင်းထက် ရှက်ခြင်းက ပိုသွားသော်လည်း ညှိုးငယ်စိတ်ကို ချက်ချင်းတွန်းလှန်ကာ ဘာမှုမဖြစ်သလို ပြုံးပြလိုက်သည်။

'လာလေ မမမြတ်၊ စု ဆီကို လာလည်တာလားဟင်၊ ထိုင်ပါဦး'

မမမြတ် လာခြင်းနောက်မှာ အကြောင်းတစ်ခုခု ပါလာနိုင်သည်ကို သိသော်လည်း ရေးကြီးခွင်ကျယ်မရှိသလိုနေကာ အနားမှ ဖျာငယ်ကို မမမြတ်ရှေ့သို့ချပေးလိုက်သည်။ အနားများဖွာနေသော ဖျာလေးပေါ်တွင် မမမြတ်က ရုတ်တရက် မထိုင်သေး။ အိမ်အဆင်အပြင်ကို ဝေ့ဝိုက်၍ ကြည့်သည်။ ပစ္စည်းများက ဟောင်းနွမ်းလှသော်လည်း တစ်ချိန်ကတော့ အဖိုးတန်ခဲ့သည်ကို ရိပ်မိဟန်ဖြင့် ခေါင်းတဆတ်ဆတ် ညိတ်သည်။ ပြီးမှ ဖျာပေါ်မှာ တင်ပါးကို မထိချင်ထိချင် ခပ်ယို့ယို့ထိုင်သည်။ သားရေအိတ်ကိုချရန် သင့်တော်သည့်နေရာ ရှာမတွေ့လေဟန်ဖြင့် ပေါင်ပေါ်မှာ တင်ထားလိုက်သည်။ စုက လက်ထဲမှ အပ်ကို အကိုင်မပျက်။ အပ်ဖျားမှာ အပ်ချည် နှစ်ပတ် သုံးပတ်ရစ်ပြီးအပ်ကိုဆွဲ၍ အပ်ချည်စကို ပါးစပ်ဖြင့် ကိုက်ဖြတ်လိုက်သည်။ မမမြတ်သည် စုကို လူထူးလူဆန်းလို ကြည့်နေသေး၏။

'ကားကို လမ်းထိပ်မှာ ရပ်ထားခဲ့ရတယ် စု၊ အိမ်ကလဲ တော်တော် မေးယူရတယ်'

မမမြတ်၏ နှုတ်ဆက်စကားက သိပ်တော့ အဆင်မပြေလှပေ။ သို့သော် မမမြတ်သည် စု အိမ်ထောင်ရေးကို မကျေနပ်သည်ကလွဲ၍ ကျန်သည့်အခါများတွင် စုအပေါ် ချစ်ခင်ဟန်ပြတတ်သည်မို့ စု ရင်ထဲက ခွင့်လွှတ်လိုက်သည်။

'ဖေဖေ နေကောင်းရဲ့လား မမမြတ်'

www.burmeseclassic.com

BURMESE CLASSIC .com

စုက သူသိချင်ဆုံးသော အရာကိုသာ မေးသည်။ မမမြတ်ေ ကျွေးမွေးဧည့်ခံနိုင်သည့် စားစရာတစ်ခုခုကို စဉ်းစားသော်လည်း ဘာမျှ မမြင်။ အိမ်မှာ အသင့်ရှိတာဆို၍ အမေဝယ်ထားသော သရက်ပြား၊ မရမ်းပြားအထုပ်များသာ ရှိသည်။ လမ်းထိပ်မှာ ကြံရည်ဆိုင်ကို သတိရ၏။ သို့သော်ညိုညစ်သောအရောင်ရှိသည့် ကြံရည်ကို မမမြတ် သဒီပါ့မလား။

'ကောင်းတယ်ဆိုပါတော့ စု ရယ်၊ လူကတော့ နေကောင်းပါတယ်၊ စိတ်ကတော့ သိတဲ့အတိုင်းပဲ၊ ပင်စင်တင်ထားတာလဲ ကျပြီလေ'

စုသည် အပ်ချည်အသစ် တပ်မည်ပြုပြီးမှ အပ်ကို အသာချထားလိုက်သည်။ ကလေးအင်္ကျီချုပ်နေသည့်အစသည် စု၏ ဘလောက်စ်အင်္ကျီဟောင်း တစ်ထည်ကို ဖျက်ထားခြင်းသာ ဖြစ်သည်။

'ဖေဖေက မမမြတ်ကို လွှတ်လိုက်တာလား ဟင်'

စုက လိုရင်းကိုပင် မေးသည်။

'ဟုတ်တယ် စု၊ သူ့သမီးတစ်ယောက် ဘယ်လိုနေတယ် ထိုင်တယ် ဆိုတာ သူအမြဲပဲသိချင်နေတယ်လေ၊ စု ကိုယ်ဝန် ဘယ်နှစ်လရှိပြီလဲ'

မမမြတ်က စု၏ ခန္ဓာကိုယ်အောက်ပိုင်းကိုကြည့်ရင်း မေးသည်။ စု ဝတ်ထားသော ဘလောက်စ်အင်္ကျီသည် အောက်နားက ကြယ်သီးနှစ်လုံး တပ်မထားပေ။

'ခြောက်လထဲမှာ မမမြတ်'

'အိုဂျီနဲ့ အပ်ပြီးပြီလား'

မမမြတ်က ရန်ကုန်မြို့ပေါ်မှ လူလတ်တန်းစားတို့၏ ထုံးစံအတိုင်း ကိုယ်ဝန်ကို သားဖွားပါရဂူဖြင့် အပ်ပြီးပြီလား သိချင်ပုံရသည်။

စုကတော့ ဝအေးအေးဆေးဆေးပင် ခေါင်းခါပြလိုက်သည်။ စုမှာ ငွေသုံးဆယ့်နှစ်ကျပ်ပေးပြီး ဗိုက်ကို မအပ်နိုင်။ တစ်ခေါက်ေ

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

နှစ်ဆယ် အစိတ်ပေး၍လည်း တစ်ပတ်တစ်ခါ သွားမပြနိုင်၊ အားဆေးကိုတော့ နေမင်းက ဝယ်ပေး၍ မှန်မှန်စားဖြစ်သည်။

'သားဦးပဲ စုရယ်၊ ဂရုစိုက်မှာပေါ့၊ အဲဒါတွေ စိတ်မချလို့ ဖေဖေက လွှတ်လိုက်တာ'

'စု နေကောင်းပါတယ် မမမြတ်၊ ဆေးရုံအပြင်လူနာဌာနမှာ မှန်မှန်သွားပြပါတယ်'

'ဒါပေမဲ့ စုရယ်၊ ဆရာဝန်ကြီးတွေနဲ့ အပ်ထားတော့ ဆေးရုံတက်တဲ့ အခါလဲ ကောင်းကောင်းမွန်မွန် နေရတာပေါ့၊ အခက်အခဲရှိရင်လဲ သူတို့ ကိုယ်တိုင် လာကြည့်ပေးတယ်'

စုက သည်အကြောင်းကို မပြောစေချင်တော့။

'ဆေးရုံက ဆရာဝန်တွေကလဲ ဂရုစိုက်ပါတယ် မမမြတ်၊ မှန်မှန် သွားမပြရင်တောင် သူတို့ကပဲဆူနေတာ၊ ဒပ်ဖရင်မှာ ကိုနေမင်းသူငယ်ချင်း ဆရာဝန်တွေလဲရှိတယ်၊ စု မွေးတဲ့အချိန်ထိ သူတို့ ရှိနေဦးမှာတဲ့'

စုက သည်ကိစ္စ မြန်မြန်ပြီးပြတ်စေရန် ပြောလိုက်ရသည်။ စုရဲ့ စိတ်ထဲမှာ စုကို နေမင်းက ဂရုစိုက်ကြောင်းလည်း ပြောပြချင်နေသည်။ နေမင်းကို မမမြတ်တို့က ထည့်တွက်လိမ့်မည် မဟုတ်ဆိုတာ သိ၍လည်း ပိုပြီး ပြောချင်သည်။

'အင်းလေ၊ စု နေထိုင်ကောင်းတယ်ဆိုရင်လဲပြီးတာပါပဲ၊ မမမြတ်တို့ ကတော့ တားမရလို့သာ လွှတ်လိုက်ရတယ် စိတ်ပူတယ်လေ၊ ကြီးကြီးမေ ဆီကို ရောက်တော့လဲ ဘာလို့လွှတ်လိုက်ရတာလဲလို့ ပြောနေတယ်၊ စု မွေးတဲ့အချိန်ကျရင် သူ ပြန်လာမယ်တဲ့'

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

'ကြီးကြီးမေ ရိပ်သာမှာ ဖြောင့်ဖြောင့်နေပါစေတော့ မမြတ်ရယ် စုအတွက် ပူစရာမလိုပါဘူး၊ ဒီမှာအမေကလဲ ဂရုစိုက်ပါတယ်၊ စုကို သိပ်ချစ်တာပဲ'

မမြတ်က စုကို မျက်ခုံးပင့်၍ ကြည့်သည်။ စုက အမေဟု သုံးနှုန်းလိုက်သည်ကို သတိထားမိပုံရသည်။

'အင်းလေ စု အဆင်ပြေတယ်ဆိုရင် ဝမ်းသာပါတယ်၊ အိမ်ကိုလဲ ခဏတစ်ဖြုတ်တော့ လာလည်ပါဦး စုရယ်၊ စုကို အတင်းဆွဲမထားတော့ပါဘူး'

စု အိမ်ကို တစ်ခေါက်မှ ပြန်မသွားခဲ့။ စု သွားလျှင်လည်း အနေ အထိုင်ဆင်းရဲ၍ အိမ်ကိုပြန်လာသည်ဟု ထင်မှာစိုးသည်။ တစ်စုံတစ်ရာကို မျှော်ကိုး၍ လာသည်ဟုလည်း ထင်မှာစိုးသည်။ ဖေဖေ့ကို တွေ့ချင်သော် လည်း ညှိုးနွမ်းသော စု၏ အသွင်ကိုမြင်ရလျှင် ဖေဖေ စိတ်ဆင်းရဲမှာစိုးသည်။ မမြတ်က စု ချုပ်လုပ်နေသော ကလေးအင်္ကျီစကို မသိမသာလိုလိုနှင့် သေသေချာချာကိုင်ကြည့်နေလေသည်။

'စု လာခဲ့ပါ့မယ် မမြတ်'

'စုရယ် ဒါတွေ ဘာလို့ချုပ်နေရသလဲ၊ ဇက်ကြောတွေဘာတွေ တက်နေပါ့မယ်'

မမြတ်က ကလေးအင်္ကျီများကို ကြည့်ပြီး ပြောပြန်သည်။

'အပျင်းပြေပါ မမြတ်ရယ်၊ ကလေးအင်္ကျီတွေချုပ်ပြီး စိတ်ကူးယဉ် ကြည့်ရတာလဲသိပ်ပျော်တာ မမြတ်ရဲ့ ဟင်း ဟင်း'

စုက မရယ်ချင်ဘဲရယ်လျက်ပြောတော့ မမြတ်ကလည်း မသိမသာ ပြုံးသည်။ စု၏ အင်္ကျီစကို ဘာမျှ ဝေဖန်ခြင်းလည်း မပြုသည့်အတွက် မမြတ်ကို ကျေးဇူးတင်ရသေး၏။

BURMESE CLASSIC .com
www.burmeseclassic.com

BURMESE CLASSIC .com

'အင်းလေ စု အဆင်ပြေတယ်ဆိုရင် ဝမ်းသာပါတယ်ကွယ် ကဲ မမမြတ် ပြန်မယ်နော်'

စုကို ဆက်၍ ပြောနေလျှင်လည်း စုဘက်က ခိုင်လုံသောအကြောင်းတွေကိုသာ ပြနေဦးမည်မို့ မမမြတ်က လက်လျှော့လိုက်ပုံရသည်။

'မမမြတ်ကို ဘာမှတောင် မကျွေးရသေးဘူး၊ ဟော အမေတောင် ပြန်လာပြီ'

အမေသည် ဆွဲခြင်းကြီးကိုဆွဲကာ အိမ်ထဲဝင်လာ၏။ မမမြတ်ကို မြင်တော့ အံ့အားသင့်သွားပုံရပြီး မျက်နှာလည်း ပျက်သွားလေသည်။ အမေ မျက်နှာပျက်ရခြင်းမှာတော့ စုကို ပြန်ခေါ်မှာစိုးပဲလား၊ စု၏ သိမ်ငယ်သောအဖြစ်ကို မမမြတ်တို့ မြင်တွေ့သွား၍ပဲလား တော့ မသိ။

'သြော် ညှော်သည်ရောက်နေတာကိုး၊ သမီးရေ လက်ဖက်လေး သုပ်ပါလားကွယ်၊ အမေ သွားဝယ်လိုက်မယ်'

အမေက ဆွဲခြင်းကိုချပြီး ပျာပျာသလဲပြောသည်။

'စုလဲ စကားပြောကောင်းနေတာနဲ့ ဘာမှတောင် မကျွေးရသေးဘူး အမေ'

'အို အားနာစရာကွယ်'

မမမြတ်က အလိုက်သင့်ပြုံးပြရင်း နေရာမှ ထသည်။

'နေပါစေတော့ အန်တီ၊ ခုပဲပြန်တော့မလို့ပါ၊ ကဲ ပြောပြောဆိုဆို ပြန်ဦးမှ၊ စုနဲ့ မတွေ့တာကြာလို့ လာလည်တာပါ'

'သြော် ဟုတ်လား၊ ကောင်းပါပြီကွယ်၊ နောက်လဲလာလည်ပါဦးနော်၊ စု ဖေဖေကော နေကောင်းရဲ့လား'

BURMESE CLASSIC .com
www.burmeseclassic.com

BURMESE CLASSIC .com

‘ကောင်းပါတယ်၊ စုကိုတောင် အိမ်ကိုလာလည်ပါဦးလို့ ပြော
ရတယ်၊ စုကတော့လေ အန်တီတို့နဲ့ သိပ်ပျော်နေတာ ထင်ပါရဲ့၊ အိမ်ကို
တစ်ခေါက်မှ ပြန်မလာဘူး ဟင်း ဟင်း’

မမမြတ်၏ ရယ်သံလွင်လွင်လေးက ခပ်ထေ့ထေ့မို့ အမေက မျက်နှာပျက်ပျက်ဖြင့် လိုက်ရယ်ချင်ဟန် ဆောင်နေရရှာလေသည်။ မမမြတ်၏ သည်လိုအချိုးတွေကို နေမင်းက ကြည့်မရခြင်း ဖြစ်၏။ ထို့ကြောင့်လည်း နေမင်းနှင့် မမမြတ်သည် ဘယ်တော့မှ အစေးမကပ်ခဲ့။

မမမြတ်သည် သူ့သားရေအိတ်ကိုမကာ အိမ်ရှေ့သို့ထွက်၏။ ခုံမြင့်ဖိနပ်ဖြူဖြူ၏ ဒေါက်သည် အိမ်ရှေ့ကြမ်းပြင်၏ ကျဲပြဲနေသော ဝါးခြမ်းပြားများကြားသို့ ကျွံဝင်နေသဖြင့် ဆွဲထုတ်ယူရလေသည်။

‘စုရေ လမ်းထိပ် လိုက်မပို့တော့ဘူးလား’

မမမြတ်က ခေါ်ပြန်၏။

‘ကဲ သမီးရယ်၊ သမီးအစ်မကို လိုက်ပို့လိုက်ဦးကွယ်’

စုက မမမြတ်နောက်သို့ လိုက်ခဲ့ရသည်။

လမ်းထိပ်မှာ ကားကိုရပ်ထားသည်။ ကားက ဖေဖေ့ကား မဟုတ်။ အသစ်ဖြစ်သည်။

‘မမမြတ် အလုပ်သွားဖို့တဲ့၊ အဘိုးကြီးက ကားတစ်စင်း ဝယ်ပေး တယ်’

အဘိုးကြီးဆိုသည်မှာ မမမြတ်က သူ့ဖခင်ကို ပြောခြင်း ဖြစ်သည်။

မမမြတ်က ကားပေါ်မတက်ခင် စု လက်ကိုဆွဲကာ တိုးတိုးပြော သည်။

‘စု မငြင်းနဲ့နော် ဖေဖေက ပေးခိုင်းတာ’

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

အိမ်မှာ အမေမြင်မှာစိုး၍ မပေးခဲ့သော ပိုက်ဆံကို မမမြတ်က စုလက်ထဲအတင်းထည့်ပေးလေသည်။ စု ပြန်ပေးလို့ မရအောင်လဲ စု လက်ကို အတင်းဆုပ်ကိုင်ထားသည်။

'စု မလိုပါဘူး မမမြတ်'

စု၏ မျက်နှာကလည်း မာနရောင်ကြောင့် တင်းနေတော့သည်။

မမမြတ်က စု၏လက်ကို မလွှတ်။

'မမမြတ် သိပါတယ်၊ စု ယူမှာမဟုတ်ဘူးဆိုတာ၊ ဒါပေမယ့် စု၊ အဖေတစ်ယောက်ရဲ့ စေတနာကို ငြင်းပယ်လို့ကောင်းမလား'

မမမြတ်က စု လက်ကို ဆတ်ခနဲလွှတ်ကာ ကားကို မောင်းထွက်လိုက်သည်။ စု စိတ်ထဲမှာ ကားတံခါးပေါက်မှနေ၍ ပိုက်ဆံကို ပစ်သွင်းလိုက်ချင်လှသော်လည်း ဘေးမှာ ကလေးတွေကလည်း ဝိုင်းကြည့်နေ၍ ချုပ်တည်းထားလိုက်ရသည်။ ပြီးတော့ သည်ပိုက်ဆံက ဖေဖေ ပေးခိုင်းလိုက်သည့် ပိုက်ဆံတဲ့။

လက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး အိမ်ဘက်သို့ လျှောက်လာခဲ့ရသည်။ အိမ်ပေါ်သို့လေးတွဲ့စွာ တက်လာခဲ့၏။ အိမ်ထဲမှနေ၍ အမေသည် စုကို လှမ်းမျှော်ကြည့်နေလေသည်။ စုက မျက်နှာမသာမယာ ဖြစ်နေမည်စိုး၍ ဘာမှမဖြစ်သလို အမေ့ကို ပြုံးပြလိုက်ရသည်။

အမေသည် စိတ်အေးသွားဟန်ဖြင့် နောက်ဖေးသို့ဝင်ပြီး ဟင်းချက်စရာများကို ပြင်ဆင်နေလေသည်။

စုက လက်ဝါးကိုအသာဖြန့်ပြီး ပိုက်ဆံများကို ကြည့်လိုက်သည်။ ရာတန် ငါးရွက်ဖြစ်၏။

အမေ တလောကပြောဖူးသော စကားကို ကြားယောင်လာသည်

BURMESE CLASSIC .com

www.burmeseclassic.com

အရင်းအနှီးကလေးများရှိရင် တစ်နေရာတည်းမှာထိုင်ပြီး ဈေ ရောင်းချင်လိုက်တာကွယ်'

အမေ့ကို ပေးလိုက်ရကောင်းမလား။ အထူးကု ဆရာဝန်ကြီးတွေဆီ ဗိုက်သွားပြရမည်လား။ ကလေးမီးဖွားစရိတ် ချန်ထားရမည်လား။ သည် အကြောင်းကို နေမင်းကို ပြောပြ၍မှ ဖြစ်ပါမည်လား။ အမျိုးမျိုး တွေးနေမိသည်။

* * *

အိုင်ရင်းပြောသည်မှာ မှန်သည်။ နေမင်းဆီမှ အချစ်ကလွဲ၍ တခြားဘာမှ မျှော်ကိုးစရာမရှိပေ။ စုသည် ရင့်ကျက်လာသည်နှင့်အမျှ နေမင်းသည် သူနှင့်အတူ ရင့်ကျက်လာခြင်းမရှိဟု စု ထင်သည်။ နေမင်းက လက်ရှိ သူ့ဘဝကို မကျေနပ်သူသာ ဖြစ်၏။ ထိုမကျေနပ်ဖွယ်သော ဘဝထဲမှ ကျေနပ်စရာဖြစ်လာအောင် လုပ်ယူကြိုးစားခြင်းမရှိသူ ဖြစ်လေသည်။

စုသည် နေမင်းကို မေတ္တာစေတနာဖြင့် အရင်းခံကာ ချစ်ခဲ့သည်။ စု၏ အချစ်သည် စေတနာသန့်စင်သော မေတ္တာမှအရင်းခံသည်။ နေမင်းသည် စုအတွက် ကိုကိုဦးလို တမ်းတမ်းတတ စွဲလမ်းခဲ့ရသူလည်း မဟုတ်။ ကောင်းစေချင်သည့်စေတနာ၊ ပြုပြင်ပြောင်းလဲပေးချင်သည့် မေတ္တာဖြင့် ချစ်ခဲ့ရသူသာ ဖြစ်သည်။

နေမင်းကတော့ စု ထင်သလို ပြောင်းလဲမလာခဲ့။

အလိုလိုက်သော အမေနှင့် လွတ်လပ်သော သူငယ်ချင်း အပေါင်း အသင်းတွေကြားမှာ နေမင်းသည် ပျော်မွေ့နေဆဲပင်။

www.burmeseclassic.com

'စုတို့ ဒီအတိုင်းနေလို့ ဖြစ်မလား မောင်၊ မောင့်လခကလဲအိမ်ငှား တစ်ဝက်တောင် ပြန်ပါမလာဘူး၊ နောက်ဆို ကလေးလဲရတော့မယ်၊ အမေက ကျွေးထားလို့သာ တော်သေးတယ်ဆိုရမယ်'

စုက တတ်နိုင်သမျှတော့ ရှင်းပြပါသေးသည်။

ထိုအခါ နေမင်းက သူငယ်ချင်းများနှင့် လည်ပတ်ပြီးပြန်အလာ အမူအရာကလေး ခပ်ထွေထွေနှင့် စုကို အရေးမကြီးသလို ပြန်ပြော တတ်သည်။

'ဒီအတိုင်းမနေလို့ဘာများလုပ်ရဦးမှာလဲ စုရာ၊ မောင်တို့ အခြေအနေ က ဘာလုပ်ချင်လို့ကော ရမှာလဲ'

'မောင် စာမေးပွဲဆက်မဖြေဘူးလား'

စု ကိုယ်တိုင်လည်း ဘာလုပ်ရမည်ဆိုခြင်းကို သိသည်တော့ မဟုတ်။ ထို့ကြောင့်လည်း လုပ်လို့ရမည်ထင်တာကိုပဲ ပြောပြရသည်။

'ဒီအချိန်ကျမှတော့ မောင် စာလဲပြန်မကျက်ချင်တော့ဘူး၊ စိတ် ကလဲ ဟိုမရောက် ဒီမရောက်နဲ့ ကျက်လို့ရမှာ မဟုတ်တော့ဘူး၊ ပြီးတော့လဲ ဘွဲ့ရပါပြီတဲ့၊ ဘာဖြစ်လာမှာလဲ'

'ဒါကတော့ မောင်ရယ်၊ မောင်က ယောကျ်ားလေးပဲ၊ ဒီအတိုင်းနေ တာထက် စာရင်တော့ တစ်ခုခုကိုဖြစ်မြောက်အောင် ရည်ရွယ်ချက်ထားပြီး လုပ်ရမယ် မဟုတ်လား'

'စုက မောင့်ကို နိုင်ငံခြားအထိ သွားစေချင်သေးလို့လား'

နေမင်းက မကျေမနပ်ဆိုပြန်သည်။ စု ရင်ထဲက စေတနာကို နေမင်း နားမလည်နိုင်သေးသည့်အတွက် စု ဝမ်းနည်းရသည်။

'မောင့်ကိုနိုင်ငံခြားသွားခိုင်းနေတာ မဟုတ်ဘူး၊ အိမ်ထောင်တစ်ခုကို တာဝန်ယူနိုင်ဖို့ပြောနေတာ'

www.burmeseclassic.com

BURMESE CLASSIC .com

'မောင်က စုကို တာဝန်မယူဘဲ ပစ်ထားလို့လား'

အခြေအနေက တင်းမာလာသည်။ နေမင်း၏ မသိသားဆိုးရွားပုံတွေကို စု ပုံကြီးချဲ့ မပြောချင်တော့။ မကျေနပ်သမျှကို ပြောစတမ်းဆိုလျှင် ရင်ပွင့်ထွက်ရုံသာ ရှိမည်။

'ပစ်တော့ မထားဘူးပေါ့၊ ဒါပေမဲ့ ကိုယ့်ကိုယ်ကို အားမကိုးနိုင်တဲ့ဘဝ'

'စု မင်း ဘာဖြစ်နေလဲ၊ မင်းရဲ့အိမ်က လိုက်လာလို့ ကိုယ့်ကို အပြစ်တွေ ပုံချနေတာလား၊ ကိုယ့်အိမ်မှာ စုကို ဘယ်သူက မကြည်မဖြူဖြစ်နေလဲ၊ ဘယ်သူက စော်ကားသလဲ၊ ကိုယ့်အလုပ်က အောက်တန်းစာရေးအလုပ်၊ ဒီအလုပ်နဲ့ ကိုယ်ထမင်းဝအောင် မကျွေးနိုင်လို့ဆိုရင်တော့ ကိုယ်လဲမတတ်နိုင်ဘူး၊ အခြေအနေက ဒီလိုပဲဖြစ်ခဲ့တာပဲ'

နေမင်းက စကားနာထိုးသည်ကို စု မလိုလားဆုံး။ ပြဿနာဖြစ်လာလျှင် နေမင်းက စု အသိုက်အဝန်းကိုသာ အပြစ်ပုံချလိုသည်ကို စု မကြိုက်ပေ။

'စု ပြောနေတာ ရှေ့အနာဂတ်အတွက် ပြောနေတာ'

'ရှေ့အနာဂတ်အတွက်လဲ သိပ်တော့ မျှော်လင့်မနေနဲ့ မရွှေစု၊ ခုဟာက အစကတည်းက မှားခဲ့တဲ့ကိစ္စ'

အစကတည်းက မှားခဲ့သတဲ့လား မောင်ရယ်။

စုတို့နှစ်ယောက် အလျင်စလို လက်ထပ်ခဲ့ကြတာ မှားမှန်းတော့ စုလည်း သိသားပင်။ သို့သော် ခုချိန်မှာ မည်သူ့မည်သူ့အပြစ်ဖို့နေလို့ကော ဖြစ်ပါမည်လား။

စိတ်ကူးယဉ်ကမ္ဘာထဲကနေ လက်တွေ့ဘဝထဲကို ကူးပြောင်းသည့် အချိန်မှာ မျှော်လင့်သလို သာသာယာယာ လှလှပပ ဖြစ်မလာသည်

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

သာ နာကျည်းဖို့ရှိ၏။ ရောက်သည့်နေရာမှာ စုက အရှုံးမပေးဘဲရင်ဆို ချင်သည်။ သို့သော် စု ဆယ်တင်ခဲ့ရသော အညတရ ဇေဒါပန်းသည် မျှောချင်ရာ မျှောဖို့သာ သိလျက် ဘဝရေဆန်ကို ရုန်းကန်ရင်ဆိုင်နိုင်စွမ်း မရှိသည့် ဇေဒါသာလျှင် ဖြစ်နေလေသည်။

မောင်နှင့် စကားပြောရသည်မှာလည်း အဆင်မပြေသည်က များလာ သည်။

စု ပြောသလို စာမေးပွဲပြန်ဖြေဖို့လည်း စိတ်မကူးသည့်အပြင် လက်ရှိ ဘဝကိုသာ မကျေမနပ်ဖြစ်ရင်း အရက်ကို သောက်သထက် သောက်လာသည်။ အပေါင်းအသင်းများနှင့် ညဥ့်နက်သန်းခေါင် နေတတ် ပြန်သည်။ ဘေးပတ်ဝန်းကျင်က လောကအကြောင်းမသိသေးတဲ့ ကောင်မ လေးတစ်ယောက် လူဆိုးလူပေလေး နေမင်းရဲ့ ဒဏ်ကို အလူးအလဲခံနေရ ရှာပြီဟု စုပ်သပ်ကြသည်။

စုကတော့ သူ့ရင်ထဲမှာ မှီတွယ်နေသော အသွေးအသားကို ရင်ဝယ်ပိုက်ကာ အနာဂတ်မှာ နေမင်းတစ်ယောက် ပြောင်းလဲလာဦးမည်ဟု ယုံကြည်ဆဲသာ ဖြစ်လေသည်။

*　　　*　　　*

ဖေဖေ့ကို တွေ့ချင်လွန်း၍ အိမ်ကိုလာခဲ့ရ၏။ အေးချမ်းဆိတ်ငြိမ်သော ခြံဝကို ခြေလှမ်းစဝင်မိလျှင် ငယ်စဉ်ဘဝ၏ သာယာကြည်နူးမှုလေးတွေကို လွမ်းဆွတ်မိတော့သည်။ သြော် ဟိုတုန်းကတော့ စုသည် အိမ်ကြီးသခင်၏ ချစ်စဖွယ် သမီးပျိုလေးတစ်ပါး ဖြစ်ခဲ့ရသည် မဟုတ်လား။

'စု'

BURMESE CLASSIC .com
www.burmeseclassic.com

လှိုက်လှိုက်လှဲလှဲ ခေါ်လိုက်သောအသံက

ပုဏ္ဏာရိုက်ပင်တန်းကြားက ထွက်ပေါ်လာသည်။

'ကိုတိုး'

စုက တိုးတိုးခေါ်လိုက်သည်။

ကိုတိုးသည် စုကို မမြင်ဘူးသလို ငေးကြည့်နေလေသည်။

စုကလည်း ဗိုက်ကြီးတကားကားဖြစ်နေသော သူ့အသွင်ကို သူ့ ဘာသာ သတိထားမိကာ ကိုတိုးကို ရှက်မိလေသည်။ ကိုတိုး၏အသွင်က ညီမဖြစ်သူကို သနားကရုဏာသက်သည့် အသွင်သို့ ပြောင်းသွားသည်။ အနားရောက်လာသော စုကို ပခုံးလေး သိုင်းဖက်လိုက်သည်။

'နေနိုင်လိုက်တာ မိစု၊ အခုမှ အိမ်ကိုပြန်လာတယ်'

ကိုတိုး၏ ယုယမှုကို မြင်ရပြန်တော့ စု ရင်ထဲမှာ ဝမ်းနည်းရပြန်သည်။ စု၏ မိသားစုသည် စု အပေါ်မှာ နွေးထွေးဆဲပင် ရှိသေး၏။ သည်မိသားစုကြားမှ ထွက်ခွာခဲ့ရခြင်းသည် စု၏ ကံအကြောင်းတရားကြောင့်ပင် ဖြစ်တော့၏။

'ဖေဖေရှိရဲ့လား ကိုတိုး'

'ရှိတယ် အိမ်ပေါ်မှာ၊ ကြီးကြီးမေတောင် ရောက်နေတယ်'

'ဟုတ်လား'

ကြီးကြီးမေကို တွေ့ရမှာ ဝမ်းသာသော်လည်း ကြီးကြီးမေကတော့ စုကို တွေ့ရလျှင် စိတ်မကောင်းဖြစ်ရှာဦးမည်ကို တွေးကာ ဝမ်းနည်းမိသည်။

'မိစု နင် သိပ်ပိန်တယ်ဟာ'

ကိုတိုးက မအောင့်နိုင် မအည်းနိုင် ပြောသည်။ စုသည် မွေးဖွားရက်နီးလာပေပြီ။ သို့သော် သည်ရက်များမှာမှ နေမင်းနှင့်လည်း စကားပြောကအဆင်မပြေသဖြင့် စိတ်ညစ်ရသည်။ ဆေးရုံ ဆေးတိုက်သွားဖို့ ဖေ

www.burmeseclassic.com

BURMESE CLASSIC .com

ပေးသည့်ငွေကိုပင် မသုံးချင်ဘဲ သုံးခဲ့ရသည်။ နေမင်း မသိအောင် အခ အရင်းအနှီးပြုဖို့ ငွေနှစ်ရာ ပေးထား၏။ ကျန်ငွေကိုတော့ မီးဖွားစရိတ ချန်ရလေသည်။ အပူအပင်ကင်းသော နေမင်းကို သည်အကြောင်းတွေ ပြောလည်း မပြောချင်တော့။ သည်နေ့ အိမ်ကိုထွက်လာသည့် အကြောင်း ကိုလည်း နေမင်းကို မပြောခဲ့။

စုသည် အိမ်ထဲကို လေးကန်သောခြေလှမ်းဖြင့် ဝင်ခဲ့၏။

ကိုတိုးသည် စုရှေ့မှ ဦးဆောင်သွားနှင့်ကာ တစ်အိမ်လုံးကြားအောင် အော်လိုက်လေသည်။

'ဖေဖေရေ၊ ကြီးကြီးမေ၊ မမမြတ်၊ ဒီမှာ စုရောက်နေတယ်'

ကြီးကြီးမေသည် လှေကားမှ သွက်သွက်လက်လက်ကြီးဆင်းချလာ လေသည်။ တရားခမ္မ၏ အရိပ်အငွေ့ကြောင့် ကြီးကြီးမေ၏ မျက်နှာသည် နုနယ်သိမ်မွေ့၍နေသည်။ သို့သော် စုကို မြင်လိုက်ရတော့ ကြီးကြီးမေ၏ မျက်နှာသည် ချက်ချင်းရင့်ရော်သွားလေသည်။ ကြီးကြီးမေသည် စုနှင့် ပတ်သက်လာလျှင် တရားလက်လွှတ် ဖြစ်ခဲ့ရရှာသည်ချည်းပင်။

'ဟဲ့ သမီးစု၊ အမလေးကွယ် ငါ့သမီးကိုတွေ့ရတာ စိတ်မကောင်း လိုက်တာ၊ ဘာကြောင့်များ ကိုယ့်အဖေနဲ့ သေအတူရှင်မကွာ မနေသလဲ သမီးရယ်၊ မောင်စိုးလှိုင်တစ်ယောက်လဲ သမီးအတွက်နဲ့ ဘယ်ကလောက် စိတ်ထောင်းကိုယ်ကြေ ဖြစ်နေရှာသလဲ'

ကြီးကြီးမေ၏ အေးချမ်းသော မျက်နှာဝယ် သောကရိပ်တို့ချက်ချင်း ထင်ဟပ်လာကြလေသည်။ စု၏ ပခုံးကို တွယ်ဖက်ကာ အပေါ်ထပ်သို့ ခေါ်ခဲ့လေသည်။ စုကတော့ ဘာကိုမျှ ပြောဆိုလိုခြင်း မရှိသေး။ ကြီးကြီးမေတို့အတွက် စိတ်ချမ်းသာစေမည့် စကားမျိုးသာ ပြောဆိုလျက် ရှိသည်။

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

'ငါ့သမီးလေး ပိန်လိုက်တာ၊ ကြီးကြီးမေမှာ တရားရိပ်သာမှာ နေရတယ်ဆိုပေမယ့် သမီးအတွက် တစ်ခါမှ စိတ်မဖြောင့်ရပါလားကွယ်၊ အင်း တွေးရင်း တွေးရင်း ဒင်းကိုသာ ရှိစေချင်လိုက်ပါရဲ့'

ကြီးကြီးမေသည် စကား တတွတ်တွတ်ပြောကာ စုကို ခေါ်လာလေ၏။ စု၏ အမေ့နာမည်ကိုလည်း တလျက် ညည်းနေပြန်သည်။

'စု ဘာဖြစ်လို့လဲ၊ စု နေကောင်းနေသားပဲ ကြီးကြီးမေရဲ့'

စုက ဖေဖေ့ ရှေ့အထိ ဆက်ပြောနေမှာစိုး၍ အရေးမကြီးသလို ပြောလိုက်ရသည်။ စု ကိုယ်တိုင်လည်း စိတ်ရော လူပါ နွမ်းနယ်လျက် ရှိသည်မှာတော့ အမှန်ပင် ဖြစ်လေသည်။ သည်ရုပ် သည်ပုံသွင်ကို ကြီးကြီးမေတို့ မကြည့်ရက်မည်ဆိုလျှင်လည်း မကြည့်ရက်စရာပင်။ အိမ်မှာ နေတုန်းကတော့ စုသည် ကလေးငယ်လေးတစ်ယောက်လို နုနုနယ်နယ် လှလှပပ နေနိုင်ခဲ့သည်။ ယခုတော့ စုသည် လောကဓံကို နှစ်ရှည်လများ ခံစားခဲ့ရသော မိန်းမကြီးတစ်ယောက်လို ဖြစ်နေလေပြီ။ ကြီးကြီးမေ ကတော့ ခေါင်းကိုသာ တွင်တွင်ခါယမ်းလျက် ရှိသည်။

စုတို့အသံကို နားစွင့်နေခဲ့သော ဖေဖေသည် လှေကားနားသို့ တဖြည်းဖြည်း လျှောက်လာလျက်ရှိလေသည်။

'အို'

စု ရင်ထဲမှာ အထိတ်တလန့် ရေရွတ်လိုက်မိသည်။

ဖေဖေ့ ရုပ်သွင်သည် စုနှင့်မတွေ့ရသည့် ကာလအတွင်း များစွာ ကျဆင်းသွားပါလေပြီကော။

'ဖေဖေ'

BURMESE CLASSIC .com

စုသည် ဖေဖေ့နားသို့ ခပ်သွက်သွက်လေး လှမ်းသွားလေသည်။ ခါတိုင်းဆိုလျှင်ဖြင့် စုသည် ဖေဖေ့ဆီသို့ အပြေးကလေး သွားရောက်မိမည်ဖြစ်၏။ ယခုတော့ ရင့်ကျက်ခြင်းက စုကို နှေးကွေးစေခဲ့ပြီ။

ဖေဖေသည် မည်သည့်အာမေဋိတ်သံကိုမျှ မပြုဘဲ စုဆီသို့ လျှောက်လာခဲ့၏။ စု၏ မိခင်လောင်းလျာသွင်ပြင်ကို အကဲခတ်ကြည့်ရှုသည်။ ပြီးတော့ စု မျက်နှာကို ကြည့်သည်။ စုသည် ရှက်ကြောက်စိတ်ဖြင့် မျက်နှာများ နီမြန်းလာ၏။

အပေါ်ထပ်တွင်ထားသော ထိုင်ခုံ အဟောင်းလေးများပေါ်ဝယ် ထိုင်မိကြသည်။

ဖေဖေသည် ထိုင်ခုံတစ်ခုံပေါ်တွင် တည်ငြိမ်စွာပင် ဝင်ထိုင်၏။ ကြီးကြီးမေကလည်း စုကို ဆွဲကာ သက်သက်သာသာရှိစေသော ကုလားထိုင်တစ်လုံးပေါ်မှာ ထိုင်စေသည်။ သူတို့သည် စုကို ဧည့်သည်တစ်ယောက်လို သို့မဟုတ် လူမမာတစ်ယောက်လို ပြုစုကြသည်။

'ငါ့သမီး နေကောင်းရဲ့လား'

ဖေဖေ့အသံက တည်ငြိမ်အောင်ကြိုးစားထားမှန်းသိသာသော်လည်း အဖျားမှာ လှုပ်ခတ်လျက် ရှိသည်။ ငါ့သမီးဟု ခေါ်လိုက်သည်မှာ မေတ္တာအပြည့်ပါသော်လည်း အားနည်းလျက်ရှိလေသည်။

'ကောင်းပါတယ် ဖေဖေ၊ ဖေဖေကော နေကောင်းလား'

စုက သာမန်အသံဖြစ်အောင် ကြိုးစား၍ပြောသည်။ စုတို့သည် ဟိုးအရင် စု သည်အိမ်မှာ အရှင်သခင်မလေးအဖြစ် ရှိနေခဲ့စဉ်ကလိုပင် ပုံစံမပျက်အောင် ကြိုးစားဖန်တီးနေမိကြသည်။ သို့သော် လူတိုင်း၏ အတွင်းစိတ်သန္တာန်ကမူ ဖုံးကွယ်၍မရအောင် ဖြစ်နေကြလေသည်။

'အိမ်း လူကတော့နေကောင်းပါတယ် သမီးရယ်'

www.burmeseclassic.com

BURMESE CLASSIC .com

ဖေဖေ့ စကားကလည်း စုသို့သာ ရည်ညွှန်းပြန်သည်။

'သမီးအတွက် ဘာမှ စိတ်မပူပါနဲ့ ဖေဖေရယ်၊ ဖေဖေသာ နေကောင်းအောင် နေပါ'

ဖေဖေက အတန်ကြာငေးနေသည်။ ပြီးမှ စကားပြောဖို့ ကြိုးစားသည်။

'လောကမှာ လူတိုင်း လူတိုင်းဟာ ကိုယ့်လမ်းကိုယ်သွားကြရတယ်၊ ဘယ်သူကမှ အတင်းပြုပြင်ဖန်တီးပေးလို့ မရဘူးဆိုတာ ဖေဖေ သဘောပေါက်ပါတယ် သမီးရယ်၊ သို့သော်လည်း ကိုယ့်သားသမီးတစ်ယောက် ကိုယ့်မျက်စိအောက်မှာတင် ဒုက္ခရောက်နေတာကိုတော့ ဘယ်မိဘက လက်ပိုက်ကြည့်နေနိုင်မလဲ သမီး'

စုက ခေါင်းကို ငုံ့ထားသည်။

'စု ဒုက္ခမရောက်ပါဘူး ဖေဖေရဲ့၊ သမီး ဖေဖေတို့အိမ်မှာလို မဝတ်နိုင် မစားနိုင်သာ ရှိရမယ် ကျန်တာ သမီး အဆင်ပြေနေသားပဲ၊ ဒီလောက်ကတော့ ဖေဖေရယ် သမီး ရင်ဆိုင်နိုင်ပါတယ်'

ဖေဖေကသာ ကလေးလေးတစ်ယောက်လို ထင်နေဆဲပေမယ့် စုက ရင့်ကျက်စွာ ရှင်းပြနေမိပြန်သည်။

'အေးလေ သမီးမှာ သမီးဘဝ သမီးဖန်တီးမယ်ဆိုတဲ့ မာနလေး ရှိနေတယ်ဆိုတာ ဖေဖေ သိပါတယ်၊ သမီး မေမေလဲ မာနကြီးတဲ့ မိန်းမ တစ်ယောက်ပဲ၊ ဒါပေမဲ့ သမီး ဒီအိမ်မှာ ဘယ်သူ့ကိုမှ မျက်နှာငယ်စရာ မရှိပါဘူးကွယ်၊ ဖေဖေက အလုပ်က အနားယူလိုက်ပေမယ့် ဘာမှ မလုပ်တတ်တော့တဲ့ အဘိုးကြီးတစ်ယောက်တော့ မဟုတ်သေးပါဘူး၊ မော်ဘီဘက်မှာ ဖေဖေ ခြံလေးတစ်ခြံ ဝယ်ထားတာရှိပါတယ်၊ ခြံစောင့်က

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

ဖေဖေ စိတ်ချရတဲ့ တပည့်ပဲ၊ ဖေဖေ ကြပ်မတ်လိုက်ရင် ဖြစ်ထွန်းလာမှာပ သမီးအတွက် ပူစရာ မလိုပါဘူးကွယ်'

ဖေဖေက စု သည်အိမ်မှခွာသွားခြင်းသည် ဖေဖေ့ဝင်ငွေ မရှိတော့၍ မမြတ်တို့လုပ်စာ စားရမည်စိုးသောကြောင့်ဟု ထင်ဟန်ရှိလေသည်။

ဖေဖေ့ရင်ထဲက စေတနာတွေကို စု သိရလေလေ ဖေဖေ့ မေတ္တာ ကို နားလည်ရလေလေ။ သို့သော် ယခုမှ လောကခံကို စရင်ဆိုင်စ ရှိသေးသည်။ ဖေဖေ့ အရိပ်မှ ရုန်းမထွက်နိုင်လျှင် ကောင်းပါ့မလား။

'သမီးအတွက် ဖေဖေ ပူပန်ရတာတွေ များပါပြီ ဖေဖေ'

စု၏ အသံမှာ ငိုသံပါလာသည်။

ကြီးကြီးမေသည် သားအဖ နှစ်ယောက်ကိုကြည့်ရင်း ခေါင်း တဆတ်ဆတ် ညိတ်လျက်ရှိသည်။

'တကယ်တော့ စုရေ၊ ကြီးကြီးမေ ရှင်းရှင်းပဲပြောမယ်၊ ညည်း ဖေဖေက ညည်း ခုလို နေ့စေ့လစေ့ အခါမျိုးမှာ မျက်စိအောက်ပိုရှိသစေ ချင်တာ၊ ငါ့ကို လှမ်းမှာပြီး ညည်းဆီလွှတ်နေတာ၊ မြတ်ကလဲသူခေါ်လို့ မရဘူးလို့ ပြောတယ်လေ၊ ဒီမှာ ကြီးမေလဲရှိတယ်၊ မြတ်လဲရှိတယ်၊ မခင်အေးကလဲ အဖော်ရတယ်၊ ကလေးမျက်နှာမြင်ပြီးတဲ့အထိ နေပေါ့၊ ကိုယ့်မိဘအိမ် ခဏတစ်ဖြုတ်နေတာပဲ၊ မောင်နေမင်းကိုလဲ ပြောပြ၊ စု မပြောချင် ကြီးမေလိုက်ပြောမယ်၊ ဟုတ်ဘူးလား'

ကြီးကြီးမေက လိုရင်းကိုပင် ရှင်းရှင်းပြောတော့၏။ ဖေဖေတို့ ကြီးကြီးမေတို့သည် ခုချိန်ထိ စုကို နောက်ဆံတင်းနေသေးသည်။ အိမ် ထောင်ရှင် မိန်းမတစ်ယောက်အဖြစ် လက်လွှတ်နိုင်သေးဟန် မတူချေ။

ဖေဖေ့ရှေ့မှာ စုသည် ငြင်းဆန်ရန်အင်အားမရှိပါချေ။ ဖေဖေ စု အပေါ် မည်မျှ သံယောဇဉ်ရှိတယ်ဆိုတာ တစ်နေ့ထက် တစ်နေ့ ပိုသိလ


BURMESE CLASSIC .com

ရသည်။ အဓိက ကတော့ ဖေဖေသည် စုကို သူ့မျက်စိအောက်မှာသ
ထားလိုခြင်းသာတည်း။

'ဟုတ်ကဲ့ ကြီးကြီးမေ စု လာခဲ့ပါ့မယ်'

ဖေဖေ့ မျက်နှာသည် ဝင်းလက်သွားလေသည်။

'ကောင်းတယ် သမီး၊ ဖေဖေလဲ သမီးကမွေးတဲ့ မြေးဦးမျက်နှာ မြင်ရတာပေါ့ကွယ်'

စု မျက်နှာမှာ ရှက်သွေးဖြင့် နီလာသည်။

သြော် ဖခင်တစ်ယောက်၏ မေတ္တာသည် သမီးမိန်းကလေးအပေါ် နူးညံ့ညင်သာလှသည်နှင့်အမျှ သိုသိပ်နက်နဲခိုင်မာခြင်းလည်း ရှိလှပေသည်တကား။

*　　　*　　　*

စုက အင်္ကျီလေးတွေကို သားရေအိတ်ထဲ ကောက်ထည့်တော့ အမေ မျက်နှာမကောင်းပေ။

'အေးလေ ကိုယ့်မိဘအိမ်ဆိုတော့လဲ ပိုအားရှိတာပေါ့၊ ဒါပေသိ ဒီမှာလဲအမေ ပြုစုနိုင်ပါတယ်'

အမေက စိတ်မကောင်းစွာ ပြောရှာ၏။ တကယ်တော့ သည်အိမ်မှာ စုတစ်ယောက် အစားအသောက် အနေအထိုင် ဆင်းရဲတာ၊ အမေကလည်း ဈေးကို ဂရုစိုက်ပြီး ပိုရောင်းနေရ၍ စုက အိမ်အလုပ်တွေကို အမေမရှိခိုက် ဖိလုပ်နေရတာ အမေ အသိပင်။

စု သူ့အိမ်ပြန်ပြီး မီးဖွားမည်ဆိုတော့ စုအတွက် ပိုပြီး ကောင်းမွန်မည်ကို အမေ နားလည်သည်။ သားကိုချစ်သည့်စိတ်ဖြင့် ချွေးမကို အမေ

www.burmeseclassic.com

BURMESE CLASSIC .com
ချစ်နိုင်ခဲ့သည်။ သို့သော် သားကို အလိုလိုက်ခဲ့မိသဖြင့် ချွေးမ[illegible] အိမ်ထောင်ဦးစီးတာဝန် ကျေပွန်အောင် ဦးဆောင်စေနိုင်ခြင်း မရှိသည့် အတွက်မူ အမေ စိတ်မကောင်းပေ။

'စု သိပါတယ်၊ ဒါပေမဲ့ ကြီးကြီးမေကလဲ သိပ်စိတ်ပူတတ်တော့ သူ့မျက်စိအောက်မှာ ရှိနေစေချင်တယ်ဆိုလို့ပါ'

စုက မိန်းမချင်း နားလည်နိုင်သည်မို့ ကြီးကြီးမေကိုသာ လွှဲချလိုက်သည်။ ဖေဖေက စိတ်မချဟုဆိုလျှင် အခိပ္ပာယ်တစ်မျိုး ပေါက်သွားမှာစိုးရသည်။

စုရဲ့ကလေးကလည်း အလွန်ထွားကျိုင်းသည့်ပုံစံ ပေါ်နေသည်။ စု၏ ကိုယ်ဝန်က လုံးဝန်းပြီး ရှေ့သို့ချွန်ထွက်နေပြီ။ သားဦးကို မွေးရမည့်အတွက် စုမှာ အားတက်လျက်ရှိသည်။ ဖေဖေတို့ ကြီးကြီးမေတို့ နားမှာ နေရမည့်အတွက်လည်း အင်အားတစ်မျိုးရှိသည်ပင်။ သို့သော် နေမင်းကို ဖေဖေတို့က ဖိတ်ခေါ်ခြင်းမပြု။ သားဦးလေးမွေးရမည့်အချိန်မှာ မိမိ၏ လင်ယောကျ်ားအား အနားမှာရှိစေချင်သည်မှာ မိန်းမသားတိုင်း၏ သဘာဝပင်။ သို့သော် စုအခြေအနေက ပြီးပြည့်စုံခြင်းမရှိ။

'အေးလေ၊ ဆရာဝန်မှန်းထားတဲ့ ရက်အတိုင်းဆိုရင်တော့ ရှေ့လကုန်လောက် မွေးမှာပဲ၊ တက်စာတွေမစားနဲ့နော်၊ ဝမ်းပျော့မယ့်အစာကိုစား၊ စုရဲ့ ကြီးကြီးကလဲ အပျိုကြီးဆိုတော့ မသိမှာစိုးလို့ မှာရတာ'

'ဟုတ်ကဲ့၊ စု ဂရုစိုက်ပါ့မယ် အမေ'

စုက သူ့အဝတ်အစားအချို့နှင့် ကလေးအင်္ကျီလေးများကို အပြီးသတ်ထည့်ကာ သားရေအိတ်ကို ဆွဲပိတ်လိုက်သည်။

အမေသည် သူ၏ သေတ္တာဟောင်းထဲမှ အဝတ်အချို့ကို ထုတ်ယူလာလေသည်။

BURMESE CLASSIC .com
www.burmeseclassic.com

'ရော့သမီး၊ ဒါလေးတွေ ကလေးအနှီးလုပ်လို့ရတယ်၊ ပြည်သူ့ဆိုင်က ပေးတုန်းက အမေ သိမ်းထားတာ'

ပိတ်ဖြူစလေးများဖြစ်၏။ အချို့မှာ ဝါလျက်ရှိပြီး စုက တယုတယ လှမ်းယူလိုက်သည်။

'မွေးပြီဆိုရင် အကြောင်းကြားလိုက်မယ်၊ အမေလာခဲ့နော်'

'ကောင်းပြီ သမီး'

စုက အမေ့ကို ထိုင်ကန်တော့သည်။

'အေးအေး၊ ကျန်းမာ ချမ်းသာပါစေကွယ်၊ နေဦးလေ၊ နေမင်း လိုက်ပို့မှာ မဟုတ်ဘူးလား'

'သူက ဘယ်အချိန်မှ ပြန်လာမယ် မသိဘူး အမေရဲ့'

'ကိုယ်တစ်ယောက်တည်းတော့ မသွားပါနဲ့၊ သူမလာလဲ အမေ လိုက်ပို့ပါ့မယ်'

နေမင်းနှင့် စုသည် သိပ်ပြီးတော့ ပြေလည်ကြသည်တော့ မဟုတ်ပေ။ စုက ဖေဖေတို့ဆီ ပြန်မည့်အကြောင်းပြောတော့ နေမင်းက ထုံးစံအတိုင်း မကျေနပ်။ စုက အကျိုးအကြောင်း ခိုင်လုံအောင် ရှင်းပြရသည်။ သားကို မျက်နှာမြင်ပြီးလျှင် ချက်ချင်းပြန်လာမည် ဆိုသည့်အကြောင်း။

'စု လာချင်တဲ့အခါမှ လာခဲ့ပါ၊ မောင်ကတော့ စုအတွက် အမြဲအသင့်ပဲ'

နေမင်း၏ ခွင့်ပြုချက်က ဒေါသစွက်လျက်ရှိခဲ့သည်။ သို့သော် စုသည် သူစမိခဲ့သောဘဝမှာ သည်လိုပဲပြေလည်ခြင်းတစ်ဝက်၊ မပြေလည် ခြင်းတစ်ဝက် ရောစွက်လျက်ရှိသည်ကို နားလည်သဘောပေါက်ပြီး ဖြစ်၍ နေပေပြီ။

စုကို အမေက စိတ်မချ၍ နေမင်းအလာကို ထိုင်စောင့်နေသည်

www.burmeseclassic.com

BURMESE CLASSIC .com

ယခုမှ ရုံးဆင်းချိန်ကို ကျော်ရုံသာရှိသေးသည်။ နေမင်း ရောက်မလာနိုင်သေး။ နေမင်း၏ အိမ်ပြန်ချိန်သည် မည်သည့်အခါမျှ မှန်းဆ၍ ရကောင်းသည် မဟုတ်ပေ။

သို့သော် နေမင်းသည် စောစီးစွာပင် ပြန်ရောက်ခဲ့ချေ၏။

'သားရေ၊ စုကို လိုက်ပို့မယ် မဟုတ်လား'

အမေက ပြေလည်စေချင်၍ သားဖြစ်သူကို မျက်နှာချိုသွေးကာ ချော့သည်။

'ဟုတ်တယ်၊ ဒါကြောင့်ကျွန်တော် စောစောပြန်လာတာ၊ တော်ကြာ ယောက္ခမကြီးက သူ့သမီးကို တစ်ယောက်တည်း လွှတ်လိုက်တယ်လို့ ပြောဦးမယ် အမေ'

နေမင်းစကားက အနှောင့်အသွားတော့ ကင်းလှသည် မဟုတ်ချေ။

စုသည် နေမင်းကို ငေးကြည့်နေမိ၏။ သူတို့ဘဝသည် ဘယ်တော့များမှ အေးချမ်းသာယာစွာ ပေါင်းစည်းနေနိုင်ကြပါမည်လဲ။

'ရော့စု၊ မင်းအတွက်ဝယ်လာတာ၊ ဒီနေ့ရုံးက ပိုက်ဆံထုတ်ချေးတယ်လေ'

နေမင်းသည် ဆေးပုလင်းအချို့ကို စုလက်ထဲသို့ လှမ်းပေး၏။ ကိုယ်ဝန်ဆောင်အားတိုးဆေး၊ ကလေးဆေးနှင့် ကလေးအင်္ကျီလေးတစ်စုံ၊ စုက ထိုပစ္စည်းများကို တယုတယ လှမ်းယူသိမ်းဆည်းလိုက်သည်။ ခွဲခွာကာနီးမို့ အမှတ်တရလားမောင်ရယ်ဟု ရင်ထဲမှပြောမိလေသည်။ စု မျက်ရည်ဝဲလာသော်လည်း ချက်ချင်း ပြန်သိမ်းဆည်းလိုက်သည်။

'လာ သွားကြမယ်'

စုက အမေ့ကို အကြည့်ဖြင့် နှုတ်ဆက်သည်။ အမေက ခေါင်းညိတ်ပြသည်။

BURMESE CLASSIC .com

www.burmeseclassic.com

'သမီးရေ၊ ဒီအပတ်ထဲမှာ ဆေးရုံတစ်ခေါက်သွားရဦးမယ်နော်'

အမေက လှမ်းပြောသည်။

'ပူမနေပါနဲ့ အမေရာ၊ ဟိုကျရင် သူ့အဖေက အကောင်းဆုံး ဆရာဝန်ကြီးတွေဆီ ထပ်ပြခိုင်းဦးမှာပါ'

နေမင်းက ပြန်အော်ခဲ့၏။

နေမင်းနှင့် စုသည် တိတ်တိတ်ဆိတ်ဆိတ်ပင် လျှောက်လာခဲ့ကြသည်။ လမ်းထိပ်ရောက်တော့ နေမင်းက သုံးဘီးတစ်စီးကို လက်ပြတားသည်။ကားပေါ်သို့ စုကို ဖေးမ၍ တင်ပေးသည်။ ကားပေါ်မှာလည်း စကားတစ်ခွန်းမှ မဆိုမိကြ။ စုက ကားဘေးမှာ တရိပ်ရိပ်ကျန်ရစ်သော ရှုခင်းများကို ငေးမောရင်း လိုက်ပါလာသည်။ ဘဝသည် တရိပ်ရိပ် ပြောင်းလဲပြေးလွှားနေသည်သို့ ရှိသည်။

စုတို့ အိမ်ရှေ့တွင် ကားသည် စက်သတ်၍ ရပ်လိုက်သည်။ နေမင်းသည် ကားခကိုရှင်းပေးပြီး ခြံဝတွင်ပင် ရပ်နေလေသည်။

စုက သားရေအိတ်ကိုကိုင်၍ နေမင်း ရှေ့မှာပင် ရပ်နေလေသည်။

'စု အိတ်ကိုသယ်ရတာ လေးတယ်၊ တစ်ယောက်ယောက်ကို လှမ်းခေါ်လိုက်ပါလား'

နေမင်းက တစ်ခွန်းတည်းသောစကားကိုသာ ပြောသည်။

'မောင် အိမ်ထဲဝင်ဦးလေ'

သည်နေရာမှာ စုသည် အိမ်ရှင်၊ နေမင်းသည် ဧည့်သည်။ နေမင်းက ခေါင်းကို ခါယမ်းသည်။

'မောင် သွားတော့မယ်'

စု ရင်ထဲမှာ တမြေ့မြေ့ ခံစားရပြန်သည်။ တင်းထားရသည့်စိတ်တွေလည်း ကစဥ့်ကလျား ဖြစ်ကုန်သည်။

www.burmeseclassic.com

BURMESE CLASSIC .com

'မောင် စု မွေးရင် ဆေးရုံကို လာခဲ့နော်'

စု၏ အသံမှာ အားငယ်ဟန် ပါနေတော့သည်။ အို၊ တစ်လောက လုံးထက် ကိုယ့်လင် ကိုယ့်သားကိုသာ အားကိုးချင်သည့် မိန်းမတို့ရဲ့ သဘောကို ဘယ်သူမှ မသိကြဘူးလား။

'မောင် လာခဲ့ပါ့မယ်၊ ဒါပေမဲ့ မောင်မလာလဲ စုရဲ့ မိသားစုက စုကို အတတ်နိုင်ဆုံး ပြုစုယုယကြမယ်ဆိုတာ မောင် သိပြီးသားပါ'

'မောင်ရယ်'

နေမင်းသည် စုကို ကျောခိုင်း၍ ထွက်ခွာသွားလေသည်။ စုသည် နေမင်း၏ အိမ်ထောင်ရှင် ယောက်ျားမပီသမှုတွေ ပေပေတေတေ လေလေ လွင့်လွင့် နေတတ်မှုတွေကို တဒင်္ဂအားဖြင့် မေ့သွားပြန်၏။ နေမင်း နောက်ကို ပြေးလိုက်သွားချင်စိတ်တွေ ပေါ်လာပြန်လေသည်။

'ဟဲ့ သမီး စု၊ အပေါ်ကနေ လှမ်းမြင်လို့ ပြေးဆင်းလာတာ၊ လာ အထဲဝင်လေ၊ ဘာဖြစ်လို့ ဒီမှာ ရပ်နေရတာလဲ'

ကြီးကြီးမေ၏ အသံကို ကြားလိုက်ရသည်အထိ စုသည် နေရာမှာ ရပ်နေမိဆဲပင်။ ကြီးကြီးမေသည် စု ငေးနေရာဆီသို့ လှမ်းကြည့်လိုက်၏။ စုတို့ကို ကျောခိုင်းလျက် ခေါင်းငိုက်စိုက်ချကာ တရွေ့ရွေ့ ထွက်ခွာသွား နေသော နေမင်း၏ ကျောပြင်ကို လှမ်းမြင်ရလေသည်။

စုသည် ဖေဖေ့ဆီသို့ ပြန်လာခဲ့ပြန်လေပြီ။

ဆောင်းဦးလေသည် တိုက်ခတ်လျက်ရှိ၏။

BURMESE CLASSIC .com
www.burmeseclassic.com

## ၈

စုရဲ့ မွေးမေမေဟာ စုကို ဘယ့်ကလောက် ချစ်လိမ့်မယ်ဆိုတာ စု မှန်းဆလို့ သိလိုက်ပါရဲ့။ ဖေဖေ့ မေတ္တာကလည်း စုအပေါ် မည်မျှ ကြီးမားမည်ဆိုတာ စု သိပါသည်။ စု၏ သားကိုလည်း စု အတိုင်းမသိ ချစ်ရပါလေသည်။

မျှော်လင့် တောင့်တခဲ့သလိုပင် စုသည် သားဦးလေးကို မွေးခဲ့၏။ သားလေးသည် ထွားလည်း ထွားကျိုင်းသည်။ လှလည်း လှသည်။ အသားလည်း ဖြူသည်။ ချစ်စရာ။ စုအတွက် အားရစရာ။ တစ်လောကလုံးကို ရင်ဆိုင်ရဦးတော့ စု မကြောက်တော့ဘူး။ စုရဲ့ သားလေးသည် စု ဘဝ၏ အင်အားတစ်ရပ်ပင် ဖြစ်သည်။

သားကို မွေးရသည့်အတွက် အတန်အသင့်တော့ ပင်ပန်းခဲ့၏။ သို့သော် နေမင်း ပြောသလိုပင် ဖေဖေတို့ကကော ကြီးကြီးမေနှင့် မမမြတ်တို့အဆုံး အားလုံးက အစွမ်းကုန် ဂရုစိုက်ခဲ့ကြသည်။ သို့သော် သားကို မွေးရသည့်နေ့က ခံစားရသည့် ရင်ထဲက ဝေဒနာကိုတော့ မမေ့နိုင်တော့

www.burmeseclassic.com

ဝမ်းတွင်းမှ ကျွတ်သော သား၏ ငိုသံကို ကြားရလျှ ကြားရချင်း သား၏ အဖေကို တွေ့ချင်သည့် စိတ်တွေ ရင်ထဲမှာ လျှံတက်လာသည်။ သား၏ အသံကို ကြားရလျှင် နေမင်းကော သူ့လိုပဲအားတက် ဝမ်းမြောက် ခြင်း ဖြစ်လေမည်လောဟု စု သိချင်လှသည်။

သို့သော် သားကို မွေးသည့်နေ့က နေမင်း ရောက်မလာခဲ့။ အမေ သာလျှင် ညှိုးနွမ်းသော မျက်နှာနှင့် ရောက်လာခဲ့သည်။

'သမီး စု၊ နေကောင်းတယ်နော်'

အမေသည် စု၏ နဖူးဆံစတို့ကို သပ်ကာ နှုတ်ဆက်၏။ မိဘ မောင်ဘွားတွေ အကြားမှပင် စုသည် ယောက္ခမကို ပြုံးရွှင်လိုက်လှဲစွာ ကြိုဆိုခဲ့သည်။ သားကိုချစ်သော မိခင်တို့၏မေတ္တာကို စုလည်း လက်တွေ့ ခံစားနေရသည်။

'အမေ စု မွေးတာ သူ မသိသေးဘူးလားဟင်၊ သူ အိမ်မှာကော ရှိရဲ့လားဟင်'

စုက မည်သူမျှ မကြားအောင် အမေ့ကို တိုးတိုးမေးသည်။

အမေသည် ကြင်နာစွာဖြင့် ဖြေသည်။

'မရှိဘူး သမီးရယ်၊ မော်လမြိုင်ကို သွားပြန်ပြီ၊ ဒီတစ်ခါ အလည် တော့ မဟုတ်ဘူး၊ အရောင်းအဝယ် တစ်ခုခုလုပ်မယ်ဆိုပြီး သွားတာပဲ'

စုသည် သက်ပြင်းကို ခိုး၍ ရှိုက်ရလေသည်။ နေမင်းသည် ဖြတ်လမ်းကို လိုက်နေလေပြီလား။

'ကျွန်မလေ သူပိုက်ဆံမရှာနိုင်တာကို အပြစ်မတင်ပါဘူး အမေရယ်၊ ရသမျှကိုပဲမသောက်မစား မှန်မှန်လေး သုံးရရင် ကျေနပ်ပါတယ်'

'အမေ နားလည်သပေါ့ သမီးရယ်၊ ကလေးတစ်ယောက်ရရင်တော့ သူ တည်ငြိမ်လာမယ် ထင်တယ်'

www.burmeseclassic.com

ကြီးကြီးမေနှင့် မမမြတ်တို့သည် ကလေးကိုသွားကြည့်ရာ ပြန်လာကြသည်။

'ထွားလိုက်တဲ့ကလေးကြီး စုနဲ့ တူလိုက်တာ၊ အသားဖြူပုံရော၊ နှုတ်ခမ်းထူပုံရော'

နေမင်း၏ အမေသည် ပြုံး၍ နားထောင်နေလေသည်။ သူတို့က ကလေးအဖေကို စကားထဲထည့်မပြောသည့်အတွက် အမေကလည်း မေ့လျော့ယောင်ဆောင်နေသည်။

'အင်း ပြန်ဦးမှပဲ၊ ကျွန်မ ပြန်လိုက်ပါဦးမယ်နော်၊ အားလုံးပဲ'

'သြော် သြော် ကောင်းပါပြီ ကောင်းပါပြီ၊ မောင်နေမင်း တစ်ယောက်ကော မပါဘူးလား'

ကြီးကြီးမေက မကောင်းတတ်၍ ဧည့်သည်ကိုမေးသလို မေးသည်။

'သားက ခရီးလွန်နေလို့၊ ဒီနေ့မှပဲစာရေးလိုက်ရတယ်'

အမေက အားနည်းစွာဖြေသည်။

'သြော် အင်း အင်း၊ ရပါတယ်လေ၊ စု အတွက်တော့ ဘာမှ မပူပါနဲ့လို့'

'ဟုတ်ကဲ့'

မိန်းမကြီးသည် ငြိမ်သက်စွာပင် ပြန်သွားရှာလေသည်။

'ဟင်း သူ့သားက တာဝန်ပေါ့သွားပြီဆိုပြီး လျှောက်သွားနေမှာပေါ့ ကြီးကြီးမေရဲ့၊ မသိရင်ခက်မယ်'

မမမြတ်က မဲ့ရွဲ့၍ ပြောပစ်သည်။

သြော် စုမှာတော့သား၏ မျက်နှာကို သေသေချာချာ မမြင်မီမှာပင် ရင်ထဲက သောကတွေကို သားဆီ မကူးစက်ရလေအောင် ကြိုတင်မျိုသိပ် သိမ်းဆည်းနေရလေသည်။

* * *

www.burmeseclassic.com

BURMESE CLASSIC .com

စုတို့ တစ်အိမ်လုံးသည် ကလေးငယ်၏ ရယ်ရွှင်အပြုံးများဖြင့် ရွှန်းလ တောက်ပ၍ နေလေသည်။ ကြီးကြီးမေကလည်း တရားရိပ်သာကို မေ့ပြီတည်း။ ဖေဖေသည်လည်း အိုမင်းရင့်ရော်ခြင်းကို သတိမရပြီတည်း။ ကိုကိုစိုးနှင့် မမမြတ်တို့ကအစ ကလေးအငယ်မရှိ၍ဆိုကာ ကလေးကို တမမ ဖြစ်နေကြသည်။ ကိုတိုးကလည်း ကလေးကို မချီတတ် မပိုးတတ်နှင့် ယုယချီပိုးဖို့ ကြိုးစားရသည်မှာ အမော။

မီးမဖွားမီကပင် စုကို တစ်အိမ်လုံးက ဂရုစိုက်ခဲ့ကြ၏။ ယခုလည်း ဘာမျှလိုလေသေးမရှိ။ သို့သော် စုဘဝကား ပြီးပြည့်စုံခြင်း မရှိချေတကား။

နေမင်းကတော့ စုရဲ့ အရိပ်ကိုပင် နင်းမလာခဲ့။ အိမ်ကဆင်းသွားဖို့ ဆိုသည်မှာလည်း လောလောဆယ် စုမှာ အင်အားမရှိ။ စုသည် မွေးဖွားသည့် ရက်များမှာ များစွာအားနည်းခဲ့သဖြင့် ဆေးရော သွေးပါ သွင်းပေးခဲ့ရသည်။ ယခုလည်း စိတ်ကသာ ဆောင်နေသော်လည်း လူက နွမ်းခွေလျက်ရှိ၏။ သည်အတွက် ဖေဖေကရော ကြီးကြီးမေကပါ စုကို စိတ်မချနိုင်ကြပေ။

မည်မျှပင် လွတ်လပ်စွာ ကျင်လည်ကျက်စားနေစေကာမူ အချိန်တန်လျှင် ချည်တိုင်ကို ပြန်ချင်တတ်ကြသလို စုကတော့ နေမင်းရှိရာကိုသာ ပြန်သွားချင်သည်။ သူ့သားနှင့် သူ့အဖေ ပျော်ရွှင်မြူးခြင်းကို မိခင်တစ်ယောက် မိန်းမတစ်ယောက်အနေဖြင့် မြင်ချင်လှသည်။

'သမီးကလဲ ကောင်းကောင်းမမာတော့ ဟိုမှာ ကလေးတစ်ဖက်နဲ့ ဘယ်ဖြစ်ပါ့မလဲ၊ မောင်နေမင်းကလဲ ပြန်မရောက်သေးဘူးဆို၊ ရောက်ရင် သူ့သား သူလာကြည့်မှာပေါ့၊ ဒီမှာပဲ အေးအေးချမ်းချမ်းနေစမ်းပါကွယ်'

စုအပေါ် ဂရုစိုက်လှသော ကြီးကြီးမေတို့၏ စေတနာကိုလည်း လျစ်လျူရှု၍ မကောင်းပေ။

BURMESE CLASSIC .com

www.burmeseclassic.com

သားသည်အမေလေး စုကို သူငယ်ချင်းများကလည်း လာရောက် အားပေးကြသည်။

အိုင်ရင်းသည် စုအတွက် လက်ဆောင်တွေ တစ်ထုပ်တစ်ပိုးကြီးနှင့် ရောက်လာလေသည်။

'စု ယူကလဲ သားတစ်ယောက်ရပြီးမှ ကိုယ့်မျက်စိထဲမှာ ပိုလှလာ သလိုပဲ တကယ်ပြောတာ၊ ယူ့သားကလေးကိုလဲ ကိုယ် ချီကြည့်ချင် လိုက်တာကွာ ပေးစမ်းပါဦး'

အိုင်ရင်းသည် စု၏ သားကို မချီတတ် ချီတတ်ဖြင့် ချီကြည့်လေ သည်။

'စု၊ ယူဟာလေ ကိုယ်တို့မျက်စိအောက်မှာတင် ကလေးတစ်ယောက် အမေ ဖြစ်သွားပြီနော်၊ ကိုယ့်စိတ်ထဲမှာ ယူ့ကို အဲသလိုမြင်ရတာ အိပ်မက် လိုပဲ၊ ဘာမှ မကြာလိုက်ဘူးလိုပဲ'

အိုင်ရင်းကတော့ ရင်ထဲရှိသမျှ ပြောတတ်သည်သာ။

'ဟုတ်မှာပါပဲလေ၊ ကိုယ့်စိတ်ထဲမှာတော့ မင်းတို့နဲ့ နှစ်ရှည်လများ ဝေးကွာသွားတယ်လို့ အောက်မေ့ရတယ်၊ ဘဝချင်းလဲမတူတော့ဘူးလိုပဲ'

'ဒါပေါ့ကွ၊ လူဆိုတာ တစ်ချက်ကလေးမှ အတိမ်းအစောင်းခံတာ မဟုတ်ဘူး၊ အထူးသဖြင့် တို့အရွယ်ပဲ'

စုသည် တစ်ခါတစ်ရံ ရှားရှားပါးပါး လေးလေးနက်နက် ပြောတတ်လေ့ရှိသော အိုင်ရင်းကို ငေးကြည့်မိလေသည်။

'ဟား ဟား ကိုယ့်စကားကို အံ့သြနေတာလား၊ ထင်သားပဲ၊ အဲဒါ ကိုယ့်စကား မဟုတ်ဘူးကွ၊ မောင်မောင်က ယူ့အကြောင်း စကား စပ်မိရင်းနဲ့ ပြောလိုက်တာ၊ သူက စုကို လာတွေ့ချင်လို့တဲ့'

www.burmeseclassic.com

BURMESE CLASSIC .com

စုက အပြစ်ကင်းစင်မြဲဖြစ်သော အိုင်ရင်းကိုသာ အားကျစွာ ကြည့်နေမိသည်။

'တို့ကလဲ သူ့ကို တွေ့ချင်ပါတယ်၊ သူ တို့ဆီလာနိုင်သားပဲ၊ တို့က လူကြီးတစ်ယောက် ဖြစ်နေပြီလေ'

'ဟုတ်တယ် စု၊ ယူက တကယ့်မိန်းမကြီးဖြစ်သွားပြီ၊ ဒါနဲ့ ပြောရဦးမယ်၊ ကိုယ့်ကိုလဲအိမ်က အင်ဂေ့ဂျ်လုပ်ပေးတော့မယ်ကွ'

'ဟင် ဟုတ်လား၊ ဘယ်သူနဲ့လဲဟင်'

အိုင်ရင်း၏ မျက်နှာ နည်းနည်းတော့ ငိုင်သွားသည်၊

'မာမီတို့ မိတ်ဆွေတစ်ယောက်ရဲ့ သားပဲ၊ နိုင်ငံခြားရေးရုံးမှာ လုပ်တယ်၊ မာမီက နိုင်ငံခြားရောက်အောင် ကြံနေတာ ဟင်း ဟင်း'

အိုင်ရင်း၏ အသံသည် ထူးထူးခြားခြား ခနဲ့သံလေး ပါနေသည်ကို စုက သတိထားမိသည်။

'အိုင်ရင်း မင်းအတွက် ကိုယ်ဝမ်းသာပါတယ်၊ မင်းဟာ လှလှပပ လေး နေတတ် ပြုံးတတ်သူဆိုတော့ သူ့အတွက်လဲ မင်းက ဇနီးကောင်း ဖြစ်မှာပဲ'

အိုင်ရင်းက ရယ်တော့ ရယ်သည်။ သို့သော် သိပ်တက်ကြွခြင်းမရှိ။

'ဒြေ့ခ်ပွဲတွေ ပါတီပွဲတွေကို ကိုယ်က မာမီ့လောက် ဝါသနာပါတာ မဟုတ်ဘူး၊ ခုချိန်မှာ ကိုယ်က ဆေးကုဖို့ပဲစိတ်ဝင်စားတယ်၊ သိပ်တော်တဲ့ သမားတော်ကြီး ဖြစ်ချင်တယ်'

စုသည် ဘဝကို အဓိပ္ပာယ်ရှိရှိ ရင်ဆိုင်တတ်သော အိုင်ရင်းကို ချီးကျူးမိပြန်သည်။

'မစ်ကီနဲ့ကော တွေ့သေးလား အိုင်ရင်း'

BURMESE CLASSIC .com
www.burmeseclassic.com

BURMESE CLASSIC .com

အိုင်ရင်းသည် ငြိမ်သက်နေ၏။ စုရဲ့သားငယ်က ငိုနေသည်ဂ သဘောကျစွာ ငေးကြည့်နေသည်။ စုက ကလေးကို ယုယုယယ အနှီးပေ ပေးသည်။ ရင်ခွင်ထဲမှာထည့်သည်။ အင်္ကျီကို ရဲရဲတင်းတင်းလှန်၍ နို့တိုက်သည်။ စု လုပ်သမျှကို စိတ်ဝင်စားစွာ ကြည့်နေသည်။

‘တစ်ခါ တစ်ခါတော့လဲ သိပ်သတ္တိကြောင်တာ မကောင်းပါဘူး စုရယ်’

မိန်းမချင်းဆိုတော့လည်း အိုင်ရင်း၏ စကားကို စု ချက်ချင်း ရိပ်မိလိုက်သည်။

‘မင်း မစ်ကီကို ချစ်နေသေးလားဟင် အိုင်ရင်း’

စုက ပွင့်ပွင့်လင်းလင်းပင် မေးလိုက်သည်။

‘ငယ်ငယ်ကတည်းက ခင်ခဲ့တာဆိုတော့ သံယောဇဉ်ရှိတာပေါ့ကွာ၊ အဲဒါကို ချစ်တယ်လို့ပြောရင်တော့ ပြောလို့ရမှာပေါ့၊ သူကတော့ ကိုယ့်ကို ချစ်ရေးဆိုတယ်’

‘ဟယ် တကယ်’

အိုင်ရင်းက ခေါင်းညိတ်ပြသည်။

‘ဘာမှ မပြောဘူး၊ ကိုယ်ဟာ မာမီသဘောတူတဲ့လူကို ယူရမယ် လို့ပဲပြောလိုက်တယ်၊ ဟုတ်တယ်လေ၊ ကိုယ်က သူ့ကို ချစ်လို့ကော ယူမှာမှ မဟုတ်တာ၊ သူနဲ့ကိုယ်နဲ့ အကြာကြီး အတူတူခင်မင်နေခဲ့လို့ သူ့ကို ချစ်တာလဲဖြစ်ချင်ဖြစ်မှာပေါ့၊ ကိုယ်က အချစ်ဆိုတာကို သေသေ ချာချာ ခံစားလို့မရသေးဘူး၊ ချစ်တယ်လို့ထင်တာပဲရှိသေးတယ်၊ မသေချာဘဲနဲ့တော့ ဘာကိုမှ မလုပ်ချင်ဘူးလေ၊ ထင်လို့လုပ်ကြည့်ရမယ် ဆိုရင်တော့ စွန့်စားလွန်းရာကျမယ်’

ဩော် ဘာမဆို သေချာမှ လုပ်ချင်သော အိုင်ရင်း၊ သို့သော် သူ့မျက်လုံးတွေ ရီဝေနေတာ သူ ငေးနေတတ်တာကို ကြည့်ပြီး အိုင်ရင်းဂ

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

အချစ်က နှိပ်စက်လျက်ရှိပြီဆိုတာ စု သိသည်။ စောစောကပင် သိသတ္တိကြောင်တာလည်း မကောင်းပါဘူးဟု ပြောခဲ့ပြီ မဟုတ်လား။

စုကတော့ အချစ်နှင့်ပတ်သက်၍သော်လည်းကောင်း၊ ဘဝနှင့် ပတ်သက်၍သော်လည်းကောင်း ဘာကိုမျှ ထင်မြင်ချက်မပေးရဲတော့ပြီ ဖြစ်၏။

'မင်းက သိပ်စဉ်းစားတတ်တာပဲနော် အိုင်ရင်း၊ စုတော့ ဘာကိုမှ စဉ်းစားချိန်တောင် မရလိုက်သလိုဘဲ'

'ဘဝဆိုတာ စိတ်ကူးနဲ့လက်တွေ့ တခြားစီ ဖြစ်မနေဘူးလား'

'ဟုတ်တယ်၊ ဒီစကားကကော မင်းရဲ့ ကိုယ်ပိုင်စကားလုံးပဲလား'

အိုင်ရင်းက သဘောကျစွာ ရယ်သည်။

'ဟား ဟား ဒီလောက်တော့ ကိုယ်လဲပြောတတ်ပါပြီကွာ၊ ယူ့ကို ကြည့်ပြီး ပြောရတာလေ၊ ယူက စိတ်ကူးယဉ်တတ်ခဲ့တယ် မဟုတ်လား၊ ကိုယ်ထင်တယ်၊ ယူတို့ ခုလို မပြေမလည် ဖြစ်နေကြတာ နေမင်းက ဆင်းရဲလို့ချည်းတော့ မဟုတ်ဘူးကွ၊ ယူတို့ လက်ထပ်တာ သိပ်စောပြီး ဘာမှ အဆင်သင့်မဖြစ်သေးဘဲ ဖြုန်းစားကြီး လက်တွေ့ဘဝထဲ ရောက် သွားလို့'

'ကိုယ် မင်းကိုပဲ ဆရာတင်ပါတယ် အိုင်ရင်းရယ်၊ မင်းဟာ ပေါ့ပေါ့တွေးသလိုလိုနဲ့ အရာရာကို အပြန်ပြန်အလှန်လှန် အကွက်ချနေတာပဲ'

အိုင်ရင်းသည် သူ့ဘာသာသူ သဘောကျစွာ ရယ်နေပြန်လေသည်။

သို့သော် လူ့ဘဝသည် အကွက်ချပြီး ရင်ဆိုင်တိုင်းကော အစစ အရာရာ ပြီးပြည့်စုံခြင်းကို ရနိုင်ပါမည်လော။ သည်အကြောင်းကိုတော့ စုက ဆက်ပြီးဆွေးနွေးလိုစိတ် မရှိတော့ပေ။

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

စု ဘဝရေဆန်မှာ လှော်ခတ်ရဆဲပင် ရှိသေးသည်။

* * *

နေမင်းက သားကို သိပ်တွေ့ချင်သည်တဲ့။ သို့သော် စုဆီကို နေမင်း ရောက်မလာခဲ့။ အမေကလည်း စုတို့အိမ်ကို မလာခဲ့။ နေမင်းက မောင်မောင်နှင့် ကျော်ကျော့်ကိုသာ စုဆီသို့ လွှတ်လိုက်သည်။

'ဟင် မောင်မောင်၊ ဩော် ကျော်ကျော်'

စုသည် သားကို ပွေ့ပိုက်ရင်း ဧည့်သည်များကို ထိုင်စေရသည်။ မောင်မောင်သည် စုကို ငေးကြည့်နေသည်။

အပြစ်ကင်း၍ ပါးချိုင့်လေးနှစ်ဖက်နှင့် စွဲမက်ဖွယ်ရာကျောင်းသူလေး စုသည် ယခု သူ့ရှေ့မှာ အင်္ကျီ လျော့ရိလျော့ရဲ ဆံပင်ဖရိုဖရဲနှင့် သားသည် အမေလေး ဖြစ်၍နေသည်။

မျက်လုံးများကလည်း ယခင်လို ရွှန်းလက်တောက်ပခြင်း မရှိတော့။

သို့သော် မောင်မောင့် မျက်စိထဲတွင်တော့ စုသည် သနားစရာ ပိုကောင်းလာသည်ဟု ကရုဏာတွေး တွေးလိုက်မိသည်။

စုကို သူ ချစ်ရေးဆိုရန် အကြိမ်ကြိမ်စိတ်ကူးမိဖူးသည်ကို သတိရ၍ နေသည်။ စုနှင့် သူသည် ဘာကြောင့် မဆုံဆည်းခဲ့ရသည်ကို တွေး၍ မရ။ တစ်ကွေ့တစ်နေရာမှာ မထင်မှတ်ဘဲ ပွတ်ကာသီကာလေး လွဲသွားခဲ့ခြင်းသာ ဖြစ်မည်။ နဖူးစာဆိုသည်မှာ တကယ်ပင် မှန်လေသလား။

စု၏ မျက်လုံးများသည် ညိုမှိုင်း၍ နေကြသည်။

'စု မီးဖွားတဲ့အချိန်မှာ သူဆေးရုံကိုတော့ လာဖို့ကောင်းပါတယ်၊ စုတို့ဟာ စိတ်ဆိုးရန်ဖြစ်ပြီး ကွဲနေကြတာမှ မဟုတ်ဘဲ၊ ဖေဖေတို့ကလဲစု

BURMESE CLASSIC .com
www.burmeseclassic.com

BURMESE CLASSIC .com

တစ်ဦးတည်းသော သမီးမို့ မျက်စိအောက်မှာ ပြုစုချင်လို့ အိမ်ခေ[ါ်]
ပြန်ခေါ်တာပါ၊ သူလာချင် လာနိုင်သားပဲ၊ ဒီလောက်တော့လဲမရိုင်းပါဘူး၊
ခုတော့သူက စိမ်းကားလွန်းတယ်၊ စုပဲ အမြဲသူ့ဆီ လိုက်လိုက်သွားရတယ်'

စုသည် မောင်မောင်တို့ရှေ့မှာ ရင်ဖွင့်မိ၏။ မိန်းကလေးသည် ယောကျ်ားသားတို့ရှေ့မှာမှ မျက်ရည်ကျတတ်လေသလား။ စု မျက်လုံးများ စိုစွတ်လာသည်။

'သူ့အကြောင်းကို စုလဲ သိသားပဲ စုရာ၊ စုကို သူ မချစ်လို့မှ မဟုတ်တာ၊ သူ စုကို သိပ်ချစ်တယ်၊ သိပ်တွေ့ချင်တယ်၊ ကျွန်တော် သိတာပေါ့၊ သူ မော်လမြိုင်သွားနေတာလဲ စုတို့အတွက်ပါ၊ ခက်တာက သူက စုတို့မိသားစုက သူ့ကို မလိုလားဘူးလို့ပဲ ထင်နေတယ်၊ ဒါကြောင့် သူ ဒီကိုမလာတာ'

ကျော်ကျော်က ရှင်းပြသည်။ မောင်မောင်ကတော့ စုကိုသာ စိတ်မောစွာ ငေးကြည့်နေသည်။

'မလိုလားဘူးဆိုတာကလဲ ဒီလိုရှိတယ် ကိုကျော်ကျော်၊ သူကလဲ လိုလားအောင် မနေဘူး၊ ဖေဖေက အလုပ်ရှာပေးတယ်၊ သူက ကောင်းကောင်း မလုပ်ချင်ဘူး၊ ပြီးတော့ သူရတဲ့ လခလေးကို သူသုံးတာ သောက်တာနဲ့ ကုန်တာပါပဲ၊ ဒါတွေ ဖေဖေတို့ကလဲ ရိပ်မိတော့ ဘယ်ကြိုက်ပါ့မလဲ၊ သူ့အိမ် လိုက်နေပြန်တော့လဲ သူက ဘာမှ ဦးဆောင်တာ မဟုတ်ဘူး၊ အမေကတော့ ကျွေးထားပါတယ်၊ ဒါပေမဲ့ စု ဘယ်လိုလုပ်ပြီး မျိုကျမှာလဲ'

ကျော်ကျော်သည် နေမင်း၏ အချစ်ဆုံးသူငယ်ချင်းဖြစ်၍ စုက ရင်ဖွင့်ပြောနေရခြင်း ဖြစ်သည်။ မောင်မောင့် ရှေ့မှာ စု ဒုက္ခတွေကို ပြောပြရသည်ကိုတော့ ရှက်လည်း ရှက်၊ အားလည်းနာမိသည်။

BURMESE CLASSIC .com

'အင်းလေ၊ ကျွန်တော်တို့လဲပြောပေးပါ့မယ် စုရယ်၊ ခုတော့ သူလဲ အရောင်းအဝယ်တွေ ဘာတွေ လုပ်ဖို့ စိတ်ကူးတယ်ဆိုတော့ သူ့တာဝန်ကို သူနားလည်လာလို့ပေါ့၊ အဓိကကတော့ သူ့သားကိုလဲ သူ တွေ့ချင်တယ်၊ စုကိုလဲ ပြန်လာစေချင်တယ်ပေါ့'

'စုဆီကို သူလာနိုင်ပါတယ် ကျော်ကျော်၊ စုတောင် သူ့ဆီလိုက်သွားခဲ့သေးတာပဲ၊ စုကို သူကိုယ်တိုင်လာခေါ်ပါစေနော်'

သည်တစ်ခါတော့ စု၏ စိတ်ကို ခပ်တင်းတင်းလေး ထားလိုက်မိသည်မှာ အမှန်ပင် ဖြစ်သည်။ စု မွေးဖွားပြီးသည်မှာ တစ်လကျော်ပြီ။ နေမင်းက စုဆီမလာခဲ့။ မျှော်လင့်ခဲ့ရသော စု၏ စိတ်ဆန္ဒတွေလည်း အင်အားလျော့ပါးခဲ့ရပြီ ဖြစ်သည်။

ပုခက်ထဲမှ ကလေးသည် တလူးလူး တလွန့်လွန့် ဖြစ်လာသည်။ စုသည် ကလေးဆီသို့ ချက်ချင်း ပြေးသွားလေသည်။ စုသည် ကလေးကို ယုယစွာ ပွေ့ချီယူခဲ့၏။ စုက ကလေးကို ရင်ခွင်မှာထည့်ရင်း မောင်မောင်တို့နှင့် စကားဆက်ပြောသည်။

ကလေးက စုရင်ခွင်ထဲမှာ နေရင်းကပင် လူးလွန့်၍လာပြန်သည်။

စုသည် ကလေးကို အငိုခံထားလိုဟန်မရှိ။ အင်္ကျီကို အသာလှစ်၍ နို့တိုက်သည်။ ကျော်ကျော်သည် စု၏ မိခင်စိတ်ကို တွေးကာ အံ့သြနေ၏။

မောင်မောင် မျက်နှာလွှဲနေသည်။

* * *

သည်ကိစ္စကို စု မစဉ်းစားဘဲတော့ မနေနိုင်ပြန်ပေ။

www.burmeseclassic.com

BURMESE CLASSIC .com

စု မီးဖွားဖို့အကြောင်းပြ၍ အိမ်သို့ပြန်ခဲ့သည်။ ယခု သား ဖွားမြင်ပြီးပြီ။ ကိုယ့်နေရာကိုယ် ပြန်သင့်ပြီလော။

သည်အကြောင်းကို ကြီးကြီးမေကို ပြောတော့ ခါးခါးသီးသီးပင် ငြင်းဆန်လေသည်။

'အို ဘယ်ဖြစ်မလဲသမီးရယ်၊ ခုမှ တစ်လရှိသေးတာ၊ ဒီအချိန်ဟာ သွေးနုသားနုပဲရှိသေးတယ်၊ ဒီမှာ ကလေးရော လူကြီးပါ အေးအေးဆေးဆေး နေနိုင်တယ်၊ ပြီးတော့ သမီးကလဲ အားကနည်းနေသေးတယ် မဟုတ်လား'

စုကို ပြန်လွှတ်ရန် မည်သူကမျှ မလိုလားကြ။

စုကို အိမ်မှာ အားလုံးက လိုလေသေးမရှိ ပြုစုကြသည်။ နေမင်းဆီ ပြန်သွားလျှင်တော့ ကလေးနှင့်နှစ်ယောက်သား လုံးချာလိုက်ကာ သည်မှာလို အေးဆေးသက်သာ နေနိုင်မည်မဟုတ်ဟုဆိုတာ စုလည်း နားလည်လာလေသည်။

သို့သော် နေမင်းကို စု တွေ့ချင်သည်။ သည်သားသည် နေမင်း၏ သား မဟုတ်လား။ သားမျက်နှာကိုမြင်ရလျှင် ဖခင်ဖြစ်သော နေမင်းသည် မည်သို့ရှိမည်ကို သိချင်လှသည်။ သည်အကြောင်းကို ဖေဖေကလည်း ရိပ်မိပုံရသည်။

'မောင်နေမင်းတစ်ယောက်လဲ အိမ်ကိုမလာပါလား၊ ဖေဖေတို့က သူ့အပေါ် ဘယ်လိုမှ သဘောမထားပါဘူးကွယ်၊ သမီးနဲ့ပတ်သက်တော့လဲ သမက်တော်ရတာပေါ့၊ မခေါ်ချင်သာ နေလို့ရမယ်၊ မတော်ချင် နေလို့ မရဆိုတဲ့စကား ရှိသားမဟုတ်လား၊ အိမ်ကိုလာပါစေ သမီး၊ သမီး နေကောင်းတဲ့အထိ ဒီမှာနေချင်လဲ နေကြပေါ့'

ဖေဖေက အစွမ်းကုန်လိုက်လျောပြန်သည်။ ဖေဖေ့ ဆန္ဒကတော့ သမီးကိုသာ မျက်စိအောက်မှာ ရှိနေမည်ဆိုလျှင် ဘာမဆိုလိုက်လျောမည် ဆိုတာ စု နားလည်သည်။

BURMESE CLASSIC .com
www.burmeseclassic.com

ဘာပဲဖြစ်ဖြစ် နေမင်းကိုလည်း စု ဆီသို့ အလိုအလျောက် လာခဲ့ စေချင်သည်။ ထို့ကြောင့်လည်း သားကို ရင်ခွင်မှာပိုက်ကာ စု မျှော်ခဲ့ရ ပြန်သည်။

သည်တစ်ခါတော့ စုဘက်က တင်းထားရသမျှလေးသည် နည်းနည်း အကျိုးရှိလာသည်ကို တွေ့ရသည်။

မြူတွေဆိုင်း၍ အုံ့မှိုင်းမှိုင်းဖြစ်နေသော တစ်ညနေမှာ နေမင်း စုဆီသို့ ရောက်လာခဲ့၏။ နေမင်း၏ ရုပ်သွင်ကို ဟိုးအဝေးကြီးကပင် စု မှတ်မိသည်။ စုသည် သားနှင့်အတူ ခြံထဲက ဒန်းလေးပေါ်မှာ ရှိနေခဲ့ သည်။ ငယ်စဉ်က ကိုတိုးနှင့်အတူတူ ဆော့ကစားခဲ့သော ဒန်းလေးပေါ်မှာ သားကိုပွေ့ကာ ထိုင်နေသော စုသည် နေမင်းတစ်ယောက် ခေါင်းငိုက်စိုက် ချကာ လမ်းပေါ်မှာ တစ်ယောက်တည်း လျှောက်လာသည်ကို လှမ်းမြင် လေသည်။

သားကိုပွေ့ကာ နေမင်းဆီသို့ ပြေးသွားမည်ဟု စိတ်ထဲမှာ ဘွားခနဲ ဖြစ်မိသည်။ သို့သော် ချက်ချင်းပင် စိတ်ကို ပြန်ထိန်းထားလိုက် သည်။ လာပါစေ။ နေမင်းလာပါစေ။ နေမင်းကို စုသည် သည်အတိုင်းပဲ ထိုင်စောင့်နေလိုက်သည်။ နေမင်းသည် ခြံဝမှာ ရပ်သည်။ ချက်ချင်းပင် စုတို့ သားအမိကို မြင်လေသည်။

'မောင်'

ဣန္ဒြေဖြင့် ထိန်းချုပ်ထားသည်မှန်သော်လည်း စု နှုတ်မှ အလိုလို ပွင့်ထွက်သွားလေသည်။ နေမင်းသည် ရပ်ကြည့်နေလေသည်။ ပြီးတော့မှ ဖြည်းလေးစွာ လှမ်းဝင်ခဲ့သည်။ စုသည် နေမင်းအနားရောက်သည်အထိ မမှိတ်မသုန်ကြည့်နေမိလေသည်။

စုရဲ့ မျက်လုံးတွေမှာ တဖျပ်ဖျပ်ခါကာ ရွှန်းစိုလာကြသည်။

www.burmeseclassic.com

BURMESE CLASSIC .com

နေမင်းသည် စုနားသို့ ရောက်လာကာ သားကို ငုံ့ကြည့်လေသည်။ နေမင်း၏ နဖူးမှ ဆံပင်များ စု ပါးပြင်ကို လာထိကြသည်။ နေမင်းက ကိုယ်ကို ပြန်မတ်လိုက်တော့ စု မျက်လုံးအိမ်မှာ မျက်ရည်တွေ ပြည့်နေသည်ကို တွေ့ရသည်။

'မောင်၊ ကလေးက မထွားဘူးလားဟင်'

စုတို့သည် ရက်ပေါင်းများစွာ ဝေးကွာခဲ့ကြသည်ဆိုတာကို စုက ဖုံးကွယ်လိုက်သည်။ သာမန် ပြောရိုးပြောစဉ်လို ပြောလိုက်သည်။ သူတို့ကြားမှ မပြေလည်မှု မှန်သမျှကို စုက ဖုံးကွယ်မေ့ပျောက်ပစ်ဖို့ ကြိုးစားနေမိသည်။ နေမင်းသည် စုကို စိုက်ကြည့်၏။ စုမျက်နှာသည် ပြန်လည် ကြည်လင်စ ပြုလာသည်။ နေမင်းသည် စုကို ချစ်ခဲ့သူသာ ဖြစ်လေသည်။ စုကို ချစ်၍လည်း အမျိုးမျိုးအနိုင်ယူခဲ့ခြင်း ဖြစ်၏။ စုကလည်း သူ့ကို ချစ်၍ အနိုင်ယူခဲ့သမျှကို ခံခဲ့ရရှာသည် မဟုတ်လား။

'သိပ် ချစ်စရာကောင်းတယ်၊ မောင့်ကိုပေး၊ မောင် ချီကြည့်ချင်တယ်'

နေမင်းသည် ကလေးကို မချီတတ်ချီတတ်နှင့် ချီကြည့်လေသည်။

'စု အိမ်ပြန်လိုက်ခဲ့မယ် မဟုတ်လား ဟင်'

နေမင်းသည် စု မျက်နှာကို မကြည့်ဘဲပြောလိုက်လေသည်။

စု ရုတ်တရက် ဘာပြန်ပြောရမည် မသိ။ သည်အတွက် စုသည် ကြိုတင်ပြင်ဆင်ထားခြင်း မရှိပေ။

'စုကို လာပြန်ခေါ်တာလား မောင်'

နေမင်းသည် ကလေးကို စု လက်ထဲသို့ ပြန်ထည့်လိုက်၏။

နေမင်း၏ မျက်နှာသည် ပြန်၍ တည်သွားသည်။ စောစောက ကလေးကို နူးညံ့ညင်သာစွာ ကြည့်နေခဲ့သော နေမင်း၏ မျက်နှာသည် ပြန်လည် တင်းမာသွားသည်။

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

'ဟုတ်တယ် စု၊ မင်း မောင်နဲ့ ခွဲနေနိုင်ပြီလား ဟင်'

နေမင်း၏ အသံက သြဇာပါလှသည်။ စုအပေါ် ပိုင်စိုးခြင်း ရှိလှသည်။ စု ဟန်ဆောင်ထားသမျှတွေသည် တစ်ခဏချင်းမှာ အလကား ဖြစ်ကုန်သည်။

စုက ကလေးကို တယုတယပွေ့ထားသည်။

'ကြီးကြီးမေက ပြောတယ်မောင်၊ စုက သွေးနုသားနုပဲရှိသေး တယ်တဲ့၊ ဖေဖေကလဲ မောင့်ကိုပါ ဒီမှာ ခဏလာနေပါစေဦးလားလို့ ပြောနေတယ်၊ မောင်ရယ် ဒီမှာ ခဏနေကြရအောင်နော်'

စု၏အသံမှာ အသနားခံသံ အပြည့်ပါနေသည်။ နေမင်းသည် စုကို မကျေနပ်သလို ကြည့်နေသေး၏။ သို့သော် စုကိုကြည့်ရင်း တဖြည်းဖြည်းတော့ သနားလာပုံရသည်။

စုက အားတက်လာကာ ဆက်ပြော၏။

'နော် မောင်၊ ဒီမှာ ခဏနေကြရအောင်၊ ကလေးက ငယ်တော့ ဟိုအိမ်မှာဆို စုလဲပင်ပန်းမယ်၊ အမေလဲပင်ပန်းမယ်၊ စု နေမကောင်းလို့ အားဆေးထိုးနေရတုန်းပဲ သိလား'

နေမင်း ဘာမျှပြန်မပြော။

ကြီးကြီးမေသည် စုတို့နားသို့ ပျာပျာသလဲရောက်လာလေသည်။

'ဟဲ့ မောင်နေမင်းပါလား၊ အိမ်ပေါ်တက်ကြလေ၊ ပေး ပေးကလေး ကြီးကြီးမေကို'

ကြီးကြီးမေသည် ပျူပျူငှာငှာပြောရင်း ကလေးကို ပွေ့ချီကာ အိမ်ထဲသို့ ခပ်သုတ်သုတ် ခေါ်သွားတော့သည်။

နေမင်းနှင့် စုသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ကျန်ရစ်ခဲ့ကြ၏။

* * *

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

အခိုက်အတန့်အားဖြင့်တော့ အဆင်ပြေနေကြပြန်သည်။

ကြီးကြီးမေနှင့် ဖေဖေက စုသည် သူ့ယောကျ်ားကို မည်သည့်နည်းနှင့်မျှ မပြတ်နိုင်ကြောင်း သဘောပေါက်ကြပြီး ဖြစ်သည်။ ထို့ကြောင့် စုကို ပစ်မထားရက်သည်နှင့် နေမင်းကိုပါ အိမ်ပေါ်ရောက်အောင် ခေါ်ယူကြသည်။ ကလေးကိုလည်း ကြီးကြီးမေတို့ မခွဲနိုင်တော့။

မမြတ်တို့ မိသားစုလည်း ကျောင်းပိတ်၍ သူ့မိဘများဆီ တစ်လှည့် သွားနေကြလေသည်။ ကိုတိုးကလည်း စာမေးပွဲအောင်၍ ဗိုလ်သင်တန်းတက်ရန် လုံးပမ်းနေသည်။ အိမ်မှာ စုတို့တစ်တွေချည်း ပြေပြေလည်လည်ဖြစ်နေကြသည်။ နေမင်းသည် သူအရောင်းအဝယ်လုပ်၍ ရသော ငွေလည်း အနည်းငယ်ကြောင့် သူ့ကိုယ်သူ ယုံကြည်စပြုလာသည်။ အိမ်မှာ သားငယ်၏ အငိုအပြုံးတွေဖြင့် စည်ကား၍နေသည်။

'အင်း ကြီးကြီးမေလဲ စိတ်က မပြတ်လိုက်ပုံများ ခုလို မြေးလေးနဲ့ အတူတူနေရပြန်တော့ တရားအားထုတ်ဖို့ မေ့နေပြန်ရော၊ ဒါကြောင့်လဲ သံသရာက မလွတ်နိုင်တာပဲ၊ ညည်းအတွက်သာ လုံးလုံးလျားလျား စိတ်တုံးတုံးချလို့ရရင် ငါ တစ်ခါတည်းသာ စစ်ကိုင်းချောင် သွားနေလိုက် ချင်ပါရဲ့ မိစုရယ်'

ကြီးကြီးမေက ညည်းညူ၏။

'အို ကြီးကြီးမေကလဲ သွားပါ၊ ဘာမှ မပူပါနဲ့ ကြီးကြီးမေရာ၊ အချိန်တန်တော့လဲ သူ့ဟာနဲ့သူ ဖြစ်လာမှာပေါ့လို့'

'အေးလေ၊ ဒီလို သဘောထားနိုင်ရင် ကောင်းမှာ'

'လူဆိုတာ ငါရှိမှဖြစ်မယ်ဆိုတဲ့ အတ္တမထားရဘူး မဟုတ်လား ကြီးကြီးမေရယ်'

BURMESE CLASSIC .com

BURMESE CLASSIC .com

'အလိုတော် မရွှေစု၊ ညည်းကများ ငါ့ကို ပြန်ပြီး တရားချနေလိုက်တာ၊ အင်း ထွေးရင်လဲညည်းလိုပဲအာဂသတ္တိ၊ သူတို့ယူတုန်းကလဲမိဘတွေက သဘောမတူပါဘူး၊ ဒါပေမဲ့ ထွေးရင်က တစ်စက်ကလေးမှ မညည်းဘူး၊ မောင်စိုးလှိုင် အလုပ်အဆင်မပြေတုန်းကလဲသူတစ်ယောက်တည်း ရုန်းတာပဲ၊ သူသေကာနီးတော့လဲပြောသေးတယ်၊ လောကမှာ သူမရှိလဲ သူ့သားသမီးတွေဟာ သူ့ဟာနဲ့သူနေလို့ဖြစ်ပါတယ်တဲ့၊ သူ့အဖေကသာ နေရာတကာ အစိုးရိမ်ကြီးလွန်းတယ်တဲ့၊ အေးလေ ညည်းလဲ ညည်းအမေလို စိတ်မျိုးနဲ့ မို့သာပေါ့'

'စု အဲဒါကြောင့်ပြောတာပေါ့ ကြီးကြီးမေရယ်၊ စုတို့အတွက် မပူပါနဲ့လို့'

'ဒါပေမဲ့ ညည်းယောကျ်ားက ငါ့မောင်လို ဖွဲ့ရှိတာ မဟုတ်ဘူးအေ၊ ဒီလို ယောကျ်ားမျိုးကို ဘယ်လိုပုံပြီး တစ်သက်လုံး ကိုးစားလို့ရမလဲ'

စု တိတ်တိတ်လေးခိုး၍ သက်ပြင်းချမိပြန်သည်။

နေမင်းကတော့ ရောက်စကသာ အနေအထိုင်ဆင်ခြင်ခဲ့သည်။ နောက်ဆုံးတော့ ပေပေတေတေ နေချင်မြဲဖြစ်သော သူ့ အမူအကျင့်တွေက ပြန်ပေါ်ပေါက်လာခဲ့ကြ၏။ ရုံးအလုပ်ကို အထင်မကြီးဟုဆိုကာ ကောင်းကောင်းမလုပ်။ လက်ထဲမှာရှိသော ငွေလေးမှာလည်း လျော့ပါးစပြုနေသည်ကို စု သိနေသည်။ နေမင်းသည် ညနေကျလျှင် အိမ်မှ ထွက်သွားကာ ညဉ့်နက်မှ ပြန်လာတတ်သည်။ ဖေဖေက လျစ်လျူရှုကာ ကြီးကြီးမေကလည်း မသိဟန်ဆောင်၍သာ အဆင်ပြေနေခြင်း ဖြစ်၏။

ကြီးကြီးမေကလည်း စုနှင့် ကလေးအတွက်ဟုဆိုကာ အရောင်းအဝယ်လေးများ ပြန်လုပ်သည်။ စုတို့၏ စားဝတ်နေရေးအတွက်

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

ငွေကုန်ကျစရာမလို။ သားအတွက်သာ စုတို့ ငွေကိုသုံးရသည်။ ထို့ကြော လည်း ပြေလည်နေခြင်း ဖြစ်သည်။

'ဒါပေမဲ့ ကြီးကြီးမေ၊ ဖေဖေတို့ ကြီးကြီးမေတို့က အဲဒီလို စုတို့အတွက် ပူပန်ပြီး လိုက်လုပ်ပေးနေလို့ စုတို့ကလဲ အသက်သာ ခိုနေမိကြတာပေါ့၊ အားကိုးစရာမရှိရင် ကိုယ့်ကိုယ်ကို အားကိုးလာမှာပေါ့ ကြီးကြီးမေရယ်'

'မောင်စိုးလှိုင်သာ စိတ်ပြတ်ရင် ငါ ပစ်ထားကြည့်ချင်ပါရဲ့ မိစုရယ်'

သို့သော် မကြာမီမှာပင် အခြေအနေက တစ်မျိုး ပြောင်းလဲလာပြန်လေသည်။

မမမြတ်တို့လည်း အိမ်ကို ပြန်ရောက်လာသည်။

မမမြတ်က ယခင်လို နေမင်းကို ရန်မလုပ်တော့။ မတွေ့အောင် ရှောင်နေသည်။ မျက်နှာချင်းမဆိုင်မိအောင် ရှောင်နေခြင်းဖြင့် ရန်ကို ငြိမ်းစေသည်။ ရှောင်စရာလည်း သိပ်တော့မလိုချေ။ နဂိုကပင် အိမ် မကပ်ချင်သော နေမင်းသည် မမမြတ်တို့ ပြန်ရောက်လာပြီးနောက် အိမ်ကိုပို၍ ညဥ့်နက်မှ ပြန်လာလေသည်။ ထမင်းလည်း စားသည့်အခါမှ စားသည်။

မမမြတ်တို့ စုအပေါ် ငြိုငြင်၍ မဖြစ်သည်မှာ နောက်တစ်ကြောင်း လည်း ရှိသေးသည်။ ဖေဖေသည် ကျန်သည့် သားယောကျ်ားလေးတွေ ကိုတော့ ပညာအမွေလည်း ပေးနိုင်ခဲ့ပြီ။ အလုပ်မရမီလည်း ထိုက်သင့် သလောက် ကျွေးမွေးခဲ့ပြီ။ ပညာမပြည့်စုံ၍ အိမ်ထောင်ရေးကံမကောင်းသော တစ်ဦးတည်းသော သမီးလေး စု အတွက်တော့ ဖေဖေ စိတ်မဖြောင့်

BURMESE CLASSIC .com

BURMESE CLASSIC .com

ထို့ကြောင့် ဖေဖေက လက်ရှိခြံနှင့် တိုက်ကို တစ်ဦးတည်းသောသမီး ကိုသာ လွှဲအပ်ကြောင်း ကြေညာခဲ့သည်။

သည်ကိစ္စကို လားရှိုးမှာရှိသော အစ်ကိုကြီးကလည်း သဘောတူသည်။ သူက စီးပွားရေးအရလည်း သူ့ဟာသူ အဆင်ပြေပြီးသား။ ကိုတိုးကလည်း စုအပေါ် ငြိုငြင်ခြင်းမရှိ။ သူက ဘာပစ္စည်းကိုမှ မက်မောသူမဟုတ်။ သူက စစ်သားဖြစ်ချင်သည်။ နေရာအနှံ့သွားနေချင်သည်။

ကိုကိုစိုးကတော့ နည်းနည်းတွေးသည်။

သူ့မှာ လက်ရှိအလုပ်အကိုင်အရ အဆင်ပြေသူဖြစ်၏။ မိန်းမဘက်ကလည်း ပြည့်စုံသည်။ သို့သော် အကြောင်းတစ်ခုကို တင်ပြလာသည်။

စုသည် တစ်ဦးတည်းသော မိန်းကလေးဖြစ်သည်မှာ မှန်ပါ၏။

သို့သော် စုသည် ယခုအခါ တစ်ဦးတည်းမဟုတ်တော့။ သူစိမ်းဖက်ခဲ့ပြီ။ ဖက်လာသည့်သူစိမ်းကလည်း ယုံကြည်ကိုးစားလောက်သူမဟုတ်သည်တော့ ကာလတန်ဖိုးအားဖြင့် မနည်းသော သည်အိမ်ကြီးကို လွှဲအပ်လိုက်ခြင်းဖြင့် သင့်တော်ပါမည်လား။

ထိုအခါ ဖေဖေကလည်း သင့်လျော်အောင် စီမံပေးသည်။

စုနှင့်တကွ အခြားသားသမီးတွေ ရန်ကုန်မှာ အလုပ်နှင့်အကိုင်နှင့် နေရသမျှကာလပတ်လုံး သည်အိမ်ကြီးပေါ်မှာ အတူတကွနေကြ။ သို့သော် နောက်ဆုံး ပိုင်ဆိုင်ခွင့်ကတော့ စုသာလျှင်ဖြစ်၏။ ကိုကိုစိုးတို့၏ တစ်ဦးတည်းသော သားလေးအတွက် ဖေဖေ၏ ကားကို ပေးသည်။ မှော်ဘီကခြံကို ကိုတိုးကို ပေးသည်။

ဒါတွေက စု သည်အိမ်မှာမရှိစဉ်က ပေါ်ပေါက်ခဲ့သော အကြောင်း အရာတွေသာ ဖြစ်၏။ စုက ဒါတွေကိုစိတ်လည်း မဝင်စား။ ကြီးကြီး

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

ပြော၍သာ ရင်ထဲမှာ သိထားလိုက်ရသည်။ ပြီးတော့ ကြီးကြီး ပြောထားသည့် စကားကလည်း ရှိသေးသည်။

'ဒီအကြောင်းတွေများ မောင်နေမင်းကို မပြောလေနဲ့နော် သမီး၊ မိန်းမဆိုတာ ယောကျ်ားကို နေရာတကာ ယုံစားလို့ မဖြစ်ဘူးကွယ့်'

စုကတော့ နေမင်းကို မယုံစား၍ချည်း မဟုတ်။ သည်အိမ်သည် ဖေဖေဖြစ်စေချင်သလို စု တစ်ယောက်တည်းနှင့် မထိုက်တန်ဟုသာ ယူဆသည်။ စုက ကိုယ့်ကြမ္မာကို ကိုယ်ဖန်တီးခဲ့ခြင်းသာ ဖြစ်၏။ သည်အတွက် စုကို သည့်ထက်ပိုပြီး ဖေးမစရာမလိုတော့။ စု၏ မိုက်မဲမှုအတွက် ကျန်မောင်နှမများက သူတို့၏ အခွင့်အရေးကို အဆုံးရှုံးမခံသင့်။ ဖေဖေရှိစဉ် ဖေဖေ့ကိုကြောက်၍ နာခံကြမည်ဖြစ်သော်လည်း နောင်တစ်ချိန် ဖေဖေ မျက်ကွယ်ပြုလျှင် ပြဿနာ ပေါ်လာနိုင်သည်သာ။ ထို့ကြောင့် စုက သည်ကိစ္စအတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်မနေတော့ပေ။ လောလောဆယ် စုဘဝ တည်ငြိမ်ရေးအတွက်သာ စိတ်ထဲမှာ ပူပန်ရလေသည်။

နေမင်း၏ အိမ်ပြန်ချိန်တွေက တစ်စထက်တစ်စ ပိုမိုနောက်ကျလာသည်။ သည်နေ့ညမှသည် နောက်တစ်နေ့မနက်သို့ ကူးလာသည်။ နေမင်း၏ အကြောင်းပြချက်တွေကလည်း အပ်ကြောင်းထပ်နေသည်။

'ဒီအိမ်မှာ မောင်က လူပိုပဲ၊ မောင်မရှိလို့လဲ ဘာအကြောင်းထူးမှာလဲ၊ မောင်မရှိလဲ စု နေလို့ဖြစ်တယ်၊ သားလဲနေလို့ဖြစ်တယ်၊ မောင်ရှိနေရင်မှ မောင့်အတွက် အနှောင့်အယှက်ဖြစ်စရာ အကြောင်းရှိသေးတယ်'

'ဒီလိုမပြောပါနဲ့မောင်၊ မောင့်ကို ဘယ်သူကမှလဲ ဘာတစ်ခွန်း ပြောလို့လဲ'

'ဟုတ်ပါတယ် စု၊ မောင်သိတာပေါ့၊ ဘာတစ်ခွန်းမှ မပြောပါဘူး မှန်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ ပြောစရာလဲမလိုဘူးလေ၊ မောင်က လူပိုပဲဟာ'

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

'စု အတွက်တော့ မောင် ရှိနေသင့်တာပေါ့ မောင်ရယ်'

'စုအတွက် ဟုတ်လား၊ ဒီအိမ်မှာ မောင်က စုအတွက် တရားဝင် လင်ယောကျ်ား၊ ကလေးအဖေအဖြစ် လာနေပေးနေပြီပဲလေ၊ ဘာလိုသေး လို့လဲ၊ ဒီထက်ပိုပြီး မောင် ဘာဖြစ်စေချင်သေးလို့လဲ'

'ဘယ်လို အခြေအနေမျိုးမှာပဲဖြစ်ဖြစ် မင်းဟာ ယောကျ်ား တစ်ယောက်ရဲ့ အနားမှာ ရှိမနေသင့်ဘူးလား၊ မင်း မနေနိုင်လို့ အိမ်က ဆင်းသွားတာ မောင်မသိဘဲမရှိပါဘူး စုရာ၊ မင်းက ဆင်းရဲတာကို သိပ်ကြောက်တယ်၊ မင်းမိဘတွေကလဲ မင်း ဆင်းရဲမှာကို သိပ်စိုးတယ်၊ ဒီလိုနဲ့ပဲ ကိုယ်က မင်းတို့အိမ်မှာ အားလုံးအဆင်ပြေအောင် ဟန်ပြလာနေ ပေးရတယ်'

'စု အမေ့လုပ်စာကိုတော့ စားပြီး မနေနိုင်တာ အမှန်ပဲမောင်'

နေမင်းက ဆတ်ဆတ်ခါ နာကျည်းသွားပြန်သည်။

'ဒီလိုစကားမျိုးနဲ့တော့ မင်း မောင့်ကို မစော်ကားပါနဲ့ စု၊ ကိုယ် ပြောခဲ့ပြီကော၊ အစကတည်းက မှားခဲ့တဲ့ကိစ္စလို့၊ အေး အဲဒီအမှားဒဏ်ကို နှစ်ယောက်စလုံး ခံစတမ်းဆိုရင်တော့ မင်း မောင်နဲ့ နေကို နေနိုင်ရမယ် စု၊ မောင် ဒါပဲပြောမယ်'

စုနှင့် အဆင်မပြေတော့ နေမင်းက အိမ်ကိုပိုပြီး အပြန်နောက်ကျ သည်။

ကြီးကြီးမေသည် စုတို့အခြေအနေကို မသိမသာ အကဲခတ်လျက် ရှိလေသည်။

'ငါ့သမီးလဲ ဝင့်ကြီးလှတယ်'

မျက်ရည်စတွေသိမ်းနေတတ်သော စုကို ကြီးကြီးမေက စုပ်သပ်၍ ပြောသည်။ စုသည် သားကို ရင်ခွင်မှာပိုက်ကာ နေမင်း၏ အိမ်ပြန်ချိန်ကို မျှော်ရသည့်စိတ်ဖြင့် နွမ်းနယ်၍ နေပြန်လေသည်။

BURMESE CLASSIC .com
www.burmeseclassic.com

ပြန်လာလျှင်လည်း နေမင်းသည် မှူး၍ နေတတ်ပြန်သည်။ လက်ထဲမှာ ငွေစကုန်ချိန်တွင်တော့ နေမင်းက ပို၍ ဆန္ဒပြလာသည်။

'အိမ်ထဲမှာနေပြီး သူများဆီက လက်ဖြန့်ခံနေရတဲ့ ဘဝမျိုးတော့ ယောကျ်ားတစ်ယောက်အနေနဲ့ မောင် မနေပါရစေနဲ့ စု၊ ဒီလခလေး တစ်ပဲခြောက်ပြားလဲ မျှော်မှန်းမနေနိုင်ဘူး၊ စု လိုက်နိုင်ရင်လိုက်ခဲ့၊ မောင် မော်လမြိုင်ကို သွားတော့မယ်'

စုမှာ တွေဝေရပြန်သည်။ နောက်တော့ မတတ်သာဘဲကြီးကြီးမေကို တိုးတိုး ဖွင့်ပြောရသည်။

'သူ့အမေကလဲ ကလေးကို တွေ့ချင်တယ်တဲ့ ကြီးကြီးမေ၊ ခဏတော့ သွားနေလိုက်ဦးမယ်နော်၊ တစ်လလောက်နေပြီး သမီး ပြန်လာပါ့မယ်၊ ကြီးကြီးမေလဲ စုတို့အတွက် ပင်ပန်းလှပြီ၊ ရိပ်သာမှာတစ်လှည့် နားပါဦး၊ ဖေဖေ့ကိုလဲ ပြောပေးပါဦး ကြီးကြီးမေ'

ကြီးကြီးမေသည် ဝတ္တရားကြီးလှသော စုကိုသာ အံ့သြနေလေသည်။

လူဆိုသည်မှာ ကိုယ်တိုင် ခံစားရခြင်း မရှိသမျှ နားလည်ရခက်သည်ချည်း။

'ညည်းအဖေကလဲ ကလေးကို သိပ်သံယောဇဉ်တွယ်နေတာအေ၊ သူ တွေ့ချင် ခဏတစ်ဖြုတ် သွားလည်ပေါ့၊ ဒီကိုလာလဲရတာကိုး၊ ခုဆို ညည်းအဖေက ညည်းကို မခွဲနိုင်လို့ ညည်းယောကျ်ားက အိမ်ကို ပြန်ချင်တဲ့အချိန်မှပြန်၊ အရက်တွေလဲ သောက်လိုသောက် လုပ်နေတာ တောင်မှ ဘာမှမပြောဘူး မဟုတ်လား၊ မြတ်ကိုတောင် ပြောထားလို့ မြတ်ကလဲ ဘာမှ မပြောဘူး၊ ဒီလောက်တောင် လိုက်လျောနေတာပဲ သမီးရယ်'

www.burmeseclassic.com

'စု ခဏလေး သူကျေနပ်အောင်လိုက်နေပါရစေ ကြီးကြီးမေရယ်'

'အလိုတော်၊ သူက ဘာများ မကျေနပ်စရာရှိသလဲ'

နောက်ဆုံးတော့နေမင်းက သူ မော်လမြိုင်သွားဦးမည်ဟု ပြတ်ပြတ်သားသား ပြောကာ ထွက်သွားလေသည်။ တစ်လကြာသည်။ နှစ်လကြာသည်။ ပြန်မလာတော့။

စုဘဝသည် သည်လိုဖြင့် တစ်ပတ်ပြန်လည်ရပြန်လေ၏။

www.burmeseclassic.com

BURMESE CLASSIC .com

# ၉

နေဇော်ဦးသည် မြင်မြင်ကရာကို လှမ်းယူဖမ်းဆွဲကာ ဆော့ကစားနေသည်။ စုသည် သူ့သားနောက်ကို တကောက်ကောက်လိုက်နေရ၏။

'နေပါစေ စုရာ၊ ကလေးပဲ လွတ်လွတ်လပ်လပ် ဆော့ပါစေ၊ ဒီကောင်ငြိမ်သွားအောင် ဒါကြီးပေးထားလိုက်၊ ရော့၊ ဟား ဟား'

အိုင်ရင်းက ပြောင်လက်အောင်တိုက်ထားသော အရိုးခေါင်းကြီးကို နေဇော်ဦးဆီသို့ ပစ်ပေးလိုက်သည်။ စုက မျက်နှာပျက်သွားသော်လည်း နေဇော်ဦးက အရိုးခေါင်းကို မလန့်ဘဲ သေချာစွာ ကိုင်ကြည့်နေသည်။

'တွေ့လား၊ သဘောကျနေပြီ၊ ကဲစု ယူပြောစရာရှိတာ အေးအေးဆေးဆေး ပြောစမ်းပါကွာ၊ နေမင်းအကြောင်းပဲ မဟုတ်လား၊ သူ မော်လမြိုင်သွားတာ ခြောက်လလောက်တော့ရှိပြီနော်'

အိုင်ရင်းက စုဘက်သို့လှည့်ကာ စကားဆက်ပေးလိုက်သည်။ နေမင်းနှင့် စု ကွဲကွာနေသည်မှာ ခြောက်လမကတော့။ သားပင် ယခုရ ဆယ်ရက်နေ့မှာ ကိုးလပြည့်တော့မည်။

www.burmeseclassic.com
BURMESE CLASSIC .com

BURMESE CLASSIC .com

'စု ပြောချင်တာက သူ့အကြောင်း မဟုတ်ပါဘူး၊ သူ့ကို တတ်နိုင်သမျှ စု မေ့ထားတယ်၊ သတိရရင် စိတ်ဆင်းရဲမှာစိုးလို့ သူနဲ့ အတူနေရပြန်ရင်လဲ တစ်မျိုးစိတ်ဆင်းရဲရတာပါပဲ အိုင်ရင်းရယ်'

'အေးလေ၊ ယူ့ အဖြစ်ကလဲတစ်မျိုးပါပဲ၊ ကဲအခု စု ဘာပြောချင်လို့လဲ၊ ကိုယ်လဲစာတွေများလွန်းလို့ ယူ့ဆီ ခဏခဏ မရောက်တာကွာ၊ ယူ အိမ်မှာရှိနေတယ်ဆိုရင် ကိုယ် စိတ်ချမ်းသာနေတာလဲပါတယ်၊ တကယ်ပြောတာ'

စုသည် ပွင့်လင်းသောအိုင်ရင်းကို နားလည်ပြီးသားဖြစ်သည်။

'ကိုယ်လဲလေ အတွေ့အကြုံအရ တော်တော်လေးပဲ ခံနိုင်ရည်ရှိနေပါပြီး၊ တစ်ခါတစ်ခါတော့ ကိုယ့်ဘဝကြီးဟာ ဘာမှ အဓိပ္ပာယ်မရှိဘူးဆိုတာ ကိုယ်တွေးမိတယ်၊ ဒါကြောင့် တစ်ခုခုလုပ်ဖို့ ကိုယ်ကြိုးစားနေတယ်'

စု မည်သို့သောအကြောင်းအရာကို ပြောလို၍ စကားကို ပျိုးနေမှန်း အိုင်ရင်း မသိသေး။

'စု ယူ စာမေးပွဲပြန်ဖြေမလို့လား ဟင်'

စုက ခေါင်းကို ဖြည်းလေးစွာခါသည်။

'ဒီအချိန်ကျမှ ကလေးတစ်ဖက်နဲ့ ကျောင်းကို ကုပ်ကပ်ပြီး ပြန် မတက်ချင်တော့ပါဘူး အိုင်ရင်းရယ်'

'ဘယ်ဟုတ်မလဲ၊ အချိန်ဆိုတာ နောက်ကျတယ်မရှိပါဘူး စုရယ်၊ ကျောင်းတက်နေတဲ့ ကလေးအမေတွေ တစ်ပုံကြီးပဲ'

'ကိုယ် သားကို အိမ်မှာ မထားခဲ့နိုင်ဘူး၊ ဘယ်သူနဲ့မှလဲစိတ်မချဘူး၊ ဒါကြောင့်သားကို အနားမှာသိပ်ပြီး လုပ်လို့ရတဲ့ အလုပ်ကို ကိုယ်လုပ်နေတယ်'

'ယူ ဘာလုပ်နေတာလဲ စု'

BURMESE CLASSIC .com

www.burmeseclassic.com

'စာရေးနေတယ်'

'အို စာရေးနေတယ်'

အိုင်ရင်းက စုကို အံ့သြစွာကြည့်သည်။ ပြီးတော့မှ ခေါင်းကို တဆတ်ဆတ်ညိတ်သည်။

'အင်း ယူဟာ စာပေဝါသနာပါတယ်ဆိုတာ ကိုယ်မေ့နေတယ်၊ အင်းလေ ယူ့ ဝါသနာက ခုလို အထောက်အကူဖြစ်လာတာ ဝမ်းသာစရာပဲ'

စုက သူ ယူလာခဲ့သော ဗလာစာအုပ်အချို့ကို အိုင်ရင်း လက်ထဲသို့ ထည့်ပေးလိုက်သည်။ အိုင်ရင်းသည် စု၏ လက်ရေးစာမူများကို သဘော ကျစွာ ကြည့်နေ၏။ သို့သော် အိုင်ရင်း စိတ်ထဲမှာ တစ်ချိန်က စုသည် စာတွေဖတ်ကာ စိတ်ကူးယဉ်ခဲ့သလိုပင် ယခုလည်း သူ့စိတ်ကူးယဉ် အိပ်မက်တွေကို စာဖွဲ့ဖို့ ကြိုးစားပြန်ပြီဟုသာ ထင်လိုက်သည်။

'ကိုယ် မောင်မောင်နဲ့ တွေ့ချင်တယ် အိုင်ရင်း'

စုက သူ့သားကို လိုက်ဆွဲရင်း ပြောလိုက်သည်။ ရုတ်တရက် အိုင်ရင်း နားမလည်။

'ဘာအတွက်လဲ စု'

'ကိုယ်တို့က အပြင်လောကနဲ့ အဆက်အသွယ်ပြတ်နေကြတာ မဟုတ်လား၊ ဘာမှ နားမလည်ဘူးလေ၊ မောင်မောင်က ကိုယ့်ကို ကူညီ ချင်မယ်လို့ ကိုယ်ယုံတယ်၊ ဒီစာမူတွေ မောင်မောင့်ကိုပဲ အပ်ရမှာပဲ'

အိုင်ရင်းက သဘောပေါက်သွားသည်။

'မောင်မောင်က ယူ့အတွက်ဆိုရင် သိပ်လုပ်ပေးချင်နေတာ၊ သူ ကူညီမှာ သေချာပါတယ်၊ ဒါနဲ့ ကိုယ်မေးပါရစေဦး၊ ဒါတွေက ကိုကိုဦးနဲ့ဆို ပိုပြီး ဟန်မကျဘူးလား၊ ခုဆို ကိုကိုဦးက ထိပ်တန်း စာရေးဆရာတစ်ယောက် ဖြစ်နေတာ စု သိတယ် မဟုတ်လား'

www.burmeseclassic.com

BURMESE CLASSIC .com

စုက ခေါင်းညိတ်သည်။

'စု သိတာပေါ့ အိုင်ရင်းရယ်၊ ကိုကိုဦးကို ကိုယ်ဘယ်တော့မှ မမေ့ပါဘူး၊ ဒါပေမဲ့ မင်းအံ့သြမလားတော့ မသိဘူး၊ ခု ကိုကိုဦး အောင်မြင်ကျော်ကြားနေတာ ကိုယ်သိပါတယ်၊ တစ်ချိန်တုန်းက ကိုယ် စွဲလမ်းခဲ့ရတဲ့သူ တစ်ယောက်ပါပဲ၊ ဘယ်လောက်ထိ စွဲလမ်းရသလဲဆိုရင် သူ့အတွက်ဆို ကိုယ် ဘာမဆို လုပ်ဖို့အသင့်ပဲ၊ ဒါပေမဲ့ အိုင်ရင်း ခု ကိုယ် သူ့စာတွေကို ဖတ်လို့မရတော့ဘူး'

အိုင်ရင်းက တကယ်ပင် အံ့သြနေသည်။ စု ကိုကိုဦးကို ဘယ်လောက် အရူးအမူး ဖြစ်ခဲ့တယ်ဆိုတာ အိုင်ရင်း အသိဆုံးတည်း။ အိုင်ရင်းကတော့ ကိုကိုဦး၏ စာတွေကို ယခင်ကလည်း မဖတ်ဘူး။ ယခုလည်း ကောက်၍ပင် ကိုင်မကြည့်သဖြင့် ဘာမျှ နားမလည်ပေ။ စုကိုသာ အံ့သြနေသည်။

'ယူစာရေးတယ်ဆိုရင် သူကတော့ ဝမ်းသာမှာပေါ့'

'ဒါပေမဲ့ သူ့ကို ကိုယ် အားမကိုးချင်တော့ပါဘူး အိုင်ရင်းရယ်၊ သူနဲ့ကိုယ်နဲ့ အတွေးချင်းလဲနီးစပ်တော့မှာ မဟုတ်ဘူး၊ တစ်ခါက မင်းပြောသလိုပဲ၊ မင်းက မမြင်ဘူးတဲ့ ဇေဒါပန်းအကြောင်း ရေးချင်တယ်၊ မြင်ဖူးတဲ့ နှင်းဆီပန်းအကြောင်း ရေးပါလားဆိုတာလေ၊ မင်းက စာကို ဝါသနာမပါပေမယ့် မင်းပြောတာမှန်တယ်၊ ခု ကိုယ် ဇေဒါပန်းကိုလဲ မြင်ဖူးပြီ၊ ဇေဒါပန်းအကြောင်းလဲ သိပြီ၊ ဒါပေမဲ့ အသိချင်း မတူတော့ဘူး'

စုကအရာရာကို ဘဝနှင့်ယှဉ်၍ တွေးတတ်ပြီဆိုတာ အိုင်ရင်းကို ရှည်ရှည်ဝေးဝေးပြောပြမှ နားလည်နိုင်ပေမည်။ သို့သော် စု သည်အချိန်မှာ ပြောမပြချင်သေး။ အိုင်ရင်းသည် သူလေ့လာနေသော ဆေးပညာလောက် အခြားအရာတွေကို အလေးအနက် စိတ်ဝင်စားနိုင်မည်လည်း မဟုတ်ပေ

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

စုကတော့ ဘဝဆိုသည်မှာ မျှော်မှန်းထားသလို လွယ်ကူခြင်းမရှိဆိုတာ သဘောပေါက်ပြီးသည့်အနက် အရာရာကို အမြင်တစ်မျိုးဖြင့် ကြည့်တတ်ခဲ့ပြီ။ ထိုအခါ စု ရေးသော စာတွေသည် တစ်ချိန်က ကဗျာလေးတွေလို နူးညံ့ချင်မှ နူးညံ့ပေလိမ့်မည်။

ယခုဆိုလျှင် အသက်အရွယ်ရော အတွေ့အကြုံပါ ပိုမိုကြီးရင့်လာပြီဖြစ်သော ကိုကိုဦးကတော့ စာအနုအလှကလေးတွေ ရေးနေဆဲပင်။

'အေးလေ ကိုယ် မောင်မောင့်ကို ပြောပေးပါ့မယ်၊ တွေ့ဖို့တော့ သိပ်မလွယ်ဘူး၊ ကျော်ကျော့်ကို ခေါ်ခိုင်းရမယ်'

'ဒီအကြောင်း ကျော်ကျော့်ကို မပြောနဲ့ အိုင်ရင်း၊ ကိုယ်စာရေးတယ်ဆိုတာ နေမင်း မသိစေချင်ဘူး'

'အို ဘယ်လိုလဲ စု၊ အေးလေ ကိုယ်လုပ်ပေးပါ့မယ်'

'ကျေးဇူးပဲ အိုင်ရင်း၊ မင်းဟာ ကိုယ့်ရဲ့ တစ်ယောက်တည်းသော အားအကိုးရဆုံး သူငယ်ချင်းပါပဲကွာ'

အိုင်ရင်းသည် ကလေးချီပြီးပြန်သွားသော စုကို ကြည့်ကာ ငိုင်နေမိသည်။ စု ပေးထားခဲ့သော စာအုပ်တွေကို သေသေချာချာ သိမ်းထားလိုက်သည်။ သူ့ သူငယ်ချင်းတွေထဲမှာ စုဆိုတဲ့ မိန်းကလေး တစ်ယောက်ဟာ ဘာ့ကြောင့် ကွဲထွက်နေရသလဲဆိုတာ တွေးနေမိလေသည်။

*　　　*　　　*

'သမီး စု'

သူစိမ်းမဟုတ်သော ညော်တစ်ယောက်သည် စုရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့သည်။ အမေ။

BURMESE CLASSIC .com
www.burmeseclassic.com

BURMESE CLASSIC .com

စု ဘဝတွင် အမေ မရှိသော်လည်း မိခင်တစ်ယောက်၏ ကြင်နာမှု ပေးနိုင်ခဲ့သော အမေဖြစ်၏။ သူသည် နေမင်း၏ အမေဖြစ်၏။ စု၏ အမေလည်း ဖြစ်ပါ၏။

'အမေ၊ အမေ၊ ဝမ်းသာလိုက်တာ အမေရယ်'

အမေက သည်အိမ်ကို မည်မျှစွန့်ပြီး လာရတယ်ဆိုတာ စု နားလည်သည်။

'သမီးစု၊ အမေ့မြေးလေးကောဟင်၊ အမေ့မြေးကို မြင်ချင်လိုက်တာကွယ်'

'ရှိတယ်အမေ၊ သမီး ခေါ်လိုက်ပါ့မယ်'

အိမ်မှာ စုကလွဲလျှင် မည်သူမျှမရှိ။ အနည်းဆုံးကြီးကြီးမေသာ ရှိနေလျှင်လည်း အမေလာသည်ကို ကြိုက်မည်မဟုတ်ပေ။ တရားအားထုတ်သော်လည်း အတ္တကို မစွန့်လွှတ်နိုင်သေးသော ကြီးကြီးမေက စုကိုသော်လည်းကောင်း၊ သူ့မြေးကိုသော်လည်းကောင်း သူတို့ရင်ခွင်ထဲမှ လာခေါ်ထုတ်သွားမည်ကို စိုးရိမ်ဆဲပင် ရှိနေလေသည်။

နေဇော်ဦးသည် စုနောက်မှ ခြေကို ဆတ်တောက်ဆတ်တောက် လှမ်းလျက် ပါလာလေသည်။

'အမလေး ငါ့မြေးလေးက ထွားလိုက်တာ၊ လာပါဦးကွယ်'

အမေသည် နေဇော်ဦးကိုဖက်ကာ အငမ်းမရ နမ်းရှုပ်လေသည်။ သြော် မြေးအနှစ်ဟုဆိုသည် မဟုတ်လား။ အမေ သူ့မြေးကို ချစ်ရှာပေမည်ဟု တွေးကာ စု မျက်ရည်ဝဲနေသည်။ တကယ်တော့ နေမင်းနှင့်အတူ အမေ့ကိုပါ စု မေ့နိုင်အောင် ကြိုးစားနေခဲ့မိသည်။ နေမင်းနှင့် သူ့ဘဝသည် တစ်ယောက်တစ်နေရာ နေရလျှင် လွမ်းစိတ်ဖြင့်ချစ်ရသည်။ အတူနေရလျှင် မကျေနပ်စိတ်ဖြင့် မုန်းရသော ဘဝဖြစ်သည်။

BURMESE CLASSIC .com

www.burmeseclassic.com

'အမေ တစ်ခုခုစားဖို့ သမီး သွားလုပ်လိုက်ဦးမယ်'

အမေက စု လက်ကို ဆုပ်ကိုင်ထားသည်။

'နေပစေသမီး၊ အမေ သမီးနဲ့ မြေးကို တွေ့ချင်လွန်းလို့လာခဲ့တာ'

အမေသည် တကယ်ပင် မြေးကို ရူမဝ ဖြစ်နေလေသည်။ စုသည် နေမင်း စွပ်စွဲသလိုပင် ယောကျ်ားဖြစ်သူနောက်သို့ ဆိုးဆိုးကောင်းကောင်း လိုက်မနေနိုင်ခဲ့သည်မှာ တရားပါ၏လားဟု တွေးနေမိလေသည်။ အမေသည်လည်း သူ့မြေးကို ဖေဖေတို့ ကြီးကြီးမေတို့လိုပင် ချစ်ရှာပေမည်။

'သူကောဟင် အမေ၊ သူ အမေ့ဆီ ပြန်လာသေးလား'

စုရင်ထဲက သိလိုစိတ်ကို မဖုံးဖိနိုင်၍ မေးမိပြန်သည်။

အမေက စုကို ရီဝေစွာကြည့်သည်။

'တစ်ခေါက်တော့လာတယ် သမီး၊ သမီးတို့ချင်း ဘာဖြစ်ကြသလဲကွယ်'

'ရှင်'

'ဩော် ရန်များဖြစ်ကြသလားလို့ပါ'

စုက သက်ပြင်းချသည်။

'ရန်ဖြစ်တာတော့ မဟုတ်ပါဘူး အမေရယ်၊ သမီးကလဲဒီမှာ နေစေချင်တယ်၊ သူကတော့ ထုံးစံအတိုင်း ဒီမှာနေရတာ သူမျက်နှာငယ် တယ်လို့ ထင်တယ်၊ သူ မော်လမြိုင်သွားမယ် လိုက်ခဲ့တဲ့၊ အမေလဲသိတဲ့ အတိုင်းပဲ၊ သမီး သူ့နောက်ကို ဘယ်လိုလုပ်ပြီး လိုက်ရဲမလဲ အမေ၊ ဒီမှာ နေတုန်းကလဲအရက်ကို တစ်နေ့မပြတ်သောက်နေတာ၊ သူ့အသက်အရွယ်နဲ့ ဆိုရင် လွန်လွန်းနေပြီ အမေရယ်၊ သူဘာမှ မလုပ်ချင်နေပါ၊ လခလေး တစ်ရာကျော်နဲ့လဲ သမီး ကျေနပ်ပါတယ်၊ သူသာ ကောင်းကောင်းမွန်မွန် နေရင် ဖေဖေတို့ကလဲ ကြည်ဖြူကြတာပါပဲ အမေရယ်'

www.burmeseclassic.com

BURMESE CLASSIC .com

'အမေ နားလည်တယ် သမီး၊ တကယ်တော့သားလေးတစ်ယောက် တည်းဆိုပြီး ချစ်လို့အလိုလိုက်ခဲ့တာ အမေ့အပြစ်လဲ ပါပါတယ်ကွယ်၊ ခုလဲသူ ဟိုမှာ နေမကောင်းဖြစ်နေတယ်ကြားလို့ အမေ လိုက်သွားမလို့'

'ဟင် သူနေမကောင်းဘူး ဟုတ်လား အမေ'

အမေက ခေါင်းညိတ်သည်။

စု တင်းထားရသည့်စိတ်တွေကလည်း အရည်ပျော်လုလု ဖြစ်လာသည်။

'သမီးတို့ချင်း ဘာမှ မဖြစ်ဘူးဆိုရင် အမေ ဝမ်းသာပါပြီကွယ်၊ သူက သမီးနဲ့ အပြီးအပိုင်ပြတ်စဲခဲ့ပြီလိုလို ပြောလို့ အမေ စိတ်ဆင်းရဲနေရတာ၊ သူ စီးပွားမဖြစ်သရွေ့ ရန်ကုန်ကို ပြန်မလာဘူးတဲ့'

'အဲဒါ သူမှားတာပဲ အမေ၊ သူဒီလိုနေနေသမျှ ဘယ်လိုလုပ်ပြီး စီးပွားကကောဖြစ်မှာလဲ၊ စီးပွားမဖြစ်ချင်နေပါ၊ သမီးပြောသလိုပဲ သူ ကောင်းကောင်းမွန်မွန်နေရင် သမီးကျေနပ်ပြီးသားပါ'

'သမီးသဘောကို အမေ နားလည်ပါတယ်ကွယ်၊ သမီး သူ့ဆီ ဘာမှာဦးမလဲကွယ်၊ အမေ သွားတော့မယ်'

အမေနှင့် စု အလွမ်းသယ်နေစဉ် မမမြတ် ပြန်ရောက်လာသည်။ အမေသည် မမမြတ်နှင့်တွေ့ရသည်ကို အတော်လေးပဲ ကသိကအောက် ဖြစ်နေရှာလေသည်။

မမမြတ်ကလည်း အမေ့ကို သာမန်မျှသာ အသိအမှတ်ပြုပြီး မသိကျိုးကျွန်နေသည်။ မလိုလားသည့်အသွင်က မမမြတ် မျက်နှာမှာ အထင်းသား ပေါ်လွင်နေသည်။

အမေသည် တိတ်ဆိတ်စွာပင်ပြန်သွား၏။ မြေးကိုလည်း တဝကြီး နမ်းသွားသည်။ စုသည် အမေ့ကို ခြံဝအထိ ကလေးချီလျက်လိုက်ပို့သည်။

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

'အမေ သူ့ဆီ ဘယ်တော့သွားမှာလဲဟင်'

'အရောင်းအဝယ်ကိစ္စလေး မပြတ်သေးလို့၊ နှစ်ရက်သုံးရက်ကြာရင် သွားမယ် သမီး၊ သူ ဟိုမှာ တော်တော်နေမကောင်းဘူးလို့ သူ့ဦးလေးက စာရေးတာ၊ ငှက်ဖျားမိတယ်ဆိုလားကွယ်၊ တော်တော်ဒုက္ခပေးတဲ့ သားပဲ သမီးရယ်'

'သမီး သူ့ဆီ လိုက်ခဲ့ချင်လိုက်တာ'

စု အသံက တိုးတိတ်လှသည်။

အမေ ကြားမည် မထင်ချေ။

* * *

'ဟင်း ထင်သားပဲ၊ ဒီမိန်းမကြီးလာရင် စု ဒီလိုပဲဖြစ်မယ်ဆိုတာ၊ စုကို ဘယ်လက်လွှတ်ခံနိုင်မှာလဲ၊ ဒီလောက်တော့လဲပါးမှာပေါ့'

မမြတ်က စု ဘက်က စေတနာပါသယောင် ဆိုသော်လည်း သည်လို ရင့်ရင့်သီးသီးပြောတာတော့ စုက မခံနိုင်ပေ။

'ဒီလိုတော့ မပြောပါနဲ့ မမြတ်ရယ်၊ သူလဲ သူ့မြေးကို တစ်ခါမှ မမြင်ဘူးတော့ မြင်ချင်တာပေါ့၊ စုက ဖေဖေတို့ မကြိုက်မှာစိုးလို့ သူ့အိမ် ကိုတောင် တစ်ခါမှ မသွားခဲ့ဘူး မဟုတ်လား'

ဖေဖေက စုကို ကြည့်နေသည်။ ကြီးကြီးမေကတော့ စိုးရိမ်ပူပန်စွာဖြင့် နားထောင်နေလေသည်။ ကိုကိုစိုးက စိတ်မရှည်ဟန်ဖြင့် မျက်နှာလွှဲနေ သည်။ ကိုတိုးကတော့ လွှတ်လွှတ်လပ်လပ် အိမ်မှထွက်ခွာသွားခဲ့ပြီ။ ဗိုလ်သင်တန်းကို တက်နေပြီ။

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

ယခု အိမ်မှာ စုအတွက် ပြဿနာတက်ကြပြန်ပြီ။

ဖေဖေ၊ ကြီးကြီးမေတို့၏ သားသမီးကို ဖြေချိန်တန်လျက် ဖြေလွှတ်မပေးချင်သော စိတ်ဆန္ဒနှင့် စု၏ ကိုယ့်ဘဝ ကိုယ်ဖန်တီးချင်သော သတ္တိတို့ အားပြိုင်ကြရပြန်လေပြီ။

စုဘဝသည် သည်အသိုက်အမြုံထဲကလွတ်အောင် မပျံသန်းနိုင်သရွေ့ ပြည့်စုံခြင်းသို့ ရောက်နိုင်လိမ့်မည် မဟုတ်ဆိုတာ စု ကောင်းစွာ သဘောပေါက်ခဲ့ပြီ။ သည်အသိုက်အမြုံထဲမှာ စု မိသားစုကို ပေါင်းစည်းဖို့လည်း ကြိုးစားခဲ့ဖူးပြီ။ သို့သော် မပြတ်နိုင်သော ချည်မျှင်တွေဖြင့် လုံးထွေးရစ်ပတ်၍သာ နေခဲ့ရသည် မဟုတ်လား။ ယခုတော့ ဘာပဲဖြစ်ဖြစ် ရှင်းလိုလှပြီ။ မိမိဘဝ၏ အခက်အခဲများကြားမှ မိမိဘာသာ လူးလာကူးခတ်ပစ်ချင်သည်။

'ဖေဖေကလဲ သမီးကို သွားလည်ခွင့်ပြုခဲ့သားပဲ သမီးရယ်၊ ခုလဲ သမီးတို့ချင်း ဘာပြဿနာဖြစ်တယ်မှ မသိတာ၊ မောင်နေမင်းကို ဖေဖေတို့က ကြည်ကြည်ဖြူဖြူ နေခွင့်ပြုခဲ့သားပဲ'

'ဟုတ်တော့ ဟုတ်ပါတယ် ဖေဖေရယ်၊ သူလဲ ဝင်ငွေမရှိဘဲ ဘယ်နေချင်မလဲ၊ ဒါကြောင့် အရောင်းအဝယ်ကလေး လုပ်ရအောင်သွားရင်း ဟိုမှာ နေမကောင်းဖြစ်နေတာ သမီးသိလျက်နဲ့ လိုက်မသွားလို့ ကောင်းပါ့မလား ဖေဖေ'

စုသည် ယခင်ကလောက်တော့ ဖေဖေ့ကို ရှက်ရွံ့မနေတော့ပေ။ စုကို ဖေဖေတို့ကသာ ကလေးဟု ထင်မှတ်ဆဲဖြစ်သော်လည်း ဘဝအရတော့ စုသည် ကြီးရင့်ခဲ့ရပြီ မဟုတ်ပါလား။

'ဒါတော့ ဘယ်ဖြစ်မလဲစု၊ ဟိုမှာ သူက အလုပ်အကိုင် ဟန်ကျနေတယ်လို့ ပြောတာမှ မဟုတ်တာ၊ ကလေးတစ်ဖက်နဲ့ သူများရပ်ရွာမှ

BURMESE CLASSIC .com

www.burmeseclassic.com

ဘယ်လိုလုပ်နေမလဲ၊ ကြီးကြီးမေတို့က လက်လွှတ်စပယ် လွှတ်လိုက်နိုင်မှာ မလားကွယ်၊ စဉ်းစားစမ်းပါဦး၊ ကလေးအတွက်ကလဲရှိသေးတယ်'

သူတို့နှင့် စကားအရ အနိုင်ယူနေ၍ မဖြစ်တော့သည်ကို စု သဘောပေါက်သည်။

'ဘာပဲဖြစ်ဖြစ် စု ခဏဖြစ်ဖြစ် လိုက်သွားမှ ဖြစ်မယ်'

စုက ပြတ်ပြတ်သားသားပင် ပြောလိုက်သည်။ လင်သား တစ်ယောက် နေမကောင်းဖြစ်နေသည်ကို သိပါလျက် မသိကျိုးကျွန် ပြုမနေသင့်ဟု စုက ယူဆသည်။

'သူသွားချင်သွားစမ်းပါစေ ဖေဖေရာ၊ ဖေဖေတို့ကလဲနေရာတကာ လိုက်ပူနေတာကိုး၊ သူလဲ သူ့အိမ်ထောင်နဲ့သူ နေချင်မှာပေါ့၊ ဖေဖေတို့က ကိုယ့်သားသမီး ချစ်တာပဲသိတယ်၊ သူတို့မှာလဲ သူတို့ခံစားချက်နဲ့သူတို့ ရှိဦးမယ်ဆိုတာ မတွေးတော့ဘူး'

ကိုကိုစိုးက မနေသာဟန်ဖြင့် ဝင်ပြောလေသည်။

'အို ကိုစိုးကလဲ၊ ယောကျ်ားလုပ်တဲ့သူက အားကိုးလောက်ရင်တော့ ဘယ်သူက တားမလဲ၊ ခုဟာက'

ကိုကိုစိုးက မမြွတ်ကို မျက်နှာထားဖြင့်ကြည့်သည်။

'ဒီကိစ္စနဲ့ပတ်သက်ရင် မင်းကို ဝင်ဝင်မပြောပါနဲ့လို့ ငါ ဘယ်နှစ်ခါ ပြောရမလဲ မြွတ်'

ကိုကိုစိုးက မမြွတ်ကို အော်သည်။

'ကဲပါ ကိုကိုစိုးရယ်၊ စု အတွက်နဲ့တော့ ရန်မဖြစ်ကြပါနဲ့၊ မမြွတ်ကိုလဲ စု တောင်းပန်ပါတယ်၊ စုအတွက် အားလုံးလဲစိတ်ဆင်းရဲကြရတယ်၊ စုကို ခွင့်လွှတ်ကြပါ၊ စုအတွက် ဘာကိုမှ မပူပန်ကြပါနဲ့တော့၊ စုဘဝကို စု ဘာသာ ဖန်တီးပါရစေတော့'

www.burmeseclassic.com

စုသည် သားကို ရင်ခွင်မှာပိုက်ကာ အားလုံးဂ
တောင်းပန်လိုက်၏။

‘ကဲ မရွှေစု၊ ညည်းယောကျ်ားဆီ ညည်းလိုက်ချင်လိုက်သွား၊ ကလေးကိုထားခဲ့၊ ကလေး ဒုက္ခရောက်နေမယ်၊ ကလေးပါရင် ညည်းလဲ ကသီမယ်’

နောက်ဆုံးတော့ ကြီးကြီးမေက ယတိပြတ်ပြောသည်။

ဘယ်နည်းနှင့်ပဲဖြစ်ဖြစ် စုသည် သည်တစ်ခါ အပြီးအပိုင် ရှန်းထွက် တော့မည်ဟု ဆုံးဖြတ်ချက် ချမှတ်လိုက်လေသည်။

www.burmeseclassic.com

BURMESE CLASSIC .com

# ၁၀

စုတို့ဘဝဟာ အစကတည်းက မှားခဲ့တာ မှန်ပါတယ်မောင်ရယ်။

နောက်ပိုင်းမှာ စုလည်း သတ္တိနည်းခဲ့သလို မောင်လည်း ပျော့ညံ့ ခဲ့တယ်ဆိုတာ ဝန်ခံရမယ်။ မောင်သာ အိမ်ထောင်တစ်ခုကို တာဝန်သိသိနဲ့ လေးလေးနက်နက် စဉ်းစားမယ်ဆိုရင် စုတို့ဘဝဟာ သည်လို မကြာခဏ ပြိုကွဲနေမယ် မထင်ပါဘူး။

ဘာပဲပြောပြော စုတို့အတွက် အချိန်တွေအများကြီးရှိပါသေးတယ်။ စုတို့အသက်တွေလည်း ငယ်ရွယ်ပါသေးတယ်။ စုတို့ ဘာမဆို လုပ်လို့ရ သေးတယ်။ သည်အကြောင်းတွေကို မောင် နားလည် သဘောပေါက်အောင် ပြောပြချင်တယ်။ မောင် စုကို ချစ်တယ်လို့ စု ယုံတယ်။ အချစ်ရှိတဲ့ စုတို့ရဲ့ အိမ်ထောင်ဟာ တော်ရုံနဲ့တော့ မပြိုကွဲနိုင်ပါဘူး။ စုလည်း သားသမီးကို ဆင်းရဲမှာစိုးတဲ့ ဖေဖေတို့ရဲ့အရိပ်အောက်ကထွက်ခဲ့မယ်။ မောင်လဲအိမ်ထောင် တစ်ခုကို ယောကျ်ားပီပီ ဦးဆောင်မယ်ဆိုရင် စုတို့ဘဝဟာ ပြန်ပြီး သာယာလာနိုင်ပါသေးတယ်၊ အသစ်က ပြန်စကြရအောင် မောင်ရယ်။

အမေက မော်လမြိုင်ကို သွားနှင့်ပြီ။

BURMESE CLASSIC .com
www.burmeseclassic.com

BURMESE CLASSIC .com

စု တစ်ယောက်တည်း မောင့်နောက်ကို လိုက်လာခဲ့ရပြန်၏၊ မရေရာလှသော စုတို့၏ ဘဝကို တည်ငြိမ်စေချင်လှပြီ။ သည်တစ်ခါ မောင်နှင့် ဆိုးတူကောင်းဖက် လိုက်နေခြင်းဖြင့် စုအပေါ် မောင်က နားလည်ကာ ညှာတာလာလိမ့်မည်ဟု စု ထင်သည်။

မြစ်ချောင်း အင်းအိုင်တွေ တရိပ်ရိပ်ကျန်ခဲ့သည်။ ဘဝ၏ အလှည့်အပြောင်းလေးများကိုတွေးကာ စိတ်ထဲမှာ စာတွေ စီနေမိသည်။ လူ့ဘဝကြီးသည် ထင်သလောက် သာယာကြည်နူးစရာ မကောင်းသလို နေချင်စရာ မကောင်းလောက်အောင်လည်း အကျည်းတန်နေသည် မဟုတ်သေး။ ရောက်ရာနေရာမှနေ၍ ဖွဲ့ရှိရှိနှင့် ကျော်လွှားနိုင်ဖို့သာ အရေးကြီးသည်။

ကလေးတွေ၊ သက်ကြီးရွယ်အိုတွေ၊ အရွယ်ကောင်းသည့်ယောကျ်ားတွေ၊ လှပနုနယ်သည့် မိန်းကလေးတွေ အားလုံးပဲ ဘဝကို ကျရာနေရာမှ ရုန်းကန်နေကြသည်။ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်ရှိလျှင် သည်အကြောင်းတွေကို ဝတ္ထုရှည်တစ်ပုဒ် ရေးချင်သေးသည်။ မောင်နှင့်အတူတူနေရင်း ရွယ်တူလူငယ်တွေရဲ့ ဘဝထဲကို တိုးဝင်ကြည့်ဦးမည်။ ထိုအခါ စုရဲ့ စာတွေလည်း ဆယ်ကျော်သက်ကလို နူးညံ့၍မနေဘဲ တစ်နည်းတစ်ဖုံ ရင့်ကျက်နေနိုင်လိမ့်မည် ထင်သည်။

အေးအေးဆေးဆေးတွေ့မှ သည်အကြောင်းတွေကို မောင့်ကို ပြောပြရဦးမည်။

* * *

အမေသည် စုကို မုတ္တမဘူတာမှာ လာကြိုနေ၏။ အမေသွားမည့်ရက်ကမှ အမေထံသို့ပြေးပြီး စု လိုက်လာမည့်အကြောင်း ပြောခိုင်းလိုက်ရသည်။

နေမင်းကိုပါ တွေ့ရလိမ့်မည်ဟု မျှော်လင့်ထားသော်လည်း မတွေ့ရ သဖြင့် ပို၍ စိတ်ပူသွားသည်။

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

'သူ တော်တော်နေမကောင်း ဖြစ်နေမလား အမေ'

'သက်သာနေပါပြီ၊ ကလေးရော မပါဘူးလား သမီး'

အမေက မေးကို မျှော်လင့်ကြီးစွာ မေးသည်။

'မပါဘူး အမေ၊ ကြီးကြီးမေက လမ်းမှာ ကလေးနဲ့ ဒုက္ခရောက်နေမှာ စိုးလို့တဲ့'

အမေ မျက်နှာမကောင်းလှ။

'အေးလေ ဟုတ်တာပေါ့၊ ငါ့သမီးလဲ ဒုက္ခကြီးလှပါတယ်'

စုက စိတ်လေးလေးဖြင့်ပင် အမေ့နောက်က လိုက်ခဲ့ရလေသည်။

မော်လမြိုင်မြို့၏ မြစ်ကမ်းကို မျက်နှာပြုထားသော အိမ်ခန်းလေး တစ်ခန်းမှာ နေမင်းကို တွေ့ရသည်။ နေမင်းသည် စု လာမည်ကို သိပြီး သား။ သို့သော် သူ့ မျက်နှာက တည်ငြိမ်နေသည်။ သူတို့နှစ်ယောက်သည် တစ်ယောက်က ပြေးလိုက်၊ တစ်ယောက်က လိုက်လိုက်နှင့် အမြဲတမ်း တစ်ယောက်ကိုတစ်ယောက် စိန်ခေါ်နေကြလေသလား။ သူတို့ရင်ထဲမှာ ရုံဖန်ရံခါ အမုန်းသည် ပေါက်ဖွားတတ်ချေ၏။

'ကလေးရော စု'

နေမင်းက အေးစက်စွာမေးသည်။

'မောင် နေမကောင်းဘူးဆိုလို့ စု ကမန်းကတန်းလာခဲ့ရတာ မောင်၊ ကလေးကို စိတ်မချလို့ ဖေဖေတို့က မထည့်လိုက်ဘူး'

နေမင်း၏ ရုပ်သည် များစွာ ကျဆင်းနေ၏။ မျက်လုံးများသည် လည်း နီကြန်နေသည်။ သူတစ်ယောက်တည်း မည်သည့်အခြေရှိခဲ့သည်ကို စု ချက်ချင်းသိလိုက်၏။ ချက်ချင်းပင် စောစောက အားတင်းထားသည့် စိတ်တွေ လွင့်ပျောက်ကုန်သည်။

'ဘာလို့ စိတ်မချရမှာလဲ စု၊ မောင်က ကလေးအဖေပဲ'

BURMESE CLASSIC .com

BURMESE CLASSIC .com

နေမင်းက သားကို တွေ့ချင်သည်ကို စုက နားလည်သည်။ သို့သော် နေမင်း၏ အတွေးများမှာ ရောစွက်နေသော သံသယက စုကို နာကျည်းစေသည်။

'လမ်းမှာ စိတ်မချလို့ မထည့်လိုက်တာပါ မောင်၊ မောင် နေကောင်းရင် ရန်ကုန်ပြန်မှာပဲ မဟုတ်လား၊ စု လာခဲ့တာ အမောဖြေပါရစေဦး'

နေမင်း ဘာမှ မပြောတော့။ စု မျက်နှာကို သေသေချာချာကြည့်သည်။ စု၏ မျက်နှာသည် နွမ်းနယ်ခြင်းကြောင့် ဖျော့တော့နေ၏။ သို့သော် ယခင်ကလို အားငယ်သည့် အသွင်သဏ္ဌာန်ကို မမြင်ရတော့။

'စု၊ မင်း မောင့်ဆီကို ခဏလာတာလား ဟင်'

'စု မောင်နဲ့ အတူတူနေဖို့ လာခဲ့တာပဲ၊ စု ဘယ်လောက်ကြာကြာ အတူတူနေနိုင်မယ်ဆိုတာ မောင့်အပေါ်မှာပဲ တည်ပါတယ်၊ မောင် ခု အရက်တွေ ပိုသောက်နေလား'

နေမင်းက မချိပြုံး ပြုံးသည်။

'စု မင်းကို မောင် နှိပ်စက်ခဲ့ပေါင်းများပြီ၊ ဒီအတွက် ခွင့်လွှတ်ပါ၊ ဒီတစ်ခါလဲစု မောင့်နားမှာ ကြာကြာ မနေနိုင်ဘူးဆိုတာ မောင်သိတယ်'

စု ဆုံးဖြတ်ခဲ့သမျှတွေကို ပြောပြချင်သော်လည်း ပြောမထွက်နိုင်သေး။

နေမင်းသည် စု ရောက်လာပြီးချိန်မှစ၍ ယခုမှပင် ပထမဆုံး စုကို ကြင်ကြင်နာနာကြည့်ကာ စု လက်များကို ဆုပ်ကိုင်လိုက်လေသည်။

နေမင်း၏ လက်များ အေးစက်လျက်ရှိသည်။

* * *

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

'အမေ ပြန်မယ် သမီး၊ သမီးတို့ ဒီမှာ အဆင်မပြေရင် ရန်ကုန်ကို ပြန်လာခဲ့ကြပါ၊ အမေတစ်ယောက်တည်းရှိတာပဲကွယ်၊ မင်းတို့ အမေနဲ့ ဆိုးတူကောင်းဖက် နေနိုင်ပါတယ်၊ ခုဆို အမေ့ အရောင်းအဝယ်လဲ မဆိုးတော့ဘူး၊ စုလဲ အိမ်မှာနေရင်း အမေ့ကို ကူနိုင်တာပဲ၊ ဒီမှာနေရင် နေမင်း ပိုပျက်စီးမယ်'

အမေက စုကို တိုးတိုးမှာသည်။

နေမင်းက လွယ်လွယ်နှင့် အဆင်ပြေမည် ထင်သော်လည်း သူ ထင်သလို ပိုက်ဆံကရှာ၍ လွယ်သည် မဟုတ်။ ငွေပင်ငွေရင်းများများနှင့် လုပ်ကိုင်သူတွေကိုကြည့်ကာ ကိုယ်တိုင် တစ်နေ့ ကြီးပွားနိုးနှင့် လုပ်ကိုင်သည်မှာ ဘာမျှ အဓိပ္ပာယ်မရှိလှ။

သူတစ်ပါး၏ လက်ဆော်ဆာဝမှာ လုပ်ကိုင်ရင်း တစ်နေ့ထက်တစ်နေ့ မိမိကိုယ်သာ ပျက်စီးနေသည်ကို စုက မြင်သည်။

နေမင်းက အရက်ကိုသာမက ဆေးကိုပါ စွဲချင်နေပြီ။ သည် အကြောင်းကို စု ရိပ်မိတော့ ယူကျုံးမရဖြစ်ကာ ငိုကြွေးပစ်လိုက်မိလေ သည်။ စု မျှော်လင့်ခဲ့သော ရည်မှန်းချက် အဆောက်အအုံကြီးလည်း တစ်စစီ ပြိုကွဲသွားသည်။ သည်အကြောင်းကို အမေကကလည်း ရိပ်မိ သည်။ နေမင်းကို ချော့မော့ပြီး ရန်ကုန်ပြန်ပါအောင် ခေါ်ခဲ့ရန် အထပ်ထပ် မှာသည်။

'အမေရယ်၊ သူ့ကို သမီး ပါအောင် ခေါ်လို့ ရပါ့မလား'

'သူ့ တစ်ယောက်တည်း ပစ်ထားရင် ပိုဆိုးသွားလိမ့်မယ် သမီး ရယ်၊ အလိမ္မာသုံးပြီး ခေါ်ခဲ့ပါ၊ ဟိုမှာ စားဝတ်နေရေး အားလုံး အဆင် ပြေအောင် အမေ စီစဉ်ထားပါ့မယ်'

စု နေရစ်ရသော်လည်း အားက မရှိ။

BURMESE CLASSIC .com
www.burmeseclassic.com

BURMESE CLASSIC .com

နေမင်းက စီးပွားရေးကို အကြောင်းပြကာ အိမ်မကပ်သည်မှာ များလေသည်။ ရန်ကုန်မှာ ထက်စာလျှင်တော့ စု လက်ထဲမှာ ငွေမြင်ရသည်။ သို့သော် နေမင်းကိုကြည့်ပြီး စိတ်ဆင်းရဲရပြန်သည်။

'ဒီမှာ သူများအိမ်မှာနေရတာလဲ အားနာတယ်မောင်ရယ်၊ ရန်ကုန်ပြန်ကြရအောင် အရောင်းအဝယ်လုပ်တာချင်းတူတူ ရန်ကုန်မှာလဲ လုပ်စားလို့ရပါတယ်၊ အမေကလဲပြန်လာခဲ့ဖို့ မှာသွားတယ်'

'ရန်ကုန်မှာ သုံးဖို့သာ လွယ်တယ်၊ ရှာဖို့ မလွယ်ဘူး စု'

'ဒီမှာလဲဘာထူးလဲမောင်ရယ်၊ မောင်ရှာသလောက် သုံးကြရတာ မဟုတ်ပါဘူး၊ ပြီးတော့ မောင် ဘယ်လောက်အထိ ပျက်စီးနေပြီဆိုတာ စု သိပါတယ်'

စုက ဟန်မဆောင်နိုင်တော့ဘဲပြောချလိုက်သည်။

နေမင်းသည် စုကို တွေ၍ ကြည့်နေသည်။ နေမင်းမှာ အင်အားချည့်နဲ့၍လည်းနေပြီ။ ကြည့်ရှုနင့်လည်း သိနိုင်လောက်သည်။

'လောကမှာ ကိုယ်မျှော်မှန်းတိုင်းလည်း ဖြစ်တာမှ မဟုတ်တာ၊ ဘာလုပ်ရမှာလဲ စု၊ ကိုယ်ပျော်သလိုပဲနေမယ်၊ စုအတွက် ကိုယ်ပိုက်ဆံရှာပေးမယ်၊ ဒါဆိုရင် ပြီးရောမဟုတ်လား'

'မောင် မှားနေပြီ'

နေမင်းမှာ အချို့သော လူငယ်များလို အဆင်မပြေသည့် လောကကြီးကို အပြစ်ပုံချပြီး တစ်ကိုယ်တည်း လွတ်လမ်းကို ရှာနေပြီဆိုတာ စု နားလည်သည်။ သည်အဖြေသည် လူ့ဘဝတွင် လိုအပ်သောအဖြေမဟုတ်ဘဲ မိမိဘဝကို နစ်သထက် နစ်စေသည့် လမ်းကြောင်းဆိုတာ နေမင်း နားလည်အောင် စု ရှင်းပြချင်သေးသည်။ သို့သော် နေမင်းက စု စကား စလျှင် စုနှင့် ဝေးရာသို့ ရှောင်နေလေသည်။

BURMESE CLASSIC .com

BURMESE CLASSIC .com

စု ထင်ထားခဲ့သော ဘဝကို ပြန်လည်စတင်ရေးသ… မျှော်လင့်သည် ထက်ပင် ဝေးနေပြန်သည်။

*   *   *

'စုရယ် ညည်းကိုကြည့်ရတာ ငါ သနားလှတယ်၊ သူလဲ ငါ့တူပါပဲအေ၊ ဒါပေမဲ့ ညည်းလို မိဘ အခြေကြီး အနေကြီး မိန်းကလေးတစ်ယောက်က ဒီလောက် ဒုက္ခခံပြီး အတူပေါင်းနေတာများ ငါ အံ့တယ်'

နေမင်း ဦးလေးမိန်းမ အဒေါ်လှက မကြာခဏ ထုတ်ဖော်ညည်းညူသည်။

'ကျွန်မလဲ သူ့ကို ရန်ကုန်ပြန်လိုက်ဖို့ ပြောနေတာပဲ အဒေါ်ရယ်၊ သူက ဒီကကို မခွာချင်ဘူးဖြစ်နေတယ်'

'သူကတော့ ဘယ်ခွာချင်မလဲအေ၊ ဒီမှာက ပိုက်ဆံကို လွယ်လွယ်ရှာ လွယ်လွယ်သုံးနေကြတာ မဟုတ်လား၊ တော်ကြာ မြိတ် သွားလိုက်၊ ကော့သောင်သွားလိုက်နဲ့ ညည်းလဲတစ်ယောက်တည်းနေရတာများတာပဲ၊ ဟိုမှာ ကိုယ့်သားလေးလဲရှိဆို၊ အဒေါ်က မနေစေချင်လို့ ပြောတာမဟုတ်ဘူးနော်'

'ကျွန်မ နားလည်ပါတယ် အဒေါ်ရယ်'

မော်လမြိုင်မှာ အနေကြာလာသည့်တိုင် အခြေအနေက တိုးတက်ခြင်း မရှိသည်မှာအမှန်ပင်။ ဦးလေး၏ အခန်းကျဉ်းလေးထဲဝယ် ဦးလေးတို့မိသားစုနှင့် ကပ်နေရသည်။ နှစ်ယောက်စာ တစ်အိုးခွဲစားသော်လည်း အိုးခွက်ပန်းကန်ဝယ်ပြီး ထားစရာမရှိသဖြင့် အရောရော အနှောနှောပင် ဖြစ်ရသည်။ တစ်အိုးတစ်အိမ် သီးခြားနေဖို့ကြတော့လည်း မတတ်နိုင်…

BURMESE CLASSIC .com

www.burmeseclassic.com

ပြန်။ နေမင်းက ရှာကြံပေးသောငွေမှာ စားစရိတ်ကြီးမှုကြောင့် မစုမိနိုင်သေးဘဲ ရှိလေသည်။ နေမင်းက အချိုကြီးကို မျှော်လင့်စောင့်စားနေသော်လည်း ဘယ်သောအခါမှ ရနိုင်မည်မသိ။ ငွေရှင်ကြေးရှင်တို့၏ အခိုင်းခံဘဝမှ မည်သို့လျှင် သူဌေးဖြစ်ကြ၍ ရပါမည်နည်း။

အဆိုးဆုံးကတော့ နေမင်း ကိုယ်တိုင် ပျက်စီးရခြင်းပင်။ နေမင်းသည် သူတစ်ကိုယ်တည်း လွတ်မြောက်မှုကိုရှာရင်း သူ့ဘဝကိုလည်း သူ ဖျက်ဆီးနေ၏။ စု ဘဝကိုလည်း ဖျက်ဆီးနေ၏။

စုက နေမင်းကို ဖျောင်းဖျနိုင်မည့်နေ့ကို စောင့်ဆဲ စု အခြေအနေကသာ ပြောင်းလဲလာသည်။

'နေလို့ထိုင်လို့လဲ မကောင်းဘူး အဒေါ်ရယ်၊ ဘာမှလဲစားလို့မရဘူး'

နေမင်းက ခရီးထွက်နေပြန်တော့ စုက အဒေါ်ကိုပင် တိုးတိုးတိုင်ပင်ရသည်။ စုဘဝမှာ မိန်းမသားတစ်ဦးကတော့ အနားမှာ အမြဲရှိနေသည့်အတွက် ကျေးဇူးတင်ရလေသည်။

'ညည်းဟာက ရီးမှ ရီးရဲ့လားအေ'

'ရက်လွန်တာတော့ တစ်လလောက်ရှိပြီ အဒေါ်ရေ'

'ဒါဆိုရင်တော့ ညည်းကလေးရှိနေတာ သေချာပါပြီအေ'

'ဒုက္ခပါပဲအဒေါ်ရယ်၊ ကျွန်မ ကလေးနဲ့ဆိုရင်တော့ ဒီမှာနေလို့မဖြစ်ဘူး'

'ဒါကြောင့် ပြောတာပေါ့အေ၊ ကိုယ့်မိဘအရိပ်လောက်တော့ ဘယ်နေရာမှ မအေးချမ်းပါဘူး၊ ငါ့လဲ သမီးတစ်ယောက်ရှိပါတယ်၊ ခုသံဖြူဇရပ်မှာလေ၊ မအေနဲ့ ဒိုးတူပေါင်ဖက်လုပ်စားပါဆိုတာ မနေနိုင်ဘူး၊ ယောကျ်ားယူသွားတယ်၊ ဟော ခုတော့ ကောင်မ သူ့ယောကျ်ားခိုင်းစားလို့ ဖားနေတာပဲ၊ အဲဒီဘဝမှာပဲ ပျော်နေလေရဲ့အေ'

www.burmeseclassic.com

BURMESE CLASSIC .com

အဒေါ်သည် မွန်သွေးစပ်ပြီး ရိုးလည်း ရိုးသား၏။ ပွင့်လည်း ပွင့် လင်းသည်။ သူကိုယ်တိုင်ကလည်း ဦးလေးကိုချစ်ပြီး အရိပ်ကြည့်နေသူ ဖြစ်လေသည်။

'အဒေါ်က သူများသာပြောတယ်၊ အဒေါ်လဲ ဦးလေးကျတော့ ဆွေပစ်မျိုးပစ်နဲ့ယူလာပြီး ဖူးဖူးမှုတ်ထားတာပဲမဟုတ်လား'

အဒေါ်သည် ဆေးပေါ့လိပ်ဖွာနေရာမှ တံတွေးသီးအောင် ရယ်လေသည်။

'ဟုတ်တယ်အေ၊ ငါက နဂိုကတည်းက လက်လုပ်လက်စားသမား၊ သူ့ကို ဘာမှ တာဝန်မပေးချင်ဘူး၊ သူ့လခနဲ့ ဘာလောက်မှာလဲအေ'

ဦးလေးသည် လခစားတစ်ယောက်မို့ သူများတကာတွေလို အရောင်းအဝယ် မလုပ်ပေ။ အဒေါ်က ဦးလေးမသိအောင် သူ့ဘာသာ ကုန်ကူးသည်။ ဦးလေးသိလျှင် သူ့အလုပ်ရာထူး ဂုဏ်သိက္ခာကျဆင်းမည် စိုးသောကြောင့်ဟု ဆိုသည်။

'အဒေါ်ကလဲကိုယ့်ယောက်ျားကို ချစ်ရင် ချစ်တယ်လို့ ပြောပါနော်၊

'ဒါပေါ့ ချစ်ရတာပေါ့၊ ညည်းကိုလဲ မချစ်နဲ့လို့ မပြောပါဘူး၊ ချစ်ရပါတယ်၊ ဒါပေမဲ့ မောင်နေမင်းက ပေလွန်း တေလွန်းလို့အေ၊ ညည်းကို သနားလို့ပါ'

လူဆိုသည်ကား ကိုယ်ခံစားဖူးမှ ကိုယ်သိခြင်းမှာ ဓမ္မတာတည်း။

နေမင်းကို လူဆိုးလူတေလေးဟု လူတကာက သတ်မှတ်ခဲ့သည်ပင်။ ဒါကို စု မသိခဲ့၍ မဟုတ်ပါပဲ။ သူ့ကို ချစ်မိခြင်း၊ သို့မဟုတ် သနား ကရုဏာ သက်မိခြင်းကပင် စုကို မမျှော်လင့်သော ဘဝအပြောင်းအလဲကို ဖန်တီးစေခဲ့ခြင်း မဟုတ်လား။

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

နေမင်းကို သူ၏ နူးညံ့သော မေတ္တာဖြင့် ပြုပြင်၍ရမည်ဟု ထင်ခဲ့သည်ကတော့ စု၏ အမှားသာ ဖြစ်၏။ သည်အမှား၏ဒဏ်ကို မည်မျှ ခံရဦးမည်မသိ။

'ကျွန်မကတော့ ဗိုက်ထဲက ကိုယ်ဝန်ကို အကြောင်းပြပြီး သူ့ကို ရန်ကုန်ပြန်ခေါ်ရမှာပဲ အဒေါ်ရယ်'

'ညည်းမလဲ ဒုက္ခများလှတဲ့အထဲ ကလေးက ထပ်မွေးရဦးမယ်၊ နုနုလေး ရှိသေးတာ ဆေးစားပစ်ပါလား'

'အို အဒေါ်ရယ်'

စုသည် တုန်တုန်ယင်ယင်ဖြင့် အော်လိုက်မိလေသည်။ စုမှာ သည်အခြေအနေမျိုး ထပ်ကြုံရသည့်အတွက် စိတ်ပျက်မိသည်ကတော့ အမှန်ပင်။ သို့သော် စုသည် သူ့ရင်ထဲ အသွေးအသားထဲရောက်လာသော သန္ဓေသားကို ဖျောက်ဖျက်ဖို့မဆိုထားနှင့် တိမ်းပါးသွားမှာကိုပင် စိုးလှသည်။ တစ်လောကလုံးရဲ့အခက်အခဲတွေကို တစ်ယောက်တည်း ရင်ဆိုင်ရပါစေဦးတော့ အသွေးအသားကိုတော့ ဖျက်ဆီးဖို့ စိတ်ကူးထဲပင် မထည့်မိ။

'ငါက ညည်းသနားလို့ ပြောမိတာပါအေ၊ လကလဲနုသေးတယ် ဆိုတော့ အေးလေ ဒါ ထားလိုက်ပါ၊ ညည်းယောကျ်ားနဲ့တော့ ဒီမှာ တာရှည်နေဖို့ စိတ်မကူးနဲ့၊ ခုတောင် သူ့ဦးလေးက ကြည့်လို့မရတော့ဘူး၊ ငါက ကောင်မလေးသနားပါတယ် မပြောပါနဲ့လို့ ပြောထားရတယ်'

'ဟုတ်ကဲ့၊ ကျွန်မ နားလည်ပါတယ် အဒေါ်ရယ်'

စုမှာတော့ မထွေးနိုင် မအန်နိုင် ဖြစ်ရပြန်သည်။

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

ကိုယ့်ဘဝကိုယ် ဖန်တီးတော့မည်ဟု ကြွေးကြော်ပြီး ထွက်လာသည်မှာ နှစ်ကြိမ်ပင် ရှိခဲ့ပါပကော။ သည်ပုံ သည်နည်းဖြင့် အိမ်ကိုတော့ မပြန်ချင်တော့။

တစ်ခုပဲရှိသည်။ နေမင်းကိုအပါခေါ်ပြီး အမေ့ဆီ ပြန်ရပေမည်။

* * *

ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ ဆိုသော စကားသည် စုအတွက် ရိုးလွန်းနေမည်လား မသိ။ နူရာဝဲစွဲ လဲရာသူခိုးထောင်းဟုသာ ခပ်ရိုင်းရိုင်းနှိုင်းလိုက်ချင်တော့သည်။

'မောင်'

'စု ပြောလေ'

နေမင်း၏ မျက်လုံးများသည် ရီဝေမှေးစင်းနေကြ၏။ စုကို ကြည့်သော မျက်လုံးများသည်ပင် အားပျော့လျက်ရှိပြီ။ စုသည် အသံမထွက်အောင် ရင်ထဲမှာ ရှိုက်ငိုနေမိသည်။

'ညနေက ဆရာဝန်ဆီသွားတယ် မောင်၊ စု ထင်တော့ထင်သား'

'ဘာလဲ စု၊ စုမှာ ကိုယ်ဝန်ရှိနေပြီလို့ ပြောလိုက်တယ် မဟုတ်လား၊ ဒါ ဆန်းလား စုရာ'

'မဟုတ်ဘူး မောင်၊ ကိုယ်ဝန်က သုံးလထဲတောင်ရောက်နေပါပြီ၊ စု နေမကောင်းလို့သွားပြတာ အသည်းရောင်နေတယ်တဲ့၊ စု မျက်လုံးတွေလဲ ဝါနေတယ်ဆို၊ မောင် သတိမထားမိဘူးလား'

'ဟင် ဟုတ်လား ပြစမ်း စု၊ အို ဟုတ်တာပေါ့၊ ဆရာဝန်က ဘာဆေးပေးလိုက်သလဲ စု'

BURMESE CLASSIC .com
www.burmeseclassic.com

BURMESE CLASSIC .com

နေမင်းသည် စု မျက်နှာကို ခုမှပင် သေသေချာချာ ကြည့်တော့သည်။ ခါတိုင်းနေ့တွေမှာ သူ့မှာ ကြည့်ဖို့လည်း အချိန်မရ။ အရောင်းအဝယ်အတွက် ပြေးလွှားနေရသည်။ ကျန်သည့်အချိန်မှာလည်း သူ့ကိုယ်ပိုင် စိတ်ချမ်းသာရာမှာ မွေ့လျော်နေတတ်သည်။

'ဆေးတော့ပေးလိုက်ပါတယ်၊ အကောင်းဆုံးက အနားယူရမယ်တဲ့'

'ဟုတ်တာပေါ့၊ စု ကောင်းကောင်း အနားယူလေ၊ မောင်လဲ အပြင်မထွက်တော့ဘူး'

နေမင်းဆီက ထိုသို့သော အချစ်ကလေးတွေဖြင့် စု အမြဲနှစ်သိမ့်နေခဲ့ ရသည်။

'စုလေ ရင်ထဲမှာ နေလို့မကောင်းတာလဲ ကြာပြီမောင်ရယ်၊ စု ရန်ကုန်ကို သိပ်ပြန်ချင်တယ်၊ ပြန်ကြရအောင် မောင်ရယ်၊ ကိုယ်က လူမမာကြီးဖြစ်နေတော့ သူများအိမ်မှာနေရတာ ပိုပြီးအားနာတယ်'

စု အိပ်ရာထဲမှာ ခွေခွေနေခဲ့တာလည်းကြာပြီ။ ယနေ့မှ အဒေါ်က ဟဲ့ စု ညည်းလဲ ဒါလောက်ဖြစ်နေတာ ဆရာဝန်လေး ဘာလေး ပြပါဦးလားဟဲ့ ဆို၍သာ ပြခြင်းဖြစ်သည်။

'စုကလဲကွာ ရန်ကုန်ပြန်ဖို့ချည်း ပြောနေတာပဲ၊ စိတ်ကြောင့်လဲ ဖြစ်နေပါ့မယ်၊ ဒီမှာ ဘယ်လောက်ကောင်းလဲကွာ၊ ငွေရှာရတာလဲ အဆင်ပြေတယ်၊ တစ်ခါလောက် အဆင်ပြေရင် အိမ်လေးဘာလေးနဲ့ နေရမှာပါကွာ'

'အဲဒီတစ်ခါမရောက်ခင် မောင် ဘယ်လောက်ပျက်စီးနေပြီဆိုတာလဲ ပြောပါဦး'

'စုကလဲကွာ ယောကျာ်းပဲ ဒါလောက်တော့ ရှိတာပေါ့၊ ရန်ကုန်မှာ နေလဲ မောင် ဒီလိုပဲနေတာပဲ'

BURMESE CLASSIC .com
www.burmeseclassic.com

'သူများရပ်ရွာမှာ သိပ်အားငယ်တယ်မောင်ရယ်၊ ခု နေမကောင်းတော့ ပိုဆိုးတယ်၊ မောမောနေတာလဲကြာပြီ၊ ပြန်ပါရစေမောင်ရယ်၊ ပြန်ကြရအောင်ပါ'

နေမင်းမျက်နှာ နည်းနည်းမာသွားသည်။

'စုက အရေးဆိုရင် စု အဖေကိုပဲအားကိုးတာကို'

'ဖေဖေတို့ဆီပြန်မှာ မဟုတ်ပါဘူး မောင်ရယ်၊ အမေ့ဆီကို ပြန်မှာပါ၊ အမေကလဲ စုတို့ကို ပြန်လာခဲ့ဖို့ ခဏခဏ စာရေးခေါ်နေတာ မောင်အသိပဲ၊ မသွားခင်ကလဲ စုကို တယယ မှာသွားတာ'

နေမင်း သက်ပြင်းချသည်။

'စု သိပ်ဆန္ဒရှိနေရင် မောင်လိုက်ပို့ပါ့မယ်'

'ဟင့်အင်း မောင်လိုက်ပို့ရမှာ မဟုတ်ဘူး၊ မောင်ပါ လိုက်ခဲ့ရမှာ'

'အင်းပါလေ မောင်လိုက်ခဲ့ပါ့မယ်၊ ကျေနပ်ပြီလား'

'တစ်ခါတလေတော့လဲ စု ပြောတာကို လိုက်လျောဦးမှပေါ့ မောင်ရယ်'

BURMESE CLASSIC .com

## ၁၁

စု၏ အိမ်အပြန်သည်လည်း လှပသည်ဟု မဆိုနိုင်ပြန်ချေ။

စု ရောဂါက တစ်နေ့တခြား ဆိုးရွားခဲ့သည်။ အသားတွေရော မျက်လုံးတွေပါ ဝါထိန်လျက်ရှိပြီ။ လူကလည်းအင်အားနည်း၍ နေသည်။ စု၏ ခန္ဓာကိုယ်ကိုပင် အနိုင်နိုင် သယ်ကာ ရန်ကုန်သို့ပြန်လာခဲ့ရသည်။

အမေသည် စုတို့ကို ဘူတာရုံမှာ လာကြိုနေ၏။

'ဟဲ့ သမီး စု၊ အို နေမကောင်းဘူးဆိုတော့ တော်ရုံလား အောက်မေ့တယ်၊ ဘယ်လိုဖြစ်ရတာလဲသမီးရယ်၊ ဟိုမှာ ဆေး မကုဘူးလား'

အမေက စုကို ဖေးမတွဲကူရင်း ယူကျုံးမရ မေးသည်။

'အဲဒါ နေပါဦးလို့တားတာ မရဘူး အမေရာ၊ အမေ့သမီးက ရန်ကုန်ပဲ အတင်းပို့ခိုင်းနေတယ်'

စုမှာ အခြေအနေကိုပင် ရှင်းပြဖို့ အင်အားမရှိတော့။

'စု ဆေးရုံတက်ရရင် ကောင်းမယ်ထင်တယ် အမေရယ်'

'အေး ဟုတ်တယ်၊ အိမ်မှာ ခဏနားပြီးရင် ဆေးရုံသွားပြလိုက်ရင် ကောင်းမယ် သမီး'

BURMESE CLASSIC .com
www.burmeseclassic.com

BURMESE CLASSIC .com

အိမ်ရောက်တော့ တင်းထားသမျှစိတ်တွေ လျှော့ချလိုက်မိသည်။

ထိုအခါ စုလည်း ဗုန်းဗုန်းလဲတော့၏။

'သမီးအိမ်ကို သွားပြောလိုက်ရမလား ဟင်၊ တော်ကြာ အမေတို့ တာဝန် ဖြစ်နေမယ်ကွယ်'

စုမှာ အင်အားလည်း ကုန်ခမ်း၍နေသည်။

'မပြောပါနဲ့အမေ၊ သိပ်စိတ်ပူနေကြမယ်၊ ဆေးရုံကိုသာ သွားမယ် အမေ၊ ဗိုက်ထဲကလဲ အောင့်တယ်'

'ဟုတ်လား ဒီလိုဆိုတော့လဲသွားကြတာပေါ့ကွယ်၊ ကဲ သားရေ စုကို ဆေးရုံသွားပြကြရအောင်'

နေမင်းသည် စုကို ကြည့်ကာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေ လေသည်။

'နေမကောင်းရတဲ့အထဲ ခရီးကလဲ ပန်းတာကိုး စုရယ်၊ နေကောင်း အောင် ကုပြီးမှ လာမိကြရင် ကောင်းမယ်'

'စု အခြေအနေကို စု သိပါတယ် မောင်ရယ်၊ ဟိုမှာနေလို့ စု ဘယ်နည်းနဲ့မှ ရောဂါပျောက်မှာ မဟုတ်ဘူး၊ စုကို ဆေးရုံသာပို့ပေးပါ ဗိုက်ထဲက သိပ်အောင့်တယ်'

စုကို ဆေးရုံသို့ ခေါ်သွားကြရသည်။ စု၏ အခြေအနေကိုကြည့်ကာ ဆေးရုံက အတွင်းလူနာအဖြစ် လက်ခံထားလိုက်သည်။ စုကို ဆေးရုံ ခုတင်ပေါ် ရောက်သည်အထိ ပို့ဆောင်ပြီးသောအခါ နေမင်း ငိုင်နေသည်။

'မောင် စိတ်မကောင်းပါဘူး စုရယ်၊ စု ဒီအခြေအနေထိဖြစ်ရတာ မောင့်ကြောင့်ပဲ'

'မဟုတ်ပါဘူးမောင်ရယ်၊ သူဖြစ်ချင်လို့ ဖြစ်တာပါ၊ တော်ကြာ နေကောင်းသွားမှာပဲ၊ မောင် အိမ်မှာ အေးအေးဆေးဆေးနေနော်၊ မော်လမြိုင်

BURMESE CLASSIC .com

www.burmeseclassic.com

ကို ပြန်မသွားပါနဲ့ မောင်ရယ်၊ စု နေကောင်းရင် အမေနဲ့ အတူ
လုပ်ကိုင်စားလို့ ရပါတယ်’

နေမင်းသည် စုကို ယူကြုံးမရစွာ ကြည့်နေ၏။ ယခုတော့ စုကို သူသနားလည်း သနားသည်။ စုကိုလည်း သူ ချစ်သည်သာ။ နေမင်းက စုတစ်ယောက်တည်းကိုသာ ချစ်ဖူးလျက် ထိုအချစ်ကိုလည်း ရအောင်ယူခဲ့သည်။ စုသည် သူ့ကိုချစ်လွန်း၍ သူ လုပ်သမျှကို ကြည်ဖြူခဲ့သည်။ စုနှင့် သူတို့ကြားတွင် ကွာဟချက်မှာ အသိုက်အဝန်းပင်ဖြစ်၏။ စု၏ အသိုက်အဝန်းက နေမင်းကို မနှစ်မြို့နိုင်သည့်နည်းတူ သူကလည်း စုတို့ အသိုက်အဝန်းမှာ မပျော်ပိုက်နိုင်ပေ။

သူ၏ လေလေလွင့်လွင့်နေချင်သော အကျင့်တွေက စုကို နှိပ်စက်ခဲ့ ခြင်းသာ တကား။

‘စု မင်း နေကောင်းအောင်သာနေပါ၊ မောင့်အတွက် မပူနဲ့’

နေမင်းသည် ရွှန်းရွှန်းစားစားကြည့်၍ ပြောသည်။ စုက ပါးချိုင့်ပေါ်အောင် ပြုံးပြသေး၏။

‘မောင်သာ ကောင်းကောင်းမွန်မွန် နေမယ်ဆိုရင် စု ဘာမဆို ရင်ဆိုင်ရဲတယ်၊ မောင် အရက်နည်းနည်းပါးပါးသောက်တာလဲ စု ဘာမှ မပြောခဲ့ပါဘူး၊ ဒါပေမဲ့ မောင် အချိန်မရှိ အချိန်ရှိ သောက်နေတာမျိုး ပြီးတော့’

‘စုရယ် ကိုယ့်ကိုယ်ကိုသာ မြန်မြန်နေကောင်းအောင်လုပ်ပါကွာ၊ မောင် ဘာမှ မလုပ်ဘူး၊ ကတိပေးပါတယ်’

‘တကယ်လား ဟင်၊ ဝမ်းသာလိုက်တာ မောင်ရယ်၊ စု ဆေးရုံက ဆင်းရင် သားကိုခေါ်ပြီး အမေ့အိမ်မှာ အတူတူနေကြမယ်နော်

www.burmeseclassic.com

နေမင်းက ခေါင်းညိတ်ပြကာ စု လက်ကလေးကို ဆုပ်ကိုင်ရ
နမ်းလိုက်သည်။

စု၏ အပြုံးသည် ပို၍ တောက်ပလာလေသည်။

*　　　*　　　*

'ဒီလူနာ ဒပ်ဖရင် ပြောင်းရမယ်၊ မြန်မြန် လုပ်ကြ'

စု ရောဂါကတစ်ခုမပျောက်ခင် နောက်တစ်ခု ဆင့်၍လာခဲ့သည်။ ညကစ၍ သွေးတွေဆင်းနေခဲ့သည်။ ဆရာမတွေ ရုတ်ရုတ်သဲသဲ အရေးတကြီး ရွှေ့ပြောင်းဖို့ စီစဉ်နေကြသည်။ စု သိလိုက်ပါပြီ။ ဝမ်းဗိုက်ထဲမှသားကို ပစ်လိုက်ရပြီ။

အရေးပေါ် လူနာတင်ကားပေါ်မှာ စု သတိရတစ်ချက် မရတစ်ချက် ဖြင့် ပါသွားသည်။ မောင်ဘယ်မှာလဲ။ မောင်လဲသိမှာမဟုတ်၊ အမေလည်း သိမှာ မဟုတ်။ ခုတော့ စု တစ်ယောက်တည်း။ ဖေဖေကော။ ဖေဖေ့ကို တွေ့ချင်လိုက်တာ။ ကြီးကြီးမေရယ် စု ဒုက္ခတွေက မကုန်သေးပါဘူး'

မျက်လုံးတွေက ပြာဝေနေသည်။

'သား၊ သားကော၊ သားဘယ်မှာလဲ၊ မေမေ့ကို မုတ်မိသေးရဲ့လား၊ ရင်ထဲက သားလေးတော့ကြွေကျသွားပြီ သားရယ်၊ မင်းအတွက် ညီလေး တစ်ယောက် ဆုံးရှုံးသွားပြီ၊ မနေမြောဘူးလား ဟင်၊ မနေမြောဘူးလား မောင်ရယ်'

စုက ကယောင်ကတမ်းတွေ ညည်းတွားနေသည်။ စု၏ ဝိညာဉ်သည် လေမှာလွင့်မျောသွားသလို ခံစားရသည်။ ကောင်းကင်မှာ ပျံဝဲနေသည်။ ပြီးတော့ စုရဲ့ ခန္ဓာကိုယ်တွင်းကို ပြန်ဝင်လာမလိုလိုနှင့် တိမ်တိုက်ငေ

www.burmeseclassic.com

BURMESE CLASSIC .com

ကြားမှာ ပြေးလွှားနေလေသည်။ စုသည် သူ၏ ဝိညာဉ်ကို လိုက်ဖမ်းရင်း မောပန်းနေ၏။

မိုးရေထဲတွင် သံလွင်မြစ်ကမ်းနားမှာ တစ်ယောက်တည်းထိုင်ပြီး စာတွေ ရေးနေပြန်သည်။ ရေးပြီးသားစာရွက်တွေသည် လေထဲမှာ လွင့်လွင့်သွားသဖြင့် မနည်းကြီးပြန်လည် စုစည်းနေရသည်။ ရတတ်သမျှ စာရွက်အပိုင်းအစလေးတွေကို စုပြီး ကိုကိုဦးကို သွားပေးမိသည်။ ကိုကိုဦး လက်ထဲမှ အိုင်ရင်းက လုယူသွားသည်။ မောင်မောင်က သဘောကျစွာ ရယ်နေသည်။ နောက်တော့ စု ကိုယ်တိုင် စိတ်ဆိုးဆိုးနှင့် စာရွက်တွေကို ဆုတ်ဖြဲပြီး သံလွင်မြစ်ထဲ မျှောလိုက်မိသည်။

ရထားကြီးတစ်စင်း ဆိုက်လာသည်။ စုက ရထားပေါ်ပြေးတက်၏။ မောင်က နောက်က အတင်းလိုက်ဆွဲသည်။ ရထားက ထွက်ခွာစပြုနေပြီ။ စု ရထားမမီတော့။ နောက်တော့ မောင်က ရထားပေါ်ရောက်နှင့်နေပြီး စုကို လက်ပြကာ ရထားလည်း ထွက်ခွာသွားလေသည်။ စုက မောင်ရေ မောင်ရေဟု ခေါ်ကာ နောက်ကလိုက်သည်။

တိုးတိုးတိတ်တိတ် အသံများကို ကြားရ၏။

သိစိတ်ကို လိုက်လံစုစည်းနေရသည်။ မကြာမီ ပတ်ဝန်းကျင်သည် တကယ့် ပတ်ဝန်းကျင်အစစ်နှင့် တူတူလာ၏။ အသံတွေက ပီပြင်လာသည်။

မေ့ဆေးအရှိန်သည် မပြယ်တတ်သေး။ ထမင်းလုံးတစ္ဆေခြောက်ပြီး ပြန်နိုးလာသလို မောဟိုက်နေသည်။

'ပေးရှင့်က သိပ်အားနည်းနေတာ၊ မလုပ်မဖြစ်လို့သာ လုပ်ပေး ရတယ်'

'ဟော သူ သတိရလာပြီ'

BURMESE CLASSIC .com

www.burmeseclassic.com

အသံတွေက တိုးတိတ်သွားပြီး ဘီးလိမ့်သံကြားရသည်။ သူ့ဂ
တစ်နေရာသို့ ရွှေ့ပြောင်းသွားတာ သိနေသည်။

ညင်ညင်သာသာဖြင့်အိပ်ရာတစ်ခုပေါ်သို့ ချပေးလိုက်တာ သိသည်။

မျက်လုံးများကို မဖွင့်ချင်သေး။

ကမ္ဘာလောကကြီးကို ကြည့်ရမှာ ကြောက်နေသည်။

*　　　　*　　　　*

'စုရယ် စု မဟုတ်လား ဟင်'

လက်ကလေးတစ်ဖက်က စုကို ညင်ညင်သာသာ လာရောက်ဆုပ်ကိုင်လိုက်သည်။ စု မျက်လုံးများကို ဖွင့်ကြည့်လိုက်တော့ စိုးရိမ်အံ့ဩမှုဖြင့် စိုက်ကြည့်နေသော မျက်နှာလှလှလေးတစ်ခုကို မြင်ရသည်။

'အိုင်ရင်း'

စုက တုန်ယင်လှိုက်လှဲစွာ ပြန်ခေါ်လိုက်ပြီး တစ်ဆက်တည်းမှာပင် ဝမ်းနည်းပမ်းနည်း ငိုရှိုက်လိုက်မိသည်။

'ဘယ်လိုဖြစ်ရတာလဲ စုရယ်၊ ကိုယ်လဲစုနဲ့တူပါတယ်လို့ ကြည့်နေမိတာ၊ နာမည်ကို ဖတ်ကြည့်လိုက်တော့မှ ပိုသေချာသွားတယ်၊ စုကို မော်လမြိုင်မှာပဲလို့ ထင်နေတာကွယ်၊ ဒီနေ့ ဒီမှာ လာလေ့လာရင်း စုကို တွေ့ရတယ်'

စုက ဆက်လက်ငိုရှိုက်နေသေး၏။ အိုင်ရင်း လက်မောင်းကိုလည်း တင်းတင်းဆုပ်ထားဆဲရှိသည်။

'စုဘဝ ဝဋ်ကြွေးပါပဲ အိုင်ရင်းရယ်၊ စုလေ နောက်ထပ်သားလေး တစ်ယောက်ကို လွှင့်ပစ်လိုက်ရပြီ'

www.burmeseclassic.com

BURMESE CLASSIC .com

အိုင်ရင်းကတော့ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော စုကိုကြည့်က မသက်မသာ သက်ပြင်းချမိသည်။ သည်ကြားထဲမှာ စုက သားလေးကို တမ်းတနေနိုင်သေးသည့်အတွက် ကရုဏာဒေါသ ဖြစ်မိပြန်လေသည်။

'စုရယ် မင်းမှာ ရောဂါတွေလဲစုလို့ ဘယ်လိုဖြစ်ရတာလဲ၊ နေမင်း ကော'

အိုင်ရင်းသည် ဆရာဝန်လောင်းတစ်ယောက်၏ စောင့်စည်းမှုကိုပင် မေ့ပြီး အပြစ်တင်မိပြန်သည်။

'သူလေ ရန်ကုန်ကို ပြန်ပါလာပါတယ်၊ ကိုယ်ဒီဆေးရုံရောက်တာ သူသိမှာ မဟုတ်သေးဘူးကွယ်၊ မော်လမြိုင်မှာ နေကတည်းက နေမကောင်း ဖြစ်နေတာ၊ တစ်နေ့ကပဲ ပြန်လာကြတယ်'

'စုရယ် ဒီလောက်ဖြစ်နေတာ ဟိုမှာ ဆေးရုံမတက်ဘူးလား'

'ဟင့်အင်း ဟိုမှာဆေးရုံတက်နေရင် ရန်ကုန်ကို တော်တော်နဲ့ ပြန်လာရမှာလဲမဟုတ်ဘူး၊ သူ့ကိုလဲ ခေါ်လို့ရမှာ မဟုတ်တော့ဘူး၊ ဒါကြောင့် အတင်းပြန်ခဲ့တာ'

စုပြောသည်ကို ရေရေလည်လည် နားမလည်သော်လည်း သိရသမျှ ကို ဆက်စပ်၍ အခြေအနေကို အိုင်ရင်း နားလည်လိုက်သည်။

'ဒါဆို စု အိမ်ကလဲမသိသေးဘူးပေါ့'

စုက ခေါင်းခါပြသည်။ မျက်ရည်များကို သွေ့ခြောက်သွားအောင် သုတ်ပစ်လိုက်သည်။

'သွားမပြောပါနဲ့ အိုင်ရင်းရယ်'

'မပြောလို့ဖြစ်မလား စု၊ ယူ့ဟာက'

အိုင်ရင်းသည် စကားကို ရပ်ထားလိုက်သည်။ စု အခြေအနေသည် ပေါ့သေးသေး မဟုတ်သည်ကို အိုင်ရင်း မှန်းဆမိသည်။ တစ်ကိုယ်လုံ

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com
ဝါထိန်ပြီး အားကလည်း နည်းလျက်ရှိသည်။ သားအိမ်ကလည်း ခြစ်ထား သေးသည်။ တခြားတာဝန်ကျ ဆရာမများ ရောက်လာ၍ အိုင်ရင်း ဘေးဖယ်ပေးလိုက်ရသည်။

စုကို သွေးသွင်းဖို့ ပြင်ဆင်နေကြသည်။

'ကိုယ် ပြန်လာခဲ့မယ် စု၊ အားမငယ်နဲ့နော်'

အိုင်ရင်း လျင်မြန်စွာ ပြန်လာခဲ့၏။

စုကတော့ မရှိတော့ပြီဖြစ်သော သားအတွက် တွေးကာ နှမြောရင်း ကျန်ရစ်ချေသည်။

*   *   *

စု မျှော်လင့်သလို ဖေဖေက အပြေးအလွှား ရောက်မလာခဲ့။

'မမြတ်ရယ် ဖေဖေက စုကို စိတ်ဆိုးနေသလား ဟင်'

'ဖေဖေက စုကို ဘယ်လောက်ချစ်လဲဆိုတာ စု အသိပါကွယ်'

တကယ်တော့ ဖေဖေက စုကို ဒင်းဒီလိုဖြစ်နေတာ ငါ မြင်ရရင် ငါ ပိုစိတ်ဆင်းရဲမယ်ဟု ဆိုကာ အံကြိတ်၍ နေခဲ့သည်ကို မမြတ်က ပြန်မပြောချင်တော့ပေ။

'သားကော မမြတ်ရယ်'

'နေကောင်းတယ် စု၊ စကားလဲသိပ်တတ်တာပဲ၊ ဆေးရုံကို ခေါ်လာလို့ မကောင်းဘူးလေကွယ်'

စုက ပြုံး၍ ခေါင်းတဆတ်ဆတ်ညိတ်သည်။ ပါးချိုင့်လေးများသည် ပါးလျားသော ပါးပြင်ပေါ်မှာ ယခင်လို ထင်ထင်ပေါ်ပေါ် မရှိလှတော့ပေ။ စုထံမှ တက်ကြွသော အလှအပကိုလည်း ရှာမတွေ့တော့။ စုကို သေ

BURMESE CLASSIC .com

BURMESE CLASSIC .com

ချာချာ ကြည့်မိလျှင်ပင် မမမြတ်၏ ဒေါသက နေမင်းဆီသို့ ရောက်သွားသည်။ ထို့ကြောင့်လည်း ခုတင်ခြေရင်းမှာ ခပ်တွေတွေရပ်နေသော နေမင်းကို မကြည့်မိအောင် ရှောင်နေလိုက်သည်။ နေမင်းကလည်း မမမြတ်ကို မျက်နှာချင်းမဆိုင်မိအောင် နေနေသည်။ အမေကတော့ ခုတင်ဘေးမှာ စိတ်လေးစွာ ထိုင်နေ၏။

'သားကို တွေ့ချင်လိုက်တာ မမမြတ်ရယ်'

'နေကောင်းတော့ တွေ့ရမှာပါ စု၊ သားအတွက်မပူပါနဲ့ကွယ်၊ ကိုကိုစိုးကလဲ ကလေးအငယ်မရှိလို့ သားကို သိပ်ချစ်နေတာ၊ ကိုတိုးကြီးကလဲ တလောကပြန်လာလို့ ကစားစရာတွေ ဝယ်လာလိုက်တာ တစ်ပုံကြီးပဲကွယ်၊ သား သားနဲ့ လက်ပေါ်ကမချဘူး'

'သားကို စောင့်ရှောက်ကြတာ ဝမ်းသာပါတယ် မမမြတ်ရယ်'

'စုသာ နေကောင်းအောင်နေနော်၊ ကြီးကြီးမေလဲ သိရင် ရိပ်သာက ပြန်ပြေးချလာမှာ မြင်ယောင်သေးတယ်'

'သွားမပြောလိုက်ပါနဲ့ မမမြတ်၊ ကြီးကြီးမေ အေးအေးဆေးဆေး နေပါစေတော့၊ စုက ခဏ ခဏ စိတ်ဒုက္ခပေးနေတာ စု ငရဲကြီးလှပြီ'

'စု လိုတာအားလုံး ပို့ပေးမယ်နော်၊ နေကောင်းအောင်ကြိုးစားပါ စုရယ်'

မမမြတ်က အမေ့ကို ပြုံးပြီး နေမင်းကို နှုတ်မဆက်ဘဲပြန်သွားသည်။

'သမီးရယ် သမီး ဒီလိုဖြစ်ရတာ အမေတို့အပြစ်ပါကွယ်၊ သမီး ဘာသာ မိဘအိမ်မှာ အေးအေးချမ်းချမ်းနေရင် ဒီလိုဖြစ်မှာ မဟုတ်ဘူး'

အမေက ညည်းညူသည်။

'အို အမေကလဲဘာတွေ ပြောနေတာလဲ၊ စု နေကောင်းသွားမှာပါ၊ စု အတွက် လိုတာအားလုံး ပို့ပေးမယ်လို့ ပြောသွားတာ၊ ကျွန်တော်

BURMESE CLASSIC .com

www.burmeseclassic.com

BURMESE CLASSIC .com

သားအမိကို ရိသွားတာဗျ၊ ကိစ္စမရှိပါဘူး၊ ကျွန်တော်တတ်နိုင်သမျှ စုဂ ကုပါ့မယ်'

'မောင်ရယ် စု တောင်းပန်ပါတယ်၊ ဘာကိုမှ စိတ်ထဲမှာ အထင်မလွဲပါနဲ့၊ တကယ်တော့အားလုံးဟာ စုကြောင့် ပြဿနာဖြစ်ကြရတာ'

'ကွယ် သမီး နေမကောင်းနေတာ၊ သားက ဘာမှ စိတ်ညစ်အောင် မပြောပါနဲ့'

နေမင်းသည် စုကို စိတ်မကောင်းစွာ ငေးကြည့်နေမိ၏။

စုများ တစ်ခုခုဖြစ်သွားခဲ့လျှင်

နေမင်းရင်ထဲမှာ ချောက်ချားလာသည်။

'စု၊ စု မြန်မြန်နေကောင်းလာရမယ်၊ မောင် ပြုစုပါ့မယ် စုရယ်၊ စု မောင့်ဒဏ်တွေကို ခံလာခဲ့ရတာ၊ မောင့်ကြောင့် စု ဒုက္ခအမျိုးမျိုးကြုံရတာ'

စုက နွမ်းလျသော အပြုံးကြားမှ နေမင်းကို ခွင့်လွှတ်ကြည်ဖြူစွာ ကြည့်သည်။

'မောင်ရယ်၊ စုတို့မှာ အချိန်တွေအများကြီး ရှိသေးတာပဲ'

စုက အားမလျော့သော စကားကို ဆိုဆဲ။ နေမင်းသည် စု လက်မောင်းကို တင်းကျပ်စွာ ဆုပ်ကိုင်ရင်း အံကို တင်းတင်းကြိတ်ထား၏။

* * *

'ကြည့်စမ်း မောင်မောင် သူ ဘယ်သူလဲ'

အိုင်ရင်းက မောင်မောင့်ကို တိတ်ဆိတ်စွာ ခေါ်လာခဲ့သည်

BURMESE CLASSIC .com
www.burmeseclassic.com

မောင်မောင်သည် မကြာခင် လက်ထပ်တော့မည့်သူ ဖြစ်သည်။ မောင်မောင့် မိန်းကလေးရှေ့မှာ ဘာမျှမပြောချင်၍ သူငယ်ချင်းတစ်ယောက် ဆေးရုံတက်နေတာ သွားကြည့်ကြရအောင်ဟု လက်တို့ခေါ်ခဲ့ခြင်း ဖြစ်သည်။ မောင်မောင်က ဘယ်သူလဲဟု မေးသော်လည်း အိုင်ရင်း ဘာမျှမပြော။ မပြောဘဲနှင့် မောင်မောင့်ကို ပြချင်သည်။ မောင်မောင် စုအပေါ် မည်သို့ သဘောထားရှိခဲ့သည်ကို အိုင်ရင်း ကောင်းစွာသိသည်။

မောင်မောင်သည် စုကို ငိုင်၍ ကြည့်နေမိသည်။ အစက သူငယ်ချင်းလူမမာကို သတင်းသွားမေးမည်ဆိုတော့ မစ်ကီလားဟု ထင်မိသည်။ ယခုတွေ့ရသော မိန်းကလေးသည် မည်သူနည်း။ ပုံသဏ္ဍာန်က ဖျော့တော့လှသည်။ အခြေအနေက စိုးရိမ်ဖွယ်ရာ ကောင်းလှသည်။ သို့သော် အိုင်ရင်းက ခေါ်လာသည်ဆိုတော့ ဖြစ်နိုင်စရာ တစ်ယောက်တည်းသာ ရှိသည်။ မောင်မောင် စိတ်ဝင်စားသည့် မိန်းကလေးဆို၍လည်း သည် အသိုက်အဝန်းမှာ တစ်ယောက်တည်းသာ ရှိသည်။ စု၊ စု မဖြစ်ပါစေနှင့်။

'စုလား ဟင်'

စုမှန်း သိပြီဖြစ်ပါလျက် သေချာအောင် မေးမိပြန်သည်။ စုသည် ဖျော့တော့စွာ အိပ်နေသည်။ အသံကြား၍ မျက်တောင်များကို တဖျပ်ဖျပ် ဖွင့်ကြည့်သည်။ မျက်လုံးများကို မြင်ရတော့ စုဆိုတာ ပိုပြီး သေချာ သွားသည်။

'ဟုတ်တယ် စုပဲ'

စုသည် သူတို့ကို သေသေချာချာ ကြည့်၏။ ပြီးတော့ နှုတ်ခမ်းများ တုန်လာကာ မျက်ရည်တွေ ဝဲလာသည်။

'မောင်မောင်'

စုက လေသံလေးဖြင့် နှုတ်ဆက်သည်။

www.burmeseclassic.com

BURMESE CLASSIC .com

'စု နေကောင်းလား'

မောင်မောင့်အသံက လူမမာထက်ပင် တိုးနေပြန်သည်။

စုက ခေါင်းကို ဖြည်းလေးစွာ ခါလိုက်သည်။ မောင်မောင်သည် သူမေးမိသော မေးခွန်းအတွက် စိတ်မကောင်း ဖြစ်သွားမိလေသည်။

'မောင်မောင်၊ အိုင်ရင်း၊ မင်းတို့ကို ကျေးဇူးတင်လိုက်တာကွယ်'

'ကိုယ်တို့ဟာ အချစ်ဆုံး သူငယ်ချင်းတွေပဲကွာ၊ လာရမှာပေါ့၊ မင်း နေကောင်းအောင်လဲ တို့ ဆုတောင်းနေကြတယ်၊ မစ်ကီနဲ့ မြမြနွယ် တို့တောင် ကိုယ်ပြောလိုက်လို့ လာကြလိမ့်မယ်'

မြမြနွယ် အသံကြားတော့ မောင်မောင်က မျက်နှာနည်းနည်း ပျက်သွားသည်။

'ကိုယ့်အတွက် ဒုက္ခများနေပါ့မယ်ကွာ'

'မများပါဘူးကွာ၊ ညေ့ချိန်ဆို လူများလွန်းလို့ ကိုယ်မောင်မောင့်ကို ခေါ်သွင်းလာတာ'

တကယ်တော့ အိုင်ရင်းက နေမင်းနှင့်မောင်မောင့်ကို ဆုမပေးလိုခြင်း ဖြစ်သည်။ မောင်မောင်တစ်ယောက်တည်း စုကို တွေ့စေချင်သည်။

'ဩော် စုရဲ့ဝတ္ထုလေး ရှုမဝမှာပါတာ စု သိပြီးပြီလား'

စု မျက်နှာသည် ရုတ်တရက် ရွှင်လန်းသွားသည်။

'မသိဘူးမောင်မောင်၊ ဝမ်းသာလိုက်တာ၊ စုလေ မော်လမြိုင်မှာလဲ စာတွေအများကြီး ရေးခဲ့သေးတယ်၊ မောင်မောင့်ကို ပြရဦးမယ်'

'အေး ဖြည်းဖြည်းတော့ ပြောကြတာပေါ့၊ စု နားဦး'

တာဝန်ကျဆရာမတစ်ယောက် အနားသို့ ရောက်လာသည်။

'ဟော့ မင်းတို့ ဘယ်သူတွေလဲ စတူးဒင့်တွေလား၊ လူမမာ သိပ် အားနည်းနေတယ်၊ စကားအကြာကြီး မပြောရဘူးနော်'

BURMESE CLASSIC .com
www.burmeseclassic.com

BURMESE CLASSIC .com

အိုင်ရင်းသည် စုနားကပ်ကာ နှုတ်ဆက်ရင်း သူပြောချင်နေသေး စကားတစ်ခွန်းကို တိုးတိုးလေး ပြောလိုက်သေးသည်။

'နောက်နေ့ကျမှ ကိုယ်တစ်ခေါက်လာခဲ့မယ်၊ မစ်ကီကိုလဲ ခေါ်လာခဲ့မယ်၊ ဒါနဲ့ ပြောရဦးမယ်၊ ကိုယ်လေ မာမီပေးစားတဲ့လူကို မယူနိုင်ဘူးလို့ အပြတ်ပြောလိုက်ပြီ သိလား၊ မစ်ကီကိုပဲကိုယ်ယူတော့မယ်'

စုသည် အချစ်ကို ကိုးကွယ်တတ်မှန်း အိုင်ရင်း သိသည်။ ထို့ကြောင့် စု စိတ်ချမ်းသာစရာ အကြောင်းတစ်ရပ် အနေဖြင့် ပြောပြလိုက်ခြင်း ဖြစ်၏။

'ကိုယ်ဝမ်းသာတယ် အိုင်ရင်း၊ ဘာပဲဖြစ်ဖြစ် မင်းဘဝကတော့ သာယာမှာပါကွယ်'

အိုင်ရင်းသည် စု၏ ဖျော့တော့သော မျက်နှာလေးကို ငုံ့၍ မွှေးလိုက်သည်။

မောင်မောင်သည် စုကို ငေးကြည့်နေ၏။

စုသည် ယခင်က စု မဟုတ်တော့ချေပြီတကား။

BURMESE CLASSIC .com

# ၁၂

မစုစုလှိုင် (ခရေ)၊ အသက် ၂၃ နှစ်။

ကိုကိုဦးက တိုးတိုးရေရွတ်လိုက်သည်။

ချစ်စရာ စွဲမက်စရာ မျက်နှာကလေးနှင့် စာအရေးအသားလည်း ကောင်းသည့် ကောင်မလေးတစ်ယောက်။ မိတ်ဆက်စာတွေများစွာထဲမှာ သူမ၏စာလေးကို ထူးထူးခြားခြား သတိထားမိရာမှ နောက် ရင်းနှီးသော မိတ်ဆွေတွေ ဖြစ်ခဲ့ရ၏။ ကောင်မလေးနှင့် သူသည် ချစ်သည်ဆိုသည့် စကားတွေကို ရှောင်ကွင်းလျက် ချစ်သည့်အကြောင်းတွေကို အပြန်အလှန် ရေးခဲ့ကြတာ သတိရသေးသည်။

သူ လက်ထပ်ပြီးတော့လည်း ကောင်မလေးက သူ့ကို စွဲလမ်းနေခဲ့သေးတာ ကောင်းကောင်းမှတ်မိသည်။ စာနာစိတ်ဖြင့်သာ သူ မထိန်းသိမ်းခဲ့ဘူးဆိုလျှင် သည်ချစ်စရာကောင်မလေးသည် သူ့ကို မည်မျှ လိုက်လျော လိမ့်မည် မသိ။

www.burmeseclassic.com

BURMESE CLASSIC .com

တလောက ခရေဆိုသည့်ကလောင်နာမည်လေးကို မဂ္ဂဇင်းတစ်အုပ်မှာ မြင်လိုက်သည်။ သူ့ ခရေမှန်း မသိ။ ထင်လည်း မထင်မိ။ ဪ ခုတော့ ခရေတစ်ပွင့် ကြွေရှာပြီပဲ။

နေကာမျက်မှန်တပ်ထားသော ကိုကိုဦးကို မည်သူကမျှ မမှတ်မိ။ ကိုကိုဦးရဲ့ကားက နောက်ဆုံးက ပါလာခဲ့သည်။

ဖေဖေသည်လည်းကောင်း၊ ကြီးကြီးမေသည်လည်းကောင်း သမီးငယ်၏ ကံကြမ္မာကိုသာ ရိုးမယ်ဖွဲ့၍ တရားနှင့်နိုင်အောင် ဖြေနေရသည်။ သူတကာတွေ တက်တက်ကြွကြွ ပျော်ပျော်ရွှင်ရွှင်နေချိန်မှာ မပျော်နိုင်ခဲ့တဲ့ သမီး။ သူတကာတွေ ဘဝမျှော်မှန်းချက်တွေဖြင့် ရွှန်းရွှန်းလက်နေချိန်မှာ သူက ဘဝကို ကျောခိုင်းသွားသည်။ ဘဝကို စောစောစပြီး စောစောသိမ်းသွားသည်။

အစ်ကိုသုံးယောက်သည် တစ်ယောက်တည်းသော ညီမလေးအတွက် နှမြောတသဖြစ်ရင်း ငြိမ်သက်စွာလိုက်ပါလာသည်။ ကိုတိုးက ချစ်ရသော ညီမအတွက် ယူကျုံးမရဖြစ်ရခြင်း၊ ကရုဏာဒေါသဖြစ်ရခြင်းဖြင့် ဒေါသတွေ ဆူဝေနေသည်။

မမမြတ်သည်မူ အံကို တင်းတင်းကြိတ်ထား၏။

နေဇော်ဦးသည် မမမြတ်၏ ရင်ခွင်ထဲမှာ ခပ်အေးအေး လိုက်ပါလာသည်။

မေမေသေသွားပြီ ဟုတ်လား ကြီးကြီးဟု မနေ့က ခပ်သွက်သွက်မေးသည်။ နောက်တော့ ညှော်သည်တွေ ရုတ်ရုတ်သဲသဲဖြစ်နေသည်ကို ကြည့်ပြီး မီးရောင်တွေ ထိန်ထိန်လင်းနေသည်ကို သဘောကျကာ အိမ်ရှေ့က မိုးကာကြီးအောက်မှာ ဆော့ကစားနေလေသည်။

BURMESE CLASSIC .com

www.burmeseclassic.com

အမေကတော့ ချစ်လှတဲ့သမီးတစ်ယောက်ကို ဝတ္တရားကျေအောင် မပြုစုလိုက်ရလို့ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရသည်။ စုရဲ့ ဆွေမျိုး အသိုက်အဝန်းကြားမှာလည်း ဆင်ဖြူမျက်နှာ ဆင်မည်းမကြည့်ဝံ့ဆိုသလို ဖြစ်နေရရှာသည်။

အိုင်ရင်းကတော့ မစ်ကီ လက်မောင်းကိုကိုင်ပြီး ပွင့်ပွင့်လင်းလင်း ငိုပစ်လိုက်တော့သည်။ အချစ်ကိုဦးစားပေးတာ စုရဲ့ အမှားလားကွယ်၊ ပြီးတော့ မိန်းမတစ်ယောက်ရဲ့ဘဝဟာ အိမ်ထောင်ဖက်ယောက်ျားရဲ့ အကောင်းအဆိုး အပေါ်မှာ တည်မှီသလား။ မကျေမနပ်နှင့် မေးခွန်းတွေ များစွာ ထုတ်နေမိသည်။ စုဟာ ဘာမှ အဆင်သင့်မဖြစ်သေးဘဲ ဘဝထဲကို စောစီးစွာခုန်ဆင်းလိုက်လို့ ဒီလို နွမ်းကြွေသွားရလေသလား။ စု ဘဝနှင့် ရင်းပြီး ရေးထားတဲ့ လက်ရေးစာမူလေးတွေ သူ့ဆီမှာ ကျန်ရစ်သည်။ ခရေကတော့ ကြွေနှင့်ပြီကော။

မောင်မောင်သည် သူ့ဘေးက ကောင်မလေးကို စု အကြောင်းတွေ ပြောပြခဲ့ဖူးသည်ကို သတိရသည်။ အလွန်ချစ်စရာကောင်းသည့်အကြောင်း၊ သူ့ကဗျာလေးတွေ ဝတ္ထုလေးတွေ ဖတ်၍ကောင်းသည့်အကြောင်း။ မောင်မောင့်ဘေးက ကောင်မလေးက သနားပါတယ်နော်ဟု သံယောင် လိုက်ပြီး စုရဲ့ အသုဘကို သူလည်း လိုက်ပို့ချင်လိုက်တာတဲ့။ မောင်မောင်က စုရဲ့ နောက်ဆုံးခရီးကို တစ်ယောက်တည်း လိုက်ပို့ချင်သည့်ဆန္ဒ မပြည့်ဝ တော့သော်လည်း ခပ်အေးအေးပင် သဘောတူလိုက်ရသည်။ ယောကျ်ား တန်မဲ့ မျက်ရည်မဝဲဖြစ်သည့်အတွက် သူ့အဖော် ကောင်မလေးကိုပင် ကျေးဇူးတင်ရသေးတော့သည်။

စုရဲ့ နောက်ဆုံးခရီးကို လိုက်ပါခြင်းမရှိသူတစ်ယောက်ရှိသည်

www.burmeseclassic.com

သူက နေမင်း။

သူ့ရင်ထဲက ဝေဒနာ၊ သူ့ခံစားမှု၊ သူ့နောင်တတွေကို မည်သူကမျှ မှန်းဆ၍ မသိနိုင်။

သူသည် စုနှင့် အဝေးဆုံးဖြစ်မည်ထင်ရသော နေရာတွေသို့ တစ် ယောက်တည်း လျှောက်သွားနေလေသည်။

**၁၆၊ သြဂုတ်၊ ၁၉၉၈။** **မိုးမိုး(အင်းလျား)**

**[သတ္တဝါယာင်ယ်ခင့်ကိုထန်းလသေ၏ ဖင့်ဟဝန်ခံခက်မားမသေ]**

BURMESE CLASSIC .com
BURMESE CLASSIC .com
www.burmeseclassic.com

## စာရေးသူ၏
## စာပေနှင့် ဘဝဖြစ်စဉ်မှတ်တမ်း

| | |
|---|---|
| ၁၉၄၄ အောက်တိုဘာလ ၂၄ | အမည်ရင်း ဒေါ်စန်းစန်းကို ဒိုက်ဦးမြို့၌ အဖ ဦးထွန်း အမိ ဒေါ်မြရင်တို့မှ မွေးဖွားသည် |
| ၁၉၅၂ | ဒိုက်ဦးမြို့ အစိုးရ အထက်တန်းကျောင်းတွင် စတင် ပညာသင်ကြားသည် |
| ၁၉၅၆ | စတုတ္ထတန်း စကောလားရှစ် ဆု ရသည် |
| ၁၉၅၉ | သတ္တမတန်း ကျောင်းသူဘဝတွင် ကဗျာများ စတင် ရေးသားသည် ကျောင်းစာကြည့်တိုက်နှင့် နံရံကပ်စာစောင် ကော်မတီများတွင် အမှုဆောင်အဖြစ် ဆောင်ရွက်ခဲ့သည် |
| ၁၉၆၀–၁၉၆၄ | အထက်တန်းကျောင်းသူ ဘဝတွင် ခရိုင်အလိုက် စာစီစာကုံးပြိုင်ပွဲများ၌ ဆုရရှိခဲ့သည် |

www.burmeseclassic.com

| | |
|---|---|
| ၁၉၆၄ | တက္ကသိုလ်ဝင်တန်း အောင်မြင်သည် |
| ၁၉၆၅ | ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်တွင် သင်္ချာအဓိကဖြင့် တက်ရောက်သင်ကြားခဲ့သည် |
| ၁၉၆၅ မတ် | တိုင်းရင်းမေဂျာနယ်တွင် ရွက်လှေပန်းလေး ကိုယ့်ဘဝ ကဗျာကို စတင်ရေးသားခဲ့သည် |
| ၁၉၆၈ ဇန်နဝါရီမှ နိုဝင်ဘာ | မြောက်ဥက္ကလာပမြို့နယ် အ မ က (၂၃) တွင် မူလတန်းပြဆရာမအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည် |
| ၁၉၆၉ နိုဝင်ဘာ ၆ | မျိုးညွန့် (စာပေလောက) နှင့် လက်ထပ်သည် |
| ၁၉၇၀ မေ | တိုင်းရင်းမေဂျာနယ၌တွင် ပြင်ဆင်ချယ်သ မျက်လုံးအလှ ဆောင်းပါးကို စတင်ရေးသားခဲ့သည် |
| ၁၉၇၂ စက်တင်ဘာ | ငွေတာရီမဂ္ဂဇင်းတွင် အိမ်နီးချင်း အမည်ရှိ ပထမဦးဆုံး ဝတ္ထုတိုကို ရေးသားခဲ့သည် |
| ၁၉၇၂–၇၈ | မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ပါတီသုတေသနဌာနခွဲတွင် သုတေသန လက်ထောက် အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည် |
| ၁၉၇၄ အောက်တိုဘာ | ပျောက်သောလမ်းမှာ စမ်းတဝါး အမည်ရှိ ပထမဆုံး လုံးချင်းဝတ္ထုရှည်ကို ရေးသားခဲ့သည် |

www.burmeseclassic.com

| | |
|---|---|
| | ယင်းဝတ္ထုဖြင့် ၁၉၇၄ ခုနှစ် အမျိုးသား စာပေဆု ရခဲ့သည် |
| ၁၉၇၅ ဖေဖော်ဝါရီ | ပွင့်တချို့ ကြွေတချို့ ကို ရေးသားခဲ့သည် |
| ၁၉၇၅ ဩဂုတ် | ရွက်လှပန်းကို ရေးသားခဲ့သည် |
| ၁၉၇၆ မေ | ငပလီဇာတ်လမ်းကို ရေးသားခဲ့သည် |
| ၁၉၇၆ အောက်တိုဘာ | အချစ်ဆိုသောအရာ ကို ရေးသားခဲ့သည် |
| ၁၉၇၇ မေ | ဘယ်သူလာကူပါ့မယ် ကို ရေးသားခဲ့သည် |
| ၁၉၇၈ ဧပြီ | မှတစ်ပါးအခြားမရှိပြီကို ရေးသားခဲ့သည် |
| ၁၉၇၈ ဇူလိုင် | သဗ္ဗေသတ္တာ အဝေရာဟောန္တု ကို ရေးသားခဲ့သည် |
| ၁၉၇၈ နိုဝင်ဘာ | မှ တစ်ဆင့် ကို ရေးသားခဲ့သည် |
| ၁၉၇၈ | ပျောက်သောလမ်းမှာ စမ်းတဝါး ကို ရုရှားဘာသာဖြင့် ထုတ်ဝေခဲ့သည် |
| ၁၉၇၉ ဩဂုတ် | ရွှေတိဂုံမြင်လျှင် ကို ရေးသားခဲ့သည် |
| ၁၉၇၉ ဒီဇင်ဘာ | ငြိမ်းကိုရက်ပါကို ရေးသားခဲ့သည် |
| ၁၉၈၀ ဧပြီ | ဂျိုး ကို ရေးသားခဲ့သည် |
| ၁၉၈၀ ဇွန် | မဂ္ဂဇင်းဝတ္ထုရှည်များ ကို ထုတ်ဝေခဲ့သည် |
| | ယင်းစာအုပ်ဖြင့် ၁၉၈၀ ပြည့်နှစ် အမျိုးသားစာပေ ဝတ္ထုတိုပေါင်းချုပ် ဆုကို ရရှိခဲ့သည် |

www.burmeseclassic.com

| | | |
|---|---|---|
| ၁၉၈၀ | အောက်တိုဘာ | သမုဒ္ဒရာ ခုနှစ်စင်း မြစ်မင်း တစ်ဆယ့် သုံးသွယ် ကို ရေးသားခဲ့သည် |
| ၁၉၈၀ | | ဘယ်သူလာ ကူပါ့မယ် ကို ရုရှားဘာသာဖြင့် ပြန်ဆိုထုတ်ဝေခဲ့သည် |
| ၁၉၈၁ | ဖေဖော်ဝါရီ | ကြွေမလိုနဲ့ဝေ ဝေမလိုနဲ့ကြွေကို ရေးသားခဲ့သည် |
| ၁၉၈၁ | ဒီဇင်ဘာ | ပန်းရိုင်းတစ်ရာ ကို ရေးသားခဲ့သည် |
| ၁၉၈၂ | မေ | ဝတ္ထုတိုများ ၁ ကို ထုတ်ဝေခဲ့သည် ယင်းစာအုပ်ဖြင့် ၁၉၈၂ ခုနှစ် အမျိုးသားစာပေ ဝတ္ထုတိုပေါင်းချုပ်ဆု ရရှိခဲ့သည် |
| ၁၉၈၂ | စက်တင်ဘာ | ဝေဒနာကြာနီပွင့် ကို ရေးသားခဲ့သည် |
| ၁၉၈၂ | ဒီဇင်ဘာ | သုံးလွန်းတင်မှ ကြိုး ကို ရေးသားခဲ့သည် |
| ၁၉၈၂ | | မှတစ်ပါး အခြားမရှိပြီ နှင့် ပျောက်သောလမ်းမှာ စမ်းတဝါး တို့ကို ဂျပန်ဘာသာဖြင့် ထုတ်ဝေခဲ့သည် |
| ၁၉၈၃ | ဇွန် | နာမကျန်းသည် အိုနှင်းဆီ ကို ရေးသားခဲ့သည် |

www.burmeseclassic.com

| | | |
|---|---|---|
| ၁၉၈၃ | ဩဂုတ် | မြန်မာပြည်မှာ နေကြသည် ဝတ္ထုတိုများ စာအုပ်ကို ထုတ်ဝေခဲ့သည် ကြွေရင် အတူတူကြွေမယ် ကို ရေးသားခဲ့သည် |
| ၁၉၈၅ | ဇွန် | မီးရောင်အောက်ကို ဝင်လျှင် ကို ရေးသားခဲ့သည် |
| ၁၉၈၅ | အောက်တိုဘာ | မေတ္တာကမ်းနား အချစ်သစ်ပင် ကို ရေးသားခဲ့သည် |
| ၁၉၈၅ | ဒီဇင်ဘာ | ထိုနေ့က မီးမလာပါ နှင့် မိုးမိုး (အင်းလျား)၏ မဂ္ဂဇင်း ဝတ္ထုရှည်များ ကို ထုတ်ဝေခဲ့သည် |
| ၁၉၈၆ | ဇူလိုင် | ဝတ္ထုတိုများ ၂ ကို ထုတ်ဝေခဲ့သည် ယင်းစာအုပ်ဖြင့် ၁၉၈၆ ခုနှစ် အမျိုးသားစာပေ ဝတ္ထုတိုပေါင်းချုပ်ဆု ရရှိခဲ့သည် |
| ၁၉၈၇ | ဧပြီ | ခံတက်နုကလေးတွေ ညှိုးချိန်တန်တော့ ကို ရေးသားခဲ့သည် |
| ၁၉၈၈ | | Afro-Asian Writers မှ ထုတ်ဝေသော Lotus မဂ္ဂဇင်းတွင် စကားမဆိုဝံ့အောင် ဝတ္ထုတိုကို အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြခဲ့သည် |
| ၁၉၈၉ | ဩဂုတ် | အိမ်နီးချင်း ဝတ္ထုတိုကို ဂျပန်ဘာသာဖြင့် Fujinno Tomo အမျိုးသမီးမဂ္ဂဇင်းတွင် ဖော်ပြခဲ့သည် |
| ၁၉၈၉ | ဩဂုတ် မှ | စံပယ်ဖြူမဂ္ဂဇင်းတွင် တာဝန်ခံအယ်ဒီတာ |
| ၁၉၉၀ | မတ် | အဖြစ် ဆောင်ရွက်ခဲ့သည် |
| ၁၉၉၀ | မတ် ၁၃ | ကွယ်လွန်သည် |

www.burmeseclassic.com

# မိုးမိုး(အင်းလျား)

(၁၉၄၄ - ၁၉၉၀)

[illegible]

www.burmeseclassic.com